
www.burmeseclassic.com

နမောတဿ ဗုဒ္ဓဝီရဿ။

# မဟာဗောဓိမြိုင် ဆရာတော် ဝနဝါသီ ဥဿျှဓမ္မသာမိထေရ်

# ဓမ္မနီတိကာထာ

BURMESE CLASSIC .com



နတ်တလူ သာသနာပြုအသင်းမှစီစဉ်ထုတ်ဝေသည်။

graphic designed by zin min lu & aike moon

www.burmeseclassic.com

www.burmeseclassic.com

မြန်ချိုရေး(ပင်မ)

ဦးခင်မောင်သန်း (ဥက္ကဋ္ဌ)၊ နတ်တလူသာသနာပြုအသင်း
ရန်ကြီးအောင်ရပ်၊ ဇီးကုန်းမြို့
ထန်းတပင်စာတိုက်၊ စစ်ကိုင်းတိုင်း
ဖုန်း-ဇီးကုန်း-၃၃

ရန်ကုန်မြန်ချိုရေး

# သုဝဏ္ဏသျှမ်

## သာသနာပြုစာစဉ်

၇၄၊ သာယာအေးလမ်း
၃-ရပ်ကွက်၊ မရမ်းကုန်း၊ ရန်ကုန်။
ဖုန်း-၆၆၀၆၇၀

www.burmeseclassic.com

www.burmeseclassic.com

ပထမအကြိမ်

၁၃၆၄ ခုနှစ်၊ တန်ခူးလ
၂၀၀၂ ခုနှစ်၊ ဧပြီလ

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၉၈/၂၀၀၂ (၂)
စာမူခွင့်ပြုချက်အမှတ် - ၇၅/၂၀၀၂ (၂)
အုပ်ရေ - ၁၀၀၀
မျက်နှာဖုံး - ဇင်မင်းလူ & အိုက်မွန်း
စာစီ - "စံ" ကွန်ပျူတာ
အတွင်းဖလင် - AZ
စာအုပ်ချုပ် - ကိုတင်အေး(လှိုင်)

ထုတ်ဝေသူ

ဦးညွန့်ဆွေ၊ စိန်ပန်းမြိုင်စာပေ
၂၃-အေ၊ ဦးကောင်းလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်

ဦးကျော်စိန်(မြဲ-၀၂၉၀၉)၊ ကျောက်စိမ်းအော့ဖ်ဆက်
အမှတ်-၁၇၁၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်

ဒေါ်ထားထားကြည်(မြဲ-၀၆၀၁၃)၊ ထင်အော့ဖ်ဆက်
အမှတ်-၃၇၊ မအူပင်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်လုပ်ရေးအဖွဲ့

နတ်တလှူသာသနာပြုအသင်း

အကျိုးဆောင်

အောင်ကျော်စံ

[redacted] ဘိုး–၁၀၀၀ကျပ်

မွမ်းမံဖန်တီးမှု - အိုက်မွန်း

BURMESE CLASSIC .com

နမောတဿ ဗုဒ္ဓဝိရဏ္ဍ၊

# မဟာဗောဓိမြိုင်ဆရာတော် ဝနဝါသီဦးဥယျာဓမ္မသာမိထေရ်

# ဓမ္မနီတိ ကထာ

## အတွဲ - ၄

နတ်တလှူသာသနာပြုအသင်းမှစီစဉ်ထုတ်ဝေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |


## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

**နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်**
**ပြည်ထောင်စုသား အားလုံး၏**
**ပဓာနကျသော တာဝန်ဖြစ်သည်။**

**ဥပဒေဘောင်တွင်း နေထိုင်ခြင်း**
**ဘေးရန်ကင်းကွာ ပြည်သာယာ။**



**မဟာစေတီမြိုင်ဆရာတော်**
**ဝနဝါသီဦးဥယျာမွှသာမိထေရ်**

www.burmeseclassic.com

## ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် ထုတ်ပြန်တော်မူသော ဝါဆိုတော်စဉ်အညွှန်း

| စဉ် | ခုနှစ် | ဌာန | ဝါဆိုနေရာ | မှတ်ချက် |
|---|---|---|---|---|
| ၁ | ၁၃၄၁ | ရန်ကုန် | သာသနာ့ဗိမာန် | ရဟန်းဖြစ်စနှစ် |
| ၂ | ၁၃၄၂ | သာစည် | ရွှေကျောင်းကုန်းတောင် | တောထွက်စနှစ် |
| ၃ | ၁၃၄၃ | ဇင်းကျိုက် | ဇင်းကျိုက်တောင် | |
| ၄ | ၁၃၄၄ | ဇင်းကျိုက် | မင်းတစ်ရာ့တစ်ပါးတောင် | သုံးဝါ |
| ၅ | ၁၃၄၅ | ဇင်းကျိုက် | ကျောက်ခမောက်ဂူ | |
| ၆ | ၁၃၄၆ | ဖူးကြီး | သံသုမာရတောင် | နှစ်ဝါ |
| ၇ | ၁၃၄၇ | ဖူးကြီး | သံသုမာရတောင် | |
| ၈ | ၁၃၄၈ | စစ်ကိုင်း | အရှေ့ပရက္ကမချောင် | နှစ်ဝါ |
| ၉ | ၁၃၄၉ | စစ်ကိုင်း | အရှေ့ပရက္ကမချောင် | |
| ၁၀ | ၁၃၅၀ | သာစည် | ရွှေကျောင်းကုန်း | |
| ၁၁ | ၁၃၅၁ | သာစည် | ရွှေကျောင်းကုန်း | သုံးဝါ |
| ၁၂ | ၁၃၅၂ | သာစည် | ရွှေကျောင်းကုန်း | |
| ၁၃ | ၁၃၅၃ | ပျဉ်းမနား | လက်လုပ်တောင် | |
| ၁၄ | ၁၃၅၄ | ပျဉ်းမနား | လက်လုပ်တောင် | သုံးဝါ |
| ၁၅ | ၁၃၅၅ | ပျဉ်းမနား | လက်လုပ်တောင် | |
| ၁၆ | ၁၃၅၆ | သုဝဏ္ဏသုံ | ဘုန်းတော်ပြည့်တောင် | သုံးဝါ |
| ၁၇ | ၁၃၅၇ | သုဝဏ္ဏသုံ | မဟာဗောဓိမြိုင် | (ရှမ်းပြည်နယ် |
| ၁၈ | ၁၃၅၈ | သုဝဏ္ဏသုံ | မဟာဗောဓိမြိုင် | မိုင်းပျဉ်း) |
| ၁၉ | ၁၃၅၉ | ဇာတိမြေ | နတ်တလူ | တစ်ဝါ |
| ၂၀ | ၁၃၆၀ | ပြင်ဦးလွင် | ဝေဒလွှ | တစ်ဝါ (ဒီးဒုတ်ဒုဋ္ဌာအနီး) |
| ၂၁ | ၁၃၆၁ | ဂန့်ဂေါ | မရွှိမ ဓမ္မဓောနိဂူ | တစ်ဝါ (လယ်ဓမ္မအနီး) |
| ၂၂ | ၁၃၆၂ | ဂန့်ဂေါ | မောနေယျတော | (စကား[illegible]အနီး) |

www.burmeseclassic.com

www.burmeseclassic.com

## သေဒ္ဓ သီတင်းသုံးခဲ့ဖူးသော နေရာများ

| စဉ် | ခုနှစ် | ဒေသ | ဝါဆိုနေရာ | မှတ်ချက် |
|---|---|---|---|---|
| (က) | ၁၃၄၃ | ခင်းကျိုက် | ရသေ့မဂူ | သုံးလခန့် |
| (ခ) | ၁၃၄၅ | ခင်းကျိုက် | ဖရုံညှာစခန်း | တစ်လ (ပန်းကုန်းရွာအနီး) |
| (ဂ) | ၁၃၄၉ | မိတ္ထီလာ | တောင်စဉ် | တစ်လ |
| (ဃ) | ၁၃၆၀ | ကျောက်ဆည် | ကျောက်ထီးတောင် | နှစ်လ |
| (င) | ၁၃၆၁ | ပုလဲ | ဝါးသုံးရုံစခန်း | ၇၂-ရက် |

## မာတိကာ


၁။ နမောတေ ဗုဒ္ဓဝီရဿု ၁
၂။ ငါတွေ့လို မြင်လိုသောအရာ ၃
၃။ ငါတို့၏အာသီသ ပတ္တနာ ၅
၄။ တရားလမ်းကြောင်းသို့ ဆောင်ပို့ပေးမည့်နိတိ ၇
၅။ ပညတ်ကြီးစိုးရာ ပရမတ်ပွဲမတိုးသာ ၉
၆။ ကိုယ့်မသာ ကိုယ်ချမနေနှင့် ၁၀
၇။ ကံထမင်းစား ဉာဏ်ဟင်းခါးလည်း သောက်ကြဦး ၁၁
၈။ သင်္ခါရလက်ကွက် သင့်အတွက်ချည်း မထင်နှင့် ၁၂
၉။ တောတိုးရာ အနာပါမှာချည်း ၁၃
၁၀။ အကြံဆိုး အသိုးပေါ်တတ်သည် ၁၄
၁၁။ စိတ်အရှိန် အချိန်ဆွဲမတိုက်နှင့် ၁၅
၁၂။ အကောင်းနှင့်အချိန်ဖြုန်း အဆုံးမရောက်တော့ ၁၆
၁၃။ သွေးဆူရာအကြား ဘေးလူအထားမမှားနှင့် ၁၇
၁၄။ အမျောသမား တောကြားမသွားနှင့် ၁၈
၁၅။ သီလဖြင့် အလှပြင် မယဉ်မရှိ မမြင်မရှိ ၁၉
၁၆။ တောကိုလည်းဝင် တောကိုလည်း မခင်ချင်နှင့် ၂၀
၁၇။ တောထွက် အမည်ခံ တောသံ မပါစေနှင့် ၂၁
၁၈။ အမြိုက်တွေ့ ဗိုက်ပြည့်လျှင်တော် ၂၂
၁၉။ ဖလံကောင်မီးဆင်း မီးသင်းနှင့်ပျော် ၂၃
၂၀။ ဆန္ဒအားကြီး မပြီးမရှိ ၂၄
၂၁။ လုံ့လအားကြီး မပြီးမရှိ ၂၆


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


၂၂။ စိတ်လျှင်ဦးစီး မပြီးမရှိ ၂၈
၂၃။ ပညာဦးစီး မပြီးမရှိ ၃၀
၂၄။ ကံတရား ဘုရားနှင့်လဲ မယားထဲ လွဲမပို့နှင့် ၃၂
၂၅။ မေသီကောင်း စောင်းတိုင်းနှစ် ၃၃
၂၆။ မေသီကောင်း နောက်ကြောင်းမကောင်းတတ် ၃၄
၂၇။ ရန်စကို မသိ ရန်ပြကို ဖိတတ်သည် ၃၅
၂၈။ မာန်ခိုလျှင်သမထ၊ မာန်ပြိုမှ ဝိပဿနာ ၃၆
၂၉။ အချင်းချင်းအန် တစ်ပြန်တစ်လှန် ဆဲမကျွေးနှင့် ၃၇
၃၀။ လူဆိုသောစကား လူကြားမှလာနေခြင်း ၃၈
၃၁။ အတိုက်သန် အခံမနားသာ ၃၉
၃၂။ မချော့မချောက် ဖြတ်လျှောက်လျှောက် ၄၀
၃၃။ ရင်ပူလို့ရေတောင်း မီးဖိုဓောင်းက ထွက်ခဲ့ပါ ၄၁
၃၄။ ကျောင်းကြမ်းနင်း ကျောင်းတွင်းချေးသေးပါ ၄၂
၃၅။ ကျောင်းဆွမ်းစား ကျောင်းဘုရား ရန်လုပ် ၄၃
၃၆။ ကျောင်းဆေးသောက် ကျောင်းအောက်မျှောက်မထား ၄၄
၃၇။ ကျောင်းသင်္ကန်းဝတ် ကွင်းညွှတ်ကျောင်းပတ်ထောင် ၄၅
၃၈။ ထုတ်ပေးပေး သူဌေးမခံသာ ၄၆
၃၉။ ခုံမင်လို့ခုံဖက် ခုံပျက်တော့ အသက်ပါ ၄၇
၄၀။ စုန်လျှင်မျော ခုန်လျှင်မော အတောမသတ်ရာ ၄၉
၄၁။ ဝမ်းစာရှာ တံငါစီးလှေမှောက် ၅၁
၄၂။ မင်းဘိသိက်ခံဘုရားရှိနိုး ၅၃
၄၃။ တစ်ရာထဲတစ်ယောက်ဖြစ်အောင်နေ၊
တစ်ယောက်ထဲ တစ်ရာမဖြစ်စေနှင့် ၅၄
၄၄။ သံမကောင်း ဓားဓောင်းမထက်နိုင် ၅၅
၄၅။ ဓားဟောင်းပေး သွေးပြီးမှကိုင် ၅၆
၄၆။ ဝအလုပ် ဝိက ထုတ်ပြလိမ့်မည် ၅၇
၄၇။ တိမ်မျက်စိ အရှိမမြင်သာ ၅၈
၄၈။ ထရံတွင်းက ပါးစပ် ထရံပြင် အစာမဟပ်မိ ၅၉
၄၉။ ဒီးဒုတ်က ဒီးဒုတ်လို့ပဲ အော်မြည်သည် ၆၀
၅၀။ မီးခဲမမှုတ်နှင့် ဟုတ်ခနဲ ထတောက်မည် ၆၁
၅၁။ ဝေးဝေးနေလေ ငါ့မိတ်ဆွေ နီးနီးဆံမှု ငါ့ရန်သူ ၆၃
၅၂။ ချေးလိုဟောင်းသူထက် တေးဆိုမြှောင်လာသူကိုသတိထား ၆၄
၅၃။ ကြိုက်လို့လာ လာလို့ကြိုက် မည်သူ့ဥ္စာအပြစ်ရှိ ၆၅
၅၄။ ရာဇဝတ်နှင့်တရားမ သင်ဘာကို သဘောကျသနည်း ၆၆
၅၅။ ခေတ်ဓောက်ထိုး နောက်ပိုးပိုး တိုးမဝင်ချင်နှင့် ၆၇
၅၆။ အနိုင်ဖြင့်သာ ပိုင်းထွက်ထွက် အရှုံးပွဲ မဆက်မိစေနှင့် ၆၉
၅၇။ ခေါင်းညိတ်တစ်ခါ ခေါင်းခါတစ်သက် ၇၁
၅၈။ အတွေးစိမ့် လိမ့်ဆင်း ဆင်းရမည် ၇၂
၅၉။ ဘုန်းဆိုး၊ ပုန်းလျှိုးကွယ်လျှိုး သွားရသည် ၇၃
၆၀။ ရွှေမြိုင်သူ ပြင်သစ်သား ဂျပန်ပစ္စည်းများ မဖြစ်စေကြနှင့် ၇၄
၆၁။ အသစ်ရှုပ် သိက္ခာတစ်ပုဒ်တိုး၊
အဟောင်းရှုပ် သိက္ခာတစ်ပုဒ် ညိုးလိမ့်မည် ၇၆
၆၂။ လိပ်ပတ်လည်ချင် ချည်စာကျွေးရမည် ၇၈
၆၃။ အခင်ရှုပ် လင်မယားချင်းသော်မှ အလုပ်မဖြစ် ၇၉
၆၄။ အလိုဆိုးရှင်များ၏ မျက်နှာပေါက်ဝ
အလှသွားမပြမိစေကြနှင့် ၈၀
၆၅။ အလိုဆိုးရှင်တို့၏ မျက်နှာပေါက်ဝ
အလှသွားမပြမိစေကြနှင့် ၈၁


www.burmeseclassic.com

www.burmeseclassic.com


၆၆။ လင်းစေပြတ် မရပ်တမ်းသွား ၈၃

၆၇။ လင်းစေပြတ် ဖတ်ဖတ်မော ဓာမကြည် ၈၄

၆၈။ အသုံး မဆုံးတရား နာရမည် ၈၅

၆၉။ သူများတောင်းတော့ မျက်စောင်းထိုး၊
ကိုယ်တိုင်တောင်း ခေါင်းလျှိုး ၈၇

၇၀။ ငါးပတ်လည်မှုန်း လေးတုံးသာရ၊
လေးပတ်လည်သုံး လေးတုံးလုံးရ ၈၉

၇၁။ စိတ်မရင့်ကျက် ဖျက်တိုင်းပျက် အထက်မတက်သာ ၉၁

၇၂။ ထမင်းသက်တမ်းကုန် မစင်ပုံ ဦးခေါင်းဆိုက်တတ်လွန်းလို့ ၉၃

၇၃။ သဒ္ဒါမှာရာဇာထီး ပညာပါမှ အာဏာကြီး ၉၅

၇၄။ ဝီရိယနှင့်သမာဓိတွဲမထုတ် တရားသူကြီးချုပ်မဖြစ်စေနိုင် ၉၇

၇၅။ နာမရှိ နိမရှာ အာသာဝါးမျိုးအံ့ ၉၈

၇၆။ ချစ်မုန်းပွား စကားတရားခံ ၉၉

၇၇။ လေချင်းလုံး မိုးချုန်း၊ ရေချင်းလုံး ဝုန်းဝုန်းထ ၁၀၀

၇၈။ ကြည်ဖြူလို့ ကြည်ညိုပျောက် ခင်ရာတွင်အမင်ဖောက်
အကြည်ပင်လျှင် အနယ်နှောက် ၁၀၂

၇၉။ တစ်ကိုယ်ကောင်းဆန် မှန်မမှန်ပြန်စစ်၊
ကိုယ့်ကိုယ်ကိုသာ အရင်ချစ် ၁၀၄

၈၀။ ကလေးဖြင့်ဆုံး ကလေးနှင့်စ ကာလသားက နှစ်ခါကျ ၁၀၅

၈၁။ မင်းပေးသောအချစ် အလယ်နှစ်၍ ငါယူမည် ၁၀၇

၈၂။ သီလကို ဝီယလိုဆောင် အိုတောင်မဆင်းရဲ ၁၀၉

၈၃။ အပီမှာအကြည်ခံ ရည်ငံလိုသူ များလတ္တံ့ ၁၁၀

၈၄။ အကြိုက်အလိုက်ပေး ဝေးထက်ဝေးမှာ သေချာသည် ၁၁၁

၈၅။ နေထွက်သွားရာ လဝင်လာလျှင် ညအလှပြင်မလို့ ၁၁၂

၈၆။ မှန်ထဲကအရိပ် လက်သည်းဖြင့် ဆိတ်ကြည့်မနေနှင့် ၁၁၃

၈၇။ ဟင်းအိုးထဲကအငွေ့နှာခေါင်းဖြင့်ရှူကြည့်ရုံဖြင့်ဝပါသည် ၁၁၄

၈၈။ ထိုယ့်လုပ်ပေါက် အရင်ကြည့်၊
ဘုရားမှခ်ပေါက် နောက်မှလှည့် ၁၁၅

၈၉။ တရားချင်းဆောင် ငါ့ဘာကောင်လဲ အရင်မေး ၁၁၆

၉၀။ ပညာခံလျှက် မာန်ထောင်
အဆံချောင်မှန်း လူတိုင်းသိစေမည် ၁၁၇

၉၁။ လူနှင့်မျောက် ငမောက်ကောက်တော့ဆို ၁၁၈

၉၂။ အငြင်းပွား တရားမကပ်သေး ၁၁၉

၉၃။ သံပုရာအိုအချိုမသီး ၁၂၀

၉၄။ သရက်တစ်ကင်း မှည့်ဝင်းတစ်ထွေ ၁၂၁

၉၅။ ကျွဲကမွေးသောသား နွားလုပ်မကစားနှင့် ၁၂၂

၉၆။ လူလွတ်တော အပြောကင်း ၁၂၃

၉၇။ ဒုက္ခသည် လည်၍ရောင်း ခေါင်းတောင်းတစ်စောင်းနှင့် ၁၂၄

၉၈။ ဒီရေတက် လက်ယှက်မတားသာ ၁၂၅

၉၉။ လူတွေ့ခံ လှန်လှောကြည့် အရှိမသက်သာ ၁၂၆

၁၀၀။ သည်အတိုင်းပြောလျှင် သည်လိုမြင်ချင်လို့ပဲ
မှတ်လိုက်စမ်းပါ ၁၂၇

၁၀၁။ မသိလို့ဆရာတင် ဆရာငင်ရာ ဖွတ်သာလိုက်ခဲ့ ၁၂၈

၁၀၂။ ငါသည်လိုပြတာ သင်သည်တိုင်းမြင်စေချင်လို့ ၁၂၉

၁၀၃။ သိယောင်ကန်းနှင့်တတ်ယောင်ကန်း
လမ်းတွေ့တိုင်း စမ်းလိမ့်မည် ၁၃၀

၁၀၄။ တိုက်ပွဲကျ တိုက်ပွဲက တာဝန်ယူလိမ့်မည် ၁၃၁

၁၀၅။ မင်းကမွေး မင်းသွေးချည်းမထင်နှင့် ၁၃၂


www.burmeseclassic.com

www.burmeseclassic.com


၁၀၆။ သူများဆို လိမ်လိုလိမ် ကျိန်လိုကျိန်
ကိုယ့်ကိုယ်ကို မလိမ်မိစေနှင့် ၁၃၃

၁၀၇။ ဟောင်းရက်ပြီးပြီ နှုတ်ခမ်းသတ်ဖို့ကျန်သေး ၁၃၄

၁၀၈။ အိမ်နားနီးအားကြီးသဘောတူ ၁၃၆

၁၀၉။ သဘာဝအချက်များ မျက်နှာမှာအကုန်စု ၁၃၇

၁၁၀။ ယနေ့ကိုတွေ့ဖြစ်အောင် သွားတွေ့ပါ ၁၃၈

၁၁၁။ မဟုတ်တာလုပ် အကျဉ်းအကျပ်က ကျော်ပုတ်မည် ၁၃၉

၁၁၂။ အဟောင်းချ အသစ်တင် ရန်ဖြစ်ဖို့သာပြင်ပေရော့ ၁၄၀

၁၁၃။ ကန်ရေကြား ချောင်းရေသွား စကားများမှာချည်း ၁၄၁

၁၁၄။ အနေချင်းဝေး သွေးကွဲ တွဲပွဲလုပ်မဖြစ် ၁၄၂

၁၁၅။ ခွင့်မပြုရာ အသွားလွဲ တရားစွဲခံရမည် ၁၄၃

၁၁၆။ ကြော်ကပ်ပါပြီအော် အပေါ်ကတက်ထု ၁၄၄

၁၁၇။ ပြည့်လျှင်ကြည့် အပြည့်ဟုတ်မဟုတ် ၁၄၅

၁၁၈။ အဆံခါလာပြတိုင်း ငါ့စသည်ချည်းမဟုတ် ၁၄၆

၁၁၉။ တောင်ထိပ်မှ လိမ့်ဆင်းဆင်းလာသောကျောက်တုံးခြမ်း
တားဆီးရန် မလုံးပမ်းလေနှင့် ၁၄၇

၁၂၀။ သူကောင်းလို့ ခေါင်းငြိမ့်နေ မကောင်းတရားမမိန့်လေနှင့် ၁၄၉

၁၂၁။ လင်သားမယားပွေ အိမ်နေမ အလုပ်ပျက်နေလို့ ၁၅၀

၁၂၂။ သေသေချာချာ မကြည့်လေနှင့်၊ သေသေချာချာကြည့်
ဘိတိပပ မှားတတ်သည် ၁၅၁

၁၂၃။ ကြက်သားဟင်းစား ဖျားချင်ဖျားပါစေ
ကြက်ဟင်းခါးနှင့်တော့ မဖျားစေနှင့် ၁၅၂

၁၂၄။ ဆူးပုပ်မို့ချိတ်မိ ချိတ်လိုစိတ်တော့ မရှိပါ ၁၅၃

၁၂၅။ ဆူးပုပ်၏ဂုဏ် ယုံလျှင်ဆက် အရွက်ခူးစားသွားပါ ၁၅၄

၁၂၆။ ရိုးတက်ပွက်ကျော် ချက်ခဲ့တော်မှကောင်း ၁၅၅

၁၂၇။ နင်ဖြည်းဖြည်းလာ ငါဖြည်းဖြည်းသွား ဗျာပါမခွဲ
ရေမလား ဘာညာပဲ စိတ်ထဲခွဲခွဲခြား ၁၅၆

၁၂၈။ သစ်ဝါးတို့စုပေါင်း အိမ်တစ်လုံးကောင်း ဆောက်လိုလျှင်
နိမ့်မြင့်တို့ရှည် မိုရာရာ စီပေးစမ်းပါ ၁၅၈

၁၂၉။ သူ့အပြော မကျေနပ် သူ့ခြေရာကိုယ့်ခြေရာထပ်ကြည့် ၁၅၉

၁၃၀။ ရေချိုးလို့မှမကျိုး မီးချိုးလည်း မီးခိုးမထတော့ပါ ၁၆၀

၁၃၁။ မီးနီဟန် ရုပ်တန့်နား၊ မီးဝါထိုး နိုးရှုထား၊
မီးစိမ်းမြင် အလျှင်သားသွားပါတော့လား ၁၆၁

၁၃၂။ သမ္မာဟုနမ်မြည်ဟည်း ကမ္ဘာဘုံစည်တီးသည်ထက်
အသံကျယ်သည် ၁၆၂

၁၃၃။ သတင်းကြောင့် ဂုဏ်တက်
သင်းကြောင့်ပင် ဂုဏ်ပျက်မည် ၁၆၃

၁၃၄။ စိတ်မကစားနှင့် စိတ်ကစား ကိုယ်ထားပျက်ဝတ်သည် ၁၆၄

၁၃၅။ စိတ်မီးမမွေးနှင့် စိတ်မအေး ရုပ်ချေးဖြစ်တတ်၏ ၁၆၅

၁၃၆။ အပြေးထက် အတွေးဦးစားပေး၊ အတွေးကိုသုံး
အကုန်လုံး အုပ်မိတတ်လှ၏ ၁၆၆

၁၃၇။ လေးဖက်သွား ကလေး၏အနီးအပါး
အန္တရာယ်ပစ္စည်း သွားမထားနှင့် ၁၆၈

၁၃၈။ ဒုက္ခပင်လယ်ဝေ အမေတစ်မြဲ ၁၆၉

၁၃၉။ စောင်းခတ်သံအဖွဲ့ နေရာတကာ နယ်မချဲ့နှင့် ၁၇၁

၁၄၀။ အရှက်မဲ့ကာမ ဗိုက်အမည်းကွက် ထတတ်သည် ၁၇၃

၁၄၁။ ရွှေလိုချင်ငွေရှာ၊ ငွေလာလျှင် ရွှေပါမှာသေချာသည် ၁၇၅

၁၄၂။ စကားကတရား နားထဲထည့်ရုံမျှဖြင့်မကြား ၁၇၆


www.burmeseclassic.com

www.burmeseclassic.com


၁၄၃။ အဆန်းသရုပ်မခွဲလေနှင့်၊ သရုပ်ကွဲနှင့်အစွဲ
တွဲဝင်လာတတ်သည် ၁၇၈
၁၄၄။ အရှုး၏အမှု ဥပေက္ခာသာပြုလိုက်တော့ ၁၇၉
၁၄၅။ သံပုရာသကြားကဲ ချိုချဉ်လောက်ပဲ ဖြစ်လာမည် ၁၈၁
၁၄၆။ မာန်ပြချင် နဂိုရေ၊ မာန်ကျလိုလျှင် ဖြိုနေနေ ၁၈၂
၁၄၇။ ဘုန်းကံ ထုံးစံဖြင့်ဖောက် ပန္နက်တိုင်ပင် ပျောက်မည် ၁၈၄
၁၄၈။ ကိုင်းကျူးကိုင်းဆက်ပင် မြေစာကျွေးမှ
အသက်ဝင် ရှင်မည် ၁၈၅
၁၄၉။ အရိုးကြား အသားမကျ အ,အဘဝရောက်တတ်လှ ၁၈၆
၁၅၀။ ငုတ်စိုက်တန်း တုတ်ရမ်းမသွားနှင့် ၁၈၇
၁၅၁။ ဉာဉ်မပါ သညာပင်မသိ ပညာရှင်အထိတော့အဝေးကြီး ၁၈၈
၁၅၂။ အရင်းဖြင့်နီး အရင်းဖြင့် အချည်းနီး မဖြစ်စေနှင့် ၁၈၉
၁၅၃။ အလိုလိုက်အကြိုက်မပြောသာ ၁၉၀
၁၅၄။ သဒ္ဒါမပါ သာသနာမကြွံ လူအမြွံ ၁၉၁
၁၅၅။ သွားရာနောက် အထောက်အကူယူသွား ခြေမများ ၁၉၂
၁၅၆။ အတူနေများကို ပြုံးဆေးသာဖော်ကျွေး
မဲ့ဆေးကော်မပေးနှင့် ၁၉၃
၁၅၇။ အခင်ကိုမင် ဝင်၍မဆုံးလိပ်ပတ်တုံး ၁၉၄
၁၅၈။ အရုက်ကြီးတော့မြို့ အကြောက်ကြီးတော့ထုံ ၁၉၅
၁၅၉။ လူဟိတ်ရှိလျှက်စိတ်မမှန် တိရစ္ဆာန်ပြည် ပြန်ဖြစ်ရမည် ၁၉၆
၁၆၀။ သညာမှသိ သူ့အရှိ သညာရှိမှုသာ ၁၉၇
၁၆၁။ သညာရှိ အသိမတူ ရန်မာန်ထူ တူသော်ခေါင်းတစ်ညိတ် ၁၉၈
၁၆၂။ သူ့ဦးစားပေး ကိုယ့်ကျတော့ ခွက်ဆေး ၁၉၉
၁၆၃။ လေ့လူးဆို ရေစူးကြည့်၍လျော် ၂၀၀
၁၆၄။ ဦးစီးတက် ဦးရှက်မနေသာ ၂၀၁
၁၆၅။ အဆန်ဘက် တက်လက်အားစိုက်ကုန်၊
အစုန်သက် ရှက်ဖွင့်လွှင့်လိုက်ရုံ ၂၀၂
၁၆၆။ လက်လွှဲသုံး အဆုံးမဆိုသာ ၂၀၃
၁၆၇။ သုံးမလို့အယူ ဆူမလွှတ်နှင့် ၂၀၄
၁၆၈။ သေမည့်အသား သတ်စားမနေနှင့် ၂၀၅
၁၆၉။ မီးခိုးတန်း ဖမ်းမထားလေနှင့် ၂၀၆
၁၇၀။ အသေကောင်ဖက် အသက်အပ်မနေနှင့် ၂၀၇
၁၇၁။ နေလကိုထွင်း ဝင်ရိုးမသွင်းချင်နှင့် ၂၀၈
၁၇၂။ မျက်နှာများသောမိန်းမ ပေါင်းလိုက်တိုင်း စိတ်တိုင်းမကျ ၂၀၉
၁၇၃။ ခါးကြားပါဓားခိုး ခါးမထိုးမိစေနှင့် ၂၁၁
၁၇၄။ ဘုရားအမျိုးတွေ ဘုရားကြားတိုး
ဘုရားကြမ်းပိုး မဖြစ်စေကြနှင့် ၂၁၃
၁၇၅။ အငွေ့လုံထက် အာတွေ့လုံဖြစ်မှ ကိုယ့်သိက္ခာကိုယ်ယုံပါ ၂၁၄
၁၇၆။ ကြောင်ဆိုလျှင်ဖုန်း ယုန်ဆိုအတုံးလိုက်သာထား ၂၁၅
၁၇၇။ ခွေးရှေ့ရောက် မျောက်က,ကမပြနှင့် ၂၁၇
၁၇၈။ စည်းကျိုးလို့ ခွေးတိုးရာ ခွေးအဆိုးမဆိုပါနှင့် ၂၁၈
၁၇၉။ မသိလို့တောင်း မသိလို့ပေါင်း မသိမှဘဲကောင်းမှာပါ ၂၁၉
၁၈၀။ ဆောင်းပါဆို မိုးရွာ လေကပါသာချင်သေး ၂၂၀
၁၈၁။ နွေပါဆိုမီးပုံ ကျောက်ပူသဲပူတို့ကပါ လှန့်ချင်သေး ၂၂၂
၁၈၂။ မခါချဉ်နှင့် ခါချဉ်ထုပ် အလှုပ်ပါတတ်သည် ၂၂၃
၁၈၃။ အသုံးမချ အရှုံးပြခံရမည် ၂၂၅
၁၈၄။ ပယောဂပူး အရှူးတစ်ပိုင်း ၂၂၇
၁၈၅။ လေနှင့်မီး အဆီးလွှတ် အိမ်လုံးရွာလုံး ကျွတ်စေမည် ၂၂၉


www.burmeseclassic.com

www.burmeseclassic.com


၁၈၆။ အစဖြင့်ဆုံး ခဏသုံးနှင့်ကျေနပ်ရမည် ၂၃၁

၁၈၇။ ယုန်ကိုလည်းချက် ပါးစပ်ကိုလည်းမပျက်စေနှင့် ၂၃၃

၁၈၈။ မိတ်ဖက်ကြားက ထွက်သောရန်
ကြားဝင်ဖျက်ရက် ခက်ခဲမည် ၂၃၅

၁၈၉။ အပြောများ မောဖား ဖားနေပြီသာမှတ် ၂၃၇

၁၉၀။ သေနေ့ကိုမတွေးခေါ် သေခါကျ အရေးပေါ်တော့သည် ၂၃၈

၁၉၁။ သတ်မှာပါဆို ကြိုဆိုရေးတွေလားမေးနေ ၂၄၀

၁၉၂။ အမှတ်မရှိ ကိုယ့်ကိုယ်ကို အလိမ်ထိ ၂၄၁

၁၉၃။ အားလုံးသုံးမှလည်းကွဲ ရန်းမှလည်းထူးကဲမည် ၂၄၃

၁၉၄။ အိမ်အလာများ သမီးဆုံး အလိမ္မာထားခရီးသည်း ၂၄၅

၁၉၅။ သံပုရာတွေ့လို ခံတွင်းချဉ်တာ ချစ်လို့လို့မထင်ပါနှင့် ၂၄၇

၁၉၆။ ငိုကြွေးခင်း အဝင်မှာကိုယ်သွင်း အထွက်ကျ
သူ့ရှင်းလိမ့်မည် ၂၄၉

၁၉၇။ မျက်ရည်ပူချွေး၊ အပူထန်၍ လျှံလိုက လျှံပါလေ
ကြွေးအဖြစ်တော့ မကျန်ရစ်ပါစေနှင့် ၂၅၁

၁၉၈။ အဆိုက်ပေါ် အမြိုက်ကောင်း
အမြိုက်မဆောင်းမိကြစေနှင့် ၂၅၃

၁၉၉။ ဆီလိုက်မမှန်သောစက် မသုံး အရှုံးထွက်သုံးလုံးလုံ့ပျက် ၂၅၅

၂၀၀။ အတွင်းထဲကအတိုက် အပြင်လိုက် မခိုက်မိကြစေနှင့် ၂၅၇

၂၀၁။ မှန်သာမှန်ပစေ မထိမှာ ပူမနေလေနှင့် ၂၅၉

၂၀၂။ စုန်လျှင်မျော ဆန်လျှင်မော အကြောပြတ်မှစင်းလုံးချော ၂၆၁

၂၀၃။ ဘုရားကသာထောက်ခံ လေ့ခွက်ချည်းကျန် အလံမလှဲ ၂၆၃

၂၀၄။ သဒ္ဒါထက် တစ်နံ့နက်ခရီး၊ သဒ္ဒါမထက် တစ်ရက်မက
တစ်သက်နှစ်သက်မျှနှင့်ပင် မပြီးစီး ၂၆၅

၂၀၅။ သွားချိန်သာစေ့ လမ်းပြောတွေ့ရှိနိုင်ပြီး၊
သွားချိန်ရွေ့က လမ်းကြောတွေ့သော်မှမိနီး (မှ)

၂၀၆။ သူ့အကြောင်းပြောနေသမျှ ငါ့ထဲ
သူ့သွေးအနှောခံရဆဲမို့သာ ၂၆၉

၂၀၇။ ရေတ်သီးကို သေသေချာချာမှတ်၍
အစပ်ကိုမိမိရရ ကပ်ဝါးပါ ၂၇၁

၂၀၈။ အရောင်ထိုးလျှင်အရိပ်ကျ၊ အရိပ်ပြ အကောင်ထင်ပါမှ ၂၇၃

၂၀၉။ အတွေးကြောက် အတွေ့ကြောက်လောက် မထောက်ခံ ၂၇၅

၂၁၀။ သတိဝေးကလေးဖြစ်တော့သည် ၂၇၇

၂၁၁။ သေရတာ အကောင်းထင် အလောင်းစင်သာ
အပြီးထိုးထားလိုက်ပါ ၂၇၉

၂၁၂။ ပဒေသာပင် နေဇာပင်ထင်ပြီး နုတ်ပစ်မနေကြနှင့် ၂၈၁

၂၁၃။ ဆူလို့ပူ ညာဏ်ကူမထိန်း မီးမငြိမ်း ၂၈၃

၂၁၄။ နေလျက်နှင့်သေသူများ၊ သေလျက်နှင့်သေသူထက်
အမှုပွားစီးမည် ၂၈၅

၂၁၅။ ရန်နှင့်မိတ်မကွဲသောစောလူး ရန်ဘက်နှင့်ပင်ပလူးမည် ၂၈၇

၂၁၆။ စိတ်ချုပ်တော့ ရုပ်အနှာမိ မိတ်လုပ်တော့လည်း
ဘုတ်စာထိဦးမည် ၂၈၉

၂၁၇။ လူ့ပြည်ရောက်လို့မှ လူ့တန်ဆာမဆင်ယဉ်
လူ့အရာမဝင်ဖြစ်တော့သည် ၂၉၁

၂၁၈။ ကိုယ်ကသာလူ ခေါင်းတွင်မူဘယ်လုံး၊
အပြောဘယ်လိုကြံ အလုပ်ဘယ်လိုဖန်မတုံး ၂၉၃

၂၁၉။ ယာဉ်မကူ လူနုံး လမ်းရိက္ခာပင်ဆုံး ၂၉၅

၂၂၀။ သွားလျက်နှင့်မရွေ့၊ နေရာမှာပင်ဝေ့နေလို့ ၂၉၇


www.burmeseclassic.com

www.burmeseclassic.com

၂၂၁။ ပြောင်ချောမြေ ချောမချ၊ အတက်ဆိုလျှောကျမည် ၁၉၉
၂၂၂။ လှမ်းကြည့်၍ပေးသောအဖြေ၊ လှန်ကြည့်ရာမှပေးသော
အဖြေလောက်မသေချာ ၂၀၁
၂၂၃။ ဆေးပတ်မလည်ဘဲ ပျောက်သောရောဂါ
အမြစ်ပြတ်ဖို့ မသေချာ ၂၀၃
၂၂၄။ လူဖြစ်လျှင် လူလိုနေ လူလိုသေဖို့ အရေးကြီး ၂၀၅
၂၂၅။ မင်းကင်းတော့ပြည်နာ ဗိုလ်ကင်းတော့တပ်ပြုတ်
ဦးစီးကင်း နေရင်းနောက်ပြန်ဆုတ် ၂၀၇
၂၂၆။ ကိုယ်ကျတော့ညာ စိတ်ကျတော့ အလိုလိုက်
သခင်မင်း အလျှဉ်းမဖြစ်ထိုက် ၂၀၉
၂၂၇။ ကာမဆိုခုံမင် ဘုံဆိုလျှင်ပိုက်၊ ထီးဆောင်းမင်း
အလျှဉ်းမဖြစ်ထိုက် ၂၁၁
၂၂၈။ သတိကိုသာပွဲထုတ် ကိုယ်ကိုယ်တိုင်
မင်းသားဝင်မလုပ်နှင့် ၂၁၃
၂၂၉။ အမေပျင်း မြေခင်းပျက်
သားကမြင်းတော့ ခြေကျင်းနှစ်ဖက် စုံလုံးပျက် ၂၁၅
၂၃၀။ လမ်းထားလည်းရှိလမ်းသွားလည်းရှိရောက်၏ဆုံးကေန် ၂၁၇
၂၃၁။ မင်းတံဆိပ် ဘီသိက်ခံမှ ပန်ရမည် ၂၁၉
၂၃၂။ အကုန်မသေသေးသမျှ အသေမကုန်ကြသေး ၂၂၁
၂၃၃။ ဥပစ္ဆေဒကနိဂုံး ၂၂၃
၂၃၄။ နှစ်သက်သော်ထောက်ခံ မနှစ်သက်သော်
ဖျောက်ဖျက်ရန်ကြံပါလော ၂၂၅
၂၃၅။ မုခသိုက်နှုက်သုံး ပျော်၍မဆုံး တပြုံးပြုံးသာ ၂၂၇
၂၃၆။ စမိလျှင်ကား ဘယ်တော့ကာလမျှ ကျဉ်းချုံ့မသွား ၂၂၉



# "မေတ္တာနီတိ ကထာ"

## "နမောတေ ဗုဒ္ဓဝီရဿ"

ဗုဒ္ဓေါနာမ ပစ္စက္ခတိ- သတ္တေ သု ဒယာ နုကမ္ပာ
ဝိနေယျာနံ ကမ္မကတာ- အမှာ ကမ္ဗိ တုမှာကံဝါ
တဿာ မာမကာဂုဏာ-ပုဇာနုဝတ္တ အရဟာ
ကာတဗ္ဗာ သရဏံ တေသံ-တေသံ ဓာနံဝ အမိကံ
ဂမန စရဏံ ပဟံ အပ္ပမာဒေန ပမာဒံ။ ။

"ဗုဒ္ဓေါနာမ- ဘုရားရှင် မည်သည်ကား၊ သတ္တေသု- သတ္တာအားလုံးတို့ အပေါ်၌၊ ဒယာနုကမ္ပံ- အစဉ်သနားတော်မူလျက်က၊ ပစ္စက္ခတိ- ရှုကြည့်တော်မူမြဲတည်း။

ကမ္မကတောနံ- ပါရမီဖြန့် အကြောင်းကံများကို ပြုကျင့်လျက်က ရှိကြပါကုန်သော၊ ဝိနေယျာနံ- ကျွတ်ထိုက်သော အဆင့် အသင့်ရှိနေကြပါကုန်သော၊ အမှာကမ္ဗိ- ငါတို့ဖို့ ဖြစ်စေ၊ တုမှာကမ္ဗိဝါ- သင်တို့ဖို့လည်း ဖြစ်စေ၊ ပစ္စက္ခတိ- ရှုကြည့်မြဲတည်း။



www.burmeseclassic.com

www.burmeseclassic.com



တသ္မာ- ထိုသို့မပြတ် စောင့်ကြပ်ကြည့်ရှုတော်မူလတ်သော ကြောင့်၊ တေသံ- ထိုဘုရားရှင်အပေါင်းတို့အား၊ မာမကာ- မြတ်နိုး ထိုက်လှစွာကုန်၏။ တေသံ- ထိုဘုရားရှင်အပေါင်းတို့အား၊ အရဟာ- ပူဇော်ထိုက်လှစွာကုန်၏။ တေသံ- ထိုဘုရားရှင်အပေါင်းတို့၏၊ ဂုဏာပူဇ အနုဝတ္တကာ- ပူဇော်ထိုက်သော ဂုဏ်အထိုက်ကို အတု လိုက်လျက်က ကျင့်ထိုက်လှစွာကုန်၏။ တေသံ- ထိုဘုရားရှင် အပေါင်းတို့၏၊ သရဏံ- အောက်မေ့ရာအမှတ် မြတ်သောဂုဏ်ကို၊ အဓိကံ- မိရိုးဖလာမသက် ထက်မြက်လွန်ကဲစွာ၊ ဇနံဝ- ကိုယ်ပိုင် ဉာဏ်စိတ်- ကိုယ်ကောင်းဟိတ်ဖြင့် မမိုတ်တည်ရှိ သိသိပြီးတော့ သာ၊ ကာတဗ္ဗာ- ပူဇော်ချဉ်းကပ် မမ္မာတ်ဖြင့် မပြတ်ခါခါ ပြုထိုက် လှစွာကုန်၏။ တေသံ- ထိုဘုရားရှင်အပေါင်းတို့၏၊ ဂမနစရဏံ- သွားမြဲအကျင့်လမ်းတော်သည်ကား၊ အပ္ပမာဒေန- မမေ့မလျော့သော သတိဖြင့်၊ ပမာဒံ- မေ့လျော့သော မောဟကို၊ ပဟံ-ပယ်သတ် လျက်က သွားတော်မူကြခြင်းတည်း။





# ငါ တွေ့လို မြင်လိုသော အရာ

၁။ ရတနာသုံးပါးတို့၏ အရိပ်သည်…

သင်တို့၏ ကိုယ်စိတ်နှစ်ပါးဝယ် ထာဝရအေးငြိမ်းလျက် တည်ကြပါစေ။

၂။ ရတနာသုံးပါးအား…

အားကိုးသလောက် အားကိုးရာလည်း ရောက်ကြပါစေ။

၃။ ကုသိုလ် ကမ္မပထတရားများ

ကြီးစားသလောက် အကျိုးများကြပါစေ။

၄။ မိမိတို့ စေတနာအလိုက် ထိုက်သင့်သော အကျိုးထူး တရားများ မျက်မှောက်ခေတ်၌ပင် ချက်ချင်းလက်ငင်းခံစားနိုင်ကြ ပါစေ။

(က) ဤသို့ ကုသိုလ်ကမ္မပထတရားများ ကြိုးစားမြဲ ကြိုးစားနေကြသလို လောကီလောကုတ္တရာနှစ်ဖြာသော အကျိုးတရား သည်း တိုးပွားမြဲတိုးပွားကြပါစေ။



www.burmeseclassic.com

www.burmeseclassic.com



(ခ) ဤသို့ လောကီလောကုတ္တရာတရားများ တိုးပွားမြဲ တိုးပွားနေကြသလို ကုသိုလ်ကမ္မပထတရားများကိုလည်း ကြိုးစားမြဲ ကြိုးစားနိုင်ကြပါစေ။

(ဂ) ငါ ဖြည့်ကျင့်ခဲ့သမျှသော ပါရမီကုသိုလ်ကံ၏ တန်ခိုးတောဇော်မေတ္တာတော်အာနုဘော်ကြောင့်

အားလုံး ချမ်းသာခြင်းအပေါင်းနှင့် ပြီးပြည့်စုံကြပြီး
ဆင်းရဲခြင်းအပေါင်းမှ လွန်မြောက်ကြပါစေ။
"သုခိတာဟောထ၊ ဒုက္ခာမုစ္စထ"

[ ၁၃၅၈ ခုနှစ်၊ သီတင်းကျွတ်]





# ငါတို့၏ အာသီသ ပတ္ထနာ

ဟဒယံ မေ သီလေ သိက္ခာ သမာဓိ ပညာစ ဘူမိယံ
အဝသံ ဝေ ပဋ္ဌာပေသိ ဓာရေတိ တေန ထာမေန
ဒယာနုကမ္ပ သတ္တာနံ အသဿာသံ ဓမ္မ လဘေတုံ
တေန သစ္စဝဇ္ဇေန သောတ္ထိတေ ဟောတု သာဓဝေါ။

ဝေ- စင်စစ်၊ မေ- ငါ၏၊ ဟဒယံ- နှလုံးစိတ်စဉ် ဓာတ်အလျဉ်သည်၊ သီလေ- ရှုမှတ်ခြင်းဟူသော၊ သိက္ခာယ ဘူမိယံ- အကျင့်မြေ၌၊ သမာဓိ- စူးစိုက်ကပ်ခြင်း၊ တည်ခြင်းဟူသော၊ သိက္ခာယ ဘူမိယံ- အကျင့်မြေ၌၊ ပညာ- တည်သရွေ့၊ သိ-အရို- မြင်ခြင်းတည်းဟူသော သိက္ခာယဘူမိယံ- အကျင့်မြေ၌ ပဋ္ဌာပေသိ- ရပ်တည်စေခဲ့လေပြီ။

တေန ထာမေနစ- ထိုသိက္ခာအမြတ်သုံးပါးသော အစွမ်းဓာတ်ဖြင့်ပင်၊ ဒယာနု ကမ္ပ သတ္တာနံ- အစဉ်သနားထိုက်ရာ သတ္တဝါတို့အား၊ အဿာသံ- ကိလေသာအမှုတ်အလွှင့်တို့မှ သက်သာခွင့်ရစေသော၊ ဓမ္မလဘေတုံ- ကလျာဏ၊ သေက္ခ၊ အသေက္ခဟု ဓမ္မအဆင့် မြတ်သုံးဆင့်တို့ ပွင့်၍ဝေဝေ ရစေခြင်းငှာ ဓာရေတိ- နှင့်ဖွင့်



www.burmeseclassic.com

www.burmeseclassic.com



ဝေပေး စိတ်ဖြင့်ပေးကာ စာရေး၍လည်းတစ်ဖုံ သင့်ရာ သင့်ရာ နည်းလမ်းစုံတို့ဖြင့် ကုံလုံစေ၄ ဝေကမ်းလည်းချခဲ့ရှေသေး၏။

**စေတေန သစ္စ ဝဒ္ဓေန**- ဤသို့ အဖြေမှန် ကေန်သောစကား ကို ဆိုရခြင်းကြောင့်၊ **သာမဝေါ**- ဘုရား တရား သံဃာနားကပ် သူတော်ကောင်းခေတ် ဟပ်လျက်က ရှိကြပါကုန်သော၊ **တေတုမေ**- သင် သူတော်ကောင်းအပေါင်းတို့သည်

**သောတ္ထိ**- ကိုယ်လျှင် ကျန်းမာ စိတ်ချမ်းသာခြင်းအပြည့် ရှိကြသည်။ **ဟောတု**- မြေကြီးလက်ခတ်မလွဲတတ်ဖို့ မပြတ်ပုံသေ ဖြစ်၍စေသတည်း။

[ ၁၃၅၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့၊ မဟာဗောဓိမြိုင်]





# တရားလမ်းကြောင်းသို့ ဆောင်ပို့ပေးမည့်နီတိ

“နီတိဟူသည်… အဓိပ္ပာယ်တစ်ခု၊ ဝတ္ထုတစ်ပုဒ်စာမျှရှိသော အကြောင်းအရာပင်ဖြစ်ပစေ၊ အတိုဆုံး အရှင်းဆုံး အလင်းဆုံးလည်း ဖြစ်စေ၊ ပြောလွယ်ဆိုလွယ် မှတ်သားလွယ်စေသည့် ဆောင်ပုဒ် သေးလေးလည်း ဖြစ်စေ။

ထိုအချက်များနှင့် ကိုက်ညီသော အိတ်ဆောင်ပုံပြင်လေးများ ပင် ဖြစ်ချေ၏။ လက်ကြားညှပ်ဝတ္ထုလေးများဆိုကလည်း မမှားချေ။

ထိုနီတိသည် ဘယ်ကလာသနည်း။

လူတို့အကြားမှ ပေါက်ဖွားလာသော သဘောတရားများမှ ဖြစ်ပွားခဲ့လာပါသည်ကို ‘ပြောမယုံ ကြုံဖူးတော့ သိလိမ့်မယ်’ ဆို သောစကား၊ ‘အသွင်မတူ အိမ်သူမဖြစ်’ ဆိုသော စကား စသည် သည် နီတိများက ညွှန်းပြဆိုလျက် ရှိခဲ့ကြလေပြီ။

ထိုထို ရှေးနီတိစကားတို့သည် ၄င်းတို့၏ ပတ်ဝန်းကျင် မလေ့ ကျိုတ၊ ဉဉ်တို့အကြားမှ ပေါက်ဖွားလာသော သဘောတရားများ ရည်သော ဖြစ်ပါချေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုထို နီတိများက နောက်နှောင်းလူတို့ ရှောင်ရန် ဆောင်ရန် သတိပေးဆိုင်းဘုတ်ကလေးများအဖြစ် နေရာယူပေးထား၏။

သို့ဆိုသော် ဤနီတိစာစဉ်သည်လည်း

ဤနီတိခေတ်၏ မျက်စိရှေ့ မြင်တွေ့လိုက်ရ ကြားသိလိုက်ရသော သဘာဝဖြစ်စဉ်မှန် ဖြစ်ခြင်း။ နောက်နှောင်းလူတို့ ရှောင်ရန် ဆောင်ရန် သတိပေးဆိုင်းဘုတ်ငယ်လေးများ ဖြစ်ခြင်း၊ ထိုနှစ်ခင်းတို့နှင့် မလွတ်ကင်းသည်ကိုသာ မှတ်တမ်းတင်ထားခဲ့သည်ဆိုက မမှားတန်ရာပြီ။

ဓမ္မဟူသည် ဖြစ်ရပ်မှန်တို့၏ သဘောတရားတည်း။

နီတိဟူသည် ထိုသဘောထားကို ပုံထင်ဟပ်ပေးထားခြင်းတည်း။ ။





# ညတ်ကြီးစိုးရာ ပရမတ်ပွဲမတိုးသာ

"လူချင်းတွေ့သော်…

စကားမစပ်မိသည်က အကောင်းဆုံး…"

"တရားဖြင့် မွေ့လိုသော်…

စာမတတ်သည်က အကောင်းဆုံး…"

လူအချင်းချင်း တွေ့မိရာ၌ စကားခြင်းစပ်မိကြသော် စကားစတိုပြတတ်လှသဖြင့် အဓမ္မမှုခင်းများ ပေါ်လာတတ်ချေ၏။ တရားဖြင့် မွေ့ရာ၌ ကျမ်းဂန်နှံ့စပ် စာတတ်ပေတတ်ဖြစ်ချေသော်သိနှင့် အထဲသိတို့ ဝိဝါဒကြောင့် သဒ္ဓါနှင့်ပညာ ခြေရာအစေးမကပ် ဖြစ်တတ်လှချေ၏။

[ ဒုတိယဝါဆိုလဆန်း၊ ၆ ရက်နေ့၊ မဟာဇေယျမြိုင်- သုဝဏ္ဏသျှံ။ ]



www.burmeseclassic.com

www.burmeseclassic.com



သတ္တဝါတိုင်း-

မိမိတို့၏ စရိုက်- ဉာဉ်အတွင်း ကပ်ပါလျက်ရှိသော ကံ စိတ်တို့ဖြင့် ဥတု အဟာရသို့လိုက်၍ ကပ်ပါလျက်ရှိသော ဝါသနာ ကို အကောင်အထည်ဖော်ပေးလေ့ရှိကြရာ…

ရေနစ်၍ သေမည့်မသာသည် ရေဖြင့်ဆော့ကစားနေရမှ ကျေနပ်၏။

မီးသင့်၍ သေရမည့်မသာသည် မီးကစားမှုကို အလွန်ဝါသနာ ပါ၏။

ထိုထို မိမိတို့ ဝါသနာပါရာအမှု ပြုကျင့်နေဆဲကပင် ကိုယ် ဝါသနာပါသော ကစားဘက်၏ သတ်ဖြတ်ဖျက်ဆီးခြင်းကို ခံသွား ရသည်ချည်း ဖြစ်ကြ၏။ ကိုယ့်ခါးကြားက ဆောင်ဓားကပင် ကိုယ် အား ပြန်လည်ထိုးသည့်ပမာ ရှိ၏။ ဝါသနာ ဉာဉ် စရိုက်တို့သည် လူသတ်သမား နှင့် လက်နက်များပင် ဖြစ်ကြ၏။

ကျွဲဝါသနာပါသော အနော်ရထာ ကျွဲခတ်ခံရ၍ သေရခြင်း

ဝက်သားကြိုက်လှသော ကံမင်းသား ဝမ်းတော်လား သေ ခြင်း။ ၎င်းတို့ကား ကိုယ့်မသာ ကိုယ်ချသွားကြသူများချည်းတည်း

[ ၁၃၅၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း၊ ၉ရက်

မဟာဗောဓိမြိုင်၊ သုဝဏ္ဏသျှံတောင်

နတ်တလူစာစဉ်



# ကံထမင်းစား ဉာဏ်ဟင်းခါးလည်း သောက်ကြဦး

-ကံ စိတ်ဖြင့် ဘဝကူးလာရလေသူ
ချာန်ကိစ္စ ဉာဏ်ကိစ္စရပ်များကို ဦးစားမပေးတတ်။
-ချာန်စိတ်ဖြင့် ဘဝကူးလာရသူလည်း
အခြားကံအရာ ဉာဏ်အရာများ၌ စိတ်မဝင်စားတတ်ချေ။
-ဉာဏ်စိတ်ဖြင့် ဘဝကူးလာရသူသည်သာ
● ကံကောင်းကိုချင့်- ကံဟောင်းကိုလည်း မြင့်တင်တတ်၏။
● ချာန်ရှိန်ကိုချင့်- ချာန်အိမ်လည်း မြှင့်တင်တတ်၏။
● ဉာဏ်လမ်းကိုဖွင့်- ဉာဏ်စခန်းသို့လည်း ကပ်ချင့်တတ်၏။
-ကံအရာကား ဒါနမှ သီလမှုတည်း။
-ချာန်အရာကား သမထမှု အစုစုတည်း။
-ဉာဏ်အရာကား ဝိပဿနာ မဂ်ဖိုလ်စုများတည်း။

[ ၁၃၅၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့]

နတ်တလူစာစဉ်

www.burmeseclassic.com

www.burmeseclassic.com



# သခ်ၤါရ လက်ကွက် သင့်အတွက်ချည်း

## မထင်နှင့်

ကံ- စိတ်- ဥတု- အာဟာရတို့အကြားမှ အလေ့ကျပေါ်
အလားဖြစ်ပေါ်လာသော သင့်ဘဝ သင့်ခန္ဓာကား ကံမှီ- စိ
တဏှာသည် မူလပိုင်ရှင်တည်း။

ဘိုးဘွားမိဘစသည်ဆွေစဉ်တို့သည် အထိန်းတော်၏ အ
မျိုးတည်း။

လင်နေမယားထားများ၌ လင်မယားတို့သည် ထောင်ကြ
ပိုင်မျိုးတည်း။

သားရ သမီးပေါ်ရာများ၌ သမီးသားများသည် ထောင်မှ
အပိုင်မျိုးတည်း။

တဏှာသည်ကား- သခင်အရှာ။

သင်သည်ကား- ကျွန်ပမာ။

ကျွန်မည်သည် လုပ်တတ်မှ ကိုယ့်တွက်ရရှိုးရှိသည်ကို မ
သင့်။

[ ၁၃၅၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၅) ရ

နတ်တလူစာစဉ်



# တောတိုးရာ အနာပါမှာချည်း

- အာရုံအမျိုးမျိုး တောတိုးပြီးသူ
- ကာမဂုဏ် အမျိုးမျိုး တောတိုးဖူးပြီးသူ
- ဘဝစုံ အမျိုးမျိုး တောတိုးဖူးပြီးလေသူ

အချစ်ကဲသော အစွဲနာ ရှိနေကြသည်ချည်းသာ
အမျက်ကဲသော အစွဲနာ ရှိနေကြသည်ချည်းသာ
ထိုအထဲ၌ အမြဲပါသော အစွဲနာမှန်သမျှတို့သည်ကား-

- မဂ္ဂင်ဆေး တိုက်ကျွေးစ ကာလမျိုး၌သော်လည်းကောင်း၊
- မဂ္ဂင်ရေအေး သောက်သုံးစ ကာလမျိုး၌သော်လည်း ကောင်း၊
- မဂ္ဂင်လမ်းဝ လှမ်းကြွစ ကာလမျိုး၌သော်လည်းကောင်း၊

ဖိသလောက်ကြွ၍ ထိသလောက် ထ,နေတတ်ရာ-
-အနာမြို့ ခုန်၍ထ,သောအလေ့ဟူ၍ မှတ်ကြရာ၏။
- ငါမှသာမဟုတ် အားလုံးမှာ သည်လိုချည်းဟူ၍ပင် မှတ်
ချက်ချတတ်ကြရာ၏။

ထိုအနာ အထာမပေါက်က
ငါ့တစ်ယောက်မှု ခံရလေခြင်းဟူ၍ အမြင်စောင်းသွားတတ်
သည်။

[ ၁၃၅၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း၊ ၅ ရက်နေ့]

နတ်တလူစာစဉ်

www.burmeseclassic.com

www.burmeseclassic.com



# အကြံဆိုး အသိုးပေါ်တတ်သည်

- တိုင်းပြည်တိုင်းလျှင် ငါ့အာဏာအောက်က ငါ့ကမ္ဘာသာ ဖြစ်စေရမည်။

- လူမျိုးတိုင်းလျှင် ငါ့သွေးရိုးအောက်က ငါ့သွေးမျိုး ဖြစ်စေရမည်။

- ဘာသာတိုင်းလည်း ငါ့ကိုင်းရှိုင်းရာအောက် ရောက်စေရမည်။

- ဤသို့လျှင် ကံခရီး အကြံမကြီးသင့်ရာ။

- စေတနာခံ စိတ်အရိပ် မဖိနှိပ်မိစေရာ။

- သူ့စေတနာ- သူ့စိတ်- တဏှာမာနကြောင့်ဖြစ်စေ၊ ရာဂဒေါသကြောင့်ဖြစ်စေ၊ မာနမောဟကြောင့်ဖြစ်စေ ဖိနှိပ်ကြိတ်ချေမိက ထိုကိစ္စအဝဝ သင်သာလျှင် ခံရမည် မုချတည်း။

[ ၁၃၅၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း၊ ၅ ရက်နေ့ ]





# စစ်အရှိန် အချိန်ဆွဲမတိုက်နှင့်

ကမ္ဘာ့ဌာန်းတရား ပွားများခြင်းသည်

- ရှာန်နှင့် နီဝရဏ၊ ဗိုလ်နှင့် သံယောဇဉ်၊ မဂ္ဂင်နှင့် ကိလေသာတို့ စစ်ကစားခြင်းပင်ဖြစ်ရာ-

- သင်သည် အချိန်ဆွဲ၍ စစ်ပွဲမဝင်သင့်။

- သင်သည် အာရုံဆန်းကို လမ်းပြမထားသင့်။

အချိန်ဆွဲ အစွဲပါ၊ စိတ်သက်သာမှု လိုက်စားနေမိသော် နီဝရဏ၊ သံယောဇဉ်၊ ကိလေသာတို့ကား အင်အားလည်းများ၊ ပရိယာယ်လည်း ကြွယ်လွန်းလှရကား

- သင့်စိတ်ဖြင့်ပင် သင့်အားလှည့်စားခိုင်းလျက် ဖျက်တော့မည်။

- သင့်ဝေဒနာကပင် သင့်အား တစ်စိတ်တစ်အိတ် လုပ်ပြတော့မည်။

- သင်ခံစားရာအာရုံကပင် ခုံမင်စရာအသွင် တိုက်ကွက်ဆင်လိမ့်မည်။

သင့်ဘက်က ဝါးလုံးထိုးမတိုက် သင်ပင်အငိုက်မိတတ်သည်။

[ ၁၃၅၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း၊ ၅ ရက်နေ့ ]



www.burmeseclassic.com

www.burmeseclassic.com



## အကောင်းနှင့် အချိန်ဖြုန်း အဆုံးမရောက်တော့

(ကာမ)နှင့် အချိန်ဖြုန်း၊ ခံတုန်းကောင်း၍ အကောင်းမဆုံး၊
ဘဝကမ္ဘာမဆုံး၊ လုံးလျက်က ပမ်းနေတတ်သည်။
ဈာန်နှင့် အချိန်ဖြုန်း၊ ဝင်စားတုန်းသာကောင်း၍ မဆုံး၊
ဘဝနှင့်ကမ္ဘာမဆုံး၊ လုံးလျက်က ပမ်းနေတတ်သည်။
- ကာမသည် ဒါနနှင့် သီလတို့၏အညွန့်တက်။
- ဈာန်သည်ကား သမထ၏ အညွန့်တက်။

သို့ဖြစ်ရာ ထိုအရာအားလုံး စိတ်အစဉ် အမျှင်ပြတ်သော သဘောကို မဆောင်ကျဉ်းနိုင်ရကား အရှိန်မပျက် ဆက်နေတော့မည်သာ၊ အရှိန်ပြတ် ဝေတ်နေတော့မည်သာ။ အစားရ အားမရ ဖြစ်နေတော့မည်သာ။

[ ၁၃၅၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း၊ ၅ ရက်နေ့ ]





## သွေးဆူရာအကြား ဘေးလူအထားမမှားနှင့်

ဥတု အာဟာရ အမှီရလျက်ရှိသော ကံ-စိတ်နှစ်ပါးသည် သွေးတက်ချိန်၏ အရွယ်များကို ထိကပါး ရိကပါး ကစားနေတတ် လေရာ-

ထိုအချိန်ခါမျိုးဝယ်

မောင်ရင်းနှမရင်းသော်မှ အတူသွားအတူလာ နှစ်ယောက်ချင်း ခရီးမသွားသင့်။

တဏှာသည် မျက်စိပါသောအမျိုး မဟုတ်ရကား သွေးဆူ၊ လူနှောင့်၊ အမှောင့်ဖြင့် ဖမ်းစားတတ်လှချေသည်။

[ ၁၃၅၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း၊ ၅ ရက်နေ့ ]



www.burmeseclassic.com

www.burmeseclassic.com



## အမျှောသမား တောကြားမသွားနှင့်

- သဘာဝတောသည် ဘဝခရီးခဲ၏ ဝဲဇလုပ်တည်း။
- ကာမတောသည်လည်း ဘဝခရီးခဲ၏ ဝဲဇလုပ်သာတည်း။
- ကာမကြော မျှောပါနေသူသည်လည်းကောင်း။
- ဘဝကြော မျှောပါနေသူသည် လည်းကောင်း။
- ထိုတောအရပ် ဖြတ်ကျော်၍ မသွားအပ်ချေ။
- သဘာဝတောဖြတ်ကျော်မိသော် အမောဖောက်တတ်သည်။
- ကာမတောဖြတ်ကျော်မိသော် အမေ့ကောက်တတ်သည်။

မောရုံမျှဆို တော်သေး၏။ မေ့လျှင်ကား လမ်းပင်မတွေ့ပြီ။

[ ၁၃၅၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း၊ ၅ ရက်နေ့ ]





## သီလဖြင့် အလှပြင် မယဥ်မရှိ မမြင်မရှိ

- အလှကို လှတိုင်းမက်၏။
- အလှပြင်တတ်လျှင် ပြင်သူပါမက မြင်သူပါ မက်၏။

ထိုအလှသည် သီလဖြင့် ပြင်ဆင်သူ၏အလှက အသာဆုံးပင်။

- သီလပြည့်သဖြင့် မာနမရှိသူ၏အလှသည် သနားစရာ အကောင်းဆုံး။
- သီလပြည့်သဖြင့် ဒေါသမရှိသူ၏အလှသည် ချစ်စရာ အကောင်းဆုံး။
- သီလပြည့်သဖြင့် ရာဂမရှိသူ၏အလှသည် မြတ်နိုးစရာ အကောင်းဆုံး။
- သီလပြည့်သဖြင့် မောဟမရှိသူ၏အလှသည် ကြည်ညိုစရာ အကောင်းဆုံး။

သီလမပြည့်၊ စင်ကြယ်ခြင်းမရှိသူ၏အလှကား မည်မျှပင် အပြင်အဆင်ကောင်းစေ အချောမှထွက် အလှဘက် မထွက်ပြီ။

[ ၁၃၅၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း၊ ၇ ရက်နေ့ ]



www.burmeseclassic.com

www.burmeseclassic.com



# တောကိုလည်းဝင် တောကိုလည်း မခင်ချင်နှင့်

- တောနေရဟန်းသည်

ကာမတောမှလွတ်မြောက်ရန် ဝနတောသို့ ဝင်ခဲ့ရာ တောပျော်သက်သက် မဖြစ်သင့်ချေ။

ဝနတောသို့ရောက်လေမှ-

ရှာနလည်းမဖက်၊ မဇ္ဈလည်းမဖက် အာဟာရငှဲကွက် ဗာဟိရကိစ္စသက်သက်ဖြင့် အချိန်ကုန်ပါသော်ကား-

- ကစားဘက်အပေါ် ငုံမျှော်နေခြင်းမျှသာတည်း။

- ကစားရာ အမောဖောက်၍ တစ်ထောက်နားနေခြင်းမျှသာတည်း။

[ ၁၃၅၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း၊ ၇ ရက်နေ့၊ ]





# တောထွက်အမည်ခံ တောသံမပါစေနှင့်

တောနေရဟန်းသည် တောသို့ရောက်လေမှ

-အဖော်ထားစကားဖြင့် အချိန်ကုန်သော် တောပြောတောင်…နှင့် ခရီးဆုံးမည်။

-အဖော်မရှိ တွေးမိတွေးရာ တွေးမိနေသော် တောတွေး…င်တွေးဖြင့် အချိန်ကုန်ရမည်။

-သည့်အတူလျှင် တရားအလုပ်ကား မလုပ်၊ တခြားအလုပ်…ကုန်က တောလုပ်တောင်လုပ်ဖြင့် ခရီးဆုံးရခြင်း။

- တရားဆိတ်လျက် အအိပ်မက်သော် တောအိပ်တောင်အိပ်…ခရီးဆုံးရခြင်း။

-တရားအပထား အစားအားကိုးသော် တောစားတောင်စား…ခရီးဆုံးရခြင်းများသည် တောအဆန် တောသံဝင်နေခြင်း…ည်း။

[ ၁၃၅၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း၊ ၇ ရက်နေ့၊ ]



www.burmeseclassic.com

www.burmeseclassic.com



# အမြိုက်တွေ့ ဗိုက်ပြည့်လျှင်တော်

လောကီအာရုံ ကာမဂုဏ်ဝယ် အကြိုက်၏အမြိုက် နှိုက်ခွင့်ရရာ၌-

-အလိုထက် မပိုလေနှင့်။

အကယ်တိတိ အလိုမှသက် အပို ဘက် လျှာထွက်လာသော် အလိုဘက်သို့သာ ပါသွားတတ်ပြန်သောကြောင့်တည်း။

[ ၁၃၅၈ ခုနှစ်၊ တန်ဆောင်မုန်းလကွယ်နေ့ ]





# ဖလံကောင်မီးဆင်း မီးသင်းနှင့်ပျော်

ဘဝဟူသည် မသိသူတို့၏ ပျော်ရာ စားကျက်တည်း။

ဒုက္ခဟူသည် မမြင်သူတို့၏ လျော်ရာ လေ့တက်တည်း။

သိသူမြင်သူတို့သည်ကား-

ပျော်ပိုက်၍ မရနိုင်ကြပြီ။

ဒုက္ခကို ဒုက္ခဟူ၍ မမြင်မိသူများသည်လည်းကောင်း၊

ဒုက္ခကိုလျှင် သုခဟူ၍ အထင်ရှိနေသူများသည်လည်းကောင်း၊

ထမင်းစား လျှာဖျားမှာတွင် လမ်းဆုံးကြတော့ရာ အစာကြောင့် ...သော ဗိုက်နာ၊ ဗိုက်အောင့်မှု ဘာကြောင့်ဟု မသိတတ်နိုင်ကြပြီ။

အစာပုပ်သိုးရာမှဖြစ်သော အနံ့အသက်ဆိုးဝါးမှု ဘာကြောင့် ... မသိတတ်နိုင်ကြပြီ။ အဘယ်ကြောင့်ဆိုသော် အသိကား အငြိ ...တ် ပါသွားပြီ ဖြစ်သောကြောင့်တည်း။

[ ၁၃၅၈ ခုနှစ်၊ နတ်တော်လပြည့်နေ့ ]



www.burmeseclassic.com

www.burmeseclassic.com



## ဆန္ဒအားကြီး မပြီးမရှိ

ငါသည်...
အိုမင်းလက်မှ အလွတ်ထွက်ရန် ရုန်းကန်နေ၏။
ငါကဲ့သို့လျှင်...
ငါ့နောက်လိုက်များ ဝေနေယျအားလုံးတို့လည်း အိုမင်းလက်မှ အလွတ်ထွက်ရန် ရုန်းကန်ကြပါကုန်။

ငါသည်...
နာမင်းလက်မှ အလွတ်ထွက်ရန် ရုန်းကန်နေ၏။
ငါကဲ့သို့လျှင်...
ငါ့နောက်လိုက်များ ဝေနေယျအားလုံးတို့လည်း
နာမင်း၏လက်မှ အလွတ်ထွက်ရန် ရုန်းကန်ကြပါကုန်။

ငါသည်...
သေမင်း၏လက်မှ အလွတ်ထွက်ရန် ရုန်းကန်နေ၏။





ငါကဲ့သို့လျှင်...
ငါ့နောက်လိုက်များ ဝေနေယျအားလုံးတို့လည်း
သေမင်းလက်မှ အလွတ်ထွက်ရန် ရုန်းကန်ကြပါကုန်။
ငါသည်...
မအို မနာ မသေရာတို့အကြား အပြေးသွားလျက် ရှိချေ၏။
ငါကဲ့သို့လျှင်...
ငါ့နောက်လိုက်အများ ဝေနေယျအားလုံးတို့လည်း
မအိုရှေ့ပြေး ကျွန်းကလေး အပြေးဝင်လှည့်ကြပါကုန်။
မနာရှေ့ပြေး ကျွန်းကလေး အပြေးဝင်လှည့်ကြပါကုန်။
မသေရှေ့ပြေး ကျွန်းကလေး အပြေးဝင်လှည့်ကြပါကုန်။

[ ၁၃၅၈ ခုနှစ်၊ နတ်တော်လပြည့်၊ မဟာဗောဓိမြိုင်၊ သုဝဏ္ဏသျှမ်၊ ]



www.burmeseclassic.com

www.burmeseclassic.com



# လုံ့လအားကြီး မပြီးမရှိ

သူတော်ကောင်းအပေါင်းတို့

သင်တို့၏နောက် ကိလေသာရန်သူဆယ်ယောက် တကောက်ကောက် လိုက်လျက်ကသာ ရှိဘိ၏။

- မြင်ရာအရပ် ကပ်လျက်က ဖြတ်တောက်နေ၏။
- ကြားရာအရပ် ကပ်လျက်က ဖြတ်တောက်နေ၏။
- တွေ့ရာအရပ် ကပ်လျက်က ဖြတ်တောက်နေ၏။
- တွေးရာအရပ် ကပ်လျက်က ဖြတ်တောက်နေ၏။

ကြောက်ပါပြီအော် ကျော်သွားလိမ့်မည် မဟုတ်။

အသနားခံ၍လည်း ပြန်သွားလိမ့်မည် မဟုတ်။

အလိုက်သင့်ပါ ညှာတာလိမ့်မည် မဟုတ်။

မတွန့်မဆုတ် တန်ပြန်တွန်းထုတ်ရဲမှသာ ရှုံရာ၏။

အသိမြဲ ဝီရိယကဲ၊ သတိအမြဲဆွဲမှသာ ခွာရှဲလေရာ၏။

- လူ့စသည် မျက်မြင်ရန်ကား

တစ်ဘဝ၊ တစ်သက် တစ်ချက်မျှ သတ်ခွင့်ရ ကျေနပ်အားရသွားကြ၏။





- ကိလေသာ့မာန် မျက်မမြင်ရန်တို့ကား

ဘဝနှင့်အသက်ရှိသမျှ အချက်ပေါင်းများစွာ မရပ်ရာ။

အချိန်နှင့်စက် အတက်ရှိသမျှ ဖျက်နေတော့မည်သာ။

- သင့်၏ သတိတစ်ချက်အပြတ် ကြိုက်စိတ်ကပ်လာပြီ မဟုတ်လော။
- သင့်၏ ကြိုက်စိတ်အကပ်၌ သူ့စိတ်ပတ်လာပြီ မဟုတ်လော။
- သင့်၏ သူ့စိတ်အသွင်း လူစိတ်ကင်းပြီ မဟုတ်လော။

တစ်နေ့တစ်နေ့

- သင့်စိတ်နှင့် ကိလေသာစိတ် အဘယ်စိတ်ကများသနည်း။
- သင့်စိတ်နှင့် သူ့စိတ် အဘယ်စိတ်က များသနည်း။

[ ၁၃၅၈ ခုနှစ်၊ နတ်တော်လပြည့်၊ မဟာဗောဓိမြိုင်၊ သုဝဏ္ဏသျှမ်း ]



www.burmeseclassic.com

www.burmeseclassic.com



# စိတ်လျှင်ဦးစီး မပြီးမရှိ

သူတော်ကောင်း အပေါင်းတို့

အတ္တကင်းဆိတ် သဘောမျှဟူသောနိဗ္ဗာန် အမှန်ပင်ရှိချေ၏။ ရှိ၍သာ သွားနေကြသည်။ မရှိက မသွားနိုင်ကြရာ…။

မပြောင်းမလွဲ အမြဲဟူသောနိဗ္ဗာန် အမှန်ပင်ရှိချေ၏။ ရှိ၍သာ သွားနေကြသည်။ မရှိက မသွားနိုင်ကြရာ။

ဆင်းရဲမဖက် ငြိမ်သ်အေးချမ်းခြင်းသက်သက်ဟူသောနိဗ္ဗာန်သည် ဧကန်ပင် ရှိချေ၏။

-ရှိ၍သာ သွားနေကြသည်။

-မရှိက မသွားနိုင်ကြရာ။

ထိုနိဗ္ဗာန်ကား စိတ်အကြံမျှဖြင့်ပင် ပြီးစီး၏။

- ဖြစ်ပျက်အမြင်မှန် ကပ်ယူကြံ- နိဗ္ဗာန်အမှန်ရှိ။

- အာရုံငါးတန် လွတ်ရန်ကြံ နိဗ္ဗာန်အမှန်ရှိ။





- ဆင်းရဲပူပန် တွန်းဖယ်ကန် နိဗ္ဗာန်အမှန်ရှိ။

- သက်သာရာမှန် အမြဲကြံ နိဗ္ဗာန်အမှန်ရှိ။

ထိုအသိ၊ ထိုအမြင်၊ ထိုအကြံမျိုးများ၌

ဝတ္ထုကိုလည်းကောင်း၊ အာရုံကိုလည်းကောင်း ရယူသိမ်းပိုက်ထိုသော ဒိဋ္ဌိ မရှိပြီ။

ကြိုက်နှစ်သက်ခြင်း တဏှာလည်း မကြီးစိုးတော့ပြီ။

ထောင်လွှားတက်ကြွ မာန်မာနများလည်း ကင်းဆိတ်ပြီ။

ထိုအခါ

-ဘာဆို ဘာကိုမျှ မစွဲပြီ။

-ဘာကိုမျှ မစွဲ မငြိတော့ပြီ။

"-ဘာကိုမျှ မငြိတော့လျှင်ကား လွတ်ပြီ ကျွတ်ပြီ။"

[ ၁၃၅၈ ခုနှစ်၊ နတ်တော်လပြည့်၊ မဟာဗောဓိမြိုင်၊ သုဝဏ္ဏသျှမ်၊ ]



www.burmeseclassic.com

www.burmeseclassic.com



# ပညာဦးစီး မပြီးမရှိ

သူတော်ကောင်း အပေါင်းတို့

- လောဘ၏လက်ချက် အနိစ္စအချက်ဖြစ်သော အိုခြင်းဇရာ
- ဒေါသ၏လက်ချက် ဒုက္ခအချက်ဖြစ်သော နာခြင်းဗျာဓိ
- မောဟ၏လက်ချက် အနတ္တအချက်ဖြစ်သော သေခြင်း

မရဏာ။

ဤသုံးဝသော သဘာဝတရားတို့သည်…

သင်တို့၏ ကိုယ်နှင့်မကွေမကွာ လိုက်ပါလျက်ကသာ ရှိ

၏။

- သတိ၊ အသိ၊ ပညာမျက်စိမရှိက မသိရာ။
- သဒ္ဓါ၊ ဝီရိယ ခြေနှစ်ဖက် မချက မလွတ်ရာ။

ထို အို၊ နာ၊ သေ မီးဘေး အချိန်နှင့်စက်၍ မအေးကြရပြီ

ထို အို၊ နာ၊ သေ ရန်ဘေး ဘဝနှင့်စက်၍လည်း မအေး

ရပြီ။





သင်တို့သည်…

ထိုမျှ မီးဘေး၊ ရန်ဘေး မအေးရဘဲလျက်က

ဘာ့ကြောင့် သီလဆေး မကျွေးဘဲ နေစိမ့်ကြလေဘိသနည်း။

ဘာ့ကြောင့် သမာဓိရေအေး မတိုက်ကျွေးဘဲ နေစိမ့်ကြလေဘိသနည်း။

ဘာ့ကြောင့် ပညာလက်နက် မသုံးရက်ဘဲ ပစ်ထားကြလေဘိသနည်း။

သတ္တဝါတို့သည်ကား…

ဒုက္ခကို ကြောက်လျက် သုခကို နှစ်သက်သည် ဆို၏။

သို့စဉ်လျက်

ဘာကြောင့်များ ဘဝရက်ဆက် ဒုက္ခကို တွယ်ဖက်ကြလေသည် မသိ။

ဘာကြောင့်များ ဘဝရက်ဆက် သုခကို လက်လွှတ်ထားကြလေသည် မသိ။

- သုခကို သုခမှန်း မသိလေသူ
- ဒုက္ခကို သုခထင်လေသူ

ထိုသူတို့အကြား ဤစကား သွားမပြောဟောကြပါကုန်လင့်။

[ ၁၃၅၈ ခုနှစ်၊ နတ်တော်လပြည့်နေ့၊ မဟာဗောဓိမြိုင်၊ ]



www.burmeseclassic.com

www.burmeseclassic.com



## ကံတရား ဘုရားနှင့်လဲ မယားထဲ လွဲမပို့နှင့်

- ကံဟောင်းများ မည်မျှထထ
- ကံကောင်းမထောက်မ ကြွတက်ရန် မလွယ်ကူ။

ကံဟောင်း၊ ကံကောင်း ထောက်မ,စေလိုသော်

- ကောင်းကောင်းကြံ
- မှန်မှန်လုပ်၊ ဟုတ်မှပြော

သူနှင့်ကိုယ် သွေးခိုးမရော၊ သွေးကောင်းချင်း နှောပါလေ။

[ ၁၃၅၈ ခုနှစ်၊ ပြာသိုလပြည့်နေ့၊ မဟာဗောဓိမြိုင် ]





## မသိကောင်း စောင်းတိုင်းနစ်

- အအိပ်မက်လေသူ...

အိပ်မောကျနေသောကာလ၏ မသိကောင်းကို နစ်ထောင်းအားရ တသသ ရှိနေတတ်လှ၏။

- သေရည်အရက် မူးမေ့မှုအရသာကို မက်သူသည်လည်း

အရက်ခိုးထ သွေးတက်ကြွသဖြင့် ဘာမှုမသိရသော ကာလ၏ မသိကောင်းကို နစ်ထောင်းအားရ သဘောကျလေ့ရှိ၏။

စင်စစ်...

ထိုအရာအားလုံးတို့သည် သွေးပွက်ရပ်နားရာ သွေးပွက်တက်ကြွရာတို့မှဖြစ်သော မသိစိတ်အမှောင့်တို့ကြောင့် တောင့်တရာ အာရုံအတက် မှင်သက်သွားတော့ခြင်း၊ မနှောအကြည်ဓာတ်ပျက် မည်းနက်သွားတော့ခြင်းများ ဖြစ်ကြလေရာ-

- အာရုံအလိုက်မှားလေ မိုက်အားကောင်းလေချည်းသာ ဖြစ်မည်။
- အာရုံအလိုက်များလေ အမှားခင်လေချည်းသာ ဖြစ်မည်။

[ ၁၃၅၉ ခုနှစ်၊ နယုန်လပြည့်ကျော်၊ ၁၃ ရက်၊ နတ်တလူ ]



www.burmeseclassic.com

www.burmeseclassic.com



# မသိကောင်း နောက်ကြောင်းမကောင်းတတ်

အတိတ်ကံစိတ်များသည်

ဤဘဝဝယ် ညဉ်အဖြစ် လိုက်ပါထိန်းကျောင်းပေးလေ့ရှိရာ…

ညဉ်သန့်လျှင် အကျင့်မှန် ဆန့်၍ တက်မရစေနိုင်။

တစ်ဖန် ဤဘဝရှိ ကံ စိတ် ဥတု အာဟာရတို့၏ လှုံ့ဆော်မှုကြောင့် သွေးများထ,ကြွနေလေ့ရှိရာ

-သွေးထန်လျှင်လည်း အကျင့်မှန် ဆန့်၍ တက်မရစေနိုင်။

ထိုသို့ ညဉ်ထ,၍ သွေးကြွ၊ သွေးကျလျှင် ညဉ်ပူ၊ သူဆူ၍ ကိုယ်ပွက်၊ ကိုယ်ဖျက်၍ သူမွေနေသူ၏ ရှေ့

-တစ်ဖက်အာရုံတို့ လာရောက်တွေ့သော်

ထိုအတွေ့အာရုံရှင်လည်း ရေလိုက်မှား ကမ်းနားကပ်ရန် မလွယ်ပြီ။

ထိုညဉ်သွေးရှင်သည်လည်း ရေလိုက်မှား ကမ်းနားကပ်ရန် မလွယ်ပြီ။

[ ၁၃၅၉ ခုနှစ်၊ နယုန်လပြည့်ကျော်၊ ၁၃ ရက်၊ နတ်တလှ၊ ]





# ရန်စကို မသိ ရန်ပြုကို ဖိတတ်သည်

အာရုံကို ခင်လွန်းခြင်း၊ သူတစ်ပါးကို ခင်လွန်းခြင်း၊ မိမိကိုယ်ကို ခင်လွန်းခြင်း ထိုသုံးမျိုးတို့သည် စင်စစ် တဏှာ၏ ရန်စခြင်းပင်တည်း။

ထိုအတွင်းရန် တဏှာ၏ ရန်စမှုကို အလျဉ်းမရိပ်မိသူသည် မိမိအတွက် တစ်ဖက်အာရုံကိုလည်းကောင်း၊ တစ်ဖက်အာရုံရှင်ကိုလည်းကောင်း၊ ရယူသိမ်းပိုက်ကာ ခံစားလိုစိတ်များ တစ်ဖွားဖွားထ,ကြွသောင်းကျန်းလေရာ-

ကုလားမနိုင် ရခိုင်ရန်လုပ်ပမာ

-တစ်ဖက်သားသို့သွား ထိကပါးရိကပါးလုပ်မည် မုချတည်း။

-တစ်ဖက်သားက လိုလားရောင်မပြ၊ ဒေါထမိမည်မှာ လည်း မုချတည်း။

-အတွင်း၏ရန်စမှုကိုမသိက တစ်ဖက်ရန်ပြုသို့ ဖိမည်မှာလည်း မုချတည်း။

[ ၁၃၅၉ ခုနှစ်၊ နယုန်လပြည့်ကျော်၊ ၁၃ ရက်၊ နတ်တလှ၊ ]



www.burmeseclassic.com

www.burmeseclassic.com



# မာန်ခိုလျှင် သမထ၊ မာန်ပြိုမှ ဝိပဿနာ

သမထ ယာနိကလမ်းစဉ်သည်

ကြာလေလေ မိမိဆန္ဒနောက် အရာရာတို့ လိုက်ပါရလေဖြစ်ရာ တဏှာကို မဖြိုမိလေသေးသူများအဖို့ မာန်သိုမ်ိုးရာ ဘဏ္ဍာတိုက်ကြီး ပမာ ဖြစ်လေရာ၏။

ဝိပဿနာလမ်းစဉ်သည်ကား -

ကြာလေလေ မိမိဆန္ဒနှင့် ကင်းကွာလေလေဖြင့် မိမိခန္ဓာကိုမှု မိမိအစိုးတရ မရှိသည့်ဖြစ်အင်ကို မြင်တွေ့ရလေသောအခါ တဏှာလည်းမသို၊ မာန်လည်းမခိုမိရကား ရှေးဟောင်းတိုက်ပျက် ကြီးထဲ ရောက်နေရသူပမာသာ ရှိချေရာ၏။

[ ၁၃၅၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော်၊ ၁၀ ရက်၊ နတ်တလူ၊ ]





# အချင်းချင်းအန် တစ်ပြန်တစ်လှန် ဆဲ မကျွေးနှင့်

-စကားတင်း ချင်းချင်းပြောနေကြခြင်းသည်လည်း -

သူပြောရာ ကိုယ်စွဲ၊ ကိုယ်ပြောရာ သူစွဲသဖြင့် အန်ဖတ်ခြင်း လဲစားသည်နှင့် ဘာမျှ မခြားနား။

-ကိုယ်ချင်းပွေ့ဖက် အငွေ့ချင်းဆက်နေကြခြင်းသည်လည်း

သူ့အငွေ့ကိုယ်စွဲ၊ ကိုယ့်အငွေ့သူစွဲသွားသောကြောင့် အန်ဖတ်ချင်းလဲစားသည်နှင့် ဘာမျှ မခြားနား။

၄င်းတို့သည် စွဲ၍ထိ၊ ထိ၍ငြိဖြင့် ဆုံးလမ်းလည်း မရှိ၊ လက်ကျန်လည်း မမိဖြစ်နေကြရာ ဘာမျှအကျိုးမရှိသော အချိန်ဖြုန်း သက်သက်မျှသာ။

[ ၁၃၅၉ ခုနှစ်၊ တပို့တွဲလဆန်း၊ ၁၃ ရက်၊ ဓေဝလ္လာ၊ ]



www.burmeseclassic.com

www.burmeseclassic.com



# လူဆိုသောစကား လူကြားမှလာနေခြင်း

-အပြောကျ၊ သဘောမှချည်း ထ,လာသည်ဖြစ်ရာ…

မည်သည့် အပြောစစ သဘာဝက မလွတ်နိုင်။

-တစ်ယောက်သည် သဘာဝနှင့် အံသွားမကိုက် သဘာဝ မဆိုက်သော မှသားစကားကိုလျှင် ပြောနေသားအံ့။

-ထိုတစ်ယောက်သည်

မိမိ၏ အတွင်းအစ္ဈတ္တရှိ မမှန်သသော လှန်လှော်ပြနေခြင်း ပင်။

တစ်ဦးသည်ကား သဘာဝနှင့်အံကိုက်၊ သဘာဝလည်းဆိုက် သစ္စာလည်းထိုက်သော စကားမျိုးချည်းသာ ပြောကြားလာအံ့…။

ထိုတစ်ဦးသည်လည်း…

မိမိ၏အတွင်းရှိ အစင်းသိသသော လှန်လှောပြလိုက်ခြင်းပင်။

-သည့်အတူပင်လျှင်

လူအသီးသီးတို့ ပြောနည်းမှန်သရွေ့ ကြမ်းသည်ဖြစ်စေ၊ နုသည်ဖြစ်စေ အားလုံးပင်လျှင် အပြောဟူသမျှ သဘောမှသာ ထွက်ကျလာခြင်းတည်း။

[ ၁၃၅၉ ခုနှစ်၊ တပို့တွဲလဆန်း၊ ၁၃ ရက်၊ ဝေဒလ္လ၊ ]





# အတိုက်သန် အခံမနားသာ

-ကိလေသာတို့၏ အငွေ့တိုက်သည်

သတ္တဝါတို့၏ စိတ်နှင့်သဏ္ဍာန်ဝယ် ဘဝဘဝါ ကမ္ဘာ့ကမ္ဘာ ဆိုက်လိုက်လျက်ကချည်း တိုက်ခိုက်ဖျက်ဆီး၍ နေတော့လေရာ-

-သမင်မွေးရင်း ကျားစားရင်းပမာ

မည်မျှပင် ဘဝတွေရရ နားရသည်ဟူ၍ပင် မရှိခဲ့စဖူးချေ။

နောင်လည်းပဲ ဘဝမည်ရွေ့သာဟူ၍လည်းကောင်း၊ ကံပေါင်း ည်မျှသာဟူ၍လည်ကောင်း၊ လက်ကျန်စာရင်းချုပြနိုင်လိမ့်ဦးမည် ဟုတ်သေး။

ထိုအတိုက် ထိုအခံတို့သည်

ခံ၍သာ တိုက်နေသလော၊ တိုက်၍သာခံနေသလော ဆိုသည် ကား…

ကာယကံရှင်မှတစ်ပါး အခြားလူတို့ မသိနိုင်ရာပြီ။

[ ၁၃၅၉ ခုနှစ်၊ တပို့တွဲလဆန်း၊ ၁၄ ရက်၊ ဝေဒလ္လ၊ ]



www.burmeseclassic.com

www.burmeseclassic.com



## မချော့ မချောက် ဖြတ်လျှောက်လျှောက်

ကာမအာရုံသို့ အစုန်လိုက် လိုက်နေခြင်းများသည် ချော့မြှူ ကပ်ခိုး သူ့အောက်ဝင်လျှိုးရာ ကျနေခြင်းကြောင့် လျှိုးများလေ တိုးပွားလေသာ။

တမ်ဖန်… မသိမ်းမပိုက် အဆန်တိုက် တိုက်နေပြန်လျှင် လည်း ခြိမ်းချောက်ရှယ်မိုး လှံ့ဆော်တိုး တိုးရာကျနေပြန်သောကြောင့် အတိုးများလေ တိုးပွားလေချည်းသာ။

အဂေယ်တိတိ

သူ့ဒက်သို့ စိတ်ဦးမလှည့် မိမိကျင့်ပွားမြဲ မှတ်သတိဖြင့် တည့်တည့်ကြည့် တည့်တည့်မိ တည့်တည့်ချည်း သိသိနေတော့လျှင်ကား…

အချော့နှင့်အချောက်တို့အကြား ဖြတ်သွား သွားရာကျနေခြင်းကြောင့် ဖြတ်ကြောင်းများလေ ခေါင်းပါးလေချည်းသာ။

[ ၁၃၅၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော်၊ ၁၀ ရက်၊ ဝေဒလ္လ၊ ]



## ရှင်ပုလို့ ရေတောင်း မီးဖိုဓောင်းက ထွက်ခဲ့ပါ

- ဘုရားစသား အရိယာများ၏ နောက်ဆုံးပန်းတိုင်ကား… [နိဗ္ဗာ]န်။

- သတ္တဝါအစားစားတို့၏ နောက်ဆုံးပန်းတိုင်ကား… မေထုန်။
- နိဗ္ဗာန်သည် မည်သည့်ကိလေသာနှင့်မျှ မရောယှက်ရာ။
- မေထုန်ကား ကိလေသာအားလုံးတို့၏ နှားသက်ရာ။

ဤသို့လျှင် မိုးနှင့်မြေ ခြားနားလျက်ရှိချေရာ…

- ဘုရား၊ တရား ကျင့်ပွားလိုပါသည်။
- အရိယာတို့သာ သိအပ်သော သစ္စာတရား မျက်မှောက်[ပြု]လိုပါသည်။

သင် ထိုစကား… သင့်မယား ဘေးနားထားပြောနေသမျှ [ကာလ]ကြား ကားရားခွထိုင်လျက် ရေတောင်းနေသူနှင့် ဘာမျှမခြား

[ ၁၃၆၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော်၊ ၆ ရက်၊ ဝေဒလ္လ၊ ]



www.burmeseclassic.com

www.burmeseclassic.com



## ကျောင်းကြမ်းနင်း ကျောင်းတွင်းချေးသေးပါ...

ငါသည်…

ကျောင်းသစ်တစ်လုံးလုံး လက်ခံရရှိသောနေ့၏ ပထမဦး...
ယင်းကျောင်းထက်သို့ တက်အံ့ဆဲဆဲအခါမျိုးတွင်

အင်း… ကျောင်းတော့လက်ခံပြီးပြီ။

သည်ကျောင်းပေါ်မှာနေပြီး မင်းဘာလုပ်မည်လို့ စိတ်ကူးထ...
တုံး ဟူသောစကား ဦးဦးဖျားဖျားမေးထားကြည့်တတ်ခဲ့၏။

အဘယ်ကြောင့်ဆိုသော်…

ကျောင်းပေါ်ရောက် ကျောင်းပျော်လောက်နှင့်ပင် ပြီးစီးသွ...
လေ့ရှိပြီး မူရင်းကိစ္စမေ့၊ အတွေ့ကြော မျောသွားတတ်လှသေ...
ကြောင့်…။

[ ၁၃၆၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော်၊ ၆ ရက်၊ ဝေဒလ္လ...



## ကျောင်းဆွမ်းစား ကျောင်းဘုရား ရန်လုပ်

ငါသည်…

ဆွမ်းအသစ် တစ်ထပ်တစ်ထပ် စားသုံးခွင့်ရလေတိုင်း…
မစားသုံးမီ… မင်း… သည်ဆွမ်းစားပြီး ဘာလုပ်မည် စိတ်
...းလဲဟူ၍ တီးခေါက်ကြည့်ရ၏၊

စားပြီးနောက်လည်း… အင်း… သူတကာလှူသောဆွမ်း၊
...သာအားရဖြင့်တော့ စားခဲ့ပြီးပြီ။

သူ့ဆွမ်းစားပြီးနောက် သူ့အတွက် ဘာလုပ်ပေးဖို့ စိတ်ကူး
...သေးလဲ မေးကြည့်ရသေး၏။

အဘယ်ကြောင့်ဆိုသော်…

ဆွမ်းဆိပ်တက်၍ ဆွမ်းသက်ဝင်သွားလေသောအခါ
တဏှာ၊ မာန၊ ပပဉ္စတို့ နိုးထလာလေ့ရှိသောကြောင့်…။

[ ၁၃၆၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော်၊ ၆ ရက်၊ ဝေဒလ္လ၊ ]



www.burmeseclassic.com

www.burmeseclassic.com



# ကျောင်းဆေးသောက် ကျောင်းအောက် မျောက်မထား

ငါသည်…

အများတကာတို့ လှူဒါန်းသောဆေးကို မှီဝဲခွင့်ရလေတိုင်း

အင်း… သူတကာတို့လှူသော အသက်ကယ်ဆေးကိုသောက်သုံးပြီးပြီ။ သက်ရှည်ကျန်းမာခွန်အားများဆွ လာခဲ့သော် မင်ဘာကိစ္စများ ဆောင်ရွက်ဖို့ စိတ်ကူးထားလဲ… မေးကြည့်ရ၏။

အဘယ်ကြောင့်ဆိုသော်…

ဆေးမှီ၍ရသောအသက်ဖြင့် ဘုရားအာဏာစက် တော်လှူလျက် ရှိတတ်လေသောကြောင့်…။

[ ၁၃၆၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော်၊ ၆ ရက်၊ ဝေဒလ္လ၊



# ကျောင်းသင်္ကန်းဝတ် ကွင်းညွှတ်ကျောင်းပတ်ထောင်

ငါသည်

သင်္ကန်းသစ်များ လက်ခံရရှိလေတိုင်း

အင်း… အများတကာကတော့ မင်းကို ရဟန်းဆိုပြီး သင်္ကန်းဆီးပေးနေပြီ။ မင်းကကော ရဟန်းလုပ် ရဟန်းရုပ်ပေါက်ရဲ့လား မေးကြည့်ရသေး၏။

အဘယ်ကြောင့်ဆိုသော်

သင်္ကန်းဝတ်ပြီးကာမှ သင်္ကန်းညွှတ်ဖြင့် သူတကာတို့သို့ ကွင်းလျှောထောင်သောအကျင့် ခေါင်းဝင့်လာတတ်သောကြောင့်…။

[ ၁၃၆၀ ပြည့်နှစ်၊ နယုန်လပြည့်၊ ၆ ရက်၊ ဝေဒလ္လ၊ ]



www.burmeseclassic.com

www.burmeseclassic.com



## ထုတ်ပေး ပေး သူမွေးမခံသာ

သစ်တောဝါးတောပိုင်ရှင်သည်…

သစ်ဝါးများမည်မျှပေါများပါစေ…၊ ကြေးပေးတိုင်းခုတ် သစ်ပင်မှ သစ်အဖြစ် ထုတ်ယူပေးသော် သစ်တောပြုန်း၍ သစ်ဝါးတို့သုဉ်းသောကာလ သစ်ရိပ်တောရိပ် မခိုနိုင်။

သည်အတူ… ထင်းတောပိုင်ရှင်က ထင်းရှားရာဒေသ ဈေးကောင်းရ၍ ခုတ်ရောင်းခြင်း၊ မြေဆီပေါသော လယ်တော၊ ယာတောရှင်တို့က မျိုးဖြင့်စုပ်၍ မြေဆီကို ရောင်းထုတ်ခြင်း စသည်များ၌လည်း ၄င်းတို့တစ်စတစ်စသုဉ်း၍ လုံးလုံးမရှိတော့သောကာလ ကိုယ်ပိုင်အရိပ် တစ်ဆိတ်ကမ မခိုနိုင်။

လူတို့တွင်လည်း သွေးသားများ မည်မျှပင်ပေါပါစေ။

သွေးသားဖြင့် ထုလုပ်ထားသော မိမိအဆင်းရုပ်ကို ထင်းလုပ်၍ရောင်းသည့်ပမာ ဖိုသည်မသို့၊ မသည်လည်းဖိုသို့ ဘဝကို ရောင်းချမိချေသော်…

သွေးကုန်သားဆုံး အင်အားသတ္တိများ ပျက်သုဉ်းသောကာလ မိမိဘဝရိပ် သက်တမ်းစေ့မခိုနိုင်၊

[ ၁၃၆၀ ပြည့်နှစ်၊ ဝါဆိုလဆန်း ၅ ရက်၊ ဓေဒလွှ၊ ]





## ခုံမက်လို့ ခုံဖက် ခုံပျက်တော့ အသက်ပါ

ခုံမင်တတ်သော တဏှာ၊ မာန၊ ဒိဋ္ဌိသုံးပါးသည်…

ခုံမင်စရာ ငါ၊ ဝဏ္ဏ၊ ပုဂ္ဂိုလ်တို့သို့ ပူးဝင်ရာ၌…

က။ ကိုယ့်ကိုယ်ကို ခုံမင်လေ့ရှိသူသည် ကိုယ့်ကိုယ်ကို မြှတ်နိုးခြင်းမာန၊ ကိုယ့်ကိုယ်ကို ပျော်ရွှင်စေလိုခြင်း တဏှာ၊ အငြိပါနေရကား၊ ကိုယ်တိုင် အပင်ပမ်းခံကာ ဘာကိုမျှ အားမထုတ်လိုဘဲ၊ ပစ္စည်းရှိသမားအား လင်ထားမယားနေ အသုံးတော်ခံအနေဖြင့်ပင် ဘဝနှင့် မျိုးရိုးဖျက် အသက်ဆက်လေ့ရှိကြသည်။

ခ။ သူတစ်ပါးတို့သို့ ခုံမင်လေ့ရှိသူသည် သူတစ်ပါးအား ငါပိုင်သိမ်းပိုက်လိုမှုဒိဋ္ဌိ၊ သူတစ်ပါးကို ဇိမ်ခံအရာထား ပျော်ပါးလိုမှု တဏှာ၊ အငြိပါနေရကား ကိုယ့်ကိုယ်ကို အပင်ပမ်းခံ သူတစ်ပါးဆင်ကြံကြံလျက်က ပစ္စည်းမဲ့ အရိုးခံ အဖိုးတန်များအား လင်ထားမယားထား ဇိမ်ခံအရာထားလျက်က အသက်ဆက်လေ့ရှိကြသည်။

ဂ။ ကိုယ်သူအကြား၊ အာရုံများသို့ ခုံမင်လေ့ရှိသူသည်ကား၊ အားလုံးသော တဏှာ၊ မာန၊ ဒိဋ္ဌိတို့ အငြိထူပြောရကား ကိုယ့်ကိုယ်ကား အပင်ပမ်းမခံ၊ စိတ်ကိုသာ အပင်ပမ်းခံကာ အာရုံခင်တို့ အာရုံ



www.burmeseclassic.com

www.burmeseclassic.com



မြင် ခံ့မင်ထကြွစေနိုင်သည့် ဝတ္တုခေါ် ပစ္စည်းအသစ်အဆန်းများကို တီထွင်ထုတ်လုပ်လျက်က တစ်ဖက်သား၏ အသွေးအသားများကိုလည်းကောင်း၊ တစ်ဖက်သား၏ အာရုံကိုလည်းကောင်း အလုံးစုံ အသာစီးလုပ်၊ အရာရာလက်ဝါးကြီးအုပ်လေ့ရှိကြသည်။

ပပဉ္စ၏ အချဲ့တရားသုံးပါး လူတို့ကြား တာစား၍ နေချေရာ အချဲ့လွန် ကျယ်ပေါက် မလွယ်ပေါက် တိုးမိမှာ သေချာပြီ။

[ ၁၃၆၀ ပြည့်နှစ်၊ ဝါဆိုလဆန်း၊ ၅ ရက်၊ ဝေဒလ္လ၊ ]





# စုန်လျှင်မျော ခုန်လျှင်မော အတောမသတ်ရာ

ကာမအာရုံ ကိလေဟုန်တို့သို့

စုန်လိုက် လိုက်မိနေပြန်လျှင်လည်း ဘဝကိုချွေးသိပ်ပေးရာကျနေတတ်သောကြောင့်လည်းကောင်း၊ သူ့ဘက်ကာမချော့သိပ် သိပ်ပေးရာကျနေတတ်သောကြောင့်လည်းကောင်း၊ သူမျော် ကိုယ်မျှော် ဓွဲဂယက်မှ လွဲမထွက်သာတော့ပြီ။

အကယ်တိတိ ကာမအာရုံကိလေဟုန်များကို

ကန့်လန့်ပင်လိုက် ဆန်တိုက် တိုက်နေမိပြန်လျှင်လည်း ကာမကို လှံ့ဆော်ရာရောက်နေသောကြောင့်လည်းကောင်း၊ တစ်ဖက်သားအား ရန်စ,ရာရောက်နေသောကြောင့်လည်းကောင်း၊ ရန်မီးကြားအသွားကခက် အတားကလည်း ဖျက်တော့မည်။

အကယ်တိတိ ကာမအာရုံ ကိလေဟုန်များအပေါ်

စုန်၍လည်းမလား၊ ဆန်၍လည်း မသွားလေဘဲ၊ သတိဖြင့် အမှတ်သားထား၊ အသိဖြင့်ပင် ဖြတ်သွား သွားနေတော့လျှင်ကား-

- မေ့မြုလည်းမဟုတ် ဆွေ့ခုန်လည်းမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



- အစုန်ဟူ၍လည်းမခေါ် စည်းကိုလည်း မကျော်ဘဲ

ကြံ့ရာပေါ် ကျော်ခုတ် သူနှင့်ကင်းရာသို့ ထုတ်ပြီးသား ဖြစ်နေတော့ခြင်းကြောင့်

- ချွေးသိပ်ရာလည်းမကျ လွှဲဆွရာလည်း မကျ
- သင့်ဘဝ ဟန်ရ ပန်ရ ဖြစ်တော့သည်။

[ ၁၃၆၀ ပြည့်နှစ်၊ ဝါဆိုလပြည့်ကျော်၊ ၁၀ ရက်၊ ဓေဒလွ၊ ]





# ဝမ်းစာရှာ တံငါစီးလှေမှောက်

ဘဝတစ်ခုရလေတိုင်း

ဘဝနှင့်အပ်စပ်ရာရာ ဝမ်းစာကား ရှာကြံရစမြဲချည်းသာ။

ထိုသို့ ရှာမှီးကြလေရာဝယ်...

မုဆိုးနားနီး မုဆိုး၊ တံငါနားနီး တံငါ ဆိုရိုးစကားအတိုင်း နှုရနီး၊ ကုန်းနေ နီးစပ်ရာ ရှာဖွေနည်းကို သုံးကြရပေလိမ့်မည်။

ထိုတွင် ရေနီးလူသားများ ရေလျှင်ကျက်စား ငါးရှာသွားကြရာ အချို့ကား လှေမှောက်သဖြင့် အဏ္ဏဝါရေပြင်ကြော မျောပါသွားကြရ၏။ အချို့ကား လှေပျက်သဖြင့် အဏ္ဏဝါရေပြင်ထက် သက်ချည်တက်ချည် ဖြစ်နေ၏။

- လှေမှောက်၍ ဖြစ်စေ၊ လှေပျောက်၍ ဖြစ်စေ၊
- ရေဝင်စက်လက် လှေကွဲအက်၍ ဖြစ်စေ

မည်သို့ပင်ဖြစ်စေ ထိုငါးရှာသမား တံငါသည်များအဖို့ ပင်လယ်ပြင် ဝမ်းဗိုက်တွင်း ကမ်းလမ်းမမြင် ခရီးပြင်းချဉ်းနင်း၍သည်း သွား သွားနေရရှာတော့ရာ...



www.burmeseclassic.com

www.burmeseclassic.com



-ဤရေပြင်၏ အစကား ဘယ်မှာဘယ်ကပဟူ၍ မသိကြရပြီ။

-ဤရေပြင်၏ အဆုံးလည်း ဘယ်မှာဘယ်ထိပဟူ၍ မသိကြရပြီ။

သည့်ပမာလျှင်

ဘဝအဏ္ဏဝါကြော အာရုံငါးဝေါ်ရာအကြား မျှောသွား သွားမိကြလေသော လောကသားတို့အဖို့လည်း တဏှာရေရွှန်း စိမ်ရေကြီး စီးလွှန်းနေကြရာ

-ရှေ့ဖြစ်ကိုလည်း အတပ်မသိနိုင်ရှာကြပြီ။

-နောက်ဖြစ်ကိုလည်း မမှတ်မိနိုင်ရှာကြပြီ။

ကုန်းနေတောတိုး သားလိုက်မုဆိုးတို့မှာမူကား...

မျက်စိလည်တောမှား တောနက်ရာအကြား ရောက်သွားကြလေရာ ကျားစာအဖြစ်ဖြင့် ဘဝကုန်၊ ဆင်မုန်ယိုအလိုက်ကြမ်းသဖြင့် ကမ်းပါးထဲကျဖြင့်လာခဲ့ရာ ဌာန ပြန်လည်ကာ မရောက်လာကြတော့ပြီ။

[ ၁၃၆၀ ပြည့်နှစ်၊ ဝါဆိုလပြည့်ကျော်၊ ၁၀ ရက်၊ ဝေဒလ္လ၊ ]





# မင်းဘိသိက်ခံ ဘုရားရှိခိုး

၁။ အစိန္တေယျ အ ပမေယျ ဇေဋ္ဌ သေဋ္ဌ

အနန္တဂုဏ် အနန္တဉာဏ် အနန္တဘုန်းလျှံ အနန္တတန်ခိုးရှာန်ပြီးဖြိုးလျှံမျှ ပိုင်းရုံခဖြင့် နှိုင်းမရတု ဘက်မပြုကြောင့်

နတ်လူခပင်း အမင်းမင်းတို့

ဝပ်စင်းကော်ရော် ပူဇော်တုပ်ကွ ဦးခိုက်ရသော သက္ကျနွယ်ဘွား ရှင်တော်မြတ်ဘုရား... အရှင်ဘုရား၏

ကိုယ်ထားသက်ကြွ သရီရအမွေတော်...

နှတ်ထားသက်ကြွ ဓမ္မအမွေတော်...

ကိုယ်ပွားဟိတ်ခ ဥဒ္ဒိဿမွေတော်...

ကိုယ်သုံးဖြစ်ထ ပရိဘောဂအမွေတော်...

ရှင်တော်ကိုယ်စား ထိုလေးပါးတို့ သိုထားဖန်ဆင်း နာမ်တော်ချင်းသည့် မင်းဘိသိက်ခံ ဂုဏ်ဟိတ်ရုံဖြင့် နာမံထင်ရှား ရှင်ဘုရားအား ညွတ်တွားစင်းစင်း မာန်ကင်းစိတ်ဖြူ ကျွတ်ဆုယူ၏။

ကျွန်မူယခု ဤကောင်းမှုဖြင့်

တောင်းဆုပန်ဆင် ဘိသိက်ဝင်သည် မင်းယဉ်စင်စစ်ဖြစ်စေသော် သဗ္ဗညုမြတ်ရှင်စော ဩကာသ... ဩကာသ...။ ။

[ ၁၃၆၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော်၊ ၈ ရက်၊ ဝေဒလ္လစခန်း၊၊ ဒီးဒုတ်ဘောင်၊ ]

www.burmeseclassic.com



# တစ်ရာထဲ တစ်ယောက်ဖြစ်အောင်နေ တစ်ယောက်ထဲ တစ်ရာ မဖြစ်စေနှင့်

ကမ္မဋ္ဌာန်းသမားတစ်ဦးသည်

မိမိစိတ် မိမိနိုင်နင်းနေပြီဖြစ်သဖြင့် မလှုပ်မယှက် မကလက်တော့သောအခါ ပရိသတ်ရာထောင်သောင်းတို့အကြား သွားရောက်နေသော်မှလည်း တစ်ခုတည်းသော အာရုံဝယ် တစ်ခုတည်းသော စိတ်ဖြင့် ဧကစာရီအကျင့် ကျင့်လျက်နေတော့သည်သာ…။

အကဲယ်တိတိ

စိတ်အလိုလိုက် ကိုယ့်အကြိုက်လိုက်ပါ ကိုယ့်ကိုယ်ကို ညှာနေသော ကမ္မဋ္ဌာန်းသမားဖြစ်ပါမူကား တစ်ယောက်တည်းတည်း နေသော်မှလည်း အာရုံထွေပြား စိတ်ကစားနေသောကြောင့်ပင်လျှင် ထိုစိတ်ကား ရာထောင်တို့အကြား သွားရောက်ကစားနေမည်သာ။

[ ၁၃၆၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော်၊ ၁၁ ရက်၊ ဝေဒလ္လ၊ ]





# သံမကောင်း ဓားကောင်းမထက်နိုင်

ဘဝချင်းစက် ဆက်လျှောက်ပါလာကြသော ဉာဉ်၊ စရိုက်၊ ဝါသနာများသည် အချိန်ကိုလည်းကောင်း၊ အရွယ်ကိုလည်းကောင်း၊ ပါးမြိုလျက်ကသာ ရှေ့တာထွက် ထွက်၍ ထွက်၍သွားလေ့ရှိရာ-

ငယ်စဉ်ကာလ သားသမီးဘဝဖြင့်သော်လည်းကောင်း၊ တပည့်အဖြစ်ဖြင့်သော်လည်းကောင်း၊ နေရာယူတိုင်းလျှင် သားသမီးကောင်းဟူ၍ လည်းကောင်း၊ တပည့်ကောင်းဟူ၍လည်းကောင်း ဖြစ်မလာသောသူသည်

ကြီးသောကာလ မိဘနေရာ ရပြန်လျှင်လည်း မိဘကောင်း မဖြစ်နိုင်။

ကြီးသောကာလ ဆရာ့နေရာ ရလာလေတိုင်းလည်း ဆရာကောင်းကား ဖြစ်မလာစေနိုင်။

[ ၁၃၆၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော်၊ ၁၂ ရက်၊ ဝေဒလ္လ၊ ]



www.burmeseclassic.com

www.burmeseclassic.com



## စားဟောင်းပေး သွေးပြီးမှကိုင်

အတိတ်က ဒါနရိက္ခာပါမလာလေသူ

လက်ရှိဘဝ ကာမစည်းစိမ်ခံစားရာ၌ ဘဝပေးနုံချာမည် မုချ ဧကန်ပင်တည်း။

အတိတ်က သီလရိက္ခာ ပါမလာသူ

လက်ရှိဘဝ ကျန်းမာရေးနုံချာမည် ဧကန်တည်း။

အတိတ်က ဘာဝနာရိက္ခာပါမလာသူကား

လက်ရှိဘဝ၌ ပညာရေး နုံချာနေမည်သာ လက်တွေ့တည်း။

ထိုသုံးဦး

ကန်နိမ့်ကို မြှင့်တင်ပေးမှသာ ရေတင်များ ရေအားကောင်း ကောင်း သုံးရဘိသို့လည်းကောင်း။ ကန်ပေါက်ကို ဖာထေးပေးမှသာ ထားရာရေ အနေကျ ကြာမျိုးစုံခ,ဘိသို့လည်းကောင်း၊

ရေကျကောင်းရာ ကန်ဆည်ပေးထားမှသာ စီးသမျှဝင်၊ ကန်ပီပြင်ဘိသို့ လည်းကောင်း၊ ယခုဘဝမှာတွင် ဒါနမှု၊ သီလမှု၊ ဘာဝနာမှုတို့ကို ပြုစုဖို့ လိုအပ်လေသည်။ စေတနာရေ့တိုးကောင်း နောက်ကြောင်းအကျိုးပေးများ မနေသာပြီတကား။

[ ၁၃၆၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော်၊ ၁၂ ရက်၊ ဝေဒလ္လ၊ ]

နတ်တလူစာစဉ်



## ဝ အလုပ် ဝိ က ထုတ်ပြလိမ့်မည်

သတ်မှု၊ ခိုးမှု၊ ကာမေသုတို့၌ဖြစ်စေ

စွန့်လွှတ်ခြင်း၊ စောင့်စည်းခြင်း ဒါန၊ သီလမှုတို့၌ဖြစ်စေ

ကိလေသာ ချေးသိပ်ခြင်း၊ ကင်းဆိတ်ခြင်း သမထ၊ ဝိပဿ နာမှုတို့၌ဖြစ်စေ။

အကျင့်စ ဝအောင်သာပြုကျင့်နေခဲ့သော်

လမ်းစဉ်တည့် ပြည့်အောင်အထိ ပြုကျင့်နေခဲ့သော်

ဝဝ ဟူသော အကျင့်အသိတို့နောက် ဝိသေသဟူသော [illegible]ပြုမှုက အလိုလိုပင် ရောက်လာပေလိမ့်မည်။ ရောက်ရန် မျှော်[illegible]ရန်ပင် မလို။

မကောင်းမှုပြုသူက ကောင်းဟန်ဆောင်ခြင်း

ကောင်းမှုပြုသူက ကောင်းသထက် ကောင်းဟန်ဆောင်ခြင်း [illegible]ဟန်ဆောင်ခြင်းနှစ်မျိုးတို့ကား ဝ မရှိဘဲ၊ ဝိ ဖြစ်ရန် ကြိုးစားခြင်း [illegible]တည်း။

[ ၁၃၆၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော်၊ ၁၂ ရက်၊ ဝေဒလ္လ၊ ]

နတ်တလူစာစဉ်

www.burmeseclassic.com

www.burmeseclassic.com



# တိမ်မျက်စိ အရှိမမြင်သာ

ရာဂ၊ ဒေါသစသည် အနုသယပိုး ထိုးကျင့်ခံနေရလေသ
တစ်ဦး။

မျက်စိ နား၀ ပြင်ပ ဗဟုသုတ အပြည့်အဝ မရရှိလေသ
တစ်ဦး။

ထိုနှစ်ဦးစလုံး

မျက်လုံးအိမ် အတွင်းတိမ်၊ အပြင်တိမ် စွဲကပ်နေသူပမာ မည
သည့်အရာကိုမျှလည်း နက်နက်ရှိုင်းရှိုင်း မမြင်ရတတ်။ မည်သည
အတွင်းကိုမျှလည်း ထိုးထိုးထွင်းထွင်း ချဉ်းနင်း မမြင်တတ်။

[ ၁၃၆၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်၊ ၉ ရက်၊ ကျောက်ထီး





# ထရံတွင်းက ပါးစပ် ထရံပြင် အစာမဟပ်မိ

သူတစ်ပါး မကောင်းကြောင်း ထောင်းထောင်းထ ပြောကြား
လေသူ တစ်ဦး။ မိမိ၏ မကောင်းသုံး လုံးလုံးကြီး ဖုံးဖိထားလေ
သူ တစ်ဦး။

ထိုနှစ်ဦးစလုံး-

အချုပ်ခန်းတွင်းက လူသား ပြင်ပထမင်းမစားရသည့်ပမာ
နိယျာနိခေါ် လွတ်မြောက်မှု၏အရသာ ခံစားခွင့် မရနိုင်။
အဘယ်ကြောင့်ဆိုသော်...

ဝိမုတ္တိရသ၊ ဓမ္မရသများသည် ကိုယ့်အပြစ် ကိုယ်ရှုသိမှသာ
တွေ့နိုင်မြင်နိုင်ပြီး။

အပြောမပါ သဘောဓမ္မတာကိုသာ ရှုကြည့်ရသောကြောင့်
ပည်း။

[ ၁၃၆၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်၊ ၉ ရက်၊
ကျောက်ထီးတောရစခန်း၊ ကျောက်ဆည်၊ စဥ့်ကိုင်၊ ]



www.burmeseclassic.com

www.burmeseclassic.com



# ဒီးဒုတ်က ဒီးဒုတ်လို့ဘဲ အော်မြည်သည်

သူတစ်ပါးတို့သို့ မကောင်းမြင် မြင်လေ့သူတစ်ဦး
သူတစ်ပါးသဘော မကောင်းပြော ပြောကြားနေသူတစ်ဦး
ထိုနှစ်ဦးစလုံး-
မိမိမကောင်းသေးကြောင်း မောင်းခတ်ကြေညာနေခြင်းသာ
တည်း။

[ ၁၃၆၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်၊ ၉ ရ
ကျောက်ထီးတောရုံစခန်း





# မီးခဲမမှုတ်နှင့် ဟုတ်ခနဲ ထတောက်မည်

ခတ်လျှင်ခတ်ချင်း စီးဆင်းကူးဝင်မြဲပင် ဖြစ်ချေရာ…

သူ့အပြစ်ကိုချည်း ရှုသိနေက ငြိမ်းပြီးမီးပင် ထ,တောက်စေနိုင်သည်။

အကယ်တိတိ

သူ့အပြစ်မှာ ဥပေက္ခာ၊ ကိုယ့်အပြစ်ကိုယ်ချည်းသာ ရှုသိနေခဲ့ပါသော်ကား….

တောက်ဆဲမီးသည်ပင် ရုတ်တရက် ငြိမ်ကျသွားစေနိုင်သည်။

အာရုံလှိုင်း၊ လေလှိုင်းပမာပင်ဖြစ်ရာ

အာရုံလွှင့် အပင့်ရှိလေတိုင်း အာရုံဖမ်း အငမ်းပေါ်ကတ်မြဲတည်း။

အာရုံမှန်း အဖမ်းပေါ်တိုင်းလည်း အာရုံဆင့် အလွှင့်ပေါ်တတ်မြဲတည်း။

ထိုအလွှင့်နှင့် အဖမ်းတို့သည်ကား…



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုမှ တစ်ခုသို့ ကြိုးသွယ်မထားသော်မှ အနိုးသယ်အား ဖြင့်ကား ဆွယ်မိတွယ်မိပြီးသား ဖြစ်နေတတ်ရကား…

- ချစ်တေးလွှင့် ချစ်ခွင့်ရသည်သာ။
- မုန်းတေးဖျန်း မုန်းခန်းဝင်ပြီသာ။

[ ၁၃၆၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်၊ ၉ ရက်၊ ကျောက်ထီး၊ ]





## ဝေးဝေးနေလေ ငါ့မိတ်ဆွေ နီးနီးဆံမူ ငါ့ရန်သူ

အတွင်းရန် အညှင်းမခံလိုသော်…

ကိုယ်ချင်းလာမချိတ် စိတ်ဖြင့် တိတ်တိတ် ချစ်တတ်သူကိုသာ လက်ခံပါ။

အဘယ်ကြောင့်ဆိုသော်…

အတွင်းထ,ကိလေသာရန်ဟူသည်

-တစ်ဖက်အာရုံပြ အကူရမှသာ ထ,ကြွလေ့ရှိသည်က တစ်ကြောင်း၊

-တစ်ဖက်နှင့်ပေါင်း အကောင်းထင်မှသာ သောင်းကျန်းလေ့ရှိသည်က တစ်ကြောင်း၊

- တစ်ဖက်နှင့်ဝေးက အတွေးသည် အတွေးမျှဖြင့်သာ ပြီးပြေသွားသည်က တစ်ကြောင်း၊

ဝေးလျှင်ပြတ် အပါတ်ပျက်နေသောကြောင့်တည်း။

နီးလျှင်ပတ် အပြတ်ဆက်ပေးနေသောကြောင့်တည်း။

[ ၁၃၆၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်၊ ၁၀ ရက်၊ ကျောက်ထီး၊ ]



www.burmeseclassic.com

www.burmeseclassic.com



## ခွေးလိုဟောင်လာသူထက်
## တေးဆိုမြှောင်လာသူကို သတိထား

အနီးနေအတွင်းထား မိတ်ဆွေထင် ကြင်သူများထံမှ ပစ်လွှတ်နေသော ချစ်မြှားတို့ကိုကား…

ငါ ရန်သူဟော့လို့လည်း မကြွေးကြော်၊ ကြွေးကြော်နေသော်မှ မိမိက ရန်သူဟူ၍ မမြင်…။

တုတ်ဓားဆွဲ သတ်မည်တကဲကဲလည်းမပြ၊ ပြသော်မှ မိမိက သူတကယ်သတ်မည်ဟူ၍ မထင်…

သို့ကြောင့် တိမ်းရှောင်ရန် ခဲခက်လှချေ၏။

ဝေးနေပြင်ရောက် တစိမ်းပြင်အသွင်ပေါက်နေသူတို့ထံမှ ပစ်လွှတ်လိုက်သော မုန်းမြှားတို့ကိုကား…

စင်းရေလည်းမများ၊ ပစ်သားလည်းမကျ၊ အရှုလည်းမဖော်၊ အော်၍လည်း ဝင်လာနေသောကြောင့် ရှောင်ရန် မခက်ခဲလေ…။

[ ၁၃၆၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်၊ ကျောက်ထီးတောရ။]

နတ်တလူစာစဉ်



## ကြိုက်လို့လာ လာလို့ကြိုက် မည်သူ့၌အပြစ်ရှိ

အာရုံသည် ညို့ဓာတ်ပါသော အရာမျိုးပင် ဖြစ်ချေရာ တိုက်လည်းတိုက် ဆွဲလည်းဆွဲငင်လေ့ရှိ၏။

အာရုံညွှတ် လက်မလွှတ်နိုင်သေးသော လူသားတိုင်းသည်လည်း အာရုံလာ အာသာငင် အခင်ဖြစ်လေ့ရှိတော့သည်။

ငါသည် ကွမ်းဓာတ်စာခိုက်၍ ကွမ်းမြင်လျှင် မနေသာ။

ကွမ်းပင်သည် ကွမ်းရှင်၏ အမြှောက်အပင့်ဖြင့် ငါ့ထံဝင့် ဝင်လာ၏။

ထိုစဉ်… ငါသည် ကွမ်းအစ်ကိုကြည့်လျက်က ရှိလို့ ဝါးသည်ဟူ၍ ဆင်ခြေပြန်ပေးလိုက်ရာ…

ကွမ်းအစ်ကြီးထဲရှိ ကွမ်းများကလည်း ဝါးလို့ရှိသည်ဟူ၍ပင် ဆင်ခြေပေးနေချေတော့သည်သာ။

ဤသို့ဤနှယ် ကွမ်းနှင့်ငါ အပြန်အလှန်စွပ်စွဲနေကြရာ…

ငါသည်ပင် တစ်တရားခံလော…၊ သူသည်ပင် တစ်တရားခံလော၊ အဖြေမှန် ကေန်ကိုကား ကြားနေတို့ကသာ ဝေဖန်ပေးကြပါကုန်။

[ ၁၃၆၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်၊ ၁၁ ရက်၊ ကျောက်ထီး]

နတ်တလူစာစဉ်

www.burmeseclassic.com

www.burmeseclassic.com



# ရာဇဝတ်နှင့် တရားမ သင်ဘာကို သဘောကျသနည်း

မုန်းသူနှင့်ဖြစ်သောရန်သည် ရာဇဝတ်မှုခင်းများပမာ တစ်ခါနှင့်ပင် ကင်းရှင်း၏။ စာရင်းတာမရှည်စေ…။

ချစ်သူနှင့်ဖြစ်သောဒဏ်သည်ကား တရားမမှုများပမာ တစ်သက်နှင့်လည်း မပြီးစီး။ နှစ်သက်နှင့်လည်းမပြီးစီး ခရီးတာရှည်လှချေ၏။

လူတို့သည်…

မုန်းသူကို ရန်သူထင်၍ ချစ်သူကိုကား မိတ်ဆွေထင်နေတတ်ကြသည်။

စင်စစ် မုန်းသူပေးသောရန်ကား အခံရခက်သောကြောင့် မည်သူမျှ တသသလည်းမစွဲ၊ တဖွဖွလည်း မကဲချေ။

[ ၁၃၆၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်၊ ၁၁ ရက်၊ ကျောက်ထီး၊ ]





# ခေတ်ဇောက်ထိုး နောက်ပိုး ပိုး တိုးမဝင်ချင်နှင့်

ခေတ်ဆိုသော အခိုက်ကာလသည်

ကာလသား၊ ကာလသမီးမည်သော ကာမသွေးတက်စ ပင်ကိုယ်ဉာဉ်၊ မျိုးရိုးဗီဇဉာဉ်တို့၏ သတ္တိစွမ်းပြရာတွင်…

၎င်းတို့အကြိုက် ကုန်သည်ပွဲစားတို့ တီထွင်ဆန်းသစ်ပေးကြရာမှ ခေတ်ကိုအတည်ပြု လက်ခံနေကြရ၏။ ထိုတွင်…

အများတီထွင်ရာ လိုက်လံပြုကျင့်က ခေတ်နောက်လိုက်တည်း။

အများတန်းတူ တီထွင်အသုံးပြုတတ်ပါမှ ခေတ်မီသူတည်း။

အတုလည်းမယူ အတူလည်းမလိုက် ဉာဉ်ကို လှန်တိုက်သူသာ ခေတ်ဆန်သူတည်း။

ထိုခေတ်ဆန်သူသည်…

လက်ရှိခေတ်၏ အသုံးအနှုန်းများကို လွန်ဆန် ကာမဂုဏ်ကိုလည်း တော်လှန်လျက်ရှိသောကြောင့်…



www.burmeseclassic.com

www.burmeseclassic.com



- ကိုယ်ကျင့်မှန်ကန် အတွေးခေါ်လည်း ရင့်သန်၏။
- စိတ်ထားဖြူစင် သွေးသားလည်း ကြည်လင်၏။
- အပြောနည်းကာ ကိုယ်အမူအရာလည်း မကလက်။
ထိုခေတ်ဆန်သူ၏ အလှမျိုးကို မည်သည့်အလှမျှ မလွှမ်းမိုးနိုင်။

[ ၁၃၆၀ ပြည့်နှစ်၊ နတ်တော်လဆန်း၊ ၁၃ ရက်၊ ကျောက်ထီး၊ ]





# အနိုင်ဖြင့်သာ ပိုင်းထွက် ထွက် အရှုံးပွဲ မဆက်မိစေနှင့်

လောကဿ- ဥတ္တရော လောကုတ္တရောဟူ၍ ဆိုထားလေရာ လောကထဲမှ ခွဲထွက်သွားခြင်းသည် လောကုတ်ဟူ၍ပင်…။ လူသားတိုင်း…

တစ်နေ့ လူ့လောကထဲမှထွက် သေဘက် သက်ကျရဦးမည်သာ။

ထိုသို့ လူ့လောကထဲမှ ခွဲထွက် ထွက်ကြရာ၌…

အချို့ကား… လူ့ရွာ လူ့ဘာသာဖြင့် လူ့ကာမဂုဏ် ကစားကွက်အကြား မိမိခန္ဓာ အရှုံးထားလျက်က လုံးပါးပါးကာ ထွက်ခွာသွားရရှာသည်။

အချို့ကား… ကာမန္တ အကျုံမခံ ဓမ္မလွန်တန်ပြန်ဖြင့် ကာမဗေါ် ဓမ္မဖက် အနိုင်ဖြင့်ပိုင်းထွက် ထွက်ခွင့်ရသွားကြသည်။ ထိုတွင်-

- ကာမလောင်းကစားအကြား ကိုယ့်ကိုယ်ကို ရွေးမသွားနိုင်သူက များပြား၏။



www.burmeseclassic.com

www.burmeseclassic.com



- ကံကြွေးဟောင်းတောင်းစား ကိုယ့်ကိုယ်ကို ရောင်းမစားသူက နည်းနည်းပါးပါး။

ထိုကံကြွေးဟောင်း တောင်းစားရုံမျှ ရယူခံစားနေသူသည်-

သဘာဝ၊ ကာမ မဖက် ဓမ္မဆို ဓမ္မသက်သက်မျှဖြင့်လည်းကောင်း၊

စရဏမှာ ဝိဇ္ဇာဖက် မုတ္တိ၊ ဝိမုတ္တိ လက်ကိုင်လျက်ကလည်းကောင်း၊

အရှုံးအထိလည်း မဆိုင်၊ အနိုင်မျှဖြင့်လည်း မပိုင်းလေဘဲ အနိုင်အပိုင်ကိုင် မည်သည့်ကာလ၊ မည်သည့်ဘဝမှာမှ အရှုံးမပေါ်စေနိုင်သော နိုင်နည်းဖြင့် ပိုင်းချထွက်ခွာခွင့် ရသွားသောကြောင့်..

ထိုသူသည်သာ လောကုတ္တရာသမားစစ်စစ်တည်း။

ထိုသူသည်သာ သခင်မျိုးစစ်စစ်တည်း။

[ ၁၃၆၀ ပြည့်နှစ်၊ နတ်တော်လဆန်း၊ ၁၃ ရက်၊ ကျောက်ထီး၊ ]

မှတ်ချက်- (၁၂) ရက်နေ့၊ ည အိပ်မက်။





# ခေါင်းညိတ်တစ်ခါ ခေါင်းခါတစ်သက်

တစ်ဦးအပေါ်ကြည်ဖြူ၊ အလိုတူမိရာမှဖြစ်သော ခေါင်းတစ်ညိတ်သည် မှားမှန်းသိ၍ နောက်ပြန်လှည့်လိုသောအခါ တစ်ဖက်ကခွင့်မလွှတ်သမျှ အခါတစ်ရာ ခေါင်းခါယမ်းပြသော်မှ မပျက်ပြယ်သော။

တစ်သက်လုံး အရှုံးပေးပါပြီပြောလည်း မောရုံမျှသာ...။

[ ၁၃၆၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော်၊ ၆ ရက်၊ ကျောက်ထီး၊ ]



www.burmeseclassic.com

www.burmeseclassic.com



## အတွေးစိမ့် လိမ့်ဆင်း ဆင်းရမည်

ကာမသည် အတွေးမှ ဖြစ်ပေါ်၏။

ကာမ သတ္တဝါတိုင်း လောကရိပ် ချောင်ပိတ်မိနေရာဝယ်…

-အတွေးမြူးသဖြင့် တစ်ဘဝမှသည် တစ်ဘဝဆီ ကူးဝ[…] လာနေကြရ၏။

-အတွေးသန့်သဖြင့် တစ်ကံမှသည် တစ်ကွံဆီသို့ ဆန်တ[…] နေကြရ၏။

-အတွေးဇော့သဖြင့် တစ်တွေ့မှသည် တစ်တွေ့ဆီသို့ ကျေ[…] ဝင်နေကြရ၏။

သို့ဆိုသော်… သင့်ထံရှိ အတွေးစိတ်များသည် သင့်အား[…]

အာသဝခေါ် ယိုစီးကြောင်းကြီးအကြား

ပက်လက်ထား- ကားယား၊ ကားယား မျောပါစေသည်[…] မဟုတ်လော။

မှောက်လျက်ဆန် ယက်ကန် ယက်ကန် ခံနေရသည် မဟုတ်[…] လော။

[ ၁၃၆၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော်၊ ၁၁ ရက်၊ ကျောက်ထ[…]

နတ်တလူစာစဉ်

## ဘုန်းဆိုး ပုန်းလျှိုးကွယ်လျှိုး သွားရသည်

ဇုံးကြီးကြီး သော့တံခေါ် စနက်မီး ငြီးငြီးတောက်ထ, လာသော်- အဆံကွဲ အထဲ အပြင် လွှင့်သဖြင့် ကစဉ့်ကလျား အားလုံး သေပွဲဝင်ရမည်။

သည့်အတူပင်လျှင်…

ဘုန်းကံကြီးမားသောသူသည်လည်း သီလခေါ် ကံစနက် မီး ထီးထီးတောက်ပလာက -

သံလိုက်တုံးကြီးဆွဲရာ သံတိုသံစတို့ မနေသာ ပမာ၊ အတိတ်[…]ဘ် ဝေနေယျတို့ ယောက်ယက်ခတ် လာတတ်သောကြောင့်[…]ယ ပေါက်ကွဲ ညဉ်စရိုက်များ ထ,ကြွလာတော့ချေရာ…

-အမြင့်တက်မှ အကျင့်ပျက်လျှင်လည်း ဖြစ်သွားစေနိုင် သည်။

-ကံဆောင်မမှုမှ ဟန်ဆောင်ဘဝသို့လည်း သက်သွားစေနိုင်[…]

ဘုန်းကြီးခြင်း၊ လာဘ်လာဘပေါ်ခြင်း၊ ထင်ပေါ်ကျော်ကြား[…]းကို အတားဟူ၍ သဘောပေါက်နေသူသည် ဘုန်းဆိုးက[…]ကွယ်လျှိုးဖြင့် ချိုးဖျက်ချထားခဲ့ရာ၏။

[ ၁၃၆၀ ပြည့်နှစ်၊ ပြာသိုလဆန်း၊ ၁၂ ရက်၊ နတ်တလူ၊ ]

နတ်တလူစာစဉ်

www.burmeseclassic.com



# ရွှေမြိုင်သူ ပြင်သစ်သား ဂျပန်ဝစ္စည်းများ မဖြစ်စေကြနှင့်

မော်လမြိုင်သူသည် အဝေးကြည့်ကား လှ၏။ သို့သော် အ
ကပ်ကြည့်သော် အချိုးအစား မပြေပြစ်တတ်။

ပြင်သစ်သားများသည်လည်း ဗန်းပြတွင် သစ်ဆန်းနေသေ
လည်း အတွင်းခံ အဆံသည်ကား ဟောင်းနွမ်းပေညစ် ကီလေ
ဖြစ်လျက်ကသာ။

သည့်အတူ ဂျပန်လုပ် ပစ္စည်းမှန်သမျှတို့သည်လည်း
ဆန်းသစ်၏။

သို့သော် အကိုင်မခံ… တွယ်လျှင်ကား ပုံပျက်ပန်းပျက်
သာ။

သည် ဥပမာ အတူသာပင်-

လူတို့တွင်

အချို့ အဝေးသတင်း ကျော်ဇောပုံ့သင်းလွန်းလှ၏။ သို့
အနီးကပ် ဆည်းကပ်ကြည့်လေရာ သိက္ခာညစ် အနှစ်နည်း အ





သော (သို့မဟုတ်) ဂုဏ်နှင့်မတန်သော အမှုအရာမျိုးချည်းသာ တွေ့ရ-
တတ်၏။

အချို့ကား အပြင်ထုတ် နှုတ်လှင့်ကောင်းလှ၏။ သို့သော်
ထကျင့်ကား အတွင်းသရုပ်အပုပ်ကိုသာ လှုပ်ပြနေတတ်လှ၏။

အချို့ကား အပြင်မစောင်း အတွင်းလည်း ကောင်းလှ၏။
သော် ပရိသတ်တို့ ဝိုင်းအုံလျက် ဖျက်ဆီးခံရလေသောအခါ ခဏ
င်းပင် ဒုံရင်းဒုံရင်းမှ ဖြစ်သွားတတ်လှချေ၏။

အဝေးကြည့်၊ အနီးကြည့်

အတွင်းနေ၊ အပြင်ထား

မည်မျှဖျက်ဖျက်၊ မပျက်ပြား၊ ရင့်ကျက်သောစိတ်ထားရှိသူ
ကား တစ်သောင်းလျှင် တစ်ယောက် တော်ကောက်၍ မရတတ်

[ ၁၃၆၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော်၊ ၂ ရက်၊ နတ်တလူ၊ ]



www.burmeseclassic.com

www.burmeseclassic.com



# အသစ်ရှုပ် သိက္ခာတစ်ပုဒ်တိုး
# အဟောင်းရှုပ် သိက္ခာတစ်ပုဒ် ညှိုးလိမ့်မည်

ဘုရားလက်ထက်ရှိ ဆဗ္ဗဂ္ဂီ၊ ဥဒါယီ၊ ဥပနန္ဒ စသူတွေ... သာသနာတော်အတွင်း မသူတော်စိတ် သွင်းလာကြခြင်းကြော... လည်းကောင်း၊ ဘုရားရှင်နှင့် အကျင့်ကွဲအမြင်ကွဲ လမ်းလွဲလိုက်... နေကြခြင်းကြောင့်လည်းကောင်း သိက္ခာပုဒ်တော်များ ပညတ်တော... မူခဲ့ရပါချေ၏။

ယခု သာသနာ့ နောက်နှောင်း ...

ဝန်ထမ်းများအကျင့်လမ်းကြောင်း စောင်းနေခဲ့လျှင် ...

သာသနာတော်၏အတွင်း မသူတော်စိတ်များ သွင်းနေခဲ့လျ... လက်ရှိ သိက္ခာပုဒ်တော် အဟောင်းများနှင့် ရှုပ်ထွေးနေချေက ပြ... မှာ သီလကျိုး၊ သာသနာတော်မှာ အသရေ ညှိုးရော့မည်။

လက်ရှိထက်ပို နဂိုထက်ကဲ အသစ်အသစ်များဖြင့် အတ... လာက လက်ရှိဘုရားပညတ်မထားခဲ့သည် မှန်သမျှ နေ... ဘုရားလက်ထက်ကျ အတိတ်ဇာတ်ကြောင်း ဆက်စပ်၍ သိက္ခာ... အတာပ်ခံရမည်။





ထိုကိစ္စ ...

ဇမ္ဗုက၊ ကပိလ မစ္ဆ စသည်တို့က သက်သေပြခဲ့ကြပြီ။
ဟေမဝတ၊ သာတဂီရိစသည်တို့က သာကေဆောင်ခဲ့ကြလေ

[ ၁၃၆၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော်၊ ၄ ရက်၊ နတ်တလူ၊ ]



www.burmeseclassic.com

www.burmeseclassic.com



# လိပ်ပတ်လည်ချင် ချည်စာကျွေးရမည်

ယက်ကန်းစင်ရှိ လိပ်ပတ်တုံးကြီး လည်စေလိုသော် တိုင်ချ
တွင် ဖောက်ချည်သွင်း ရင်းနှီးပေးမှ လည်ပတ်လေ့ရှိသည်။

သည့်ပမာလျှင်...

လူတစ်ဦးသည် လူတစ်ဦးနှင့် ပြောဆိုဆက်ဆံရတိုင်းလ
အတိုင်အဖောက်ညီမှသာ စကားလိပ်ပတ်လည်တော့သည်။

ထိုသို့ဖြစ်စေလိုလတ်သော်...

သူ့အကြိုက် အလိုက်ပေး၍ တိုက်ကြည့်မှသာ ဖြစ်နိုင်
သည်။ အကယ်တိတိ သူ့အကြိုက် အလိုက်မသိ၊ နှိုက်မကြည့်
သူတိုင်ရာ ကိုယ်အဖောက် အယောက်မညီခဲ့သော်ကား တရားဆိ
လိပ်ပတ်မလည်တော့ရာ...

စကားချင်းချိတ် စိတ်ဓာတ်လည်း မညီတော့ရာ။

[ ၁၃၆၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော်၊ ၈ ရက်၊ နတ်တ





# အခင်ရှုပ် လင်မယားချင်းသော်မှ အလုပ်မဖြစ်

လင်သည် မယားထက်ကျူး တစ်ဖက် အချစ်ကူးနေခဲ့သော်
မယားသည် လက်ရှိန္ဓမင် အခြားဘက် အခင်မိနေခဲ့သော်...

ထိုနှစ်ဦးစလုံး ချည်စာကျွေး အပေးမသန်တော့သောကြောင့်
တိုင်ချည်လည်းလွဲ ဖောက်ချည်လည်း မတွဲမိတော့ပြီ။ ခင်စိတ်လွဲ
လိပ်ခဲတင်းလင်းဖြစ်တော့သည်။

ထိုနှစ်ဦး မည်သို့ပင် ပူးကပ်နေစေ...

စကားချင်းချိတ် လိပ်ပတ်မလည် ဖြစ်ရော့မည်။

တရားကင်းဆိတ် စိတ်ဓာတ်မအီမသာလည်း ဖြစ်လာမည်။

သွားချည်လာချည် အပါချီ ချည်ခင် ဖိုရမည်။

ပေးသာယူသာ အမျှင်ပါ ချည်စာ ဖိုရမည်။

[ ၁၃၆၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော်၊ ၈ ရက်၊ နတ်တလူ၊ ]



www.burmeseclassic.com

www.burmeseclassic.com



# အလိုဆိုးရှင်များ၏ မျက်နှာပေါက်ဝ အလှသွားမပြမိစေကြနှင့်

လူနှင့်အလိုဆိုး နှစ်မျိုးပူးတွဲနေရာတွင်

လူဆိုလျှင် သိက္ခာဆင့်၊ တော် မတော်ချင့်တတ်သေး။

အလိုဆိုးဝင်လာလျှင်ကား ဘာကိုမျှမမြင်မျှော်၊ စည်းကျော် ကမ်းကျော်သာ။

လောဘဟူသော အလိုဆိုးသဘာဝ၌

လူ့လောဘ၊ ခွေးလောဘ လောဘဟူက သဘောချင်း ထပ်တူ ထပ်မျှကြောင့်။

[ ၁၃၆၀ ပြည့်နှစ်၊ ပထမဝါဆိုလဆန်း၊ ၄ ရက်၊ ဝါးသုံးရုံစခန်း၊ ပုလဲ-မုံရွာ တစ်ဖက်ကမ်း၊ ]





# အလိုဆိုးရှင်တို့၏ မျက်နှာပေါက်ဝ အလှသွားမပြမိစေကြနှင့်

အလိုဆိုးရှင်၏နားလမ်းကြောင်း အသံကောင်း သွားမဟာစ်နှင့်

အလိုဆိုးရှင်၏ နှာဝရှေ့ အနံ့ကောင်း သွားမငွေ့နှင့်

အလိုဆိုးရှင်၏ ကိုယ်အကြား အတွေ့ကောင်း သွားမထားမိမှားနှင့်

အလိုဆိုးရှင်၏ စိတ်ကူးကြား မာယာစုံ များချိတ်မထားနှင့်

ထိုအလိုဆိုးရှင်အားလုံးတို့၌ပင် -

လူနှင့် သဒ္ဒတဏှာ နှစ်ဖြာရောယှက် စီးပွားဖက် ဖြစ်နေကြသောကြောင့်လည်းကောင်း။

လူနှင့် ဂန္ဓတဏှာ နှစ်ဖြာရောယှက် စီးပွားဖက် ဖြစ်နေကြသောကြောင့်လည်းကောင်း။

လူနှင့် ရသတဏှာ နှစ်ဖြာရောယှက် စီးပွားဖက် ဖြစ်နေကြသောကြောင့်လည်းကောင်း။

လူနှင့် ဖောဋ္ဌဗ္ဗတဏှာ နှစ်ဖြာရောယှက် စီးပွားဖက် ဖြစ်နေကြသောကြောင့်လည်းကောင်း။



www.burmeseclassic.com

www.burmeseclassic.com



လူနှင့် မြွတဏှာ နှစ်ဖြာရောရှုပ် စီးပွားရေးလုပ်နေကြသောကြောင့်လည်းကောင်း။

အကယ်တိတိ သင်သွားချိန်

လူနှင့်တွေ့သော်ကား တော်သေး၏။ ခွေးထွက်လာချိန်နှင့် သင်အသွား ပက်ပင်းသား တွေ့မိပါသော်ကား ငါးပါးမှောက်ရုံတင်မက သံဃာစင်ပါ မှောက်ဖို့ကိန်း ရှိသည်။

[ ၁၃၆၁ ခုနှစ်၊ပထမဝါဆိုလဆန်း ၄ ရက်၊
ဝါးသုံးရုံစခန်း၊ ပုလဲမြို့နယ်မုံရွာတစ်ဖက်ကမ်း]





# လမ်းစမပြတ် မရပ်တမ်းသွား

ဘုရားရှင် ရှင်းလင်းပေးထားသော မဇ္ဈိမ လမ်းမကြီးပေါ်ဝယ်

- သူတော်ကောင်း အဆက်ဆက် သွားလက်စပင်ဖြစ်ရာ လမ်းစကားမပြတ်သေး။

- သင်သည်လည်း လိုက်လိုက လိုက်သာသေး၏။ စခန်းကလည်း အနီးကလေး။ သုံးချိုးနှင့် နှစ်ကွေ့မျှသာ။

- ယနေ့ သင့်လက်ထဲဝယ် ထွက်လက်မှတ်က ရှိနေ၏။

- ယနေ့ သင့်ဖဝါးထား လမ်းစအနား တည်ထားပြီးလည်းဖြစ်၏။ သို့စဉ်လျက် သင်ရပ်ကြည့်နေချေသော်…

သင့်လောက်မိုက်၊ မလိမ္မာသူ လောကဌ် မရှိတော့ပြီ…။

[ ၁၃၆၁ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော်၊ ၁၃ ရက်၊
အလယ်မြွတောရ၊ မဇ္ဈိမ- မြွမောနီ၊ ဝိဟာရ၊ ဂန့်ဂေါ၊]



www.burmeseclassic.com

www.burmeseclassic.com



## လမ်းစပြတ် ဖတ်ဖတ်မော မောမကြည်

သခ်ီါရနယ်တွင်းမှ မလွတ်ကင်းသူတိုင်း

စိတ်ဖောက်ပြန်ရာ ကံမှောက်

ကံပေါက်တော့ ဥတုလွန်

ဥတုကျွံတော့ အာဟာရဖျင်း၊ ဩဇာကင်းသွားသော ဆုတ်ကပ်ထဲ အလူးလူးအလဲလဲ တွဲသွားရလေ့ရှိရာ ရုပ်ဓာတ်သေးသိမ်၊ စိတ်ဓာတ်လည်း မှေးမှိန်ရတော့သည်သာ။ ထိုအခါ သဒ္ဓါလင်းသော်လည်း စိတ်ရဲတင်းတော့မည် မဟုတ်ချေ။

စိတ်ဖွဲ့ပိုးသော်မှလည်း ရုပ်ပွဲတိုးဝံ့တော့မည် မဟုတ်ချေ။

ထိုခေတ်မျိုးဝယ် သူတော်ကောင်းဓာတ် လမ်းစပြတ်တော့ ရာသင့်အဖို့ လမ်းစပျောက် လျှောက်လည်ရုံသာ။

[ ၁၃၆၁ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော်၊ ၁၃ ရက်၊ ဂန္ဓေါ၊]





## အဝသုံး မဆုံးတရား နာရမည်

အဝ ဟူသောစကားသည်…

တံခါးပေါက်ဝကိုလည်းကောင်း၊ လမ်းထိပ်ဝကိုလည်းကောင်း၊ အဝအပြဲကိုလည်းကောင်း ဟောလေ့ရှိရာ မဆုံးဟူသော သင်္ကေတသို့ပင် ဆိုက်စေ၏။

ကာမအရသာများ ဖြစ်ကြလေသော…

ကြည့်ရှုခြင်း၊ နားထောင်ခြင်း၊ နမ်းခြင်း၊ စားခြင်း၊ ထိတွေ့ခြင်းများကို သုံးရာတိုင်း၌…

အကြိမ်အားဖြင့် မည်မျှ တဝတပြဲ အားခဲသုံးစေ…

အချိန်အားဖြင့် မည်မျှ တနင့်တပိုး ကြိုးစားစေ…

မြင်ခြင်း၊ ကြားခြင်းစသည်များ၏ အစမျှဖြင့်သာ ပြီးပြေသွားလေရာ၊ မည်သည့်ဘဝကာလမှာမှ ဆုံးမည် မဟုတ်ပြီ။

အချိန်နှင့် ယှဉ်ပြေးလျက်ရှိသော အရွယ်၏ သွေးစများဖြင့်သာ အစသတ်ထားလေရာ နောက်နောက်အချိန်များနှင့် ယှဉ်ပြိုင်ပြေးဆော်ဦးမည့် နောက်နောက် အရွယ်များ၏ သွေးဆုံးကား မဟုတ်လေသေးသောကြောင့် မည်သည့်ဘဝ၊ မည်သည့်ကာလမှာမှ ဆုံးပါအံ့မထင်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



သင်သည် မည်သည့်အာရုံကို ဖမ်းယူခံစားစေ၊ အဝမှတွင် မရပ်တန့်မူ၍ အတွင်းအထိ စင်းစင်းသိသို့ ဆိုက်အောင် သုံးဆောင်တတ်ပါမူကား…

တစ်ချက်သုံး တစ်သက်လုံးလုံးအထိ ပြည့်စေသည်။

တစ်ချက်သုံး တစ်ဖက်အဆုံးအထိလည်း ထိမိမည်။

[ ၁၃၆၁ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော်၊ ၁၃ ရက်၊ ဂန္ဓါ၊ ]





# သူများတောင်းတော့ မျက်စောင်းထိုး ကိုယ်တိုင်တောင်း ခေါင်းလျှိုး

ဣသာနှင့် မိစ္ဆရိယ နှစ်ပါးတို့သည် မာနလျှင် အရင်းခံ လျက်က ကျားကွက်တက်နည်းပမာ အကွက်ချောင်းလေ့ရှိရာ…

မိမိနှင့် အကျွမ်းတဝင် ဆက်ဆံသူများထံသို့

မိမိ၏ လက်အောက်ခံက သွားရောက်တောင်းရမ်းမိသော် ဉ်းကော်င်း၊

မိမိနှင့် ဘက်ပြိုင်သမားက သွားရောက်တောင်းခံမိသော် ဉ်းကောင်း မေတ္တာမထားတတ်လျှင် မစ္ဆရိယ ဝင်မည်။ ဂရုဏာ ထိက ဣဿာ၊ မုဒိတာပျက်ကွက်က မာန ကြွကြွရွရွ ဝင်လာ ည်။

အကယ်တိတိ

မိမိအလိုရှိနေချိန်ဖြစ်၍ သူတို့လိုပင် သွားရောက်တောင်းခံ သော်ကား-

-သိက္ခာမစင်က အရှက်ဝင်သဖြင့် ခေါင်းငုံ့လျက်ကပင် င်းရမ်းမည်။



www.burmeseclassic.com

www.burmeseclassic.com



-ကိလေသာယှဉ်က အားနာဖက်သဖြင့် ခေါင်းငုံ့တော

တောင်းရမည်။

- သိက္ခာမလုံ အရှက်ကြဲ လူပုံမလှ ပွဲမကျခြင်းတည်း။

- ကိလေသာစွက် အားနာဖက် ရမ္မက်ထ,ကြွ အား

ခြင်းတည်း။

[ ၁၃၆၁ ခုနှစ်၊ တော်သလင်းလဆန်း၊ ၃ ရက်၊ ပုံတောင်ပုံညာ၊ ဂန္ဓ





# ငါးပတ်လည်မှန်း လေးတုံးသာရ
# လေးပတ်လည်သုံး လေးတုံးလုံးရ

အကြွင်းသူသည်…

အပါယ်ဘေး အတွေးလည်းမဝင် အပြေးလည်း မမြင်မိလေသောကြောင့် အာရုံငါးဝ ကာမဂုဏ် အထတို့ကို…

တစ်ခု တစ်ဦး၌ အမြင်မှအကြား၊ အကြားမှ အနမ်းသည်စသည် လှမ်းလျက်က လည်းကောင်း၊

တစ်ခုမှ တစ်ခုလည်း တစ်ဦးရိုး တစ်မျိုးပြောင်း သွေးတောင်းလိုက်လျက်က လည်းကောင်း၊

တစ်ခု တစ်ဦး၌ ပင်လျှင် တစ်ချိုးပြီးတစ်ချီ အလီလီ အလာထပ် ပတ်လျက်က လည်းကောင်း သက်စမှ သက်ဆုံးတမ်း၍နေအံ့။ ထိုသူသည်…

-မသိမှုကြောင့်စွဲ၊ တိရစ္ဆာန်ထဲသွားရောက်ရရှာတော့သည်။

-ကြိုက်မှုကြောင့်ကဲ ပြိတ္တာထဲ စွဲငြိသွားတော့သည်။

-ဒေါသမာန်နှင့်တွဲ ငရဲအထိပင် ငြိပါသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



- မသိနောက် အကြိုက်ဆွယ် အသူရကာယ်ထဲ ဝဲလှည့်နေတော့မည်။

အာရုံကို ပတ်လည်ယောက် အပါယ်လေးဘုံ ခရီးပေါက်သွားခြင်း။

အကြင်သူသည်ကား...

အပါယ်လေးဘုံခင်း အတွင်းသိ အခင်းသိ ဖြစ်နေသောကြောင့် ဖြစ်စေ၊ အပါယ်လေးဘုံတွင်း လက်ရှိ သက်ဆင်းမိနေသောကြောင့် ဖြစ်စေ၊ သူ့ဘဝနှင့် သူ့အာရုံ ဘဝပေးကြုံရုံမျှသာ ခံစား၏။

"အရှိလောက်ကိုသာသိ အပြည့်လောက်ရုံမျှသာ လက်ခံ၏ ဖြည့်၏။

ထိုသူ အပါယဒုက္ခကြောက် အာရုံနောက် မလိုက်မိသော ကြောင့် လည်းကောင်း၊ အာရုံညှို့ဆွဲဆွဲ အမြဲစောင့်ကြပ် အကပ်အဟ မခံသောကြောင့် လည်းကောင်း၊ အဖြစ်နှင့် အပျက်တစ်ဆက်တည် ကုန်ဆုံးသွားသည်ကို ရိပ်မိသွားသောကြောင့် လည်းကောင်း၊ အ ပတိလေးချက်လုံး သုံးလျက်က သစ္စာလေးချက်လုံး ပိုင်သွားတေ ချေရာ၊ ထိုသူသည်သာ လေးပတ်လည်သုံး၍ လေးတုံးစလုံးရ ကောန်တည်း။

[ ၁၃၆၁ ခုနှစ်၊ တော်သလင်းလဆန်း၊ ၄ ရက်၊ ပုံတောင်ပုံညာ





# စိတ်မရင့်ကျက် ဖျက်တိုင်းပျက်
# အထက်မတက်သာ

ဉာဉ်၊ စရိုက်ချင်း မတူညီသော သတ္တဝါ၊ သဘာဝချင်း ကွဲ ထွဲလျက်ရှိသော အရာဝတ္ထု ထိုနှစ်ခုစလုံး လောကခံ၏ ခြယ်မှုန်း ခြင်း ခံကြရမည်သာ။

ထိုသို့ ခံကြရရာတွင်...

သက်ရှိချင်းတို့၌ အချို့စရိုက်ချင်း ကိုက်၍ အချို့ မကိုက်၍ ခံကြရပြီး၊ သက်မဲ့များ၌ကား အားများအားနည်း သဘာဝအကြီးအသေး များကြောင့်သာ၊

သို့ကြောင့် သက်ရှိသက်မဲ့ လောကခံ အခံမကင်း။

သို့ ခံရသော်လည်း ထိုခံရခြင်းသည်...

တစ်ဖက်၏ အဖျက်ထက် မိမိမရင့်ကျက်ခြင်းက အဓိက ကျ ရောသည်။

- လေ - သဘာဝအတိုင်း တိုက်မည်။ အချိန်မစီးသော အရာဝတ္ထုများ လေအလိုက်ချာချာလည်မည်။



www.burmeseclassic.com

www.burmeseclassic.com



-ရေ - သဘာဝအတိုင်း ကြီးမည်။ ပေါ့သွက်သော အရာဝတ္ထုများ ရေအလိုက် အလိုက်သင့် ပါမည်။

-မီး - သဘာဝအတိုင်း လောင်မည်။ ခြောက်သွေ့သော အရာဝတ္ထုများ မီးအမြိုက်ရာ ပြာဖြစ်မည်။

ထိုအားလုံး ရင့်ကျက်မှုလုံးလုံး မရှိသောကြောင့်တည်း။

ထိုအားလုံး တည်ငြိမ်မှု မသုံးသောကြောင့်တည်း။

သည့်ပမာလျှင်… သတ္တဝါအားလုံးတို့၏ တစ်ဖက်ဒဏ် အဖျက်ခံနေရခြင်းများလည်း စိတ်မရင့်ကျက် မြက်တစ်ပင်လောက်မျှ မလေးနက်သောကြောင့်ချည်းသာ။

သို့ကြောင့် သင့်အား အကြံပေးလိုသည်မှာ-

-တစ်ဖက်က သူ့အလုပ် သူလုပ်။ သင်က ဓားခုတ်ရာ လက်ဝင်မလျှိုဖို့တည်း။

-တစ်ဖက်က သူ့အပင်သူစိုက်၊ သင်က မြေတောင်မြှောက် ပေါင်းလိုက်ရေလောင်းအား မစိုက်ဖို့တည်း။

တစ်ဖက်၏ ဉာဉ်၊ စရိုက်သွေး သင်အားပေးနေက သွေးအား ဒဏ် သင်ပင်လျှင် ပြန်ခံရမည်သာ။

[ ၁၃၆၁ ခုနှစ်၊ တော်သလင်းလဆန်း၊ ၄ ရက်၊ ပုံတောင်ပုံညာ၊ ]





## ထမင်းသက်တမ်းကုန် မစင်ပုံ
## ဦးခေါင်းဆိုက်တတ်လွန်းလို့

ကိုယ်စိတ်တို့ဖြင့်…

လုပ်ယူ၊ ဖန်တီးယူမှရသော လောကီကာမသုခခေါ် အာရုံခံစား ချမ်းသာသည် ဣဋ္ဌာရုံ အလိုရှိအပ်သော အာရုံပင် ဖြစ်သော်လည်း…

* ခံစားဆဲ၌ တစ်ဖက်နှင့် ရေချိန်ကိုက် အလိုက်သင့်ပါပေးနေရသော ဒုက္ခ၊
* မခံစားမီ တစ်ဖက်နှင့် ဆန္ဒချင်း ညှိပေးနေရသော ဒုက္ခ၊
* ခံစားပြီး နှစ်ဖက်စလုံး ပျက်စီးဆုံးရှုံးမှုနှင့် ဆိုးကျိုးခံစားရသော

ထိုအားလုံးတို့မှ မလွတ်ကင်းနိုင်သောကြောင့်…

အမဲသား၊ ငါး ဆီပြန်အစားအစာများဖြင့် ထမင်းစားသုံးခွင့်ရသည် မြိန်ယှက်စွာ ဝင်ဆန့်ခြင်း၊ အသားလှ၍ အဆီတိုးခြင်း၊ ပြည့်ဝ၍ ဗလငါးမျိုး အကျိုးများစွာရှိခြင်းတို့ကြောင့် ကောင်းပါ၏ဟု



www.burmeseclassic.com

www.burmeseclassic.com



ဆိုရသော်လည်း ထမင်းသက်တမ်းကုန်သဖြင့် မစင်ပုံအဖြစ်သို့ ရော
သွားလေသောအခါ တစ်ကိုယ်လုံးမှ အနံ့ဆိုးထွက်ခြင်း၊ လူအ
တို့ အကပ်မခံလိုခြင်း၊ စွန့်ပို့ချိန် သွားရောက်စွန့်ပို့ရလေသောအ
ကိုယ်ကိုယ်တိုင်လျှင် အနံ့မခံလို မကြည့်လိုခြင်း၊ လူကွယ်ရာ သ
ထုတ်ပေးရခြင်း စသော ဒုက္ခအဝဝတို့သာလျှင် နောက်ဆုံးကော
လက်ကျန်စာရင်းရပမာ - ဒုက္ခဟူ၍သာ ဆိုရသည်။ အစမကော
သော ဒုက္ခမဟုတ်၊ နောက်ဆုံးပိတ် မကောင်းသော ဒုက္ခဖြစ်
ကြောင့် ပရိယာယဒုက္ခ- ဒုက္ခမှ ဟန်ဆောင်ထားသော သုခဟ
လည်းကောင်း၊ ကြိုက်၍သာကောင်း တကယ့်အကောင်း မဟုတ်သ
ပရိယာယ်သုခဟူ၍ လည်းကောင်း၊ ကောင်းသော်လည်း အ
ဆောင်နေသဖြင့် ပရိယာယ်ဒုက္ခဟူ၍ လည်းကောင်း ဆိုရရာသ

မယားလင်နှုးချစ်ရည်လူးခြင်းသည် ကောင်း၏။ သို့
နောက်ဆုံးဝယ် မယားက သားမွေး၊ လင်က အစာရှာပေး ဒုက
သက်သေခံနေပြီ မဟုတ်လော။

[ ၁၃၆၁ ခုနှစ်၊ တော်သလင်းပြည့်နေ့၊ ပုံတောင်ပုံည





# သဒ္ဓါမှာ ရာဇာထီး ပညာပါမှ အာဏာကြီး

သဒ္ဓါစိတ်သည် တစ်ဖက်အယုံတိုးစေသည်။

ပညာစိတ်သည်ကား တစ်ဖက်အမှား တားဆီးပေးနိုင်သည်။

သင်သည် မယားသားသမီးမျှကိုသာ သဒ္ဓါကြည်ဖြူအံ့။

ထို သင့်အဖို့ တစ်အိမ်ထောင်မင်းဖြစ်ဖို့ သေချာပြီ။ သို့သော် ပညာကင်းက မိဖုရားညွင်းသလောက် အထိနာစေမည်။

သင်သည် သည့်အတူ တစ်ရွာတစ်ရပ်ကွက်မျှကိုသော်လည်းကောင်း၊ မြို့နယ်တစ်ခု၊ တိုင်းတစ်ခု၊ ပြည်တစ်ပြည်ကိုသော်လည်းကောင်း သဒ္ဓါအံ့။

သင့်စေတနာ၊ သင့်သဒ္ဓါအတိုင်းပင်လျှင် ထိုထိုတစ်ပိုင်အတွင်းနေ လူအားလုံးတို့ကလည်း သင့်အား ယုံကြည်အံ့။ သဒ္ဓါသည် လ သရုပ်၊ တဏှာတံမ်ပုပ် မထိုးသောကြောင့်။ သို့သော်...

ထိုအားလုံးတို့က ယုံသဖြင့် ခေါင်းဆောင်တင်မြှောက်ကြည့်သော်-



www.burmeseclassic.com

www.burmeseclassic.com



-သင်သည် အတွေးအခေါ်ပညာ ကင်းမဲ့နေက ရှေ့နောက်ထွက် အကွက်ဟာနေသဖြင့်။

-သင်သည် ကျွမ်းကျင်ပညာ ချို့တဲ့နေက လက်တွေ့ပွဲ အတွဲလွဲနေသဖြင့်။

သာသာလုံးလည်း ဂါရဝ မရ၊ ရှိသေခြင်းမှ အရှုံးပြစေမည်။

အာဏာသုံးလည်း အာဏာထက် မပြ၊ အာဏာတုံးသာ ရစေမည်။

-သဒ္ဓါပညာ ဘက်ထိမ်းမညီသူလောက်
ကမောက်ကမ ဖြစ်တတ်သူ လောက၌ မရှိတော့ပြီ။

[ ၁၃၆၁ ခုနှစ်၊ တော်သလင်းပြည့်ကျော်၊ ၁ ရက်၊ ပုံတောင်ပုံညာ၊]





# ဝီရိယနှင့် သမာဓိ တွဲမထုတ် တရားသူကြီးချုပ် မဖြစ်စေနိုင်

ဝီရိယသည် ရဲရင့်ပြတ်သားခြင်းကို တာဝန်ခံ၏။

သမာဓိသည်ကား တည်ငြိမ်ဖြောင့်မတ်ခြင်းကို တာဝန်ခံ၏။

သင်သည် ဝီရိယအားကို အပြည့်အသုံးချ၍ ဘာမဆို ရဲရင့်ပြတ်သားစွာ အလုပ်လုပ်၏။ သို့သော်...

ထိုသို့သော်ကား သမာဓိ၏လက်ကူဖြင့် စိတ်ကိုတည်ငြိမ်စွာ စည်းရုံးပေးမထားခဲ့သော် စိတ်၏ လန့်စင်ပုံ့စင် စင်ထွက်သွားကြပြီ ဖြစ်လေသောကြောင့် ခုတ်ရာတစ်ခြား ရှရာတစ်လွဲ ဖြစ်သွားခြင်းပင်-

-သမာဓိ၊ ဝီရိယ အတွဲမညီသမျှ
-သင် ဘာလုပ်လုပ် လုပ်မောဖြင့် ပွဲသိမ်းရမည်သာ။

[ ၁၃၆၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော်၊ ၁ ရက်၊ ပုံတောင်ပုံညာ၊]



www.burmeseclassic.com

www.burmeseclassic.com



# နာမရှိ နိမရှာ၊အာသာဝါးမျိုးအံ့

-လူတစ်ဦး တစ်ဦးၰ

-လောကခံလှိုင်းဆိုး အထိုးခံရခြင်းကြောင့် ဘဝနာခြင်းဟူသော အနာလျှင် ရှိပါမှ။

-နိက္ခမ လှိုင်းတံပိုး အနှိုးခံရခြင်းကြောင့် ဘာဝနာပွားခြင်းဟူသော အနာလျှင် ရှိပါမှ။

နိဝါနဟူသော နိဗ္ဗာန်၏ အရှိ၊ နိ- ကို ရှာကြံလေရာ၏။

အကယ်တိတိ

အနာနှစ်ခု တစ်ခုခုမျှ လက်ဆုပ်လက်မိ မရှိခဲ့သော်…

သံသရာနှင့် လက်ရှိဘဝ ငယ်ကာလ၏ ဉာဉ်စရိုက် သွေးရှိင်းတို့သည် (၄၀)ကျော် (၅၀)တွင်းသို့ ချဉ်းနင်းမိလာလေသောအခါ တစ်ကြော့ပြန်အဖြစ် ထ,ကြွလူပ်ရှားလာတတ်ရကား နွားအို မြက်နုကြိုက်သို့ ထိုးဆိုက်သွားတော့အံ့။

တရားနှင့် ဖိနှိပ်၍ အရွယ်နှင့်စိတ်ကို မည်မျှပင် ညှိပေးနေနေ၊ ထ,သွားမှ အကျိုးမှန်းသိပမာလောက်သာ။

သင့်၌ ငယ်ရွယ်တုန်း ငယ်မူငယ်သွေးဆုံးခြင်းသည်သာ အသင့်တော်ဆုံးတည်း။

[ ၁၃၆၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော်၊ ၇ ရက်၊ ပုံတောင်ပုံညာ၊]





# ချစ်မုန်းပွား စကားတရားခံ

သတ္တဝါအချင်းချင်း ဆက်သွယ်ခြင်း ကိစ္စရပ်များ၌

အချို့ မျက်လုံးချင်းတိုက်ဆိုင်မိကြရာမှ ချစ်ခြင်း၊ မုန်းခြင်းစ၏။ အချို့ကား ကိုယ်ချင်းထိတွေ့မိကြရာမှ ချစ်ခြင်း၊ မုန်းခြင်းစ၏။ သို့တစေလည်း…ထိုမျက်လုံး ကိုယ်တွေ့မျှဖြင့်ကား ချစ်မိရုံ၊ မုန်းမိရုံမျှ လောက်သာ။

အကယ်တိတိ ကောင်းကင်အနံ့ ဖြန့်ကျက်လေကို သုံးလျက်က ထိုမျက်လုံး၏နောက် စကားလမ်းဖောက် ဝင်လာခဲ့သော်ကား…

-ချစ်စရာရှိ လမ်းအဆုံး နှလုံးသွေးများ စည်းရုံးပြီးသားဖြစ်သွားစေပြီ။

-မုန်းစရာရှိ ဒလဟော နှလုံးသွေးကြော အပြောကျယ်စေပြီ။

ကိုယ်ချင်းအထိ စကားလုံးပါ ဖြည့်ထည့်ပေးလိုက်ပါသော်ကား…

သံသရာတစ်ခွင်လုံး မည်သည့်အခါမျှ လမ်းထားမဆုံးတော့ပါပြီ။

လေသို့ ပျံတက်သွားစေသောစကား အကန့်အသတ်မထားသောကြောင့်။

[ ၁၃၆၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော်၊ ၇ ရက်၊ ပုံတောင်ပုံညာ၊]

www.burmeseclassic.com



# လေချင်းလုံး မိုးချုန်း၊ ရေချင်းလုံး ဝုန်းဝုန်းထ

အဇ္စရာလွှင်ပြင်၌ မိုးဦးကျအချိန်၊ မိုးကုန်ခါနီး အချိန်များဝယ် မုတ်သုန်လေနှင့် အမြဲနေ လေတို့ ထိပ်တိုက်တိုးမိကြလေရာမှ မိုးချုန်းသံ ပေါ်ပေါက်ရ၏။ ထို့ထက် တိုက်အားကြီးက လျှပ်စီးကွက်ပင် ထ,လက်ရ၏။ ထို့ထက် တိုက်အားကြီးကြလျှင်ကား မိုးကြိုးပင် ထ,ပစ်ကြရလေ သတည်း။

သည့်ပမာလျှင်...

လူတို့တွင်လည်း စေဇောဓိက၊ ဝါယောဓိကတို့ဖြင့် လူဖြစ်ခွင့် ရလာကြသောသူချင်းတွေ့က မာနအခံ၊ ဒေါသမာန်ကပါ သန်လာတတ်ရာ မိုးချုန်းလျှပ်လက် မိုးကြိုးပစ်များပမာ အသားဆတ်ဆတ်ခါလာကြမည်။

တစ်ဖန် တောင်အထပ်ထပ်တို့မှ လိမ့်ဆင်းလာကြလေသော ရေအပေါင်းတို့သည် လျှိုမြောင် ချောက်ကြားများမှတစ်ဆင့် မြောင်း၊ ချောင်း၊ မြစ်များသို့ အားကုန်ပြေးဆင်းလာကြလေရာ...





-မြောင်းဆုံလျှက် ချောင်းဘက် ယက်ဆင်းရာကာလတို့၌လည်းကောင်း၊

-ချောင်းဆုံလျှက် မြစ်ဘက် ယက်ဆင်းရာကာလတို့၌လည်းကောင်း

-မြစ်ဆုံလျှက် ပင်လယ်ထက် ဆက်သွင်းရာကာလတို့၌လည်းကောင်း၊

မာန၏အခံ၊ ရာဂ၏မာန်ကပါ ပါဝင်နေသော ဗို၊မ,တို့ အချင်းချင်း ရှမ္မက်ပြင်းပြင်း ရေနက်အတွင်း အချစ်စစ်ခင်းသည်ပမာ လှိုင်းလုံးတို့ ခုန်ပျံတက် ရေပြင်ပေါ်ဝယ် ထ,ပွက်ကာ လှိုက်၍လှိုက်၍ တက်လာကြမည်။

-မာနမှာ ဒေါသစီး ကောဓ ကြီး၍ မီး ဖြစ်သည်။

-မာနမှာ ရာဂသိုင်း ကာမ မှိုင်းက လှိုင်း ဖြစ်သည်။

[ ၁၃၆၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော်၊ ၁၀ ရက်၊ ပုံတောင်ပုံညာ၊]



www.burmeseclassic.com

www.burmeseclassic.com



# ကြည်ဖြူလို ကြည်ညိုပျောက် ခင်ရာတွင် အမင်ဖောက် အကြည်ပင်လျှင် အနယ်နှောက်

- သာသနာဝယ် ရဟန်းနှင့် လူ
- တိုင်းပြည်ဝယ် မင်း၊ ပုဏ္ဏားနှင့် အရပ်သား
- လောကတွင်းဝယ် မိန်းမနှင့် ယောကျ်ား

ထိုသို့ အဆင့်အားဖြင့် ခြားနားရာ၊ အသွင်အားဖြင့် ခြားနားရာ၊ ဘဝအားဖြင့် ခြားနားရာတို့ အပြန်အလှန် ဆက်ဆံကြရာ၌-

သဒ္ဓါပင်းသော တင့်တယ်စိတ်ကြောင့်ဖြစ်သော မနောစာတ်သည် နောက်ကျူခြင်း ကင်းသည့်အပြင် နက်ရှိုင်းခြင်းကိုလည်း ဖြစ်ပွားစေရာ စိတ်သည် စိန်အလား ကြည်ရှုံမှုမက ညိုရှုံပင် လှပနေချေသည်။

အကယ်တိတိ ထိုသဒ္ဓါ လွန်ကဲသွားသဖြင့် သဒ္ဓါထဲ တဏှာပါ တွဲခိုလိုက်ပါလာသော်ကား တင့်တယ်စိတ်အကြား မတင့်တယ်စိတ် လမ်းသလားနေပြီဖြစ်သောကြောင့် နှလုံးသွေး၏ ရေတိမ်မှသာ





ကြည်စေတ် ပွင့်နေချေတော့၏။ အနည်ထ,၍ အဖြူနှောက် အညိုတ်ကား ပျောက်ရရှာချေပြီ။

ထိုနှင့်ပင် မရပ်ချေသေး…

အထက်နှင့်အောက် သို့မဟုတ် ယောကျ်ားနှင့် မိန်းမ၊ ကိုယ်င်ကို ကျော်လွှား ပုဂ္ဂိုလ်ချင်း ယဉ်ပါးလာပါသော်ကား…

ရစ်ကြားက ချည့်မျှင် ယောက်ပါများ အခင်ဖြစ်သည့်ပမာ အခင်ကို ယက်ကန်းတင် အကွက်ဆန်းမြင် အမင်ဖြစ်သည့်ပမာ ကြည်ဖြူရာနှောက် အခင်ရော အမင်ပါ ဖောက်လာချေတော့ရာ ာင်ကျရေ ချောင်းဆင်းသဖြင့် ချောင်းတွင်းရှိ စမ်း အနှောက်မ်းသွားပြီ။

- သိက္ခာမှီ သဒ္ဓါတက် စမ်းရေကြည် တလက်လက်။
- ပုဂ္ဂိုလ်ရည် တဏှာဖက် မုန်ကျူရည် တစက်စက်။

[ ၁၃၆၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော်၊ ၁၁ ရက်၊ ပုံတောင်ပုံညာ၊ ]



www.burmeseclassic.com

www.burmeseclassic.com



# တစ်ကိုယ်ကောင်းဆန် မှန်မမှန် ပြန်စစ် ကိုယ့်ကိုယ်ကိုသာ အရင်ချစ်

တစ်ကိုယ်ကောင်းဆန်ခြင်းသည် စံပြဂုဏ်ရောင် ရှေ့သွား ခေါင်းဆောင်တို့၏ အလုပ်။

ကိုယ့်ကိုယ်ကိုမှ မကောင်းဘဲနှင့် သူတစ်ပါးတို့သို့ ကောင်း အောင် မပြုပြင်နိုင်သောကြောင့်။

ကိုယ်အပြစ်ကိုယ်ရှုခြင်းသည်လည်း စံပြဂုဏ်ရောင် ရှေ့သွား ခေါင်းဆောင်တို့၏ အလုပ်ပင်။

ကိုယ့်ကိုယ်ရှိ အမှားအမှန်ကိုမှ မသိဘဲနှင့် သူတစ်ပါး၏ အမှားအမှန် ကောန်ဒက်ထိ မသိနိုင်သောကြောင့်။

ကိုယ့်ကိုယ်ကို ချစ်ခြင်းသည်လည်း ယင်းစံပြဂုဏ်ရောင် ရှေ့ သွားခေါင်းဆောင်တို့၏ အလုပ်ပင်တည်း။

ကိုယ့်ကိုယ်ကိုမှ မချစ်ဘဲနှင့် သူတစ်ပါး သွားရောက်ချစ်နေခြင်း သည် ကိုယ်လိုရာ ရနေသေးသဖြင့် မေးလိုက်နေခြင်းမျှသာ။

တကယ့် အချစ်စစ်သည် ဘုရားရှင်နှင့်အရိယာတို့ဆီမှာသာ တည်၏။ ပုထုဇဉ်တို့အချစ်ကား ကိုယ့်ကိုယ်လည်း နှစ်၊ သူ့ကိုလည်း ညှစ်နေခြင်းတည်း။

[ ၁၃၆၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော်၊ ၁၁ ရက်၊ ပုံတောင်ပုံညာ





# ဆလေးဖြင့်ဆုံး ကလေးနှင့်စ ကာလသားက နှစ်ခါကျ

လူတစ်ဦး၏ တစ်ဘဝသည် တောင်ကို တက်သည် ဆင်း ည်နှင့် တူလှ၏။ တောင်သို့တက်လို ဆင်းလိုသော ထိုသူသည် မတက်မီ တောင်ခြေမြေပြန့်ဝယ် ခြေချပြီးမှသာ တက်၏။ င်ထိပ်ရောက်လျှင်လည်း မြေပြန့်ကိုလျှင် ခြေချပြီးမှသာ ၏။

ထိုနှစ်ခုတို့၏ အကြားတွင်ကား…

တောင်ခါးပန်း- ခါးပန်းလျက်က အတက်ပြင်းပြင်း အဆင်း အငံ့ပြ၊ အမော့ပြ သော့ကြရသည်ချည်းသာ။

သည့်ပမာလျှင် -

မွေးပြီးစမှ ဆယ်နှစ်ကျော်အတွင်း ခြင်ဆီလည်း မတင်း၊ သွေးဆင်းလည်း အားသေးရကား မသိနိုးနား မှုန်ဝါးဝါးဖြင့် … ။

တစ်ဖန် ရှစ်ဆယ်ကျော် ကိုးဆယ်တွင်း ခြင်ဆီလည်းကင်း၊



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသွေးလည်း မဆင်းတော့သဖြင့် သတိလွတ်နေရကား မသိနိုး
မှုန်ဝါးဝါးဖြင့် နောက်တစ်ဘဝ ကလေးစိတ်ပေါက်ရေး အားမွေးလျ
ကသာ။

ထိုအစတက်နှင့် အဆုံးကျတို့ နှစ်ခုအတွင်း-ဆယ့်ငါးနှ
အစိတ်တွင်း မိခင်နို့သက်ကို ရင်းနှီးလျက်က ကာလသားရမ္မက်
မ,ချင်း ကစားမက်လာခဲ့ချေပြီ။

တစ်ဖန် လေးဆယ်ကျော်မှ ငါးဆယ်ဝန်းကျင် မိခင်နို့သ
အထွက် အာဟာရနို့သက် ဆက်လိုက်လာရကား တစ်ကြော့ပြန်
မ,ကြား ကစားသန်လာပြန်ချေပြီ။

သို့ကြောင့်…

လူတို့၏ တစ်ဘဝသည် ကလေးနှစ်ပြန် ကာလသားနှစ
ဖြင့် သေရွာပြန်ကြရသူကသာ များ၏။ လူကြီးဘဝရောက်သူ
ရှာမှ ရှား။ တွေ့လျှင်လည်း လူကြီး သူငယ်ပြန်နှင့် လူကြီးေ
ပြန်ချည်းထဲသာ။

[ ၁၃၆၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော်၊ ၁၁ ရက်၊ ပုံတောင်ပုံည





# ပေးသောအချစ် အလယ်နှစ်၍ ငါယူမည်

လူတို့၏ အာရုံခင် သဘာဝမွေတာများ၌….
အချို့ ကိုယ်မှာ ခံစားစေ၍ စိတ်ချမ်းသာမှုကို ရယူလေ့ရှိ၏။
-အရက်သောက်လျက် ပျော်ပါးခြင်း စသည်များ။
အချို့ကိုယ်မှာလည်း သုခခံစားစေ၍ စိတ်ချမ်းသာမှုကိုပါ
ယူ လေ့ရှိ၏။
-သမထဖြင့် ဈာန်အာရုံ ခံစားခြင်းစသည်များ။
အချို့ကိုယ်မှာ ပစ်ခွာ စိတ်ပစ်ခွာ၍ စိတ်ချမ်းသာမှုကို ရယူ
ခံစားလေ့ရှိ၏။
-အရိယာနှင့် အထက်ဈာန်ပိုင်ရှင်တို့၏ ဥပေက္ခာဖြင့် ခံစားခြင်း
များ။

ထိုသို့ သုံးမျိုးရှိချေရာတွင်
သာသနာမှီခိုသူနှင့် ကြည်ညိုသူတို့ ခရီးတူထွက် အပေးအယူ
ဆက်ဆက်ပြုလုပ်ကြရာ၌ ပေးသူက ချစ်၍ပေးလည်း၊ ယူသူကား
အချစ် ပယ်မြစ်နှစ်မြုပ်လျက်က မချစ်သော အချစ်ကိုသာ ထုတ်
သုံးစွဲရာ၏။



www.burmeseclassic.com

www.burmeseclassic.com



ပေးသူက မှန်း၍ပေးလည်း…

ယူသူကား ထိုအမှန်းကို ချေမှုန်းလျက်က မမှန်းသော အမှန်းကိုသာ ကြုံးယူရာ၏။

ပေးသူက ဖာသိဖာသာ (မိရိုးဖလာဖြင့်) ပေးလည်း…

ယူသူကား ထို ချစ်မှန်းကင်းကို အလယ်မှထွင်းလျက်က အချစ်လည်းတင်းတင်း၊ အမုန်းလည်းတင်းတင်း ညီမျှခြင်းဟူသော အလယ်အလတ်ဖြင့်သာ သွင်းယူရာ၏။

အိမ်ထောင် သားမွေးဖြင့် သူဌေးဖြစ်လာသော မိဘများသည် မိမိသားသမီးများကိုလည်း အိမ်ထောင်ပစ္စည်း သားမွေးနည်းကိုသာ အမွေပေး၏သို့….

ကြည်ညိုသော ဝန်ထမ်းသည်လည်း မှီခိုသော ဝန်ထမ်းကို လူ့ထုံးစံအတိုင်း လူချင်းရစ်၍ ချစ်ခြင်းဖြင့် ချဉ်းကပ်လေ့ ရှိသည်မှာ ပုထုဇဉ်ဓမ္မတာပင်။

သို့တစေလည်း မှီခိုသူ ဝန်ထမ်းသည် အဆွဲသန်သာဖြစ်ရာ၏။ အဆွဲခံ မဖြစ်စေရ။ အဆွဲသန်လိုသော် သူ့အချစ် ထက် အောက်ပင်၍ အလယ်မျှသာ ချစ်တတ်ကြရာ၏။

[ ၁၃၆၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော်၊ ၁၁ ရက်၊ ပုံတောင်ပုံညာ။ ]





# သီလကို ပီယလိုဆောင် အိုတောင် မဆင်းရဲ

လောကတွင် ပီမှသာရသော အရာတို့မှာ–

–ရုပ်ပြစားသောသူ – ရုပ်အပြ အလှမကုန်ခင်လေး ဘ ကြီးပွားတိုးတက်စေ၏။

–အသံလွှင့်စားသောသူ – အသံလှ ပီသနေတုန်းလေးသာ ကြီးပွားတိုးတက်စေ၏။

–အင်အားပြစားသောသူ – အားထွက်များ ပီသနေစဉ်လေး ကြီးပွားတိုးတက်စေရာ၏။

သီလကို ပီပြင်စွာ သုတ်သင်၍ သိက္ခာစဉ်အလှ ကျူနစွာ ဆောင်ထုတ်သူအား အသက်ရလေ ဆက်လှလေ။ အအိုထုလေ ကြူနွ ဆောင်ဖြင့် အသက်ကုန်သော်မှ အဆက်မကုန်သေးရကား…

–လောကီစီးပွား သူကြီးပွား ဆီးတား၍ပင် မရပြီ။

–လောကုတ်ရှုယ်ပျို ပန်းနွယ်မှီ အိုပါဆိုလည်း မအိုပြီ။

[ ၁၃၆၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော်၊ ၁၂ ရက်၊ ပုံတောင်ပုံညာ။ ]



www.burmeseclassic.com

www.burmeseclassic.com



# အပီမှာ အကြည်ခံ ရှည်ငံလိုသူ များလတ္တံ့

ထို ရုပ်- သံ- အင်အား- သီလ လေးပါးတို့ ပီပြင်

မက ကြည်လင်ဂုဏ်ကပါ ပိုးလေးတကျော် ဖြစ်ပေါ်လာပါမူကာ

-ပဘာဝတီနှင့် ဥပလဝဏ် မွေးထားမိသောမိဘများ ကာ

သားမင်းတို့အညွင်း လည်စင်းခံစားနေကြရသည်ပမာ…

အလှကောင်းသမျှ ညပေါင်းဘဝ များလှချေတော့မည်။

အပြကောင်းသမျှ ခဏပေါင်းဘဝလည်း များလှချေတော့မည်

ထိုအားလုံး လှလွန်း၊ မွေးလွန်း၍ အဖျက်ခံရသော

ကောင်းလွန်း၍ သတ်စားခံနေရသော သားငါးများပမာ-

-လွတ်ရာနေမှသာ အလှမပျက်မည်။

-မမြင်ကွယ်ရာနေမှ မခင်တွယ်တာတွေ ကုန်ဆုံးမည်။

သူကြိုက်နေမှန်းသိလျက်က သူ့အားသွားကလိနေလျှင် က

သူသာ တာဝန်ရှိချေမည်။

[ ၁၃၆၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော်၊ ၁၂ ရက်၊ ပုံတောင်ပုံညာ





# အကြိုက်အလိုက်ပေး ဝေးထက်ဝေးမှာ သေချာသည်

ပုဂ္ဂိုလ်သာခင်၍ တရားဦ်မမင်သူ၏ နောက်ယောင်ခံလိုက်နေခြင်းသည် ကျင့်နေသူ၏ အကင်းမသေသေးသော ကာမကို ဆွပေးနေသည်သို့သာ ရှိချေရာ၊ အကြိုက် အလိုက်ပေးနေသည်နှင့် ဘာမျှ မခြားနား။

ထိုအပြေးနှင့်အလိုက်…

ထင်ရာလိုက်လျှက်က မထင်ရာပိုက်မိသွားသောကြောင့် အခြေပေးလေ အနေဝေးလေသာ ရှိချေရာ၏။ ပုဂ္ဂိုလ်ချင်းတွေး တရားချင်းဝေးသွားခြင်းကြောင့်တည်း။

[ ၁၃၆၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော်၊ ၁၂ ရက်၊ ပုံတောင်ပုံညာ၊ ]



www.burmeseclassic.com

www.burmeseclassic.com



# နေထွက်သွားရာ လဝင်လာလျှင် ည အလှပြင်မလို့

အကြိုက်တောမှထွက် အမြိုက်တော ထွက်လိုသူသည်လည်း ကာမကို ဝနဖြင့်ပင် စည်းခြားထားရာ၏။

ထို ဝနသည် ကာမနေ့ မသက်၊ သဘာဝနေလည်း မသက်၊ အေးငြိမ်းရာဘက် သက်စေမည့် လ,ထွက်ညပမာသာ ရှိချေရာ၏။

အကယ်တိတိ

နေကား အတွေ့အားဖြင့် ထွက်ခွာသွားခဲ့ပြီ။ လကား အတွေ့ဘက် မသက်လာသေးလျှင်ကား... တောထွက်ကား မောချက်ဖြင့်သာ လမ်းစဆုံးရပေလိမ့်မည်။

နေမဲ့သော အမှောင်သည် နေဖွဲ့သော အမှောင်ထက် စွာတတ်လွန်းလှ၍ သည့်ပမာလျှင် ကာမမှောင်မှ အတွေ့အားဖြင့် ထွက်ခွာလာခဲ့သော်လည်း ဓမ္မအရောင် မဝေ့ခဲ့၍ အငွေ့ထွက် အသက်ပြန်ဝင်လာပါသော်ကား...

နွေခင်းတိမ်ဖုံးထက် ညခင်း လ လုံးမဲ့သည်က

ပို၍လည်းမှောင် ရှောင်၍လည်း မရ၊ မှောင်အတိကြီး ကျစေတော့သည်သာ။

[ ၁၃၆၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော်၊ ၁၄ ရက်၊ ပုံတောင်ပုံညာ၊]





# မှန်ထဲကအရိပ် လက်သည်းဖြင့် ဆိတ်ကြည့်မနေနှင့်

အရိယာတို့၏ ဓမ္မအရှိန်၊

သူတော်ကောင်း အစားစားများ၏ သီလအရှိန်များသည်

အငွေ့သတ္တိမှုရှိသော ဂုဏ်ထူးများ ဖြစ်လေရာ...

-မစပယ်၏ရင်ကိုခွဲ၊ ပုလဲဖွေရှာသူမျိုးသို့ လည်းကောင်း။

-ဝမ်းဘဲ၏ရင်ကိုထု ရွှေဥရှာသူမျိုးသို့ လည်းကောင်း။

-ဟင်္သာ၏အတောင်ကိုနုတ် ရွှေကိုယက်ထုတ်သူမျိုးသို့ လည်းကောင်း။

- ခင်အောင်ပေါင်း အတောင်းမကြမ်းရာ၊
- ကြင်ယောင်ဆွဲ အတွဲမရမ်းရာ။

အကယ်တိတိ ကြမ်းမိရမ်းမိခဲ့သော်...

မှန်ကြည်ထက်က အရိပ် လက်သည်းနှင့်တို့ဆိတ်သည်နှင့် ဘာမှုမခြားနား...။

[ ၁၃၆၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော်၊ ၁၄ ရက်၊ ပုံတောင်ပုံညာ၊]



www.burmeseclassic.com

www.burmeseclassic.com



## ဟင်းအိုးထဲကအငွေ့ နှာခေါင်းဖြင့်ဇော့ကြည့်ရုံဖြင့် ဝပါသည်

အရိယာတို့၏ ဓမ္မအရှိန်၊ သူတော်ကောင်းတို့၏ သီလအရှိန် များကို မိမိသို့ စိမ့်ရည်ပမာ ဝင်ဆံ့စေလိုလျှင်…

ခြင်္သေ့မင်း၏ အဆီအသွေးသည်

သိင်္ဂီရွှေခွက်မှာသာ တင်သည့်ပမာ…

-သင်သည် ပညာယှဉ် သဒ္ဓါဖြင့်သာ ခံယူပါလေတော့…။

-သင်သည် ကုသိုလ်ယှဉ် စေတနာဖြင့်သာ ခံယူပါလေ တော့…။

ထိုသို့ အငွေ့ပေး အငွေ့ယူ ထိပ်တိုက်တူရှု ဖြစ်လာသော် အသံလွှင့်စက်နှင့်ဖမ်းစက် ကြိုးမသွယ်ဘဲလျက်နှင့် ဝင်သည့်ပမာ၊ မတောင်းဘဲနှင့်ရ မပေါင်းဘဲနှင့် ကျလာစေမည်သာ။

[ ၁၃၆၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော်၊ ၁၄ ရက်၊ ပုံတောင်ပုံညာ၊ ]

နတ်တလူစာစဉ်



## ကိုယ့်လုပ်ပေါက် အရင်ကြည့်၊ ဘုရားမုခ်ပေါက် နောက်မှလှည့်

-စာပေသမားချင်း၏ အငြင်းများသည်လည်းကောင်း

-ပညာရှိ၊ သူယုတ်မာချင်း၏ အတင်းအဖျင်းစကားများသည် လည်းကောင်း။

စင်စစ် မိမိအရှိ မသိဟန်ဆောင်လျက်က ကျွမ်းကိုး ကျွမ်းခံ ကန့်လျက်က အနိုင်လုနေကြခြင်း မျှသာ။

တစ်ဖန်…

သူတစ်ပါးအားနည်းချက် အကွက်ချောင်းလျက်က ထုနက် တတ်လေသူ…

မိမိလုပ်သမျှ ဟုတ်လှပြီ အထင်ရောက်နေသူများသည်လည်း သူတစ်ပါး၏အလုပ် အတင်းလုယက်၍ ပုတ်ခတ်နေမည်သာ။

ထိုသူအားလုံး…

- အရာရာပြောရန်ကြည့် ကိုယ့်အရှိ ကိုယ်ကြည့်ပြောကြလေ။

-အရာရာ အမှန်ထုတ် ကိုယ့်အလုပ်ဖြင့်ကိုယ် အမှန်သရုပ် ထုတ်ကြလေ…။

[ ၁၃၆၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်၊ ပုံတောင်ပုံညာ၊]

နတ်တလူစာစဉ်

www.burmeseclassic.com

www.burmeseclassic.com



# တရားချင်းဆောင် ငါဘာကောင်လဲ အရင်မေး

စာရွက်ပေါ်က ဆားသည် လက်တွင်းဆားလို မငန်စေတတ်။

တရားဓမ္မ လေ့လာကြရာ၌-

-ဒေသာက္ကမ - အချို့ကား ဘုရားဟော ဖာလာအတိုင်း ဟော၏။ ရေး၏။

-ပဋိပတ္တိက္ကမ - အချို့ကား ကျင့်စဉ်ကြားမှ အတွေ့တရား အတိုင်း ဟော၏။ ရေး၏။

ထိုနှစ်မျိုး မြင်ကွင်းတစ်ခု၊ နေ့ကြည့်နှင့် ညကြည့်ပမာ ကွာ၏။ သို့မဟုတ် ဘုရားစရိုက်၏ ကိုယ်တွေ့နှင့် မိမိစရိုက်၏ ကိုယ်တွေ့ခြားနားချက်တည်း။

ထိုသို့ သဘာဝတရား ကွာခြားနေချေရာ···

ကိုယ့်ခန္ဓာအပြ အရင်မစဘဲနှင့် ဘုရားစကား ပါးစပ်သွင်း အတင်းဝါးစားနေက အပြောနှင့် လက်တွေ့ မည်သည့်ကာလမျှ စေ့စပ်၍ မရနိုင်။

[ ၁၃၆၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော်၊ ၁၄ ရက်၊ ပုံတောင်ပုံညာ၊ ]

နတ်တလှစာစဉ်



# ပညာခံလျက် မာန်ထောင် အဆံချောင်မှန်း လူတိုင်းသိစေမည်

ပညာသင်ခြင်းသည်-

-အချို့ ပညာချင်းပြိုင်ရန်အတွက် အလင်္ကာပမာ မြွေ အလမ္ပာယ်ဆရာ၏ လက်တွင်းရှိမြွေပမာ သင်နည်းတည်း။

-အချို့ ပညာသိ သိပြီးနောက် ပညာရှိ လမ်းဖောက်ရန် အတွက် နိဿရဏတ္ထ - အလွတ်အကျွတ်ရန်းထွက်ရန် အကျင့်သင် နည်းတည်း။

-အချို့ တရားဓမ္မစက် ပျောက်ပျက်မသွားစေရန်အတွက် ဓမ္မ ဘဏ္ဍာဂါရိက - တရားသိမ်းဆည်း ဘဏ္ဍာတိုက်ကြီးသဖွယ် သင် နည်းတည်း။

ထိုသို့ နည်းသုံးတွေ ရှိချေရာ···

-ကိုယ် မကြိုက်တိုင်းတိုက် ကိုယ်မိုက်မှန်း လူသိမည်။

-ကိုယ် မသိတိုင်းလိုက် ကိုယ်ငိုက်မှန်း လူသိမည်။

ထိုအသုံးအနှုန်းကား··· ငန်းယောင်ဆောင်သော လင်းမြွေ တစ်ကောင်၏ မာန်ထောင်နည်းတည်း။

[ ၁၃၆၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော်၊ ၁၄ ရက်၊ ပုံတောင်ပုံညာ၊ ]

နတ်တလှစာစဉ်

www.burmeseclassic.com

www.burmeseclassic.com



# လူနှင့်မျောက် မောက် ကောက်တော့ဆို

လောကဝယ် သဘာဝကို မသိကျိုးကျွံပြုလျက်က ငြင်းခုံနေကြသော အရာများကား များပြားလှပါချေ၏။

- မစင်၌ လူနှင့်ခွေး အစေးမကပ်ကြ။
- အရက်၌ လူလိမ္မာနှင့်လူမိုက် သဘောချင်း မကိုက်။

ထိုအခါ ကောင်းမကောင်းဟူသော အငြင်းပွားမှုသည် မုချ ဖြစ်ပေါ်လာပြီ။

- ကိုယ် မကြိုက်တိုင်း မကောင်းမပြောသင့်။
- ကိုယ် ကြိုက်တိုင်းလည်း အကောင်းမပြောသင့်။
- ကောင်း မကောင်းကား သဘာဝ ခုံတင်စစ်မှ အဖြစ်မှန် တွေ့ရမည်။
- ကြိုက် မကြိုက်ကား စိတ်ကိုလှည့်စား လောဘ၊ ဒေါသ တရားဆိုး၏ ခြေထိုးမှုများသာ။
- ပဏ္ဍမြားငမောက် လူဖြစ်တုန်း ကုန်းကောက်၊ မျောက်ဖြစ်သော် ပစ်ပေါက်သည့်တရားသည် လောဘ၊ ဒေါသတို့၏ လှည့်စားမှုချည်းတည်း။

[ ၁၃၆၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော်၊ ၁၄ ရက်၊ ပုံတောင်ပုံညာ။]





# အငြင်းပွား တရားမကပ်သေး

သူတော်ကောင်းမည်သည် ကိုယ့်အပြစ်ကိုယ်ရှု သူတစ်ပါးနှင့် မတူ။ သူတစ်ပါး မကောင်းကြောင်း ကောင်းကြောင်း ပြောနေသမျှ ထိုသူသည် တရားမတွေ့သေးသောသူသာ ဖြစ်ရမည်။

သူတစ်ပါးအရေး ဝေဖန်ပေးခြင်းသည်လည်း သူတစ်ပါးကောင်းစားရန် မိမိက ဓားစားခံနေခြင်းသာ ဖြစ်ရမည်။

သို့ကြောင့်...

သူတစ်ပါးကောင်း မကောင်းကြည့်ဖို့ထက် မိမိကောင်း မကောင်း ပြန်လှန်ကြည့်ဖို့က အရေးကြီးသည်။

သူတစ်ပါးအပြစ် စိစစ်ဖို့ထက် မိမိအပြစ် မိမိ စိစစ်ဖို့က သာ၍ပင် အရေးကြီးသည်။ ဤသို့သာ အကြည့်မှန် အသိမှန်လာလျှင်...

သင်ကား သူတော်ကောင်းအမည်ခံထိုက်ပါပြီ။ သင်ကား ပပ္ဖ ...ဉ်အလာ မလှည့်တော့သဖြင့် ပညာရှိအမည်လည်း ခံထိုက် နေပါပြီ။

[ ၁၃၆၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော်၊ ၁၄ ရက်၊ ပုံတောင်ပုံညာ၊ ]



www.burmeseclassic.com

www.burmeseclassic.com



# သံပုရာအို အချိုမသီး

ဘဝပေါင်းထပ်၍ ကပ်ပါလာကြကုန်သော အနုသယအ[illegible] ညဉ်၊ စရိုက်၊ ဝါသနာများသည် လူတို့၏ အရွယ်သုံးပါးဝယ် အစ[illegible] လိုက်လျက်ကသာ ရှိ၏။

သို့ကြောင့်…

သားသမီးအရွယ်က လောဘအိုးကလေးများသည် မိဘနေ[illegible] ရောက်သောအခါ၌လည်း ထိုအိုးကလေးရှက်လျက် အသက်ဆ[illegible] ကြလေကုန်၏။ ကြီးသာကြီးမည် မနည်းလှ။

တပည့်ဘဝက ဒေါသအိုးလေးများသည်လည်း ဆရာနေ[illegible] အရ- ချထားခဲ့မည် မရှိ။ ဉာဉ်နိုင်ဆေးများဖြစ်သော သတိပညာ တို့ဖြင့် ခုခံပါသော်လည်း ကမ္ဘာတည်အိုး အမျိုးရင့်မာလွန်းရကာ ဆေးဝင်စဉ်ပါး ဆေးအားပျောက်၊ ရောက်အားဖြင့် နိဗ္ဗာန်ခွင် ပြည် ဝင်ထွက်အထိ ဆက်လက်ရှက်ဦးမည်။

[ ၁၃၆၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း၊ ၄ ရက်၊ ပုံတောင်ပုံညာ၊





# သရက်တစ်ကင်း မှည့်ဝင်းတစ်တွေ

သရက်သီး၏ သဘာဝသည်
အကင်း၌ ဖန်၊ အစိမ်းရင့်ကျ ချဉ်၊ မှည့်စဉ်ကား ချိုမြိန်ခြင်း အသွင်သုံးမျိုး ပြောင်းလဲနေသည့်ပမာ…
ပစ္ဆိမ ဘဝိကတို့၏ နောက်ဆုံးအလားများသည်လည်း အရွယ် အရွယ်လတ်၊ အရွယ်ကြီး စိတ်ထားနည်း မတူချေ။
ရွှေရတနာတစ်ခုကို-
ကလေးသိ၊ လူကြီးသိ၊ ရွှေပန်းထိမ်ပညာရှင်၏အသိ ကွဲပုံ [illegible]ည်း။

[ ၁၃၆၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း၊ ၄ ရက်၊ ပုံတောင်ပုံညာ၊ ]



www.burmeseclassic.com

www.burmeseclassic.com



## ကျွဲကမွေးသော သား နွားလုပ်မကစားနှင့်

- ကျွဲနှင့်နွား မြက်စားချင်းတူသော်လည်း
အနေအားဖြင့်ကား ကုန်းနေ ရေဆင်း ကွာခြားဘိခြင်း

- ရာဂနှင့်ဒေါသ တစ်ဖက်အာရုံတိုက်သည်ချည်း ဖြစ်

လည်း ရာဂကား နွားပမာ ခွေ့တိုက်၊ ဒေါသကား ကျွဲပမာ

တိုက်။ သို့ကြောင့်···

သင်သည် မိဘနေရာ၊ ဆရာ့နေရာတို့မှနေ၍ မိမိ၏ တ

သားများ၏စရိုက်၊ ပညာဉာဏ် ချင့်တိုက်လျက်က သူ့အလိုက်

ကိုက်ပညာ ပေးဝေရာ၏။

- ရာဂသမား စစ်ထဲပို့ ခွေ့နေရုံဖြင့် အချိန်ကုန်မည်။

- ဒေါသသမား စည်းရုံးခိုင်း ဟိုတိုင်းသည်တိုင်းဖြင့် သ

ခိုင်းမည်။

ချို့ (ဂျို)တို့နှင့် ချို(ဂျို)ရှည် နဂိုရည်သဘာဝကပင်

ပြသထားပြီး မဟုတ်လော···။

[ ၁၃၆၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း၊ ၇ ရက်၊ ပုံတောင်ပုံ

## လူလွတ်တော အပြောကင်း

လူတစ်ဦး၏ အတွင်းနေ စိတ်ကူးသည်

နောက်လူတစ်ဦးနှင့် နီးနီးကပ်ကပ်နေခွင့်ရသောအခါ စကား

...သို့ ရောက်ရှိလာတော့၏။ ပရိယုဋ္ဌာန်မှ ဝီတိက္ကမသို့ နှုတ်မှ

...လာခြင်းတည်း။

အွကယ်တိတိ

လူသူမရှိ မိမိတစ်ယောက်ထီးတည်း တသီးတသန့်နေပါမှ ကား

...အတွင်းနေအတွေး အတွင်းမှာပင် ကြေအေးသွားစေတော့သည်။

လူလွတ်တောတွင်း အပြောကင်း လက်ငင်းချမ်းသာသည်။

[ ၁၃၆၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း၊ ၇ ရက်၊ ပုံတောင်ပုံညာ၊ ]



www.burmeseclassic.com

www.burmeseclassic.com



# ဒုကွှသည် လည်း၍ရောင်း ခေါင်း တောင်းတစောင်းနှင့်

တံငါသည်သည် ငါးကိုဖမ်း၍ ငါးဈေးတန်းသွားရောင်း စားသောက်လေ့ရှိသော ဈေးသည်တစ်မျိုးတည်း။

ဒုကွှသည်သည်လည်း ဒုကွှကိုဖမ်း၍ လူရှိရာစခန်း ဗန်းတ... ရောင်းလေ့ရှိသော ဈေးသည်တစ်မျိုးပင်တည်း။

သို့ကြောင့် လူသားတိုင်း...

- အချို့ ကိုယ့်ဒုကွှ အခြားသယ်၍ ဝယ်သူရှိရောင်း...

- အချို့ သူ့ဒုကွှ ကြုံတုန်းဝယ်၍ သယ်ယူပြီးပေါင်း...

သည်ကိစ္စမျိုးဖြင့်သာ တစ်ဘဝအချိန်ကုန်လွန်ရလေ့ရှိကြ... သုခကို သယ်၍ ဝယ်လျှင် ရောင်း၊ ရောင်းလျှင် ဝယ် ဖလှယ်... ကား ကာမငါးဈေးတန်းတွင် အစမ်းရောင်း၊ အစမ်းဝယ်ပင် မတွေ့... ပြီ။ အကယ်တိတိ...

ချစ်သူချင်းခင်တွယ်၍ သုခကိုဖလှယ် ဝယ်ရောင်းပါသ... ဆိုသော်လည်း သုခကား အမြည်းသက်သက်။ ဒုကွှသာလျှင် ... ခွင်ထက် အလေးဖြင့်စက်၍ ရောင်းဖြစ်၊ ဝယ်ဖြစ်ကြသည်ချည်းသ...

- ဒုကွှသည် ရှာလည်အရှိ၊ အလေးပြည့်။

- သုခသည် ရှာလည်မရှိ၊ လေးမပြည့်။

[ ၁၃၆၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း၊ ၇ ရက်၊ ပုံတောင်ပုံည...



# ဒီရေတက် လက်ယှက်မတားသာ

ဘာဝသွေး အမည်ရသော ရိုးတွင်းခြင်ဆီအားတို့ ပြည့်နှက်...ရာမှ ကန်ထွက်လာသော မုန်ယိုချိန်ကာလတွင်

ကာလပျို လူသားတိုင်း

မြောင်းစ၊ ချောင်းစမြင် ဆင်ခြင်ချိန်မရ၊ တဟုန်ထိုး ထိုးကျ...ာသည်သာ။

ရိုးတွင်းခြင်ဆီကြားမှ ရုန်းတက်လာသောအား မည်သည့်နည်း...တား၍မှ မရနိုင်။

အကယ်တိတိ... ရေအထ ချောင်းဝကလည်း လမ်းပြနေ... ရှေ့ကြိုမြင် နောက်ပြန်သိ၊ ရှိကြလေသောလူကြီးသူမများက ...တား၊ ချောက်တား၊ ကြိမ်းစကားဖြင့် တားချေသော်... ထို ...တားကား -

- ဒီရေတက်ရာအကြား လက်ယှက်တား

တားနည်းမှုလောက်သာ။

[ ၁၃၆၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း၊ ၈ ရက်၊ ပုံတောင်ပုံညာ၊ ]



www.burmeseclassic.com

www.burmeseclassic.com



# လူတွေ့ခံ လှန်လှောကြည့် အရှိ မသက်သာ

လူတို့၌…

စပ်စုတတ်သော ဉာဉ်၊ ကိုယ်တွေ့မျက်မြင်ဖြစ်လိုသောအကျင့်ဆင့်လျက်ရှိချေရာ… ထိုလူများ၏ရှေ့…

- မမြင်အပ်ရာ မှန်သမျှ အတွေ့မခံရာ။

အတွေ့မခံအပ်သော မမြင်အပ်ရာတို့မှာ…

- ရဟန်းများ၌ လူတို့၏ကမ္ဘပထတရားထက် အလွန်မြတ်သောချာန်- မဂ်

- လူအများ၌ ဖို၊မ သီခြားခွဲခြားထားသော နေရာများ

- အားလုံးတို့၌ စိန်၊ ရွှေ၊ ငွေစသည့်အတွင်းနေ ရတနာများ

ထိုသုံးမျိုးစလုံး ဖုံးထားလျှင် အကောင်းဆုံး။

အကယ်တိတိ….

ဆင်ခြင်ဉာဏ်မဲ့ အဖုံးမဲ့ ထားမိခဲ့ချေသော်…

တွေ့သူတိုင်း လှန်လှောအကြည့်ခံရသဖြင့် အရှိယောက်ယက်ခတ်ဖြစ်နိုင်သည်။

- ပစ္စည်းထူး လူနှုူးမခံရမိစေနှင့်။

[ ၁၃၆၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း၊ ၈ ရက်၊ ပုံတောင်ပုံညာ၊

နတ်တလူစာစဉ်



# သည်အတိုင်းပြောလျှင် သည်လိုမြင်ချင်လို့ဘဲ မှတ်လိုက်စမ်းပါ

အတွေးဖြင့်ခေါ်ယူထားသော စကားသည် အတွေးအခေါ်စကားမည်၏။

ထိုစကားသည်…

အနာဂတ်ရှိ အရာဝတ္ထုကို တစ်ထစ်ချ ထမ်းဆောင်လျက်ကရှိ၏။" သို့ကြောင့်-

ငါ ဒီလိုပြောသောစကားမှန်သမျှ

ငါ ဒီတိုင်းမြင်ချင်သောအရာဟူ၍ တစ်ထစ်ချ မှတ်ခဲ့။

အကယ်တိတိ… ငါ့စကားနှင့် သင့်အထား တစ်ပြားစာခန့်မျှအံလွဲနေအံ့။

ထိုပြားစာထုလွဲကလေးကပင် ဟိုအဝေးအနာဂတ်ကာလသို့ဆိုက်လေသောအခါ မိုင်ဖွဲ့၍ တိုင်းထွာရမည့် ဝေးကွာခြင်းဖြင့် အလျော်အစားလုပ်ယူရတော့မည်။ ငါ့သိက္ခာယုံလျှင် ငါညွှန်းသောပုံ ဂုဏ်ဆော်သင့်၏။

[ ၁၃၆၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း၊ ၉ ရက်၊ ပုံတောင်ပုံညာ၊ ]

နတ်တလူစာစဉ်

www.burmeseclassic.com

www.burmeseclassic.com



# မသိလို့ဆရာတင် ဆရာငင်ရာ ရွှတ်သာလိုက်ခဲ့

မည်သူမဆို

-ကိုယ်မသိခင် မိမိထက်အသိလျှင်သူကို ဆရာတင်ရမြဲတည်း။

-ကိုယ်မတတ်ခင် မိမိထက်အတတ်လျှင်သူကို ဆရာတင်ရမြဲတည်း။

အထာလျှင်သူကို ထိုသို့ဆရာတင်ပြီးကာမှ

ပြရာမသင် နှင်ရာမလိုက် တစ်ဇွန်းတစ်စမာန်ဖြင့် မိုက်ကန်းနေခဲ့လျှင်-

-အပါးလည်းမနပ်၊ အထားလည်းမတတ်၊ ဇိမ်းဇတ်ဇတ်ဖြင့် ပွဲပြီးမည်။

-အကျွမ်းလည်း မကျင်၊ အစွမ်းလည်း မထင်၊ မရမ်းပင်-သံပုရာသီးဖြင့် ပြီးသွားမည်။

ဆရာသည် တပည့်ထက်တော်၍ အပေါ်တက်ထိုင်နေသည် မှတ်ခဲ့။

[ ၁၃၆၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း၊ ၉ ရက်၊ ပုံတောင်ပုံညာ၊ ]





# ငါသည်လိုပြတာ သင်သည်တိုင်းမြင်စေချင်လို့

-ဆရာ၏ အပြောနှင့်အပြသည်

တပည့်အား သူတွေ့စေချင်သော**အရာကို** မေးငေါ့ပြနေခြင်းပင်။

-တပည့်သည် ဆရာ့မေးရိုးအတည့် **ကြည့်တတ်မည်ဆိုလျှင်**

သရုပ်နှင့် ဘုတ်အထား ဘွားဘွားကြီးမြင်တွေ့ခွင့် ရစေသည့်။

-ကျွမ်းကျင်ရာကိစ္စ ဒိဋ္ဌသိ မသိခဲ့လျှင်

ဆရာသည် ဆရာမလုပ်၊ ဒိဋ္ဌသိ မသိဘဲ ဆရာလုပ် ဆရာဟုတ် မဖြစ်နိုင်။

[ ၁၃၆၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း၊ ၉ ရက်၊ ပုံတောင်ပုံညာ၊ ]



www.burmeseclassic.com

www.burmeseclassic.com



# သိယောင်ကန်းနှင့် တတ်ယောင်ကန်း လမ်းတွေ့တိုင်း စမ်းလိမ့်မည်

- သိချင်ယောင်ဆောင်သော မသိမိုက်သည် မသိချင်ယောင်ဆောင်သော သိမိုက်ထက် ပို၍ ကန်းသည်။
- တတ်ချင်ယောင်ဆောင်သော မတတ်ကန်းသည်လည်း မတတ်ချင်ယောင်ဆောင်သော တတ်ကန်းထက် အမိုက်ပိုမည်။
- သိသော မသိသည်လည်းကောင်း၊
- တတ်သော မတတ်သည်လည်းကောင်း၊ စမ်းကြည့်အရှိ တွေ့နိုင်၏။ သို့ကြောင့် ထိုနှစ်ဦးစလုံးတို့သည် ကိုယ့်အရှိတစ်ဖက်သိမည်စိုးသော မစ္ဆရိယမျှ အပဝင်သဖြင့် တောင်းပန်လျှင် ထွက်တတ်သေး၏။
- မသိသော အသိ
- မတတ်သော အတတ်တို့မှာမူကား ယောင်ယမ်းခြင်းမျှသော မသိမှုမောဟ၏ နောက် ဝါကြွားလိုမှု မာန၊ အထင်ကြီးစေလိုမှု တဏှာ၊ လှည့်ပတ်လိုမှု မာယာစသည့် အယုတ်တရားအသင်း ဖဝါးထပ်နင်းလျက်က နာမ်ချုဉ်းနေခြင်းမျှဖြစ်ရာ တောင်းခံလည်း မကျ၊ တောင်းပန်လည်း မလှ၊ ကြာသော် အရုပ်ဆိုးဘဝဖြင့် ပွဲသိမ်းရချေမည်။ ဘာတစ်ခုမျှ ထွက်လာမည်ကား မဟုတ်ချေ။

[ ၁၃၆၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း၊ ၉ ရက်၊ ပုံတောင်ပုံညာ၊ ]





# တိုက်ပွဲကျ တိုက်ပွဲက တာဝန်ယူလိမ့်မည်

စစ်သားသည် တပ်မှူးအမိန့် နာခံလျက်သားနှင့် တိုက်ပွဲကျရသော် ထိုစစ်သား၌ တာဝန် မရှိချေ။ စစ်သား၏ တာဝန်က စစ်မိန့်နာခံခြင်းမျှဖြစ်ခြင်းကြောင့်တည်း။ သည့်အတူပင်

- ကမ္ဘာ့ဌာန်းအလုပ် အပတ်တကုတ်အားထုတ်နေပါလျက်က ကိစ္စမပြီး အချိုးနိုး ကုန်ဆုံးသွားရသော ကမ္မဋ္ဌာန်းသမား
- စီးပွားရေးအလုပ် ကျိုးကျိုးနွံနွံအားထုတ်နေပါလျက်က ကုန်ရှုံးကြွေးတင်သွားရရှာသော စီးပွားရေးသမား… စသည်များလည်း
- အင်အားပြခြင်းသည်ပင် သူ့တာဝန်ဖြစ်သဖြင့်
- အင်အားကျ၊ ထိုအင်အားများက တာဝန်ယူရမည်။

နောက်ဘဝ နောက်ကိစ္စအတွက် ထိုအင်အားက ထောက်ခံချက်ပေးလိုက်ခြင်းသည်ပင်။ သို့မဟုတ် အရည်အချင်းနှင့်အတွေ့အကြုံ အထုံပါသွားခြင်းသည်ပင် တာဝန်ယူခြင်းတည်း။

[ ၁၃၆၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း၊ ၁၀ ရက်၊ ပုံတောင်ပုံညာ၊]



www.burmeseclassic.com

www.burmeseclassic.com



## မင်းကမွေး မင်းသွေးချည်း မထင်နှင့်

မဆင်မခြင် ဘုရင်၏ မြင်မြင်သမျှ တော်ကောက်ရာမှ ရလာသော သားတော်၊ သမီးတော်အများကား -

- တစ်ဖက်က မင်းရဲသွေး
- တစ်ဖက်က ဆင်းရဲသွေး

အချင်းချင်း ရောထွေးလျက်က ဖွားသက်လာကြရသော သားသမီးများဖြစ်ကြရာ အမူအကျင့်များသည်လည်း ဖတစ်ဝက်၊ မိတစ်ဖက်ချည်းသာ။

သည့်ပမာလျှင် မျိုးကွဲ မျိုးတူ၊ အယူအကျင့် မတူညီသော ဖိုသဘာဝ၊ မသဘာဝ စသည်များမှ ဆင်းသက်လာသော နောက်ဖွားများသည်လည်း ဥဇ္ဇစရိုက်အမူအကျင့်များ တူရာတူ၊ ခြားရာခြားကွဲပြားနေမည်သာ။

[ ၁၃၆၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း၊ ၁၀ ရက်၊ ပုံတောင်ပုံညာ၊ ]





## သူများဆို လိမ်လိုလိမ် ကျိန်လိုကျိန် ကိုယ့်ကိုယ်ကို မလိမ်မိစေနှင့်

လူလူချင်း တစ်ဖက်အယုံသွင်းရာ၌

ရိုးရိုးလိမ်၊ မယုံသေး ကျိန်စာဆို၍ လိမ်ဖြင့် လိမ်ကြရချေသည်။

*ထိုအလိမ်သည် မသိသူကို သိသူက လိမ်ခြင်းဖြစ်၍ ယုံသည်လည်းရှိ၏။ မယုံသည်လည်းရှိ၏။ အပိုင်မဆိုသာ။

မိမိကိုယ်မိမိ အယုံသွင်းရာ၌ကား…

အသိ-အသိချင်း လိမ်ရသည်ဖြစ်ခြင်းကြောင့် မယုံလေ ပုံသော်မှ သဘောတူ၍ ပုံအပ်ခြင်းမျှသာ။ ယုံ၍ကား မဟုတ်။ ထိုယုံဘဲ ပုံအပ်ရသည်လောက် အခံရခက်သည်မှာ သူ့အပြစ်မရှိပြီ။

[ ၁၃၆၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း၊ ၁၁ ရက်၊ ပုံတောင်ပုံညာ၊ ]



www.burmeseclassic.com

www.burmeseclassic.com



# တောင်းရက်ပြီးပြီ နှုတ်ခမ်းသတ်ဖို့ ကျန်သေး

လူတစ်ဘဝ ခြေချ၍ လာခြင်းသည်

အတိတ်က ကံကြွေးချထားသော ကံတိုးခံသမားများထံ အကြွေးတောင်းရန်လာခြင်း၊ ထပ်ပိုးကြွေးသစ်ပေးရန်လာခြင်းမျှ သာ…။

ထိုတစ်ဘဝအတွင်း…

- ကြွေးဟောင်းတောင်းလျက်က ကြွေးသစ်လောင်းထားခဲ့ခြင်းလည်းပါ၏။

အရောင်းအဝယ်ဖြင့် အဟောင်းဖမ်း၊ ဒါနခန်းဖြင့် အသစ်ထမ်းခြင်းများ။

- ကြွေးဟောင်းချေလျက်က ကြွေးသစ်တဝေဝေ အညွန့်တက်လာခြင်းလည်း ပါ၏။

သူတစ်ပါး အကျုံးကျော်ခံ၍ သူတစ်ပါး အံတုရန်ကြံခြင်းများ။

ဤနည်းဖြင့် အသက်၏ သုံးချိုးနှစ်ချိုးထဲ တိုးဝင်လာချေရာ…

တောင်းဖျာရက်လုပ်မှု ပြီးစီးက နှုတ်ခမ်းသတ်ဟူသည် ကာ





ဆေးရစမြဲ။ ငါတို့၏ နေပြီးစီး၍ သေခရီးထဲဝင်လာစဉ် မည်သည့် အရာဖြင့် နှုတ်ခမ်းကွပ်မည်နည်း။

- အကြွေး… အပေးလား၊ အယူလား။ ကုသိုလ်လေလား၊ အကုသိုလ်လေလား…။

- နောက်ဆုံး စိတ်ဖြင့် ပိတ်စရာများ…။

[ ၁၃၆၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း၊ ၁၁ ရက်၊ ပုံတောင်ပုံညာ၊ ]



www.burmeseclassic.com

www.burmeseclassic.com



## အိမ်နှားနီး အားကြီးသဘောတူ

- ပျင်းနေလျှင် ဖျင်းဖို့သေချာသွားပြီ။

- တင်းလျှင်လည်း ထင်းဖို့သေချာသွားပြီ။

စရိုက်တူတစ်သင်း အိမ်နီးနှားချင်း သွားဖြစ်လေသောအ[ ]ရှေ့ လူစ နောက်လူများက ထ,ဖြစ်ကြလေသည်ပမာ…

ပနှင့်ဖ အိမ်နှားနီး အပျင်းနှင့်အဖျင်း သူငယ်ချင်းဖြစ်သွား[ ]အပျင်းစ အဖျင်းကျမှာ သေချာသည်။ အဖျင်းစလည်း အပျင်းထ,[ ]သေချာပြီ။

တစ်ဖန် တနှင့်ထ အိမ်နှားနီး အတင်းနှင့်အထင်းလည်း [ ]ငယ်ချင်း ဖြစ်သွားတော့ရာ ရဲတင်းလွန်း ထင်းထင်းပေါ်၊ ထင်းထ[ ]တွေ့ ရဲတင်း လက်ချင်းချိတ်ပမာ…။

[ ၁၃၆၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း၊ ၁၁ ရက်၊ ပုံတောင်ပုံညာ[ ]

နှတ်တလူစာစဉ်

## သဘာဝ အချက်များ မျက်နှာမှာ အကုန်စု

စိတ်နှင့်စိတ်ထိမ်းများသည်…

ဟာဒယဝတ္ထုရုပ်ခေါ် နှလုံးအိမ်၌တည်၍ နှလုံးသွေးကိုလည်[ ]စေကာ တွင်းပနှစ်တန် သဘာဝအမှန်ကို ဆင်ခြင်သုံးသပ်လေ့[ ]

- ထိုစိတ်၏ အလုပ်ခန်း အပြင်လူမည်သူမျှ ဝင်ခွင့်မရလေ။

- ထိုစိတ်၏ အလုပ်လမ်း မည်သူမှလည်း စုံစမ်းခွင့် မရချေ။ သူ၏ သဘောမှန် ထုတ်ပြန်ချက် သူ့မျက်ခွက်မှ စောင့်ကြည့်[ ]သာ။

- သူသဘောကျ၍ ဝမ်းသာနေလျှင် မျက်နှာသည် ပြုံးရွှင်[ ]ည်။

- သူသဘောမကျ၍ ဝမ်းနည်းနေက မျက်နှာသည် ညှိုးမည်း[ ]ည်။

- သူမည်သည့်အာရုံမှ ပုံဖမ်းမရ၊ မျက်နှာသည် မှုန်မွဲနေမည်။ စင်စစ် မည်သည့်ကိစ္စ မည်သည့်အရာမဆို ထိုဝမ်းတွင်းရှိ[ ]င်းအကြောင်း မျက်နှာက မောင်းခတ် ကြေညာနေမည်သာ။

- မျက်နှာသည် စိတ်၏ ပြန်ကြားရေးရုံးကြီးတည်း။

[ ၁၃၆၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း၊ ၁၁ ရက်၊ ပုံတောင်ပုံညာ ]

နှတ်တလူစာစဉ်

www.burmeseclassic.com

www.burmeseclassic.com



## ယနေ့ကို တွေ့ဖြစ်အောင် သွားတွေ့ပါ

-နက်ဖြန်သည် ငါ့အတွက် မသေချာ။ သင့်အတွက်လ... မရေရာ။ သေမှာရှင်မှာ အတတ်မသိရာသောကြောင့်တည်း။

-နက်ဖြန်သည် ငါ့အတွက်မဟုတ်။ သင့်အတွက်လည်း... ဟုတ်။ ဘယ်လိုဂြိုဟ်ဆိုး၊ ကြမ္မာဆိုးများ ဝင်တိုးမည် မသိ... ကြောင့်တည်း။

- နက်ဖြန်သည် ငါ့ကိုမချိန်း... ။ သင့်ကိုလည်း သူမ... အချိန့်သည် သူ့ဝန် သူထမ်း၍ သူ့လမ်းသူသွားနေ... ကြောင့်တည်း။

-ယနေ့သည် ငါ့လက်ကိုင် ငါပိုင် ဖြစ်နေသည်။

-ထိုယနေ့သည် ရွှေဆို ရွှေ၊ ငွေဆို ငွေ ငါ့ကို ဝေနေ...

-ယနေ့လောက် သေချာသောကာလ၊ ယနေ့လောက် သေ... သောဘာဝ ငါ့အတွက် ဘယ်မှာမှ မရှိ။

[ ၁၃၆၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း၊ ၁၁ ရက်၊ ပုံတောင်ပုံည...

## မဟုတ်တာလုပ် အကျဥ်းအကျပ်က ကျော်ပုတ်မည်

လူတို့သည်...

-ဓမ္မဥပဒေကြောင်းက ခွင့်မလွှတ်သောအကျင့်များကို ...ည်းကောင်း။

-လောကဥပဒေကြောင်းက ခွင့်မပြုသော အကျင့်များကို ...ည်းကောင်း။

လူကွယ်ရာသွား မဟားဒယား ပြုကျင့်ခြားသော်...

-လန့်စိတ်ကလှန့် အခန့်မသင့် ဖြစ်နေသောကြောင့် ...ည်းကောင်း။

-ကြောက်စိတ်က ခြောက် အနှောင့်အယှက်ပေးနေသော ...ကြောင့်လည်းကောင်း။

-နရုံဂူချောင်၊ တောတောင်သမုဒ္ဒရာ မည်သည့်အရာက ကာခြားပေးထားစေ...။

-လုံခြုံသည်ဟူ၍လည်း မထင်၊ အားရသည်ဟူ၍လည်း ...င်မိတတ်ချေ။

-စိတ်၏ အလှန့်အခြောက် သရဲတစ္ဆေအခြောက်ထက် ကြောက် ...ဖွယ်ကောင်း၏။

[ ၁၃၆၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း၊ ၁၂ ရက်၊ ပုံတောင်ပုံညာ၊]



www.burmeseclassic.com

www.burmeseclassic.com



# အဟောင်းချ အသစ်တင် ရန်ဖြစ်ဖို့သာ ပြင်ပေရော့

လောကတွင်းရှိ

အိမ်ထောင်ရေး၊ နိုင်ငံရေး၊ ဘာသာစာပေ၊ အနုပညာ စသ[illegible] ဘက်စုံတို့ဝယ် ရှေးသုံး လက်ထက်ပွားများနှင့် ခေတ်ပေါ်လက်ထ[illegible] ပွားများ ဝါဒရေးရာအားဖြင့် နေရာယူ အလုအယက်ဖြစ်ပေါ်လာ[illegible] အငြင်းပွားရမှုလည်း မဆုံးစေနိုင်။

- အမြင် ဝိရောဓိ... ရှေးအတွေးအခေါ်နှင့် ခေတ်ပေါ်အ[illegible] အဆ ဆန့်ကျင်နေခြင်း။

- အဆင် ဝိရောဓိ... အိမ်ဖွဲ့မှု ပုံစံများ ဆန့်ကျင်နေခြင်း[illegible]

- ညဉ် ဝိရောဓိ... အမူအကျင့် လှုပ်ရှားပုံ ဆန့်ကျင်နေ[illegible] များကြောင့် ထိုအတိုက်အခံအားဖြင့် အငြင်းပွားမှုများသည်...

ရှေးထိမ်း ရှေးယိမ်းတို့ အတိမ်းပါး မြန်ဆန်လျှင် တိုက်[illegible] မြန်မည်။ မြန်သည်ဖြစ်စေ၊ နှေးသည်ဖြစ်စေ၊ တက်သွေး[illegible] ခေတ်ပေါ်တို့ကသာ နောက်ဆုံးအောင်ပွဲခံသွားစမြဲတည်း။

- အားပေးသူအရေအတွက် တက်သွေးဘက်က တိုးသ[illegible] တိုးလာနေခြင်းကြောင့်။

- အားနွဲ့သူ အစွမ်းအစ တက်သွေးဘက်က စန်းထ,နေခြင်း[illegible] ကြောင့်။

[ ၁၃၆၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း၊ ၁၂ ရက်၊ ပုံတော်ပုံ

နတ်တလူစာစဉ်

# ကန့်ရှေကြား ချောင်းရေသွား စကားများမှာချည်း

- အနည်ကျပြီးသော ဝါဒရေးရာများအတွင်း ဝါဒသစ်တစ်ခု [illegible]င်သွင်းလာသော်လည်းကောင်း၊

- အနည်ကျပြီးသော အသင်းများအတွင်း အသင်းသစ်တစ်သင်း [illegible]ရောက်လာသော်လည်းကောင်း။

- အနည်ကျပြီးသော မိသားတစ်စုအတွင်း လူသစ်တစ်ဦး [illegible]ရောက်လာသော်လည်းကောင်း။

- ညဉ် စရိုက် ဝါသနာများနှင့် ကာလဒေသလိုက်သော အသုံး [illegible]များ ကွဲပြားနေတတ်သောကြောင့် မျက်နှာချင်းဆိုင် ထိုင်မဖြစ်၊ [illegible]အားချင်းရော ပြောမဖြစ်ကြတော့ပြီ။

[ ၁၃၆၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်၊ ပုံတော်ပုံညာ၊]

နတ်တလူစာစဉ်

www.burmeseclassic.com

www.burmeseclassic.com



# အနေချင်းဝေး သွေးကွဲ တွဲပွဲလုပ်မဖြစ်

လူနှစ်ဦး လမ်းဆုံရင်ဆိုင်တွေ့၊ တစ်ဦးကိုတစ်ဦး ထင်းထင်း တွေ့၏။

ထိုမှနောက်...

- တစ်ယောက်ကား မြင့်မားသော တောင်ထိပ်ပေါ်သို့ အရောင်အပေါက်တက်။

- နောက်တစ်ယောက်ကား နက်ရှိုင်းသော ချောက်တွင်း အရောက်အပေါက်ဆင်း။

ထိုနှစ်ဦး... တစ်ယောက်ကို တစ်ယောက် ခရီးပေါ် သလောက်ပင်။

သူ ငါ ကြည့်မရ၊ ငါ့ သူကြည့်မရ၊ ကြည့်ခွင့်ပင် မပြု တော့ပြီ။

သည့်ပမာလျှင်-

သိက္ခာအရာ၊ ရာထူးဂုဏ်သိန်အရာ စသည်တိုင်းတို့၌ အထ နှင့်အောက် အရောက်ချင်း ကွာသလောက် အယူအကျင့်ချင်းလည်း တာထောက်၍ မရကြတော့ပြီ။

- ငုံ့ကြည့်နှင့်မော့ကြည့် အတွေ့အမြင်မည်သို့ တည့်မည် နည်း

[ ၁၃၆၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း၊ ၁၃ ရက်၊ ပုံတောင်ပုံည

နတ်တလူစာစဉ်



# ခွင့်မပြုရာ အသွားလွဲ တရားစွဲခံရမည်

လူတစ်ဦး၏ ခွင့်မပြုလိုသော ကိစ္စ အတင်းအဓမ္မ ဝင်ရောက် စွက်ဖက်လျှင် မတရားမှုအဖြစ် တရားရုံး အစစ်ဆေး အပြစ်ပေး ခံ ရတတ်သည်။

- ခွင့်မပြုလိုသော ကိစ္စကား သူ့အစီးအပွားတည်း။

- သူ့အစီးအပွား သွားရောက်စော်ကား... မကျေချမ်းမည် အမှန်တည်း။

- မကျေချမ်းစိတ် ဖြစ်ပေါ်လာလျှင်ကား မတရားမှုအဖြစ် စွပ်စွဲခံရမည် အမှန်တည်း။

လူသားတိုင်း၏ တရားရုံးရောက်ရမှု မှန်သမျှ တစ်ဖက်ခွင့် မပြုသော တစ်ဖက်၏ အစီးအပွားများကို သွားရောက်စော်ကားခြင်း ပင်တည်း။

- ကာမအရာ ခွင့်မရ ဒီတစ်မှုမျှဖြင့် ပြီးပြေမည်။

- ဓမ္မအရာ ဝင်နှောက်က အမှုဒုတက် ဆက်လိုက်မည်။

[ ၁၃၆၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း၊ ၁၃ ရက်၊ ပုံတောင်ပုံည ]

နတ်တလူစာစဉ်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



# ကြောက်ပါပြီအော် အပေါ်ကတက်ထု

မာနကြီးသော လူတစ်မျိုး ဒေါသက လွှမ်းမိုးနေတတ်၏။

တဏှာကြီးသော လူတစ်မျိုး ဒိဋ္ဌိ တအားတိုးဝင်လာတတ်၏။

ထိုနှစ်မျိုးစလုံး

တစ်ဖက်ကို အနိုင်ကျင့်ရာတိုင်းတို့၌ မာနထဲရှိ ဒေါသခဲ မကြေသေးသမျှ ကာလပတ်လုံး ရှုံးသူ၏ အသနားခံ တစ်ပြားသားမျှ လက်မခံတတ်။

တဏှာထဲရှိ ဒိဋ္ဌိစွဲ အခဲမကြေလေသူကား၊ တစ်ဖက်က အရှုံးပေးလေ စိတ်ကြိုက်သုံးလျက်က ပြုံးလေဖြင့် တစ်သက်လုံး ဆုံးသည် မရှိချေ။

[ ၁၃၆၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့၊ ပုံတောင်ပုံညာ၊]





# ပြည့်လျှင်ကြည့် အပြည့်ဟုတ်မဟုတ်

တစ်ဦး၏အလုပ်သို့ နောက်တစ်ဦးက ဝင်ရောက်လုပ်ကိုင်ပေးခြင်းသည်-

-အချို့… တ,တိုင်းပြည့်စေသော တ-ပြည့်အဖြစ် ခံယူလို၍တည်း။

-အချို့… ရ,တိုင်းထည့်စေသော ရ-ထည့်အဖြစ် ခံယူလို၍တည်း။

-အချို့… မ,တိုင်းအိစေသော မ-အိအဖြစ် ခံယူလို၍တည်း။

ထိုသုံးမျိုးလုံးတွင် တဏှာ မာန ပပဉ္စတို့ အားနည်းသေးသော ကာလတွင်း ဖြစ်ခဲ့သော် တပည့်များကသာ ဆ,ပေး ရာပေးသူ ဆရာထံ ဝိုင်းရုံ၏။

တဏှာ မာန ပပဉ္စတို့ ကြီးထွားလာသောကာလတွင်း ဖြစ်နေသော်ကား ငါ၊ ငါ့ပစ္စည်း၊ ငါပိုင်ဖြစ်ရန် ကိုယ့်ဘက်သယ် အကြံဆိုးတို့ ကြီးစိုးနေကြချေရာ…

-ကိုယ့်ဖို့ရမှ သူ့ဘက်ထည့်သော ရ-ထည့်တို့သာ ဝိုင်းရုံလာကြတော့မည်။

-ကိုယ့်ဖို့မ,မှ သူ့ဘက်အိကျသော မ-အိတို့ကသာ ဝိုင်းရုံလာကြတော့မည်။

ဆရာတို့ပေးနိုင်လျှင် ပေး၊ မပေးနိုင် ဝေး ဝေးပြေးကြကုန်။

[ ၁၃၆၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့၊ ပုံတောင်ပုံညာ၊ ]



www.burmeseclassic.com

www.burmeseclassic.com



## အဆံခါ လာပြတိုင်း ငါ့စသည်ချည်း မဟုတ်

လူတို့သည် တစ်ဦးနှင့်တစ်ဦး

- လာရာလမ်းချင်း မတူခဲ့ကြ၍ ဆုံရာဋ္ဌလည်း တူလိမ့်မည် မဟုတ်။

- ဉာဉ်စရိုက်ချင်းမတူကြ၍ အသိချင်း၊ အကျင့်ချင်းလည်း မတူ၊ ထို့မတူ ဤမတူတို့… လမ်းစဉ်တူ အတူလမ်းလျှောက်လေသည့်အခါ

- မျောက်နှင့် ကြက်တူရွေး

- ခွေးနှင့် ကြောင်

တစ်ကောင်နှင့်တစ်ကောင် တည့်သည်ဟူ၍ မရှိလေသည့်ပမာ အတွင်းရှိ ဉာဉ်ခံ၊ စရိုက်ဖွင့် ဆန္ဒသန်သန်ဖြင့် လှန်ပြကြလေတိုင်း အရိုင်းတွင် အယဉ်နှော သဘောချင်း မတူလာကြပြီ။

ထိုသဘောချင်း မတူတိုင်းသော သူတို့ကို အရေးယူရမည် ဆို အရေးယူသူသာ မောသေမည်။

သူ့အနေကား သူ့အခြေအတိုင်းပင်။

[ ၁၃၆၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်၊ မန္တလေးမြို့မြိုမောနိ၊ ပုံတောင်ပုံညာ၊ ]





## တောင်ထိပ်မှ လိမ့်ဆင်းဆင်းလာသော ကျောက်တုံးခြမ်း တားဆီးရန် မလုံးပမ်းလေနှင့်

တဏှာလှုပ်သဖြင့် အကျင့်ယုတ်လျက်ရှိသော ဆုတ်ခေတ် ကာလမျိုးတွင်…

လူနေမှုမှ တော်လှန်သော လူနေမှုသို့ အတင်းပြောင်း ပစ်မည်။

ယဉ်ကျေးမှုမှ ခေတ်ဆန်သော ယဉ်ကျေးမှုသို့ အတင်းပြောင်း ပစ်မည်။

ရိုးရာမှ ဆန်းသစ်တီထွင်မှုသို့ ဇွတ်ပြောင်းပစ်မည်။

ထိုစဉ်ကာလကား ရှေ့လူနှင့်နောက်မွေး အပေးအယူ မတည့် ကြတော့ပြီ။ ရှေ့အားထုတ်နှင့် နောက်အားကုတ် ငြင်းပွဲကြီးများ ပြုလုပ်ကြတော့မည်။

ကာလကြာ… တော်လှန်သူတို့ကသာ အောင်ပွဲခံကြမည်။ အဟောင်းဦးရေကား တိုးနှုန်းမရှိ၊ ဆုတ်နှုန်းကသာ သေလှည့်ကျ နေသောကြောင့်။

အသစ်ဦးရေကား ဆုတ်နှုန်းမရှိ။ အဆန်းဘက် ဆန်တက်နေ သည်က များလာနေသောကြောင့်…။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန် အတွေးအခေါ် အမျှော်အသိ မည်မျှပင်ရှိရှိ ပြုပြင်တားဆီးရေးကိုလည်းကောင်း၊ ထိန်းသိမ်းရေးကိုလည်းကောင်း ဝင်၍မပြုသင့်။ ပြုခဲ့မိချေသော် အတားနှင့်အသွားတို့အကြား အလျားမှောက်လဲကျသွားတတ်လှပြီး အသွား၏ ခွကျော် နင်းချေခြင်း စင်းစင်းခံရဖို့သေချာသွားပြီ။

[ ၁၃၆၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်၊ ကြာသပတေးနေ့၊
မောနေယျတော၊ စကားရှာ၊ ဂန့်ဂေါ၊]





# သူကောင်းလို့ ခေါင်းငြိမ့်နေ မကောင်းတရား မမိန့်လေနှင့်

အမြင်သည် ဉာဉ်နှင့်လည်း တစ်ပါတည်း တွဲ၍နေတတ်၏။ ရောက်ရာခေတ် တွေ့ထိမိရာ ပတ်ဝန်းကျင်နှင့်လည်း တွဲနေတတ်၏။

သို့ကြောင့်…

ဉာဉ်မတူ အမြင်လည်း တူလိမ့်မည် မဟုတ်ချေ။

အတွေ့အကြုံမတူ အယူလည်း တူလိမ့်မည် မဟုတ်ချေ။

ထိုသို့သော မတူသော သူနှင့် အတူတွေ့နေစဉ်

သင်သည် မိမိ၏ဉာဉ် မိမိ၏အမြင် တစ်မျိုးတည်းဖြင့် ပွဲမတိုးသင့်။ တိုးမိခဲ့သော် မိမိဉာဉ်ရိုး သူ့သို့ သွားရောက် ထိုးမိလေသောကြောင့်…

- ဉာဉ်ဆိုးကြား၊ ဉာဉ်ကောင်းသွားထားမိလည်း အရိုးထိ မချိအောင် နာသွားတတ်သည်။

- ဉာဉ်ကောင်းကြား ဉာဉ်ဆိုးထားမိလည်း အရိုးထိ မချိအောင် နာသွားတတ်သည်။ ဉာဉ်မတူ အတူနေမယားကိုလျှင် မဆင်မခြင် နှစ်ပေး မမှားစေသင့်ရာ။

[ ၁၃၆၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း၊ ၁၁ ရက်၊ မောနေယျတော၊]



www.burmeseclassic.com

www.burmeseclassic.com



## လင်သား မယားပွေ အိမ်နေမ အလှပျက်နေလို့

အရာရာတိုင်းတို့၌ အသစ်အဆန်း တမ်းတမ်းတတ ရှာဖွေနေကြခြင်းများသည်…

- အပေါင်းစနစ် အညစ်ဝင်နေခြင်းကြောင့်လည်း ဖြစ်နိုင်၏။
- ရာဂသွေးတိုး နိုးအားကြီးလာခြင်းကြောင့်လည်း ဖြစ်နိုင်၏။
- အားချင်းပြိုင် နိုင်ရာကောက်ကိုင်မိခြင်းကြောင့်လည်း ဖြစ်နိုင်၏။ မည်သို့ရှိစေ လိုရင်းမှာ လက်ရှိက ထိမ်းမထားနိုင်ခြင်းသည် လျှင် အဓိကတည်း။

BURMESE CLASSIC .com

[ ၁၃၆၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း၊ ၁၁ ရက်၊ မောနေယျတော စကားရွာအနီး၊ ကျောရွာအုပ်စု၊ ပုံတောင်ပုံညာ၊ ဂန့်ဂေါ၊ ]

## သေသေချာချာ မကြည့်လေနှင့်၊ သေသေချာချာကြည့် တိတိပပ မှားတတ်သည်

ဝိသဘာဂ အာရုံ ပုံပေါ်လာသည်အထိ သေသေချာချာ မကြည့် ...ရ…

ကြည့်မိခဲ့သော်…

အာရုံ၏အဆွဲ အစွဲကပါ တွဲခေါ်လာတတ်သောကြောင့် သူ့...လု အခင်ငြိ သူ့လက်တွင်း အမိခံရတတ်ချေသည်။

လူတို့၏ ပစ်မှတ်ထား မှားယွင်းခြင်း မှန်သမျှ သေသေချာချာ ကြည့်မိရာမှ တိတိကျကျ လွန်ကျူးလာခြင်းများပင်တည်း။

[ ၁၃၆၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း၊ ၁၁ ရက်၊ မောနေယျတော၊ ]



www.burmeseclassic.com

www.burmeseclassic.com



## ကြက်သားဟင်းစား ဖျားချင် ဖျားပါစေ ကြက်ဟင်းခါးနှင့်တော့ မဖျားစေနှင့်

သတ္တဝါတို့တွင် လူ့ဘဝသည် တန်ဖိုးအကြီးမြင့်ဆုံး။

နတ်ပြဟ္မာတို့ဘဝသည် ဘူတရုပ် မဟုတ်ရကား အဆင့်တို ကျိုးခွင့်မရှိ။ ချမ်းသာလွန်းအားကြီးနေခြင်းကြောင့်လည်း ကျိုးရှမ ပင် မသိ။

တိရစ္ဆာန်တို့၏ဘဝသည် အသိဉာဏ်မဲ့လေရကား အဆင့်တ ကျိုးခွင့်မရှိ။ ဆင်းရဲလွန်းအားကြီးနေခြင်းကြောင့်လည်း ကျိုးချိန် မရ။

လူတို့မှာမူကား...

ဘူတရုပ်ရော၊ အသိဉာဏ်ရောလည်း ပြောမကုန်အောင် ဖြ ၏။ ချမ်းသာရော ဆင်းရဲရောလည်း ရောနှောစွာပင်ရှိ၏။ သို့ကြေ အကြောင်းနှင့်အကျိုး အကောင်းနှင့်အဆိုး ချိန်ထိုးစရာ ရှိလာ၏။

ထိုမျှတန်ဖိုးကြီးမား အဆင့်ဆုံးထိသွားနိုင်သောဘဝကို မဟုတ်သော ကာမညစ် နှစ်ကြည့်နေရုံဖြင့် အချိန်မကုန်စေနှင့်။

[ ၁၃၆၁၊ တန်ဆောင်မုန်းလဆန်း၊ ၁၂ ရက်၊ မောနေယျတော

နတ်တလူစာစဥ်

## ဆူးပုပ်မို့ ချိုတ်မိ ချိုတ်လိုစိတ်တော့ မရှိပါ

သတ္တဝါတိုင်းတို့၏ စိတ်အမှန်း ကိုယ်ဝင်ထမ်းပေးကြရာ၌

-အချို့ ဉာဉ် ဝါသနာအရ လှုပ်ရှား၏။ စေတနာကြောင့် တ်တတ်။

-အချို့ သူတစ်ပါးလှုံ့ဆော်မှုအရ လှုပ်ရှားပေးရ၏။ ကိုယ့် နာ မှုပါတတ်။

ထိုသို့သော ကံကျူးကိစ္စမျိုးများကို လိုက်လံကာ အရေးယူ သော် အရေးယူသူသာ မောမည်။ သူ့အမှုအကျင့်ကား ရပ်တန့် ည် မဟုတ်။

စေတနာအဆံကင်း ဉာဉ်ဝါသနာခင်း၏ အတွင်းထားကို သိပိုင်နေခဲ့လျှင် ရေပ်သီးမည်သူနှင့် တွေ့တွေ့ စပ်သဟော ခံရသလို...

ထိုသူလည်း သင့်မှမဟုတ်၊ မည်သူနှင့် ယှဉ်ယှဉ် သူ့ဉာဉ်အထား ရားဟောနေမည်။

[ ၁၃၆၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း၊ ၁၃ ရက်၊ မောနေယျတော၊]

နတ်တလူစာစဥ်

www.burmeseclassic.com

www.burmeseclassic.com



# ဆူးပုပ်၏ဂုဏ် ယုံလျှင်ဆက်

# အရွက်ချူးစားသွားပါ

ဆူးပုပ်သည် ကိုင်းကိုင်း၍ အပင်ချိုင်ခံရသော် ရိုးကပ်ဆူး မျာ
အသားညှစ်၍ ခြစ်ပြကြပေလိမ့်မည်။

အကယ်တိတိ… ကိုင်းကိုမနင်း အရွက်ညွန့်မျှကိုသာ
သာညှင်းညှင်း ချူးတတ်ခဲ့သော် ဆူးပုပ်ဟင်းက ထမင်းမြိန်မြိန်
မတိမ်အောင် ဆောင်ရွက်ပေးလိမ့်မည်။

သည့်ပမာလျှင်…

သတ္တဝါချင်း ရင်းခင်းနှီး၍ စီးပွားကွင်းအတူ ချဉ်းနင်းမိ
တိုင်း သူ့သဘောသိ၊ သူ့အကြောဖြည့်၍ ကိုယ့်သဘော အား
စေရာ၏။

ကိုယ့်သဘောရှင်း ကိုယ့်အကြောခွင်း၍ သူ့သဘော ရင်
စေရာ၏။

သို့မဟုတ်ပါဘဲ သူ့သဘောအကဲမဖမ်း သူ့ပိုင်နက် စိတ်
ခြေထား နှုတ်တံခါးကြား သွားရောက်မိမှားသော် အရိပ်သုံး
နားမလည် ဂျီသူငယ် ကျားစာဖြစ်ပမာ မိမိမှာ နစ်နာခံရတတ်သ
သူ့ကံစုံ ပုံဖမ်းလျက်က သူ့ပိုင်နက်တွင်း ချဉ်းနင်းသော်ကား သူ
၏ အရွက် ကိုယ့်အတွက် တစ်ခွက်ကောင်းဟင်း ဖြစ်လာမှာ
ချာသည်။

[ ၁၃၆၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း၊ ၁၃ ရက်၊ မောနေယျာ





# ရိုးတက်ဗွက်ကျော် ချက်မပေါ်မှကောင်း

လူသားတို့၏ တစ်နေ့တာခရီး ရိုးရာဖြင့်ချည်း ပြီးစီးတတ်
ရာ… ရိုးရာ၏ အညှာ ဉာဏ်ပညာဖြင့် ခွဲဝေမကြည့်တတ်ခဲ့
သော်…

ဇာတိမာန်တက် ထန်ရမ္မက် တစ်ဖက်သတ်ချည်း ဖြစ်တတ်
သည်။ သို့မဟုတ် မိမိ၏ အတွင်းထား ဝါသနာကွက် အဖုံးပျက်
ကျက်ဖော်က ပြတတ်သည်။ မျိုးရိုးညဉ်နှင့် ပင်ကိုယ်ညဉ် ယှဉ်
ပြိုင်တက်ရာမှ ဗွက်ထ,လာသောကြောင့်…

- ရိုးရာသည် အစဉ်လာကောင်း မီးမောင်းထိုးပြရုံသာ တော်
လောက်ပြီ။

- ပင်ကိုယ်သည်လည်း သဒ္ဒါကြား ဆန္ဒအားပြည့်ရုံချို တော်
လောက်ပြီ။

[ ၁၃၆၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း၊ ၁၃ ရက်၊ မောနေယျာ၊ ]



www.burmeseclassic.com

www.burmeseclassic.com



# နင် ဖြည်းဖြည်းလာ ငါဖြည်းဖြည်းသွား
# ဗျာပါမစွဲ ငရဲမလား ဘာညာပဲ
# စိတ်ထဲခွဲခွဲခြား

– တောင်တက်အဝေး ခရီးဘေး၊ ဖြည်းဖြည်းတက်ဆင်း
အထက်ချဉ်းမည်။

– ကံ ဥစ္စာပေး စီးပွားရေး ဖြည်းဖြည်းရှာဖွေမှ မပျက်ယွ
မည်။

– ဉာဏ်ဥစ္စာပေး ပညာရေး ဖြည်းဖြည်းပေးယူမှ လက်လ
မည်။

အကယ်၍များ…

– တောင်တက်ခရီး ဗျာပါသောကဖိစီး အစီးခံရသဖြင့် အ
တက်ဆင်းသော် လိုသည်ထက်လည်း ပို၍ပင်ပန်းမည်။ လဲချေ
လည်း ကျနိုင်သည်။

– စီးပွားရေး၌လည်း တဏှာရေသော သောကဖြင့် ကံ ဥ
တဏှာ တူးဆွခံရသော် သိက္ခာညှိုးကျိုး မိုးမှောင်ကံဆိုး မိတတ်သည





– သုတပညာ၊ စိန္တပညာ၊ ဘာဝနာပညာ ခွဲဝေဖြန့်ဖြူးရာတိုင်း
လည်း ဆရာ့ဉာဏ် ခြေကန်လိုက်နေရသည်အထိ ပေးမိယူမိခဲ့ကြ
သော်…

အရွတ်ဖတ်ဝါး အသားမပါ အားဗလာသို့…

ကျက်စာမှ တက်စာသို့မရောက် အထက်ဆင့် အမြင့်အပေါက်
င်း၊

မည်သည့်အရာမဆို ဖြည်းဖြည်းသမား အမှားကင်း အလင်း
တတ်သည်ကို သတိပြုပါလေ။

[ ၁၃၆၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း၊ ၁၃ ရက်၊ မောနေယျတော၊ ]



www.burmeseclassic.com

www.burmeseclassic.com



# သစ်ဝါးတို့ စုပေါင်း အိမ်တစ်လုံးကောင်း ဆောက်လိုလျှင် နိမ့်မြင့်တိုရှည် မှီရာရာ စီပေးစမ်းပါ

လူတို့၏ လူ့ဘဝ၊ လူ့ဌာန ကံပစ်ချ၍ ကျလာကြရာတွ လာရာလမ်းချင်း မတူကြသောကြောင့်··· လူချင်းကြုံ ဆုံရာ၌လည် သဘောချင်း မတိုက်ဆိုင်။

တစ်ဖန် ဆုံရာကြုံရာဝယ် မတူကြသောကြောင့်လည်း အ လမ်း သူ့လမ်းထား သူသွား၍ ကိုယ့်လမ်းထား ကိုယ်သွားရ သာ။

သို့ကြောင့် လမ်းသွားချင်း ပက်ပင်းခဏကြုံတွေ့ကြရာ၌ ပြောတာမှ အဟုတ်၊ ငါလုပ်တာမှ အမှန်၊ ငါကြံတာမှ သဘော ဟူ၍ ငါတကော မကောမိစေရာ···

သူလည်းပဲ သူ့အတွေ့အကြုံ ခုံမင် ဂုဏ်တင်ချင်ပေလိမ့်မ

ကိုယ်လည်းပဲ ကိုယ့်အတွေ့အကြုံ ပုံတင် ဂုဏ်တင်လ ကပင်··· ။

ဖဲကစားရာ၌ ကုလားချင်တူပါလျက်နှင့် ငါ့ကုလားက သည်ပြောကြား လျော့စားစားသည့်ပမာ မပြုကျင့်မိကြစေရာ···

[ ၁၃၆၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း၊ ၁၃ ရက်၊ မောနေယျ





# သူ့အပြောမကျေနပ် သူ့ခြေရာ ကိုယ့်ခြေရာ ထပ်ကြည့်

အပြောသည် အတွင်းသဘော၏ သရုပ်သကန် ထုတ်ပြန်ရာ၏ ပြန်ကြားရေးဌာနတစ်ခုပင်ဖြစ်ရာ

သူ့အပြော သူ့သဘောနှင့် ဟပ်နေသော်လည်း

သူ့အပြော ကိုယ့်သဘောနှင့်ကား ထပ်မိလိမ့်မည် မဟုတ် ချေ။

ထိုသို့သော အခြေမျိုးတွင် သူ့အပြော ခြေဖြင့်နင်း၍ လက် ဖြင့် မချိုးဘဲ၊ သူ့သဘောရှိးသို့ ကိုယ့်မနော ဖဝါးထိုး၍ တိုးကြည့် မိတတ်ကြရာ၏။

ထိုအခါ မနောချင်း ဟပ်မိသည်နှင့် သဘောချင်းလည်း ထပ်မိ မည်မှာ ဧကန်ပင်။

[ ၁၃၆၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း၊ ၁၃ ရက်၊ မောနေယျတော၊ ]



www.burmeseclassic.com

www.burmeseclassic.com



# ရေချိုးလို့မှ မကျိုး မီးချိုးလည်း မီးခိုး မထတော့ပါ

ဒိဋ္ဌိနှင့်ယှဉ်သော တဏှာသည် အကြိုက်ဖြင့် မျှားလိုက်လိုက်၍ သိမ်းပိုက်တတ်၏။

မာနနှင့်ယှဉ်သော တဏှာသည် အကြိုက်ကို တိုက်ခိုက်၍ အမိုက်သို့ ဆိုက်စေ၏။

ဒိဋ္ဌိယှဉ်တဏှာကား လောဘဇော စောစေသောကြောင့်တည်း။

မာနယှဉ်တဏှာကား ဒေါသဇော စောစေသောကြောင့်တည်း။

ထိုသို့ အကြိုက်နှင့်အတိုက် သတ္တဝါတိုင်း၏ လက်သို့ ဆိုက်စေရာ၌ သတ္တဝါတိုင်းသည် စကတည်းက

ကိုယ်ကြိုက်ကို မျှော်၊ သူခဘုံ ပိုဖော်လေ့ရှိတတ်ကြချေရာ-

တစ်ဖက်က မိမိအကြိုက်ဖြင့်လိုက်၍ နှိုက်ဖျက်ဖျက်လျှင် ငြိမ်ခံလေ့လည်း ရှိ၏။ အပြန်အလှန်ထွေး၍ အလိုက်ပေးသည်လည်း ရှိ၏။

အကယ်တိတိ...

တစ်ဖက်က အပျော့နှိုက်ရန် အကြိုက်ပေးလာသည်ကို အလိုက်လည်းမပေး အကြွေးလည်းမယူ (အရေမရ အဖတ်မတင် အဖျက်သဘောကိုသာ အပိုင်မြင်သဖြင့်) အလေးပင် မမူတော့ လျှင်ကား...

ဒုက္ခတွေ့လည်း မဖြုန်၊ ဒုက္ခပေးသူသာ ခြေကုန်လက်ပမ်းကျရှော့မည်။

[ ၁၃၆၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း၊ ၁၃ ရက်၊ မောနေယျတော၊ ]

နတ်တလုစာစဉ်



# မီးနီပဟန့် ရပ်တန့်နား မီးဝါထိုး နိုး၍ထား မီးစိမ်းမြင် အလျှင်သား သွားပါတော့လား

အရိယာသူတော်ကောင်းကြီးများ၏ သဘောသွား ကွဲပြားစွာ သိမီရန် ခဲယဉ်းလှ၏။

သို့ကြောင့် ယာဉ်ထိန်းရဲစောင့်သော လမ်းကြောင်းပေါ်က ကားမောင်းသမားသည် ယာဉ်ထိန်း၏လက်၊ မိမိ၏ကား အသက်ရှိရကား ယာဉ်ထိန်းအချက်ပြ ကြည့်မောင်းရ၏ပမာ

သူတော်ကောင်းတို့၏ နှုတ်ဖျား မိမိ၏ အသိစိတ် ပို့လွှတ်ထား၍ သူခေါ်လျှင် သွား၊ သူတားလျှင်ရပ် ပေတေကပ်တတ် မလုပ်အပ်သင့်ရာ။

[ ၁၃၆၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း၊ ၁၃ ရက်၊ မောနေယျတော၊ ]

နတ်တလုစာစဉ်

www.burmeseclassic.com

www.burmeseclassic.com



# သမ္မာဟုန် မြည်ဟည်း
# ကမ္ဘာဘုံ စည်တီးသည်ထက်
# အသံကျယ်သည်။

-မိုး၏ထစ်ချုန်းသံသည် သုံးယူဇနာအထိ မြည်ဟီး၏။

- ဘုရားရှင်၏သမ္မာဟုန်သည်ကား ၃၁-ဘုံမြေတုန်သည်အထိ မြည်ဟီး၏။

သည်အတူပင်လျှင်-

သူတော်ကောင်း၊ သူမြတ်လောင်း အလောင်းတော်တို့၏ သမ္မာဂုဏ်သိန် အဟုန်အရှိန်များသည်လည်း ပါရမီအင်အားအလိုက် ထိုက်သင့်သလို မြည်ဟီးနေတတ်ချေရာ သင်ကား သံပုံးတီးသံ၊ မိုးချုန်းသံ၊ မိုးကြိုးပစ်သံ ထိုသုံးမျိုးတို့တွင် မည်သည့်အသံတွင်း စာရင်းဝင်သနည်း။

[ ၁၃၆၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း၊ ၁၄ ရက်၊ မောနေယျတော၊ ]





# သတင်းကြောင့် ဂုဏ်တက်
# သင်းကြောင့်ပင် ဂုဏ်ပျက်မည်

လောကခံတရား ရှစ်ပါးတို့တွင်…

လူရှုပ်၊ လာဘ်ပေါ၊ ကျော်စော၊ ခြွေရံတည်းဟူသော ကောင်း လောကခံလေးမျိုးတို့၏ အထိုးအဆိတ်တို့ကို ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ အရှင်သခင်ကြီးများလောက်သာ ခံနိုင်စွမ်းရှိကြသည်။

သာမန် ပုထုဇဉ်လူသားတို့၏

-အနုပညာရှုခင်းဖြင့် ဂုဏ်သတင်း ပျံ့သင်းခြင်း

-စီးပွားရေးအခင်းအကျင်းဖြင့် ဂုဏ်သတင်း ပျံ့သင်းခြင်း

-နိုင်ငံရေး အရှုပ်အရှင်းဖြင့် ဂုဏ်သတင်း ပျံ့သင်းခြင်း

-အခြားအခြားသော နှုတ်မှုပညာ၊ လက်မှုပညာများဖြင့် ဂုဏ်သတင်း ပျံ့သင်းခြင်းတို့ကား တာရှီးရေတိုးလောက်မျှ ကြွကြွမခံနိုင်တတ်။

[ ၁၃၆၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း၊ ၁၄ ရက်၊ မောနေယျတော၊ ]



www.burmeseclassic.com

www.burmeseclassic.com



# စိတ် မကစားနှင့် စိတ်ကစား ကိုယ်ထားပျက်တတ်သည်

သိစိတ်သည် သင့်ရှိ မသိသော ကိုယ်ကိုပိုင်သော ကိုယ်၏ကြီးကိုင်။

သိစိတ်သည် သင်၏ မသိသောကိုယ်ကို လှုံ့ဆော်ရင်းနှီး ကိုယ်၏ဦးစီး။

သို့ကြောင့်…

စိတ်ကို ပေါက်လွှတ်ပဲစား လွှတ်မထားရာ။ အကယ်တိတိ-

ထိုစိတ်လွှတ်က မဟုတ်ရာ ဆောင့်တိုးတိုး တစွတ်ထိုးအကျင့်ဖြင့် အတင့်ရဲလာသော် ခြေထားလည်းပျက် ကိုယ်ကလက် သင့်ဘဝတန်ဖိုးလက်ပြည့် မရတတ်။

[ ၁၃၆၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့၊ မောနေယျတော၊ ]





# စိတ်မီးမမွေးနှင့် စိတ်မအေး ရုပ်ချွေးဖြစ်တတ်၍

-နာမ်မလိမ္မာ - ရုပ်နာမည်။

-နာမ်လိမ္မာမှ - ရုပ်သာမည်။

-နာမ်မအေး - ရုပ်ချွေးဖြစ်တတ်သည်။

စိတ်သည် သောကနှင့်ဝေးမှသာ အေးဆေးစွာ တည်လာတတ်၏။ ကိလေသာမီး မည်သည့်နည်းနှင့်မျှ မဟပ်မျှ။ အရပ်ရပ်ခွဲခြားမှတ်ဖြင့် သုံးသပ်ပေးတတ်၏။ အကယ်တိတိ… ထိုစိတ်ကိလေသာ၏ အဖိနှိပ်ခံနေရတော့သဖြင့်…

-စိတ်လေးနေခဲ့သော်… သင့်စိတ်၏အကြေ မီးဒဏ်သင့်ခံနေရရှာပြီ။

-စိတ်ပြေးနေခဲ့သော်… သင့်စိတ်ထဲ မီးစွဲနေချေပြီ။

-စိတ်ချွေးနေခဲ့သော်ကား… သင့်စိတ်တစဉ်လုံး မီးဟုန်းဟုန်းဆောက်ထနေချေပြီ။

ယနေ့ လင်ဆိုးမယား တဖားဖား၊ မယားဆိုးလင် တအင်အင်ရှုသော ဖြစ်စဉ်များသည် စိတ်မအေး၍ ရုပ်ချွေးဖြစ်နေခြင်း၏ သရုပ်များပင်တည်း။

[ ၁၃၆၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့၊ မောနေယျတော၊ ]



www.burmeseclassic.com

www.burmeseclassic.com



# အပြေးထက် အတွေး ဦးစားပေး
# အတွေးကိုသုံး အကုန်လုံး အုပ်မိတတ်လှ၍

- အတွေးအခေါ်သည် ဝိဇ္ဇာမယဉာဏ်ပညာ၏ အလုပ်၊ ဆရာ[...] လက်ကိုင်တုတ်။

- အပြေးသည်ကား သိပ္ပံအတတ်၏သရုပ် တပည့်၏ ခြေ[...] ထားလက်ထား အလုပ်။

ထိုသို့ စိတ်ကို အသုံးချ၍ ကိုယ်ကိုဖေးမစေခြင်း၊ ကိုယ်ကို အသုံးချ၍ စိတ်ကို အားမှုခြင်း မှုနှစ်မျိုးရှိနေရာတွင်···

ကိုယ်တွေ့ဖြင့် အဖြေပေါ်စေသော သိပ္ပံအတတ်သည် စိတ်[...] ကိုကား ခတ်ခွဲစမ်းသပ်၍ မရတတ်။ ခတ်ခွဲကိရိယာကပင် ရုပ်[...] သက်သက်ဖြစ်နေ၍။

စိတ်ကို မဆိုထားဘိ၊ ဘူတရုပ်ခေါ် ခန္ဓာတွင်း ရှိ မြေ၊ ရေ[...] လေ၊ မီး ဖြစ်စဉ်ကြီး လေးမျိုးတို့တွင် ကိုင်တွယ်တွေ့ထိရစကောင်းသော[...] မြေဓာတ် ရေဓာတ်သုံး သွေးသားရိုးကြော စသည် ၃၂ မျိုး၌သ[...] ပွဲတိုး၍ ရစေပြီး လေဓာတ်၊ မီးဓာတ်သုံး အခိုးအငွေ့ကိုကား ပွဲမတိုး···





စိတ်တွေ့ဖြင့် အဖြေပေါ်စေသော ဝိဇ္ဇာပညာရပ်မှာမူကား [...]သိပေါ် သတိစီးလျက်က အတွင်းခရီးနှင်ရာမှ စိတ်နှင့်ကိုယ် အလိုလို [...]ဆိုင်ခွင့်ရလာကာ သွေး၊ သည်းခြေ၊ လေ၊ သလိပ်တို့လည်း [...]လိုလိုပင် မထ။

ထို သွေး၊ သည်းခြေ၊ လေ၊ သလိပ်တို့ ငြိမ်ဝပ်ပိပြား မက [...]သလောက်လည်း အနုသယလက်ငုတ်၊ အလှုပ်ခြင်း၊ မထိုးဆွခြင်း [...] ကင်းဆဲသွားတော့ပြီ။ ထိုမှတစ်ဆင့် ကိလေသာမကျက်စား၊ [...]တ်-စိတ်ချည်း (သူတစ်ပါးစိတ်မဟုတ်၊ မိမိချည်း) ထားနိုင်၍ စိတ် [...]ပိုင်ဖြစ်လာသော် ကိုယ့်ဘဝလည်းကိုယ်ပိုင် တစ်လောကလုံး [...]လည်း ကြိုးကိုင်နိုင်တော့ရကား သုံးဆယ့်တစ်ဘုံရှိလောကပိုင် အကုန် [...]ပင် ချုပ်ကိုင်နိုင်တော့ပြီသာ။

ထိုသူပေးသောအဖြေ ကာလသုံးပါးစလုံး ကွက်တိကေန် [...]ဖြမှန်ချည်းတည်း။

ထိုသူပြောသောအပြော စ-လယ်-အဆုံး သုံးပါးလုံး အကောင်း [...]တာ့ အကောင်းဆုံးတည်း။

[ ၁၃၆၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့၊ မောနေယျတော၊ ]



www.burmeseclassic.com

www.burmeseclassic.com



## လေးဖက်သွား ကလေး၏ အနီးအပါး
## အန္တရာယ်ပစ္စည်း သွားမထားနှင့်

ပုထုဇဉ်တို့၏ အမြင်အသိသည်

အတွေ့မျှသိ၍ အထိမျှ ငြိနေတတ်ချေရာ ရှေ့အလား၊ နော အလား ဉာဏ်ဖြင့် မွေနှောက်၍ အထောက်မထားတတ်။

သို့ကြောင့် ပုထုဇဉ်တို့၏ စွဲစိတ်ရှေ့ ဈာန် မဂ် ဟိတ် ဆွဲချ မထားမိစေနှင့်။

[ ၁၃၆၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်၊ မောနေယျတော





## ဒုက္ခပင်လယ်ဝေ အမေတ စမြဲ

သားသမီးတို့ကို မိဘချစ်မြတ်နိုးရာ၌

အဖေက သန္ဓေပေး၊ အမေက မွေးပေးထားရလေသော ကြောင့် အမိနှင့်အဘ သားသမီးအပေါ်အချစ်ညီမျှ၏။ မည်သူမျှ အားမလျော့။ သို့တစေလည်း…

ကလေးတို့ ပဋိသန္ဓေလာရောက်ခိုဝင်ချိန် မိသွေး၊ ဘသွေး က်ဖျက်အလေးပေး၍ ခိုဝင်တတ်မြဲဖြစ်ရာ အကယ်တိတိ…

ဖအေသွေးများ၍ ဖအေ့သွေးသား ဖအေ့ရုပ်နှင့် တစ်သား ည်းကျနေလျှင် အမေသည် အထူးအရေးပေး အားကိုးတကြီး မွေး သည်။

မအေသွေးများ၍ မအေ့သွေးသား မအေ့ရုပ်နှင့် တသားတည်း လျှင်ကား အဖေသည် အထူးဂရုစိုက်၊ တောင်းသမျှ အလို တတ်သည်။

မအေ၊ ဖအေနှစ်သွေးကြား မွေးဖွားသော သားသမီးဖြစ်လာ င်ကား မအေက ဖူးဖူးမှုတ်၊ ဖအေကလည်း ဖူးဖူးမှုတ် ရွှေရုပ် သား ပုံပမာ။



www.burmeseclassic.com

www.burmeseclassic.com



အကယ်၍များ မအေ-ဖအေသွေးရောင်မပြ၊ သူ့ကံပေးသည့် သွေးရောင်များကသာ ထကြွနေလျှင်ကား မအေမညှာ ဖအေမညှာ ဗလာချည်း ကရတတ်သည်။

သို့ကလို မိကဲ၊ ဖကဲ ဘယ်မှာကွဲကွဲ၊ ကလေးကား ခုမှ တွေ့ အမေတ,စမြဲ။

[ ၁၃၆၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့၊ မောနေယျတော





## စောင်းခတ်သံအဖွဲ့ နေရာတကာ နယ်မချဲ့နှင့်

ဤလူ့ရွာ၏ လူမှုအဆောက်အဦကြီးကို ယဉ်ကျေးမှု၊ အနုပညာတို့ဖြင့် ပေါင်းစပ်ဖွဲ့စည်းထားချေရာ…

-ဘာသာဝါဒ ကိုးကွယ်ဝတ်ပြုခြင်းကို ယဉ်ကျေးမှုက တာဝန်ယူ၏။

-စာပေ ဂီတစသည့် သုတ၊ ရသအခင်းကို အနုပညာက တာဝန်ယူ၏။

-ယဉ်ကျေးသိမ်မွေ့သော ဘာသာရေးသမား၊ အများ'က လေးစားဂုဏ်ယူသည်။

-နူးညံ့ပျော့ပျောင်းသော အနုပညာရှင် မြင်သူတိုင်းက ခင်မင်လိုသည်။

သို့စဉ်လျက်…

ဘာသာရေးသမား အမည်ခံကာ စောင်းချိတ်ပုတ်ခတ်သံ ဆူညံနေခြင်း၊ တစ်ဖက်၏ ဘာသာနှင့်လူမျိုး မှိုချိုး၊ မျှစ်ချိုး ချိုးလိုခြင်းများ မတရားအားကြီးနေသော် ယဉ်ကျေးမှုအမည်ကျော် မတော်မလျော်ဖြစ်ခင်းနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖန် အနုပညာရှင်အထင်ခံပြီးကာမှ စောင်းချိတ်ပုတ်ခ
(တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့) လုပ်ဇာတ်များ ခင်းနေ၊ ကျ
နေကြပြန်လျှင်လည်း အနုပညာရှင် ဗျူပွတ် ကိုယ့်ဘာသာကို
ပြန်သတ်နေချေပြီ။

ခေတ်ကြီးစောင်း၍ မာနနှင့်ရာဂတို့ ခေါင်းထ,နေချိန်

သူ့မလေးစား၊ သူ့ကိစ္စအရေးမထားတော့သည့်ပြင် ကို
အတတ် ကိုယ်အကောင်းထင် ကိုယ်ကြိုက်မှသာ အကောင်းမြင်ရ
ကား ရိုင်းကျေးစုနှင့် အနုပညာသည်ကသာ ဦးရေတိုးပွားလာ
မည်။

-ထိုအသင်း သင့်စာရင်း သွင်းမထားမိစေနှင့်။

-အငိုလွယ်သလောက် အရှိုက်ခက်တတ်လွန်းလှ၍။

စောင်းခတ်သံ စကားရှေ့စောင်းတော် တီးခတ်သမာ
နာမည် ခံရာစကားမျှသာ။

[ ၁၃၆၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့၊ မောနေယျတော





# အရှက်မဲ့ကာမ ဗိုက်အမည်းကွက် ထတတ်သည်

လူ့ဘဝ၊ နတ်ဘဝ ရစေရောက်စေတတ်သော ဒါနမျိုး ကြီး
ဆုံက ဒါ၊ ဝတ္ထု၊ ပုဂ္ဂိုလ်တို့အပေါ် ခင်မင်မှု စီးပိုးလျက်က
များထားခြင်းကြောင့် ငါ့ဖို့သူ့ကိုလိုလားခြင်းနှင့် သူ့အပေါ် ကာမ
ဖြင့် ပြုစုလိုခြင်းများ တဖွားဖွားထ,စေသည်။

အဇာဂါမ်ဘဝ မရ၊ မရောက်သေးသမျှ မည်သူမျှမကင်း...
သို့တစေလည်း...

-အရှက်မဲ့ အကြောက်မဲ့ဖြင့် နှောင်ဖွဲ့မိခြင်း မရှိစေသင့်။

-အရှက်မဲ့ အကြောက်မဲ့သည် အပူခံကိလေယုတ် ဖမ်းစုပ်
အားတတ်လှသောကြောင့်...

ရေဝယ်ပျော်၍ ကုန်းပေါ်နားသက်လေ့ရှိသော လိပ်၌ သည်းခြေ
အပူကန့်ခြင်းများ အချိန်ပြည့် ပွက်ထ, နေတတ်ရာ ထိုအပူကြောင့်
ထက်တစ်မိုးရ ဗိုက်ဝယ် အမည်းကွက် တစ်ကွက်မျှ ထ,လေ့ရှိ၏။
၏ အသက်တမ်း အဘယ်မျှဟူ၍ ခန့်မှန်းလိုလျှင် ၎င်း၏ဗိုက်ကို
ကြည့် အတတ်သိ၏။



www.burmeseclassic.com

www.burmeseclassic.com



သည့်ပမာလျှင်…

လူတို့၏ အရှက်မဲ့၊ အကြောက်မဲ့သရမ်း ကိလေသာငန်းဖ
ပွဲ၏ ကြမ်းရမ်းခြင်းများကလည်း တစ်ရက်ကြီး တစ်မီးတောက်နှ
ထား‌ဖြင့်…

- အသက်နှစ်ဆယ်တန်းတက် ဆယ်နှစ်ကထက် အမည်းကွ
ပိုထင်မည်။

- အသက်သုံးဆယ်တက် နှစ်ဆယ်နှစ်ကထက် ပိုမည်းမည်

- အသက်ထက်ဝက်ရောက် မီးသွေးစိတ်ပင် ပေါက်လိမ့် မည်

ထိုမှနောက် မီးကြားထင်း လောင်ရင်း ပြောင်ရင်းဖြင့် အတိုပို
ဆင်းသွားရကာ မကုန်ခင်မီးခဲ အမည်း (မီးသွေးခဲ) ဖြင့် ပွဲသိ
ကုန်မှသာ မီးအားကျ ပြာဝဖြစ်ပွဲသိမ်း ထင်းထင်းအတိုင်းဖြူကြ
ကား မရောက်တော့ပြီ။

- သင်၏ လောကတွင် အကြီးအကဲစာရင်းဝင်ခြင်းကား

- ကိလေသာမီး လောင်အားကြီးသဖြင့် အရှက်မဲ့နှင့်ရ
လူကဲကြီး မဖြစ်စေနှင့်။

[ ၁၃၆၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့၊ မောနေယျတော





# ရွှေလိုချင် ငွေရှာ
# ငွေလာလျှင် ရွှေပါမှာ သေချာသည်

လောကရှိ လူရှင်ရဟန်း မည်သည့်ဝန်ထမ်းမဟူ မိမိ၏
တာဝန်ခံန်း တန်းကျေဖို့အရေးကြီးသည်။ ရာထူး၊ ဂုဏ်သိန်၊ စည်း
စိမ်ကိုမှန်း၍ ထမ်းသော ဝန်ထမ်းမျိုး မဖြစ်စေရာ။

ထိုအရာမျိုးကား ကျွဲကူးရာ ရေပါစမြဲပမာ ဓမ္မတာအတိုင်း
မိမိတာဝန် ကျေပွန်ခြင်း၊ ထူးချွန်ခြင်း၊ အန္တအတာခံခြင်းများနှင့်အတူ-

အမျှော်မပါလေ ပေါ်လာလေ၊ ခေါင်းခါလေ အကြောင်းပါ
လေချည်းသာ…။

[ ၁၃၆၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်၊ ၁ ရက်၊ မောနေယျတော၊]



www.burmeseclassic.com

www.burmeseclassic.com



## စကားကတရား နားထဲထည့်ရုံမျှဖြင့် မကြား

တရားသည် သဘောကိုဆိုချေရာ။

လူတို့၏ မနောရှိ သဘောအတိုင်း ထွက်လာသောစကားများသည်လည်း တရားစကားချည်းသာ…

-လူလိမ္မာသည် လူလိမ္မာ၏သဘော လူလိမ္မာတရားဟောနေသည်။

-လူမလိမ္မာကလည်း လူမလိမ္မာသဘော လူမလိမ္မာတရားဟောနေသည်။

မည်သူမဆို

-မိမိမနောရင်းရှိ သဘောတွင်းကို အတိမ်အနက်ထား ပြောကြားနေခြင်း။

-အနတ္တ၏ သဘာဝ၊ သဘောမျှကို ကျကျနန ပြသနေခြင်း။

-မိမိရှိ ဇာတိဘုတ် သရုပ်ထုတ်နုတ်၍ ဖော်ပြနေခြင်းပင်ဖြစ်ရာ နားထောင်စကား ကြားရလေသူ ဉာဏ်နားမပါက အသံကြားစကားဖြင့်ပင် ပြီးပြေမည်။





ဘုရားစကား (၃၁) ဘုံအကုန်လုံး နာကြားခွင့်ရသော်လည်း နာသူသာ နား ကြားသူအလကားဖြင့် ပြီးပြေသွားရာ၊ နိဗ္ဗာန်ပေါက်ဉာဏ်ဖြင့်နာ နားမှဖောက် သဘာဝထောက်နိုင်သူများလောက်သာ ရောက်သွားကြသည်။

[ ၁၃၆၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်၊ ၁ ရက်၊ မောနေယျတော၊ |



www.burmeseclassic.com

www.burmeseclassic.com



# အဆန်းသရုပ်မခွဲလေနှင့် သရုပ်ကွဲနှင့် အစွဲ တွဲဝင်လာတတ်သည်

တဏှာမကင်းသူတို့၏ မျက်စိအစထား ဝါးခါးခြောက်စင်း ကား တဏှာ မာန ပပဉ္စတို့၏ ကစားကွင်းများချည်းဖြစ်ကြလေရာ အာရုံပုံရိပ် ဂုဏ်ဟိတ်ခတ်၍ အထပ်ထပ် ကြည့်၊ ကြား၊ စား၊ နမ်း၊ ထိတွေ့ခန်း လမ်းဖွင့်ပေးသော်…

တိုးကြည့်လေ တစ်မျိုးထိလေ။ နိုးကြည့်လေ တိုးငြိလေဖြင့် စိတ်ကူးယဉ်ကစားသမား ပွဲနားခွင့်လည်း မရ၊ ဆွဲထားခွင့်လည်း မရ၊ ကြာသော် အစွဲနာကျ၍ ဒုက္ခလှလှကြီး ရောက်ရတတ်သည်။

[ ၁၃၆၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်၊ ၁ ရက်၊ မောနေယျတော။]





# အရှုး၏အမူ ဥပေက္ခာသာ ပြုလိုက်တော့

ပုထုဇ္ဇနော ဥမ္မတ္တကော ဆိုထားရာ…

ပုထုဇဉ်တို့ ပြုကျင့်သမျှအရာအားလုံး စိတ်ဦးတည့်ရာ ကိုယ် လိုက်ပါကာ အကောင်အထည်ဖော်ထားခြင်းမျှသာ… ၄င်းကို

- သူ့လို စိတ်တူသမားနှင့်တွေ့က ကောင်းပေ့ပြော ရောဝင် လာမည်။

- သူနှင့်စိတ်မတူသူက မကောင်းဂုဏ်ပုဒ်တပ် ပုတ်ခတ်မည်။

သူဟူသော ကာယကံရှင်ခမျာမှာမူကား အကောင်းဟူသော အထင် ကောင်းထက်ကောင်းဟူသော အထင် စိတ်ကူးတယဉ်ယဉ်ဖြင့် ပြင်ဆင်ပြုလုပ်ထားရကား ဘာလုပ်လုပ် အဟုတ်ချည်း ထင်နေပေ လိမ့်မည်။ သို့သော်…

- တဏှာအရင်းထမ်း… အဆန်း၊ ငန်းဖမ်းနေတတ်သောကြောင့် လည်းကောင်း၊

- မာနအရင်းထမ်း… အကြမ်း၊ ငန်းဖမ်းနေတတ်သောကြောင့် လည်းကောင်း၊



www.burmeseclassic.com

www.burmeseclassic.com



– ဒိဋ္ဌိ အရင်းထမ်း အစွဲလန်း… ငန်းဖမ်းနေတတ်သောကြောင့်

ဘာလုပ်လုပ် မဟုတ်တဟုတ်ဖြင့်သာ ပြီးပြေမည်။ သင်သည် သူ့လုပ်ရပ် စောင့်ကြပ်ကာ ပုတ်ခတ် (ဝေဖန်) နေသော် သင်သာလျှင် အရှုံး၊ သူ့ထက်ကဲ ဘွဲ့ထူး ဆွတ်ခူးရလိမ့်မည်။

[ ၁၃၆၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်၊ ၂ ရက်၊ မောနေယျတော၊]





# သံပုရာသကြားကဲ ချိုချဉ်လောက်ပဲ ဖြစ်လာမည်

အနုသယ လက်ငုတ် အပြီးမရှုပ်သိမ်းနိုင်သေးသူအား

သူ့ဉာဉ် သူ့စရိုက်တို့ကို သွားရောက်ဟန့်တားလျှင် ကြီးသူတို ရိုသေ၊ ငယ်သူကို လေးစား၊ ရွယ်တူဆိုက အရေးထားဟူသော ဗုဒ္ဓဘာသာထုံး နှလုံးမူမိ၍သာ ပြင်ကောင်းပြင်မည်။ နဂိုဉာဉ်ကား အတွင်းထ, ထရန် တပြင်ပြင်ပင်။

[ ၁၃၆၁၊ တန်ဆောင်မုန်းလပြည့်ကျော်၊ ၂ ရက်၊ မောနေယျတော၊]



www.burmeseclassic.com

www.burmeseclassic.com



# မာန်ပြချင် နဂိုရေ မာန်ကျလိုလျှင် ဖြူနေနေ

ကမ္ဘာ့လူသိုက် တိုက်ကြီးများဖွဲ့၍ မျိုးရိုးစရိုက် အစဉ်လိုက် နေကြလေရာ-

-ဖြူ-ညို-ဝါ အရောင်အဆင်း သွေးကြားသွင်းထားသော မျိုးရိုးလိုက် လူသားများသည် သဒ္ဓါနှင့်ပညာ အစဉ်အလာထား၍ ကျက်စားကြသည်။

-ဖြူ-နီ-ကြောင်စပ်ဟူသော ဖြူလွန်းသော အရောင်အဆင်း၊ နီရဲသော အရောင်အဆင်း၊ ကြောင်လွန်းသော အရောင်အဆင်း အရောင်စပ်ထားရာမှ ထွက်လာသော အရောင်အဆင်း ပိုင်ဆိုင်လေသူ မျိုးရိုးလိုက်လူသားများကား တဏှာ- မာန- ပပဉ္စတို့ အစွမ်းပြကာ 'ဇ' ပြလွန်းရကား ထ,ကြွလွန်းသော လူသားများ ဖြစ်လာကြချေသည်။

ထိုသို့ ကမ္ဘာရိုး အမျိုးကွဲနေကြလေရာ-

ရာဂ- မာန- ဒိဋ္ဌိဇီဝပါ ဖြူနီကြောင်စပ်တို့ကား သံသရာနယ်ချဲ့ ဘုန်းတော်ဘွဲ့ဖြင့် အောင်ပွဲခံလိုကြသဖြင့် မွေးလာသော





သားသမီး ရာဂ- မာနပွားစီးနည်း သင်ပေးမည်။ ယင်းကား နဂိုရေ မြိုက် အလိုက်သင့် မွေးပေးထားခြင်း အားပေးခြင်းတည်း။

သဒ္ဓါ- ပညာ- ဇီဇပါ ဝါ-ညို-ဖြူ အာရှတိုက် (အရိယတိုက်) သားများမှာမူကား-

-သံသရာလျှောက်ရင်းက သံသရာပေါက် ဖောက်ထွက်ရန်

-ကာမနှင့်ဘဝ စည်းစိမ်ခံစားရင်းက အစွဲလက်လွှတ် ဝဋ်မှ လွတ်လွှတ်ရန် ဟန်ပြင်ထားကြရာ သူ့ရှိသေခြင်း ဂါရဝ၊ ကိုယ့် ချခြင်း နိဝါတ နှစ်မျိုးဖြင့် မာနဆိုး ဖျက်ချိုး ချိုး၍ နေထိုင်ကြ ရှိသည်။ ကမ္ဘာ့စနစ် အတ္တနှင့် အနတ္တ သဘောထားကွဲရာ၏ စဉ်ထားတည်း။

[ ၁၃၆၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်၊ ၂ ရက်၊ မောနေယျတော၊]



www.burmeseclassic.com

www.burmeseclassic.com



# ဘုန်းကံ ထုံးစံဖြင့်ဖောက် ပန္နက်တိုင်ပင် ပျောက်မည်

ရှေးလူတို့၏ ယုံကြည်ခြင်းသည်

ကိုယ်ကိုးကွယ်ရာ ကိုယ့်ဘုရား လက်တွေ့မျက်မြင် အ...
အရှား သူ့စကား ကြားခွင့်ရ၊ သူ့အမူအကျင့်ထူး ဖူးခွင့်ရရာမှ ...
ပွင့်လာသော သဒ္ဓါဖြစ်သဖြင့် သဒ္ဓါ၏နောက် ပညာအရောက် ...
လေ့ ရှိတတ်သည်။ ပုဂ္ဂိုလ်ခင်၍ တရားမင်လာခြင်း။

ယခု နောက်လိုက်တို့၏ ယုံကြည်ခြင်းမှာမူကား…

ဘုရားလည်းမမြင် တရားလည်းမဆင်ခြင် ဘုရားသွေး...
အရိယာထေရ်အရှင်များကိုလည်း မမြင် (မြင်သော်မှ အရိယာ မ...
ထင်သော်မှ ပုဂ္ဂိုလ်၌သာ မေးတင်ထားတတ်ရကား) မိဘရိုး...
သဒ္ဓါပွား၊ အငှားသုံး သုံးစားနေခြင်းကြောင့် သဒ္ဓါနောက်...
ပညာမဝင်သာ။ ပညာမပါသော သဒ္ဓါသည်လည်း ရေအောင်မျိုး...
မဖြစ်နိုင်။ ထိုသဒ္ဓါသည် ဗလဝသဒ္ဓါအားကြီးသောအရာ မ...
ရကား-

- ပြုစုသော ပုညသိုး ဘုန်းတန်ခိုးပင် မပေါက်နိုင်။
- စောင့်ထိန်းသော သီလသိုး ဘုန်းတန်ခိုးပွင့် မပွင့်စေ...

[ ၁၃၆၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်၊ ၂ ရက်၊ မောနေယျ...

နတ်တလူစာစဉ်

# ကိုင်းကူးကိုင်းဆက်ပင် မြေစာကျွေးမှ အသက်ဝင် ရှင်မည်

ဘုရားအရိယာတို့၏ ဓမ္မတတ်အား မိမိ၏သဒ္ဓါတရားဖြင့်
...ကာ မိမိ၌ လောကုတ်၊ လောကီ နှစ်လီသောဥစ္စာများ တိုးပွား
...င်…

- သီလနှင့် သဒ္ဓါတို့၏အကြား
...မေတ္တာနှင့် ပစ္စည်းလေးပါး ပံ့ပိုးမှ နှစ်ဖက်အကျိုး တိုးပွား
...း

- သည့်အတူ ဆရာနှင့်တပည့်တို့၌ ချီးမြှောက်ခြင်းနှင့် ပြုစု
...ား ပံ့ပိုးရမည်။

မိဘနှင့် သားသမီးတို့၌ ဦးဆောင်ခြင်းနှင့် နောက်လိုက်ခြင်း
...ံ့ပိုးရမည်။

- မည်သည့်အတွဲမဆို အကျင့်နှင့် ယုံကြည်ခြင်းတို့အကြား
...င်ရာအထောက်အပံ့၊ ပိုးမထားက တိုးပွားသင့်သလောက် တိုး
...လာတတ်။

...၆၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်၊ ၂ ရက်၊ မောနေယျ...၊ ]

နတ်တလူစာစဉ်

www.burmeseclassic.com

www.burmeseclassic.com



# အရိုးကြား အသားမကျ
# အ အ ဘဝရောက်တတ်လှ

ရိုးသားခြင်းသည်

လူ့စည်း၊ ဘီလူးစည်း တခြားတသီး တားဆီးပေးထား
စည်းငမာ၊ သူ့သိက္ခာ၊ ကိုယ့်သိက္ခာနှစ်ဖြာရိုး မချိုးမိရန် တား
ခြားထားခြင်းပင်။

သို့တစေလည်း

ကိုယ်ကျင့်သိက္ခာ စည်းခြားထားရာ ထိုကျင့်ဝတ်ထုံးအ
သတိအသိဉာဏ်ပညာတို့ ဝင်ဆန့်ခြင်း ပါရှိမှသာ အရိုးမကျိုး
မသက် သူနှင့်ကိုယ် ယုံကြည်မှု တိုးတက်မည်။

အကယ်တိတိ-

သတိ အသိ ဦးမစီး မောဟဖောက်လျက် သူတကာ အ
သူတကာ အလုပ်၊ သူတကာလက်ကုတ်ရာနောက် ကောက်
ပါ လိုက်နေမိလျှင်ကား ရိုးပြအစား၊ ရိုးအတရားက အစားထိုး
ရောက်လာတတ်သည်။

[ ၁၃၆၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်၊ ၂ ရက်၊ မောနေယျ

နတ်တလူစာစဉ်

# ငုတ်စိုက်တန်း တုတ်ရမ်းမသွားနှင့်

ဘုရားတပည့် အရိယာဖွား သူတော်ကောင်း အစားစားတို့
ည်-

- ကိုယ့်အကြောင်းကြည့်လည်း မကောင်းမမြဲသဘောပဲချည်း
ကို ထဲထဲဝင်ဝင် ပြပြစင်စင် သိပိုင်နေချေရာ မည်သည့်လောကဓံက
တ်ပုတ်မလှုပ်။

- သူ့အကြောင်းကြည့်လည်း မကောင်းမမြဲ သဘောပဲချည်း
မြင်၊ လောကတစ်ခွင်လုံး ဣရိယာပုတ်ဖြစ်စဉ် သင်္ခါရန်ပေ
ပ်ထားခြင်းကို အတွင်းသိ သိပိုင်၍ချည်း နေတော့ရကား ကောင်း
ဆိုးမဖြုန့် ခေါင်းငုံ့လျက်ကချည်း။

ထိုသို့သော သူတော်ကောင်းကြီးများသို့

- လောဘထမ်း တုတ်ရမ်းသွားအလား ပုဂ္ဂိုလ်ရေးအချစ် မရစ်
စေရာ...

- ဒေါသထမ်း ဓားထမ်းသွားပမာ ပုဂ္ဂိုလ်ပေါ် မုန်းစိတ်ငြိန်း
မ်းမိစေရာ...

- မာနထမ်း အကန်းသွား သွားနည်းပမာ ပုဂ္ဂိုလ်ကိုင် အနိုင်
င်မိစေရာ....

ရလာဒ်ကား တုတ်တံ၏ နောက်ပြန်ရိုက်ကြောင့် ကိုယ့်တုတ်က
ယ့်ထိုး ကိုယ့်အရိုး ကျိုးဖို့ချည်းသာ...။

[ ၁၃၆၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်၊ ၂ ရက်၊ မောနေယျဇော၊]

နတ်တလူစာစဉ်

www.burmeseclassic.com

www.burmeseclassic.com



# ညဉ့်မပါ သညာပင်မသိ
# ပညာရှင်အထိတော့ အဝေးကြီး

လူတို့တွင် –

– အချို့ လောကီအရာ၌ လိမ္မာပါးနပ်၏။

– အချို့ လောကုတ္တရာ၌ လိမ္မာပါးနပ်၏။

ထိုသို့ ကွဲပြားတတ်ကြရာ ညဉ့်ပါရာ လိမ္မာ ဝါသနာ တည်လာခြင်းပင်။

အကယ်တိတိ

လောကီသမား၊ လောကုတ္တရာ တရား သင်ကြားစေ လည်းကောင်း၊ လောကုတ္တရာသမား လောကီအရာများ သင်ကြား စေသော်လည်းကောင်း၊ မရောက်ဖူး၊ မတွေ့ဖူးသော တောကြီး မည်းခရီး တစ်ယောက်တည်းတည်း အပို့လွှတ်ခံရသည့်ပမာ သ ပင် မကပ်၊ ပညာရှင်အတတ်ကား ဝေးမှဝေးတည်း...။

[ ၁၃၆၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်၊ ၂ ရက်၊ မောနေယျ





# အရင်းဖြင့်နီး အရင်းဖြင့် အချီးနှီး မဖြစ်စေနှင့်

– ငွေနှင့် ကုန် တစ်ဖက်ဖက် အရင်းတည်၍ နီးနှောခြင်းကား ပွားခြင်း၏ အကြောင်းခံတရား။

– လူလူချင်း အရင်းထား၍ နီးနှောခြင်းကား အချီးနှီး လကား...။

လူတို့သည် တစ်ယောက်နှင့် တစ်ယောက် ရင်းနှီးမိကြသည် စိတ်တူကိုယ်ထား တစ်သားတည်း ပူးပေါင်းသွားမိကြတော့ရ စီးပွားဖြစ် ငွေရာကိစ္စရိယာများကိုသော်မှပင် ငွေမပါ ကြွေးမ အလကားသက်သက် ရက်ရောလာတတ်ကြတော့၏။ သို့တ လည်း...

ထိုငွေရာ ကိစ္စရိယာကား...

စေတနာ့ဝန်ထမ်း၊ ငွေရခန်း မဟုတ်သေး၍ မပျက်သေးဟု မရှိ။ တစ်ခါသုံး တစ်လုံးတိမ်း၊ တစ်ချီပေး တစ်ရွေးပဲ့ဖြင့် တိတိ ရိလျက်ကချည်းသာ။

မယား ကားတင်၊ မယားလည်းနုံး ကားလည်းနုံး၊ အရှုံး ခါပေါ်လတ္တံ့။

[ ၁၃၆၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်၊ ၂ ရက်၊ မောနေယျတော ]



www.burmeseclassic.com

www.burmeseclassic.com



# အလိုလိုက် အကြိုက်မနေသာ

- လောဘ၏ အလိုအားပြည့်လာသော် တဏှာ။

- တဏှာ၏ အလိုအားပြည့်လာသော် ရာဂ။

ထိုသို့ တစ်စတစ်စ ချဲ့ကားခြင်းကို ပြုတတ်သော အ အာသာသည် သတ္တဝါတို့၏ နှလုံးသွေးကို ခိုမှီလျက်က ဉာဉ်စ ဝါသနာတို့၏ သဘောကျတောင်းဆို သုံးနှုန်းပေးနေရသည် ဖြ ကား၊ မီးလင်းဖိုကြီးထဲ ရှက်ခြောက်များ လွှဲပစ် ပစ်ထည့်ပေး သည့်ပမာ…

မည်သည့်ကာလမျှ ပြည့်သည် ဝပြီ မရှိတတ်။

အကယ်၍သာ သူ့အလို အဆီးအတားမရှိ၊ အလိုက်ပေး ပါသော်ကား သည်ဘဝဆုံး နောက်နောက်ဘဝသို့ စုရုံးခေါ် တောင်း တောင်းတော့မည်။

[ ၁၃၆၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်၊ ၂ ရက်၊ မောနေယျ





# သဒ္ဓါမပါ သာသနာမကြုံ လူ့အမြုံ

သတ္တဝါတို့တွင် -

သံသရာမြေ ခြေစချသော တိရစ္ဆာန်မျိုးနှင့်

သံသရာမြေ ခြေဆုံးစေသော လူမျိုးသာ အဓိကရ ဒွေမူလ -

ထိုတွင် လူ၌ နတ်၊ ဗြဟ္မာထည့် လူသုံးပါး ဖြစ်ဘိ၏။

တိရစ္ဆာန်၌ကား ပိုးရွခြပိုးမှသည် လူယောင်ဆောင်စွမ်းနိုင် သော နဂါး၊ ဂဠုန်၊ ဘီလူးအထိ စုံ၏။ ထိုသို့ မူလတွဲ ကွဲချေရာ တွင် လူသည် အဆင့်အမြင့်ဆုံး အသိအလိမ္မာ ဉာဏ်ပညာ အသာလွန် ဆုံး။ သို့စဉ်လျှင်…

လူ့ရွာတစ်ခေါက် ရောက်ရှိနေစဉ် ဘုရားစထား အရိယာကြီး များ ကြုံသော်မှ အယုံကင်းနေခဲ့သော် သို့မဟုတ် မည်သည့် ယုံ ကြည်ချက်မှ မူအဖြစ်မထားခဲ့သော် သို့မဟုတ် သာသနာ ဆိတ်သုဉ်း ကာလ လူ့ဘဝရောက်လာခဲ့ရသော် အမှန်မမြင် လူ့သမ္ပဇဉ်မလုံ့ လူကျင့်ဖြင့် မထုံသောကြောင့် လူ့အမြုံဟူ၍သာ ဆိုထိုက်လှချေသည်။

[ ၁၃၆၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်၊ ၃ ရက်၊ မောနေယျတော၊]



www.burmeseclassic.com

www.burmeseclassic.com



# သွားရာနောက် အထောက်အကူယူသွားခြေမများ

သင်သည် ကမ္ဘာသို့သော်လည်းကောင်း၊ တိုင်းပြည်သို့သော်လည်းကောင်း၊ အောက်ထစ်အားဖြင့် မိမိမြို့ရွာတွင်သို့သော်လည်းကောင်း သွားခွင့်ကြုံရတတ်ချေရာ…

- မိမိရပ်ရွာတွင်းဆိုက မိသားစုကိုယ်စားပြု သွားသင့်သည်။
- မိမိတိုင်းပြည်တွင်းဆိုက လူမျိုးစုကိုယ်စားပြု သွားသင့် သည်။
- ကမ္ဘာအထိ လှည့်ရလျှင်ကား မိမိပြည်ထောင်စု ကိုယ်စားပြုမှ သင့်သည်။

ထိုသို့ ထောက်ထားစရာ သုံးမျိုးရှိချေရာတွင်-

ရပ်ရွာတွင်းဆိုက မိမိမိသားစုနှင့် တစ်ဦးမသိ တစ်ဦးသိချေရာ၊ မိမိမဟုတ်က မိသားစုပါ အရှက်ရတတ်သည်။ သည့်အတူ ပြည်တွင်းဖြစ်က လူမျိုးကိုသာ သိတော့မည်။ ကမ္ဘာဖြစ်က တိုင်းပြည်လောက်သာ သိတော့မည်ဖြစ်ရာ ဘာမဆို ကြံ-ပြော-ပြု တစ်ခုခုကြံရွယ်တိုင်း ငါ့နောက်မှာ ဒါရှိသေးသည်ဟူ၍ အသိအမှတ်ပြုကာ လုပ်စရာကိစ္စ ဆောင်ရွက်သင့်သည်။

[ ၁၃၆၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်၊ ၁၂ ရက်၊]





# အတူနေများကို ပြုံးဆေးသာဖော်ကျွေး မုံ့ဆေးကော်မပေးနှင့်

အတူနေများအဖို့ တစ်ဦးကြောင့် ဂုဏ်တက်သည်လည်းရှိ၊ ပျက်သည်လည်း ရှိတတ်ချေရာ…

ဆရာကြောင့်တပည့် ဂုဏ်တက်သလို တပည့်ကြောင့်လည်း ဆရာ ဂုဏ်တက်သည်များ ရှိသေးသည်။ သည့်အတူ…

* မိဘနှင့်သားသမီး မယားနှင့်လင် စသည်အတူနေအားလုံးလည်း တစ်ဦးသည် တဦးကို အကြောင်းပြု၍ ဂုဏ်တက်ပျက် နှစ်မျိုး ပူးတွဲနေချေရာ။

သင်၏ မကောင်းမမှန်သော ကြံစည်မှု၊ ပြောဆိုမှု၊ ပြုကျင့်မှု အမှားများကြောင့် အတူနေများ သက်သက်မဲ့ အရှက်မကွဲစေသင့်။

သင်၏ ကောင်းမှန်သော ကြံစည်မှု၊ ပြောဆိုမှု၊ ပြုကျင့်မှု မှန်စေခြင်းဖြင့်သာ အတူနေများ ဂုဏ်မြင့်ဖွား၍ အင်အားတက်စေရာ၏။

[ ၁၃၆၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်၊ ၁၂ ရက်၊ မောနေယျတော၊ ]



www.burmeseclassic.com

www.burmeseclassic.com



# အခင်ကိုမင် ငင်၍မဆုံး လိပ်ပတ်တုံး

ချည်မျှင်များကို ချည်ဝင်မှသော့၍ ချည်ခင်သို့ အဖြစ်ဝေ့လာရာ···

ထိုအခင် တစ်ပါးသူမရောင်းချင်၍ အထည်ဖြစ် ယက်ရန်ပြင်သော်

ချည်စာကျွေး၊ ယက်ဖောက်ပြု၊ ချည်တန်း ယက်ကန်းစင်အရောက် တင်ရမည်။

တစ်ဖန် ယက်ကန်းစင်ရောက်သည်နှင့် အတိုင်အဖောက်တို့ဖြင့် ငင်ပေးရပြန်လေရာ လိပ်ပတ်တုံးကား တစ်ပတ်ပြီးတစ်ပတ် ငင်မဆုံးတော့သည်ပမာ···

လူနှင့်တကွသော သတ္တဝါအားလုံးတို့လည်း···

အတူနေချင်း ကြိုးချင်းထား ကြိုးချင်းငြိ ဓမ္မတာအတိုင်းလျှင် မိတ်ဖွဲ့၍ အရိုးခင် ခင်ရာမှ ကာမရည်ဝင် သူ့အတွေ့သို့သွား၍ မင်ချေသော်···

သည်ဘဝ လိပ်ပတ်လည် မဆုံးတော့ပြီ။

အကယ်တိတိ သေခါနီး သံယောဇဉ် ချည်အမျှင်တန်း နေဦးမည်ဆိုက သံသရာလည်း လိပ်ပတ်လည် မဆုံးတော့ပြီ။

[ ၁၃၆၁ ခုနှစ်၊ တန်ဆောင်မုန်းလကွယ်၊ မောနေယျတော၊ ]





# အရှက်ကြီးတော့ မြူ့ အကြောက်ကြီးတော့ ထုံ

လူ့အဆင့်မီ ကျင့်ဝတ်များကို လုံခြုံစေရာ၌ အရှက်နှင့်အကြောက်ခေါ် ဟိရိ-ဩတ္တပ္ပတရားနှစ်ပါးသည် သော့ချက်ဖြစ်ခြင်းကြောင့်၊ ၄င်းတရားနှစ်ပါးကို လောကပါလတရား (လောကစောင့်နတ်အရာထား နှစ်ပါး) ဟူ၍ ဆိုရချေသည်။ သို့တစေလည်း···

- ရှက်သင့်သည်ထက် ပိုလွန်သွားခဲ့သော် နှုတ်ပြောမထွက် ကိုယ်မသွက် အမြူ့ခြေလက် ဖြစ်တတ်သည်။

- ကြောက်သင့်သည်ထက် ပိုကြောက်နေလျှင်လည်း နှုတ်ဝယ်ဆွံ့ဆွံ့ ကိုယ်ရှုံ့ရှုံ့ မဝံ့မစားဖြစ်တတ်သည်။

[ ၁၃၆၁ ခုနှစ်၊ တန်ဆောင်မုန်းလကွယ်နေ့၊ မောနေယျတော၊ ]



www.burmeseclassic.com

www.burmeseclassic.com



# လူဟိတ်ရှိလျက် စိတ်မမှန် တိရစ္ဆာန်ပြည် ပြန်ဖြစ်ရမည်

လူတို့၏ လက်စွဲတရားကား ဟီရိ- ဩတ္တပ္ပ အရှက် အကြောက်တရား။

တိရစ္ဆာန်တို့၏ လက်သုံးကား အဟီရိက အနောတ္တပ္ပ အရှက်မဲ့၊ အကြောက်မဲ့များ။

အကယ်တိတိ…

လူ-ဟိတ်ခေါ် လူ့အကြောင်းခံ ကံတရားကြောင့် လူဖြစ်လာရသော်မှလည်း -

-ကာမအာရုံ ခံစားရာ၌ ခွေး၊ ဝက်တို့ပမာ အရှက်ဗလာကျင်းနေခဲ့ပါသော်

-ကာမဝမ်းစာ ရှာဖွေရာ၌ ကြောင်၊ ကျားများပမာ အကြောက်ဗလာကျင်းနေခဲ့ပါသော်ကား…

-ထိုလူမျိုး လူ့တိရစ္ဆာန်မျိုးသာ ဖြစ်ရမည်။

-ထိုလူမျိုးနေသောပြည်သည်လည်း လူ့တိရစ္ဆာန်ပြည်ပင်တည်း။

[ ၁၃၆၁ ခုနှစ်၊ တန်ဆောင်မုန်းလကွယ်၊ မောနေယျတော၊]

နတ်တလုစာစဉ်



# သညာမှသိ သူ့အရှိ သညာရှိမျှသာ

စာပေတို့၌ ပဏ္ဍိနှင့် ဝိဒူဟူ၍ ပညာရှင်နှစ်မျိုးခွဲခြားထားရာ

-အကြားအမြင် ဆရာသင်မှတတ်သော ပညာရှိကား ပဏ္ဍိဟူ၍ပင်။

-ကိုယ်တိုင် ထိုးထွင်းသိဖြင့်တတ်သော ပညာရှိကား ဝိဒူဟူ၍ပင်။

ထိုသည့်စကား ဆင့်ပွားသောအားဖြင့် ခေတ်အလိုက်ခွဲခြားရချေသော်

သညာသိဖြင့် သညာရှိဖြစ်လာသူသည် သညာရှင်မျှသာ ပညာရှင်မဆိုသင့်။

ပညာသိဖြင့် ပညာရှိသူသည်သာ ပညာရှင် ဆိုရမည်။

စကားတတ်ခါစ ကြက်တူရွေး၏ သခင်သင်ထားသောအတိုင်း

-မိန်းမ ဈေးဝယ်လာလည်း လာပါမမ ဘာယူမှာတုံးပမာ ထိုသညာ။

-ယောကျ်ား ဈေးဝယ်လာလည်း လာပါမမ ဘာယူမှာတုံးပမာ ထိုသညာ သင်ရာ၏ အသိထက် အသိပိုမလာ…။

[ ၁၃၆၁ ခုနှစ်၊ တန်ဆောင်မုန်းလကွယ်၊ မောနေယျတော၊ ]

နတ်တလုစာစဉ်

www.burmeseclassic.com

www.burmeseclassic.com



# သညာရှိ အသိမတူ ရန်မာန်ထူ တူသော်ခေါင်းတညိတ်

အရာဝတ္ထုကိုကြည့်၍ နှုတ်ဖွင့်လာသော တစ်ဖက်သူ၏ စကား။

ကိစ္စတစ်ခုကို တည်၍ ဝေဖန်လာသော တစ်ဖက်သူ၏စကား။

ထိုစကားတို့သည်-

-မိမိကျင်လည်ခဲ့ရာ၏ အတွေ့အကြုံနှင့် မတူလျှင်လည်း အပြောကွဲလွဲနေတတ်၏။

-မိမိဒေသသုံးစကားနှင့်မတူပြန်လျှင်လည်း အပြောကွဲလွဲနေတတ်၏။

-မိမိတတ်သိထားသော ဉာဏ်အရာနှင့် အတိမ်အနက်ချင်း မတူလျှင်လည်း အပြောကွဲလွဲနေတတ်၏။

ထိုအကြောင်းစု တစ်ခုခုကြောင့် အပြောကွဲလွဲခဲ့သော်...

ပညာသိ၏ ပညာရှိကား ရှေ့ နောက်တိုင်း တုတ်ဖြင့်ထောက်ကြည့်ကာ မှန်မမှန်ကို တုန့်ပြန်လေ့ရှိသော်လည်း သညာသိ၏ သညာရှိကား ငါပြောသလိုမဟုတ် တုတ်သာကြည့်ပမာ မာန်ဖီခေါင်းခါ ရှေ့မတိုး နောက်မဆုတ်မျှသာ။

[ ၁၃၆၁ ခုနှစ်၊ တန်ဆောင်မုန်းလကွယ်၊ မောနေယျတော။]





# သူ့ဦးစားပေး ကိုယ့်ကျတော့ ခွက်ဆေး

လူလျှင်လူချင်း ပေါင်းသင်းဆက်ဆံကြရာတွင်

-အလိုက်မသိတတ်လေသူ တစ်ဦး

-အားမနာတတ်လေသူ တစ်ဦး

-အလိုရမ္မက်ကြီးသူ တစ်ဦး

ထိုသုံးဦးတို့ကို ဦးစားပေးနေရာထား၍ မပေါင်းသင့်ချေ။

အကယ်တိတိ... သူ့အဆင်မကြည့်

အထင်ဖြင့် ဦးစားပေးမိသော် ကိုယ့်တုတ်ဦးက ကိုယ့်နဖူးထိသည်ထက် ထိချက်နာတော့မည်။

[ ၁၃၆၁ ခုနှစ်၊ တန်ဆောင်မုန်းလကွယ်၊ မောနေယျတော။]



www.burmeseclassic.com

www.burmeseclassic.com



# လှေလှူးဆို ရေစူးကြည့်၍လှော်

လှူးတတ်သောလှေဖြင့်တွဲဖက်၍ ရေပြင်ကျယ်ခရီးခဲသွား ရာတွင် ဝမ်းဗိုက်ရှိ သူ့ရေစူး နက်-မနက် စူးစမ်းပြီး၊ နက်မှ စိတ်ချလက်ချလှော်။ မနက်သော် အလှော်နှင့်အမြုပ် တက်ခုတ် အတူ ဖြစ်တော့သည်။

သည့်ပမာလျှင် . . .

စိတ်ကူနွေ့မတည်ငြိမ်သူများနှင့် အတူတွဲလျက်က စီးပွား မိတ်ဖက်လုပ်ကြရာတိုင်းတို့၌လည်း သူသည် မိမိအပေါ် မ အားကိုးသည် အားမကိုးသည်တို့ကို ဦးစွာလေ့လာပြီးမှသာ သူ အ သလောက် အကူအထောက် တောင်းခံခြင်း၊ ပေးခြင်းများကို ပြု သင့်သည်။

အကယ်တိတိ သူ့အားထား ကိုယ့်မှာမလားသေးဘဲနှင့် ပေးရန် ဟန်ပြင်မိသော် ကိုယ်ပေးချိန်နှင့် သူပြေးချိန် ရှေ့ဆင့် နော ဖြစ်တတ်သည်။

[ ၁၃၆၁ ခုနှစ်၊ တန်ဆောင်မုန်းလကွယ်၊ မောနေယျ



# ဦးစီးတက် ဦးရှက်မနေသာ

မိမိတို့ ပြုလုပ်သင့်သော လုပ်ငန်းကိစ္စအဝဝတို့မှာပင် အတွေ့အကြုံ အမြော်အမြင် ကျွမ်းကျင်မှု ထိုသုံးခုတို့ဖြင့် း ကွပ်ကဲတတ်သူတစ်ဦးသာ ရှိနေခဲ့လျှင် . . .

သူ့ပညာရပ် ခြေရာထပ်၍ လိုက်တတ်သူ လက်အောက်ခံ ည့်ကောင်းတစ်ဦး မိမိဝန်းကျင်မှပင် ပေါ်ထွန်းလာတတ်သည်။ ည်းရှိရာ ခိုးသူလာကဲ့သို့ အတုခိုးစရာရှိ အတုခိုးတတ်သူလည်း စမြဲတည်း။

[ ၁၃၆၁ ခုနှစ်၊ နတ်တော်လဆန်း၊ ၁ရက်၊ မောနေယျတော၊ ]

www.burmeseclassic.com



## အဆန်ဘက် တက်လက်အားစိုက်ကုန် အစုန်သက် ရှုက်ဖွင့်လွှင့်လိုက်ရုံ

ရေစုန် ရေဆန် လှေလမ်းခရီး သွားလိုသူသည်

ရေဆန်လေထန်ကြားမှ တက်လိုသောအခါ လှေပေါ်ပါ ...

သားအားလုံး တက်ကုန်လက်ကုန်လှော်ခတ်နိုင်မှသာ ခရီးရောက် ...

အကယ်တိတိ... ရေစုန်လေစုန်ကြား သွားရသောခရီးဖြ ...

မူကား ရှုက်ဖွင့်လျက် လွှင့်ပေးရုံဖြင့်ပင် ခရီးရောက်၏။

ဘည့်ပမာ လျှင်...

- သာသနာတော်ကြီး၌ အစစ္စာ တီထွင်ရလေသူ

- ဝါဒရေးရာတို့၌ အစစ္စာ တည်ထောင်ရလေသူ

- လူနေမှုဗနစ်တို့၌ အစစ္စာ ပြုပြင်ရလေသူအားလုံး

အဆန်ခရီး လှေလှော်နည်းပမာ ပြုကျင့်တတ်မှသာ ...

ရောက်မည်။ လမ်းအပေါက်နောက်မှလိုက်လိုသူများကား ရေ ...

လေအဟုန်ရှုက်တိုက်နည်း သုံးရုံဖြင့် ပြီးစီးသည်။

[ ၁၃၆၁ ခုနှစ်၊ နတ်တော်လန်းဆန်း ၉ ရက်၊ မောနေယျတော ...





## လက်လွှဲသုံး အဆုံးမဆိုသာ

လူတို့အာရုံခံစားရာ၌ ကြိုက်အာရုံ ဂုဏ်တင်ကာ ခံစားကြ ...င်းပင်။ ထိုသို့ခံစားရင်းကပင်...

- အကြိုက်တူဘက် အလုယက်လည်းခံရ၏။

- အကြိုက်တူဘက် ကူစွက်ပေးခြင်းလည်း ခံရ၏။ သို့သော် လူသားတိုင်း အကြိုက်ကျ၊ ငါရချည်းတွက်ဆထားလေ့ရှိရာ ... ဘ်ရကိုသာ အရဆိုပြီး လက်လွှတ်ကိုကား အဆုံးဟူ၍ သတ်မှတ် ... ည်။

လသည် အရှေ့အနောက် ကမ္ဘာစွန်း တစ်နေရာသာ ထွန်းပေး ... သည်။

နေသည်လည်း ကမ္ဘာနှစ်ဖက်ခြမ်း၊ တစ်တန်းတည်း ထွန်း ... းနိုင်။ သို့ဆိုသော်...

သင်တို့ဘက် နေလတက်၍၊ တစ်ဖက်နေလကွယ်သွားသော် ... ... ထိုတစ်ဖက် နေလတက်၍ သင့်ဘက်နေလကွယ်သွား ... တစ်ဖက်မှာသာသုဉ်း၊ တစ်ဖက်သုံးခွင့်ရနေသေးရကား သင် ... သို့ ဆုံးဖြတ်မည်နည်း။ အဆုံးလေလော လှည့်သုံးလော။

[ ၁၃၆၁ ခုနှစ်၊ နတ်တော်လဆန်း၊ ၁ ရက်၊ မောနေယျတော ]

www.burmeseclassic.com



## သုံးမလို့အယူ ဆူမလွှတ်နှင့်

လူတို့၏ တစ်ဦးမှတစ်ဦးသို့ နည်းအမျိုးမျိုးတို့ဖြင့် လက်...
ယူကြရာတွင်

မုန်းယူနှင့် သုံးယူ နှစ်မျိုးရှိချေရာ

အသုံးလို၍ယူသော သုံးယူကိုကား မငြိုမရှု ကြည့်ဖြူ...
ရာ၏။ သို့ကြောင့် အသုံးလို၍ လက်လွှဲယူသွားနည်းဖြစ်သော...

- ခိုးစားသောအမျိုး သူခိုးဟူ၍ မငြိုးရာ။

- တိုက်စားသောဓားပြ လူမိုက်ကွဟူ၍လည်း မဆိုရာ။

မသုံးဘဲဖျက်သော ကြွက်တို့၏အဝတ်ကိုက်နည်းကိုကား ...
ဒီရာတို့ဖြင့် ရိုက်သာလွှတ်ပါလေ။

[ ၁၃၆၁ ခုနှစ်၊ နတ်တော်လဆန်း၊ ၁၁ ရက်၊ မောနေယျ...



## သေမည့်အသား သတ်စားမနေနှင့်

သတ္တဝါတိုင်း

သူသည်လည်းကောင်း၊ သင်သည်လည်းကောင်း ငါသည်
...ည်းကောင်း တစ်နေ့နေ့ တစ်ချိန်ချိန် မုချပင် ဇီဝိန်ကြွေရမည့်
...သားချည်းသာ၊ နေသားဟူ၍ မရှိရာ။

သို့ပါလျက်

- လူအချင်းချင်း မုန်းသဖြင့် သတ်ဖြတ်ညှင်းဆဲခြင်းသည်
...င်၏ရက်စက်မှုသဘော ပေါလောပေါ်ရုံသာ။

- ကြက်၊ ဝက်၊ ဘဲ၊ နွား သားကောင်များအပေါ် သတ်ဖြတ်
...းသုံးခြင်းသည်လည်း သင်၏ ရမ္မက်နှုန်း တိုးလုံးချတ်ပြခြင်းမျှသာ။

[ ၁၃၆၁ ခုနှစ်၊ နတ်တော်လဆန်း၊ ၁၁ ရက်၊ မောနေယျတော၊]



www.burmeseclassic.com

www.burmeseclassic.com



# မီးခိုးတန်း ဖမ်းမထားလေနှင့်

သတ္တဝါတိုင်း…

ကံ စိတ်တို့ အတိုး၊ ဥတု အာဟာရခိုးများ ထ,သည်အတိုင်း အချိန်မပိုင်း စက္ကန့်တိုင်းလျှင် အနေမှအသေခရီး အပြီးအငင်ခံနေ ရရာ မြဲသောအရာ သက်မဲ့သက်ရှိ မည်သည့်အရာမျှ မရှိ။

သို့စဉ်လျက်

အဖေသေ၊ အမေသေ တပြေပြေတ၍ငိုနေသော်… မောရုံသာ မသေသင့်ဘဲ သေသည်ဆို အပိုသာ။

ထိုသို့ ငိုနေမည့်အစား

သူပြီး ကိုယ့်အလှည့်ရောက်လာမည်ကို အတတ်သိနေသူ

-အသေတတ်ရန်အတွက် အနေတတ်ဖို့ ပြင်ဆင်သင့် သည်

-အနေတတ်ရန်အတွက် အဖွေတပ်ဖို့ပါ ပြင်ဆင်သင့်သည်

ထိုသို့ကိုယ့်တွက် မပြင်ဆင်ပါဘဲလျက် သူ့ငိုပွဲ ဆင်နေ သော်ကား… ကိုယ့်အလှည့်ကျ အများအပြား ငိုလွှတ်လိုက်ကြ ကား မလွဲပြီ။

[ ၁၃၆၁ ခုနှစ်၊ နတ်တော်လဆန်း၊ မောနေ





# အသေကောင်ဖက် အသက်အပ်မနေနှင့်

သတ္တဝါတိုင်း…

သေ တစ်ခဏ၊ မွေး ဆယ်လတို့ဖြင့် အချိန်တိုင်း ခဏတိုင်း လျှင် ဘင်္ဂပွဲ ပျက်ပွဲဝင်နေကြရသူချည်း ဖြစ်ကြရာ၊ ဒုက္ခံ ဘယဋ္ဌေန- ဖြစ်ဘေး၊ ပျက်ဘေးမကင်း ဒုက္ခတွင်း ဆင်းနေကြရသူချည်း သာ…

သို့စဉ်လျက်…

တစ်ဦးနှင့်တစ်ဦး လင်နေမယားထား၊ အသက်အပ်တမ်း ကစားနေကြခြင်းသည်… ငိုချင်ကြသေး၍သာ၊ ငိုကြွေးချေး အပေး အယူလုပ်နေကြခြင်းသာ။ သို့ကြောင့် ငိုကြွေးဆာ မွေ့တာထက် မပို သင့်၊ ပိုသော် နှင့်ရုံသာ။

[ ၁၃၆၁ ခုနှစ်၊ နတ်တော်လဆန်း၊ ၁၁ ရက်၊ မောနေယျတော၊]



www.burmeseclassic.com

www.burmeseclassic.com



## နေလကိုထွင်း ဝင်ရိုးမသွင်းချင်နှင့်

သတ္တဝါတိုင်း…

အနိုးအရှိန်မှုသော မီးသတ္တိကဲ၊ ထင်းအထဲ လာစွဲသည်ပမာ။

ကံ စိတ်တို့၏ ကဲသောအသွင် ပုံသဏ္ဌာန်ဖြင့် အစွဲထင်လာခြင်းမှုဖြစ်ရာ၊ စကတည်းက မရှိသောအရာ ဆုံးလျှင်လည်း ဘာမှုမရှိရာ။

မိုးကျစကာလ

-နေဝင်ချိန် မှတ်သုံခိုးအထ၊ အနောက်တစ်ခွင်ဝယ် ဘုရင်၊ ဆင်ရုပ် ရှင်လောင်းလှည့်သရုပ်စသည် ပုံရိပ်လှိုင်းများ ထင်မြဲရှိချေရာ

ထိုအရိပ်ထင်ပုံများ တားလည်းဆိတ်ဆိတ်၊ ဖိတ်လည်း မကြွ၊ အနတ္တ၏သဘောမှုသာ။

သို့ပမာလျှင်

သတ္တဝါအားလုံး သုညလုံးလုံးပင်ဖြစ်ကြရာ မယားကို လင်ကအပိုင်ဟူ၍ လည်းကောင်း။ လင်က မယားပိုင်ဟူ၍လည်းကောင်း သတ်မှတ်ထားခြင်း၊ သားနှင့်သမီး ပစ္စည်းခြွေရံများအပေါ် ငါပိုင်သတ်မှတ်ထားခြင်းများကား သူတစ်ပါး၏သား အလကားခေါ်မွေးထားခြင်းမှုသာ။

[ ၁၃၆၁ ခုနှစ်၊ နတ်တော်လဆန်း၊ ၁၁ ရက်၊ မောနေယျတော၊]

နတ်တလှစာစဉ်



## မျက်နှာများသော မိန်းမ ပေါင်းလိုက်တိုင်း စိတ်တိုင်းမကျ၍

လူတို့တွင်

ဉာဉ်ကောင်း၊ ဉာဉ်ဆိုး အုပ်စုနှစ်မျိုး ကွဲပြားနေကြရာ

-မြက်သစ်ရွက်တို့ဖြင့် ဖက်၍ အသက်ဆက်ခဲ့ရသောဘဝများများရခဲ့သူများကား ကောက်ကျစ်ကင်း ဖြောင့်စင်းနေတတ်သည်။

-တစ်ဖန် သားငါးတို့ဖြင့်ဖက်လျက် အသက်ဆက်ခဲ့ရသောဘဝမျိုး များများပွဲတိုးခဲ့ရသူများကား ကောက်ကျစ်စဉ်းလဲ နေတတ်သည်။

နောက်တစ်မျိုးကား

-အောက်ရပ်ဘုံသား ဆိုးဂုဏ်ဟိတ်ခံ တိရစ္ဆာန်အဖြစ်များသူတို့၌ ရာဂ၊ ဒေါသ၊ မောဟဉာဉ်ဆိုးအားကြီးလွန်းလှကား အတ္တဆောင်း တစ်ကိုယ်ကောင်းဆန်တတ်သည်။

-အထက်ဘုံထား နတ်ဗြဟ္မာများထံသို့ သွားခွင့်ရသူများသူတို့၌ကား သဒ္ဓါ၊ ပညာစီးနင်းထားချေရကား အတ္တ-ပရ မျှတ၍ဆက်ဆံတတ်ကြသည်။

အကြင်သူသည်

နတ်တလှစာစဉ်

www.burmeseclassic.com

www.burmeseclassic.com



မိမိကိုယ်တိုင်ကလည်း အတ္တဖိစီး ရာဂ၊ မောဟအားကြီး၏။ ထိုသူသည် အတ္တဖိစီး မာနဒေါသအားကြီးများနှင့်တွေ့သော် မခံနိုင်ရာပြီ။

ထိုသူသည်

- မိမိ၌အားရခြင်း၊ တင်းတိမ်ခြင်း၊ မရှိစေရန် ခံပေးထားသော ရာဂ၏ အထိုးအကျင့် နင့်နေအောင်ခံနေရသည်ကတစ်ကြောင်း

- သူတစ်ပါးတို့ ထံမှကျလာသော ရာဂအားပေး နည်းပါးနေသေးသည်က တစ်ကြောင်း တို့ကြောင့်လည်း လက်ပြောင်းထားအစား ရှာနေရချေသည်။ တစ်ဖန်လည်း…

မိမိရှိ ရာဂ-မောဟအုပ်စုတို့နှင့် တစ်ဖက်ရှိမာန-ဒေါသစုတို့ တစ်စုနှင့်တစ်စု နယ်လုနေကြခြင်းကြောင့်လည်း တစ်ရွာမပြောင်းသူကောင်းမဖြစ်ပမာ အုပ်စုချင်း တည့်ရာ အစာရှာရချေသည်။

မည်သို့ဆိုစေ

ပြောင်းခြင်းမှန်သမျှ အပေါင်းအသင်း ဟန်မကျ၍ချည်းပင်။

[ ၁၃၆၁ ခုနှစ်၊ နတ်တော်လပြည့်ကျော်၊ ၂ ရက်၊ မောနေယျတော၊ ]





# ခါးကြားပါ ဓားခိုး ခါးမထိုးမိစေနှင့်

လူသားတိုင်း… အနမတဂ္ဂ မည်မျှဟူ၍ မသိရသလောက် သံသရာလည်ခဲ့ရာတွင် မိမိတို့သွားရာနောက်သို့ အနုသယမျိုး ခိုးလျက်က လိုက်ပါနေကြ၏။

အကောင်းလည်း လိုက်လာ၏။ အဆိုးလည်း ပိုက်ထားမိကြ၏။ ထိုတွင် ဉာဉ်ကောင်းလိုက်က ဝိုင်း၍ စိတ်အကြံထုတ်၊ ကိုယ်လှုပ် နှုတ်ဖွင့် ပြုကျင့်ပေးခြင်းတို့ကား အများရှေ့ဖြစ်၍လည်း မြင်သာထင်သာ၏။ အများသဘောကျအလုပ် ဗြောင်လုပ်ဝံ့သောကြောင့်တည်း။

ပတ်ဝန်းကျင် အသိုင်းအဝိုင်းရှိမှလည်း ပြုခွင့်သာသဖြင့် မြင်သာထင်သာ၏။ အပြုခံအကူ နှစ်ဖက်သူတို့ဖြင့် ပေါင်းလုပ် လုပ်ရသောကြောင့်တည်း။

အကယ်တိတိ…

ဉာဉ်ဆိုးထောင်းသဖြင့် မကောင်းရာအခင်းပြုကျင့်ပေးခြင်းတို့ကား အများလက်သင့်မခံ၍ ပုန်းလျှိုးကွယ်လျှိုးသာ။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ လူတစ်ဦး၌ ကောင်းဂုဏ်၊ ဆိုးဂုဏ် နှစ်ပုံစီရှိတတ်ကြချေရာ ကောင်းဂုဏ်ကား အဝေးမှပင် ကြားရတတ်မြဲ။ ဆိုးဂုဏ်ကား ဝှက်ဖဲ့။

သို့ကြောင့် ထိုဂုဏ်ရှင်သို့ အဝေးခရီးမှအနီးသို့ ချဉ်းကပ်လာကြရာ ဉာဉ်ဆိုးဖေါက်၊ အကောက်ကြံမိက ကိုယ့်သိက္ခာ ကိုယ်ပင်လျှင် ချပြီး ဖြစ်နေတတ်သည်။ ကိုယ့်ဇာတ်ထုပ် ကိုယ်ပင်လျှင် သရုပ်ဖော်ပြီးသား ဖြစ်နေတတ်သည်။

လူတစ်ဦးစီ၌

ကိုယ်ကျင့်သိက္ခာခေါ် သီလဂုဏ်သတ္တိနှင့် မိမိဟူ၍ နှစ်မျိုးရှိချေရာ ထိုသို့ချဉ်းကပ်ခံ ပူဇော်ခံခွင့်ပေးရလေတိုင်း-

-ဟဲ့ကောင် နင့်ပူဇော်သည်မဟုတ်၊ ငါ့ကို ဟူ၍ ဉာဉ် များကိုဖေါက်ထုတ်တတ်ရသည်။

-ဟဲ့ကောင် နင့်ချဉ်းကပ်သည်မဟုတ်၊ သီလကို ဟူ၍လည်း မိမိကို ဖေါက်ထုတ်တတ်ရသည်။ သို့မဟုတ်က ကိုယ့်ဓားက ကိုယ့်ခါး ပြန်ထောက် ခံရမည်။

သူ့ဓားချက် အသက်မပါတတ်၊ ကိုယ့်ဓားဝှက်က အသက်ပါ ခဝါချမည်။

[ ၁၃၆၁ ခုနှစ်၊ နတ်တော်လပြည့်ကျော်၊ ၂ ရက်၊ မောနေယျတော၊ ]





# ဘုရားအမျိုးတွေ ဘုရားကြားတိုး ဘုရားကြမ်းပိုး မဖြစ်စေကြနှင့်

ဗုဒ္ဓနွယ်ဖွား ဘုရားသားတော်၊ သမီးတော်များသည်

-ဘုရားဂုဏ် အယုံကြီးရာမှလည်း ဘုရားရိပ်၊ ကျောင်းရိပ် ခိုဝင်လာတတ်ကြ၏။

-စောင့်ရှောက်သူမဲ့၊ ကိုးရာမဲ့၍လည်း ဝင်ရောက်ခိုကိုးတတ်ကြ၏။

ခိုကိုးခြင်းကား ကောင်း၏။ သို့သော်...

ဘုရားနှင့်အသွင်တူ၊ အဆင်တူရာ မပြုကျင့်ဘဲ သိက္ခာစဉ်မဲ့၊ ပညာမဲ့ဖြင့် ဝင်ရောက်ခိုကိုးမိချေလျှင်ကား ဘုရားသွေးစုပ် ဘုရားအပုပ်ချနေခြင်းမျှသာ။

[ ၁၃၆၁ ခုနှစ်၊ နတ်တော်လပြည့်ကျော်၊ ၂ ရက်၊ မောနေယျတော၊ ]



www.burmeseclassic.com

www.burmeseclassic.com



# အာငွေ့လုံထက် အာတွေ့လုံဖြစ်မှ ကိုယ့်သိက္ခာကိုယ် ယုံပါ

လူသားတိုင်းလျှင်

မိမိ၊ မိမိတို့ ယုံကြည်ရာ ဘာသာဝါဒတို့၏ အဆိုအမိန့်များကို လိုက်နာကြကာ သိက္ခာထမ်း လူ့လမ်းခရီး ဖောက်လျက်က ရှိကြ၏။

အချို့ အိမ်ရာဖက် ဖျက်လျက်က ထမ်းရွက်ကြရ၏။

အချို့ကား အိမ်ရာထက် တက်လျက်ကသာ

ထိုသို့ သိက္ခာတင် ဝန်ထမ်း၊ လူသွားလမ်း ဖောက်နေကြရာတွင် မိမိ- မိမိတို့ စောင့်စည်းသင့်ရာများကို-

-အဝေးရှောင် အာရတီသီလဖြင့် စိတ်မချရချေသေး၊ အနီးရောက်ဖောက်တတ်ချေသောကြောင့်။

-အနီးလာ ခါထုတ်၊ ဝိရတီသီလပုဒ်သည်သာ စိတ်ချရ၏။ အဝေးပေါက် ရောက်သည်ပင် မထင်သောကြောင့်။

[ ၁၃၆၁ ခုနှစ်၊ နတ်တောင်လပြည့်ကျော်၊ ၈ ရက်၊ မောနေယျတော၊]





# ကြောင်ဆိုလျှင်ဖုန်း ယုန်ဆိုအတုံးလိုက်သာထား

လူတို့သည်

ဂုဏ်ကိုလည်း လိုချင်၏။ သိက္ခာစဉ်ကိုလည်း ထိန်းနိုင်စွမ်းနိုင်သောအခါ လူတို့၏ရှေ့ဝယ် ဂုဏ်သိက္ခာရှိ လူကြီးမင်းအသွင် ဆောင်၏၊ အတုအယောင်ကိုကား ဖုန်းကွယ်ထားလေ့ရှိ၏။

တစ်ဖန်

လူ့ကွယ်ရာအလိုပါရှေ့ အလိုတူသူချင်းတွေ့မိပြန်လျှင်ကား ၊ကံကိုလှန် အကြံတွင် အဆန်ဖက်၍ ကံပျက်လုပ်ငန်း ဆက်ပြန်ရ၏။

ထိုသူသည့်ကား...

ကြောင်တို့မည်သည် ကြွက်၊ ငါး၊ ဖားစသည် သူတစ်ပါးတို့ ဘားဖျက်၍ အသက် ရှင်ခွင့်ရသည့်အားလျော်စွာ နေ့စဉ် ဝမ်းစာ ၊ ငါး၊ ဖားတို့သာ ဖြစ်ရကား။

ဝမ်းမိုက်ကြား သူ့အသားဝင် ထိုမစင်နံ့ဖို့သာရှိတော့သည်။ အခါ သည်နေရာ သူရှိသည်ကို မသိစေလိုသဖြင့် သူစွန့်ချတိုင်း ၊တုံး မြေမှုန့်တို့ဖြင့် အမြဲဖုံးအုပ်ထားခဲ့လေ့အကျင့် ကျင့်ရပြီ။



www.burmeseclassic.com

www.burmeseclassic.com



ယုန်ကလေးများမှကား...

စားသောအစာသည် မြက်၊ ကန်စွန်းရွက်တို့ချည်းသာဖြစ်... တော့သဖြင့် ဝမ်းဗိုက် ကန်စွန်းဖက် ထိုမစင်အနံ့မထွက်။

သို့ကြောင့် စွန့်တိုင်းလျှင်မဖုံး အတုံးလိုက်အတိုင်း ထား... သည်။

သည့်ပမာလျှင်...

- သီလကြောင်တောင် အယောင်ဆောင်ထုံး၊ ဖုံးမှလုံသ... သာ။

- သီလဂုဏ်ဆောင် အယောင်ဆောင်ဘုန်း၊ ဖုံးရန်မလိုပါ။

[ ၁၃၆၁ ခုနှစ်၊ ပြာသိုလဆန်း၊ ၁ ရက်၊ မောနေယျတော...





# ခွေးရှေ့ရောက် မျောက်က က မပြနှင့်

- တဏှာအခံကြောင့် မာနထန်အားကြီးလေသူ
- ဒိဋ္ဌိအခံကြောင့် မာနထန်အားကြီးလေသူ
- စိတ်ဓာတ်အားကြီးခြင်းကြောင့် စိတ်ပြေနှေးလွန်းလေသူ

ထိုသူသုံးဦးတို့ရှေ့၌-

အာဃာတအတေးဖြင့် အရေးယူခံရဆဲသူသည် သွားရောက် ...မျက်နှာပြခြင်း၊ စကားစရှာဖွေပြောခြင်း၊ အသေးအမွှားကိစ္စ ...ကြောင်းပြ၍လာတွေ့ခြင်းများ မပြုသင့်ချေ။

ပြုကျင့်မိချေသော် မီးလောင်ရာ လေပင့်သည့်ပမာ အခြေအနေ ...ိုတင်းမာ၍သာ လာတတ်သည်ဖြစ်ရာ ဣန္ဒြေမဲ့၊ သိက္ခာမဲ့ဖြင့် သူ ...တာ အကဲ့ရဲ့ခံရမည်။

| ၁၃၆၁ ခုနှစ်၊ ပြာသိုလဆန်း၊ ၂ ရက်၊ မောနေယျတော၊ ]



www.burmeseclassic.com

www.burmeseclassic.com



# စည်းကျိုးလို့ ခွေးတိုးရာ ခွေးအဆိုးမဆိုပါနှင့်

လူ့သိက္ခာများကို အရှက်အကြောက်နှစ်ပါးက ထောက်ခံထား
၏၊၊

လူ့ဂုဏ်ပုဒ်ကိုကား ကိုယ်ချင်းစာထား မေတ္တာတရားက
ထောက်ခံထား၏။

ထိုအားလုံးတို့ကိုကား

သီလတစ်မျိုးတည်းကပင် တာဝန်ယူ ထိန်းသိမ်းစောင့်ရှောက်
ထားချေရာ၊ အာရုံလာတံခါး အပ္ပမာဒသတိဖြင့် စည်းထားမြဲ
စောင့်စည်းပိတ်ဆို့ပေးလေ့ရှိသော သီလခေါ်စောင့်စည်းခြင်း ကျ
ဝတ်သည် လူတို့အတွက် အသက်ကဲ့သို့ အရေးကြီးပြီး တစ်ခုတည်
သော အားအကိုးရဆုံး စိတ်အချရဆုံး တံခါးမှူးကြီးတည်း။

ထိုသီလစည်းရိုး ယနေ့လျှင်ကျိုးက ယနေ့ပင်အာရုံစဉ်မှ
ယှဉ်လုဝင်လာသော ခွေးဆိုး တိုးဝင်လာမည်။

စည်းကျိုး၍ခွေးတိုး ထိုခွေးဘက်က အဆိုးမဟုတ်ချေ။

[ ၁၃၉၂ ခုနှစ်၊ ပြာသိုလဆန်း၊ ၂ရက်၊ မောနေယျတော

# မသိလို့တောင်း မသိလို့ပေါင်း မသိမှဘဲ ကောင်းမှာပါ

လူတို့သည်

လူလျှင်လူချင်းသော်လည်းကောင်း၊ အခြားသက်မဲ့သက်ရှိ
နှင့်သော်လည်းကောင်း ငါး၀ ငါးပုံသော ကာမအာရုံများကို စိတ်ချ၊
ကွယ်၊ ဒီဠကောင်းမှာပါ အထင်အမြင်များဖြင့် ပေါင်း သင်းဆက်ဆံ
သက်မှင်အပြန်အလှန်အပ်နှံခဲ့ကြရာ

- တောင်းနေကြသည်က ဉာဉ်သွေး စရိုက်သွေး
- ပေါင်းနေကြရသည်က ရုပ်နှင့်နာမ်
- ကောင်းနေကြသည်က တဏှာနှင့် ဥပါဒါန်

မိမိမှာမူကား တည်ကြက်၊ တိုက်ကြက်အရာ ကြားဝင်နေ
သခံမှုသာ။ မိမိအမည်ခံ လူ့အသိဉာဏ်သည် အစွဲသိများ၏
က်အောက်ခံဖြစ်သွားသောကြောင့်တည်း။

ယနေ့ …

တစ်ဖက်အာရုံတို့ဘက် မလှည့်၊ မိမိကိုယ်ဘက် မိမိကြည့်မိ
သောအခါ အရှိနှင့်မရှိ၊ အတည့်မြင်၊ အတည့်သိ၊ မမြဲ- မကောင်း

www.burmeseclassic.com



သဘောမျှသော သူ့အကြောင်းဟူ၍ ပေါင်းရင်းသိဖြင့် သိပိုင်လာ
ချေရာ-

-ပရမတ် မသိ၍ ကောင်းသော ငါ

-ပညတ်မသိတော့မှ ကောင်းမှာပါဟူသော အဖြေသည်
သေသေချာချာကြည့်လေ တိတိကျကျပေါ်လေ ဖြစ်လာတော့၏။

ငယ်ငယ်တုန်းက-

အမေ ပြင်ဆင်ပေးသဖြင့် စီးခဲ့ရသော ထန်းပလပ်မြင်း၊ ယခု
တွေးတောကြည့် ယခုပင် ပြေးမော မောရပါဘိခြင်း။

[ ၁၃၆၁ ခုနှစ်၊ ပြာသိုလဆန်း၊ ၃ ရက်၊ မောနေယျတော၊ ]





## ဆောင်းပါဆို မိုးရွာ လေကပါ သာချင်သေး

-လူတို့၏ တစ်သက်တာတွင်
ဇာတာ၊ စန်းလဂ်၊ အတိတ်ကံကောင်းများ ကူစွက်လာစဉ်

-စီးပွားရေးစားကျက်တွင်လည်း လုပ်တိုင်းဖြစ် ဆစ်တိုင်းရ
အများကပင် အောချယူရသည်။

-လူမှုရေးစားကျက်တွင်လည်း ပြောသလိုပြီး၊ တီးသလိုမြည်
လူတိုင်းကပင် ယုံကြည်လာကြသည်။

ထိုသည့်ကာလ သူ့ဘဝ

အစစ လိုလေသေးမရှိ၊ အအေးလက္ခဏာတို့ကသာ အပြည့်
ဖြစ်နေစေရကား...

ဆောင်းအခါကြီး မိုးရွာ လေကပါ သာချင်သေးပမာ။

[ ၁၃၆၁ ခုနှစ်၊ ပြာသိုလဆန်း၊ ၄ ရက်၊ မောနေယျတော၊ ]



www.burmeseclassic.com

www.burmeseclassic.com



# နွေပါဆို မီးပုံ ကျောက်ပူသဲပူတို့ကပါ လှန့်ချင်သေး

လူတို့၏ တစ်သက်တာတွင်

-ကံဇာတာမိုန် စန်း-လဂ်တို့ကပါ ငြိမ်နေပြီး အတိတ်..

ကောင်းများ ထိမ်နေဆဲ၌ကား...

-စီးပွားရေးနယ်ပယ်မှာလည်း အံတုသူတိုးဝင်လာကာ အနှောင့်..

ခံရသဖြင့် စားကျက်ပင် ပျောက်ရသည်။

-လူမှုရေး နယ်ပယ်မှာလည်း ကိုယ့်ထက်သာ လူစွာတို့..

နေရာဝင်လုခံရသဖြင့် အာဏာမဲ့ ဖြစ်ရပြန်သည်။

ထိုသည့်ကာလ သူ့ဘဝကား... ဘာမဆို ရန်ငြိုးဖြ..

အပူပေါ်အပူဆင့်နေချေတော့ရကား...

နွေပါဆို မီးလောင် ကျောက်ဆောင်သဲသောင်များက..

ကူချင်သေးပမာ။

| ၁၃၆၁ ခုနှစ်၊ ပြာသိုလဆန်း၊ ၄ ရက်၊ မောနေယျတော..





# မခါချင်နှင့် ခါချဉ်ထုပ် အလှုပ်ပါတတ်သည်

လူသားတိုင်းလျှင်

-မိဘမျိုးရိုးတို့မှ ပါဝင်လာသော ဉာဉ်သွေးများကလည်း အစုံပါ။

-မိမိ ကျင်လည်ခဲ့ရတိုင်းမှ ပါဝင်လာသော ဉာဉ်သွေးများကလည်း အကုန်ပါ။

ထိုသို့ ဉာဉ်နှစ်မျိုး သွေးတိုးအထွေထွေ ရှိနေကြရာ... ကာမ အာရုံ ခံမင်စွာခံစားခြင်း ဉာဉ်ထားကား ပို၍ပင် သွေးတိုးကြမ်းလှ၏။ ဘဝအဆက်ဆက် မည်သည့်ဘဝမျှ မိမိနှင့် လက်တွဲမဖြုတ်ခဲ့သော ဉာဉ်ဖြစ်နေသောကြောင့်တည်း။

ထိုဉာဉ်သွေးများ ထက်အောက်စုန်ဆန် အပြန်အလှန်ပြေး နေချေရာအထဲ...

ပမာအားဖြင့်...

မိုးကျရေအမျိုးမျိုး တိုးဝင်နေစဉ် ရေကာတာရိုး ကျိုးသွားရာ တွင် တစ်ဖန်ပြန်လည်ကာ ဘယ်လောက်ပင်ဖို့ဖို့ အသားမသေ၊ ခဏ



www.burmeseclassic.com

www.burmeseclassic.com



ခဏာပင် ထိုကျိုးသောနေရာမှ စိမ့်ရေများ တသွင်သွင် စီးဆင်းသည့်နှယ်။

တစ်ခါမျှ ထိုကာမကျင့်၏နောက် စိတ်စည်းကျိုးပေါက်သွားခဲ့သော် တစ်ခါသွားနှင့်လည်း မပြီးပြေ။ နှစ်ခါသွားနှင့်လည်း မပြီးပြေ။ လူသာသေချင်သေမည် သူကား အာသာမပြေတော့ပြီ။

- သွေးလှည့်တိုင်း အတွေးကအိ

- အကျင့်လွန်စရိုက်သွေးများကပါ ဖိဖိလာနေတတ်သောကြောင့်တည်း။

[ ၁၃၆၁ ခုနှစ်၊ ပြာသိုလဆန်း၊ ၇ ရက်၊ မောနေယျတော၊ ]





# အသုံးမချ အရှုံးပြခံရမည်

- သားသမီးများကို မွေးကားမွေး၏။ သို့တစေလည်း မခိုင်းရက် မစေရက်ဖြင့် လက်သပ်မွေးကာ အရေးပေးထားလည်း အချိန်ကျ ချွေးမနှင့်သားမက်တို့လက် ဝ,ကွက်အပ်လိုက်ရသည့်ပမာ

- ခိုင်းနွားကြီးများကို သူတစ်ပါးတို့ထံမှ ငှားထားပြီး မခိုင်းရက် မစေရက် အစာရေစာမြက်ကျွေးကာ မွေးကျွေးထားလည်း အချိန် စေ့သည့်နှင့် သူ့သခင်လက် ပြန်လည်အပ်လိုက်ရသည့်ပမာ

- ရုပ်နာမ် နှစ်ဖြာတို့ဖြင့် တည်ဆောက်ထားရာ ဤခန္ဓာကြီးကိုလည်း

- မိမိကသာ ကိုယ်အပိုင်အထင်ဖြင့် ညှာညှာတာတာ အရေးပေးထားသော်လည်း ကိလေသာကား အခွင့်ရေးရ ရသလောက်ပင် ဝင်ရောက်၍ ခိုင်းစားသွားတော့ရာ မိမိမှာမူကား အရိပ်ကြည့်ရုံဖြင့် ကျေနပ်နေရတော့မည်။

- မိမိကသာ ကိုယ်လိုသလိုရအထင်ဖြင့် အမျိုးမျိုးပြင်ဆင် အမွမ်းတင်နေသော်လည်း ခန္ဓာကား တစ်နေ့လျှင် ဆုတ်ယုတ်ပျက်



www.burmeseclassic.com

www.burmeseclassic.com



ပြား ပုံစံတစ်ခြား ပြောင်းအားဖြင့် တစ်နေ့တစ်ခြား အတိတ်ကံရှိန်တို့ နောက်ဆုတ်သွားရာမှ အဆုတ်ဆုံး၍ လုံးလုံးမလှုပ် အသက်ဇီဝိန်ချုပ်ပျောက်လေလျှင် မြေကို မှီ၍ ဖြစ်လာသော ခန္ဓာ ထိုမြေရှိရာသို့သာ ပြန်လည်အပ်နှံရချေတော့မည်။

-ဘဝခန္ဓာ ယုယညှာတာ ကိုယ်မှာအတွက် မသုံးရက်သောသူ တစ်ဘဝသာပျက် ကိုယ်တွက် ဘာမျှ မရရကား အလကားကုန်ဆုံး လူဖြစ်ရှုံးသည်။

-ဘဝခန္ဓာ သူတကာနှင့်ဖက် သူတကာ့လက် ဝ,ကွက်အပ်နှံထားသူလည်း တစ်ဘဝထဲ အစွဲများစွာ စာရင်းရေး အတေးခံထားလိုက်ရကား သံသရာအထပ်ထပ် ကြွေးဆပ်၍ပင် မကုန်ဆုံးနိုင်တော့သဖြင့် အရှုံးနှင့်သာ ပြန်သွားရမည်။

[ ၁၃၆၁ ခုနှစ်၊ ပြာသိုလဆန်း၊ ၉ ရက်၊ မောနေယျတော၊ ]





# ပယောဂပူး အရှူးတစ်ပိုင်း

ပယောဂဟူသည် စိတ်၌လာရောက်ပူးယှဉ်နေခြင်းကိုပင် ဆိုချေရာ စိတ်သို့ပူးယှဉ်ကပ်ချည်းသော ထိုပယောဂများမှာ-

(၁) နတ်ပယောဂ- မကျေနပ်သော ဆိုင်ရာနတ်က ဆိုင်ရာ၏စိတ် ပူးကပ်နှောခြင်း။

(၂) စုန်းပယောဂ- မကျေနပ်သောစုန်းက သူတစ်ပါးစိတ်ပူးကပ်နှော မကျေနပ်ချက်ကို ပြောခြင်း။

(၃) သွေးပယောဂ- အစွဲလွန်ညှဉ်စရိုက်ဝါသနာများက သွေးထဲရောကာ စိတ်ဝယ်ပူးကပ်ခြင်း။

(၄) လေပယောဂ- အားကြီးရာ ဓာတ်များက လေနောက်ပါကာ စိတ်ဝယ်ပူးကပ်လာခြင်း။

ဤသို့လျှင် လေးမျိုး။

ထိုလေးမျိုးတို့တွင်

အထက်ပါ နတ်နှင့်စုန်းများကား အပရလောကသားများ ဖြစ်နေကြသဖြင့် စိတ်သို့လာချင်တိုင်းလာခွင့်မရ။ နာမ်ဝိညာဉ်လောကသားများလည်း ဖြစ်နေကြသဖြင့် ကျေနပ်ချက်ရလျှင် ခွာပေး၏။ တောင်း



www.burmeseclassic.com

www.burmeseclassic.com



ပန်လျှင်လည်း ခွာပေးသေး၏။

အောက်ပါ သွေးနှင့်လေတို့မှာမူကား အတူနေများ ဖြစ်နေကြတော့ရကား အချိန်မရွေးပူး၊ အချိန်မရွေးလျှင် စိတ်နှင့်ပလူး နေတတ်၏။ သက်မဲ့ရုပ်လောကသားများ ဖြစ်နေကြခြင်းကြောင့်လည်း ကျေနပ်အားရသည်လည်းမရှိ၊ အစာရှိနေသမျှ သွေးလေ အားပြည့်နေကြမည်။ ထိုသွေးလေတို့ အားပြည့်နေတိုင်းလည်း သွေးလေ ပါဉဉ်ဇများကလည်း ထ,ကြွနေကြမည်သာ။

လူသာအိုမည်၊ ဉဉ်ကား အိုသွားလိမ့်မည် မဟုတ်။

သို့ကြောင့် သွေးပယောဂ၊ လေပယောဂ အပူးခံနေရသော ထိုလူသား သွေးလေတို့ကို ဉဉ်စရိုက် ဝါသနာများ မဝင်သာအောင် သတိဖြင့် သန့်စင်မပေးနိုင်သမျှကာလပတ်လုံး . . .

-ရာဂဉဉ်ကူး ရာဂသွေးမြူးသူက သေအထိ မျောက်က,က သေရမည်။

-ဒေါသဉဉ်ပူး ဒေါသသွေးမြူးသူက သေအထိ ဘီလူးက,က သေရမည်။

(-မာနဉဉ်ပူး မာနသွေးမြူးသူက သေအထိ ဇော်က,က သေရမည်။)

-မောဟဉဉ်ပူး မောဟသွေးမြူးသူက သေအထိ ဆင်သွားသွား, ဆင်စား စား သေရမည်။

လူ့ပင်ကိုယ်စိတ် ကင်းဆိတ်နေသမျှ ထိုလူသား အရူး မလွတ်တတ်။

[ ၁၃၆၁ ခုနှစ်၊ ပြာသိုလဆန်း၊ ၉ ရက်၊ မောနေယျတော၊ ]

နတ်တလူစာစဉ်



# လေနှင့်မီး အဆီးလွတ် အိမ်လုံးရွာလုံး ကျွတ်စေမည်

ကမ္ဘာမြေ အရှေ့ခြမ်း၊ အနောက်ခြမ်း နှစ်ခြမ်းကွဲနေချေရာ ကမ္ဘာ့အနောက်ခြမ်းနေ ဥရောပ၊ အမေရိကသားများကား ရေဓာတ်၊ မြေဓာတ် ခံအားကောင်းကြသဖြင့် စိတ်နှင့်ကိုယ် အေးဆေးကြမည်။

ယေဘုယျအားဖြင့် ရာဂအားကြီးပြီး ဒေါသနည်းပါးကြမည်။ ရာဂသတ္တိကြောင့် အဆန်းထွင် ဝါသနာပါပြီး အကောက်ဉာဏ်အားကြီးကြမည်။

ကမ္ဘာ့အရှေ့ခြမ်းနေ အာရှနှင့် အာဖရိကသားတို့မှာမူကား လေဓာတ်၊ မီးဓာတ်ခံအားကောင်းကြရကား စိတ်နှင့်ကိုယ် အပူလွန်ကြမည်။ ယေဘုယျအားဖြင့် ရာဂအားနည်းပြီး ဒေါသကြီးကြမည်။ စိတ်မရှည်လိုကြ။ ဒေါသသတ္တိကြောင့် ဖြစ်သလိုနေတတ်ကြပြီး အကြံအဖန် မထုတ်တတ်ကြ။

ဤသို့လျှင်

ကမ္ဘာ့အရှေ့ခြမ်းနှင့်အနောက်ခြမ်းသားတို့ ရေမြေဓာတ်ခံများကပင် ကွဲပြားနေကြချေရာ . . .

နတ်တလူစာစဉ်

www.burmeseclassic.com

www.burmeseclassic.com



-အနောက်ခြမ်းသားတို့ကား မြှောက်စားလေ တောက်ပွားလေသာ။

-အရှေ့ခြမ်းသားတို့ကား မြှောက်စားလေ ဖောက်ပြားလေသာ။

သို့ကြောင့်လျှင်...

အရှေ့ခြမ်းသား မိမိတို့ သားငယ်တပည့်များအား အနှိပ်အကွပ်မထား၊ ပြုပြင်မှုလည်းမရှိ၊ မိမွေးတိုင်း ဖမွေးတိုင်း လွှတ်ပေးထားက

လေနှင့်မီး အတားအဆီးမရှိ လွှတ်ထားကြည့်မိသော်

မိရာဟပ် ပတ်မွေ့ဖမ်း ကျွမ်းမှုရပ်ပမာ

စိတ်ပုပြင်းသလောက် ဖောက်ပြား ပစ္စည်းကုန်လူဖါး၊ ရောဂါဒဏ်၊ လောကဓံအထိကြမ်းသဖြင့် ဘဝကျွမ်းမှသာ ရပ်တန့်လေ့ရှိကြသည်။

-အရှေ့ကို အနောက်မလုပ်ရာ၊ အရှေ့ကို အနောက်လုပ်သရုပ်လည်းပျက်၊ ရုပ်လည်းပျက်။

-အနောက်ကိုလည်း အရှေ့မလုပ်ရာ၊ အနောက်ကို အရှေ့လုပ် အငွေ့မသက် အတွေ့မက်။

[ ၁၃၆၁ ခုနှစ်၊ ပြာသိုလဆန်း၊ ၉ ရက်၊ မောနေယျတော၊ ]





# အစဖြင့်ဆုံး ခဏာသုံးနှင့် ကျေနပ်ရမည်

ဖြစ်ပျက်နှစ်ခင်းနှင့် အရင်းတည်ထားရသော သင်္ခါရမှန်သမျှ ပေါ်တိုင်း ပေါ်တိုင်း အဆုံးရှိနေသည်။

-ခြေတစ်လှမ်းဝယ် အကြွဖြင့်စပြီး အချဖြင့်သာ ဆုံးရမည်။

-ခရီးတစ်ခုဝယ် ဤနေရာမှစ၊ ထွက်တိုင်း ထိုနေရာရောက်က ဆုံးရမည်။

ဘဝတစ်ခုဝယ် ပဋိသန္ဓေနေ၍ မွေးပြီးတိုင်း အသေရောက်က ဆုံးရမည်။

သည့်အတူပင်လျှင်

မည်သည့်အရာ၌မဆို အစနောက် အဆုံးရှိ၏။ အတို၊ အရှည်၊ လတ်မျှသာ ကွာ၏။ ကွာတိုင်းလည်း အခွင့်အရေး ခံစားရခွင့် းလည်း အနည်းအများ ကွာကြမည်။

သရက်သီးမှည့်တစ်လုံး၌ ကိုက်ကြည့်ရုံမျှသူ တစ်ဝက်ကျ အထိ ရသူ၊ အဆုံးတိုင်စားရသူ ကွာသည့်ပမာ...

သို့ကြောင့် မည်သည့်အရာ၌မဆို သင်သည် အစဖြင့် မဆုံးသင့်။ ဆုံးပြီးနောက်မှသာ အပြီးဆုံးစေသင့်၏။



www.burmeseclassic.com

www.burmeseclassic.com



- သိက္ခာအရာတွင် သီလဖြင့် မဆုံးစေသင့်။
- ပါရမီအရာတွင်လည်း ဒါနဖြင့်မဆုံးစေသင့်။

သရက်သီးမှည့် လှိုင်လှိုင်ရှိနေသော သရက်ပင်ကြီးသို့ တက် ကြရာတွင်

- တက်ကားတက်၏၊ ဝကြားအရောက်ပြန်ဆင်းလာသူ
- တက်ကားတက်၏၊ အောက်ကိုင်းအရောက် ပြန်ဆင်းလာ သူ...
- တက်ကားတက်၏၊ ခက်စုံ၊ လက်စုံအကုန်ကူးပြီးမှ ပြန်ဆင်း လာသူ...

ထိုသုံးဦးတို့ အခွင့်ရမတူကြသည့်ပမာ လူ့ညဉ်၏ အခြေ သီလ၊ လူ့စရိုက်၏ အခြေခံဒါနမျှဖြင့်သာ ပြီးလေသူ၊ တစ်ဘဝ တခဏစာမျှသော လူချမ်းသာ နတ်ချမ်းသာမျှဖြင့်သာ ပြီးပျော် ရမည်။

- အသပြာစု ငွေအတုဖြင့် မပြီးစီးသင့်ချေ။
- သာသနာပြု အခြေပြုဖြင့် မပြီးစီးသင့်ချေ။

( ၁၃၆၁ ခုနှစ်၊ ပြာသိုလဆန်း၊ ၁၀ ရက်၊ မောနေယျ...



# ယုန်ကိုလည်းချက် ပါးစပ်ကိုလည်း မပျက်စေနှင့်

ဘာသာကို ယုံကြည်ပါ၊ မြတ်နိုးပါ၊ လေးစားပါ၊

- အမျိုးကို ထိန်းသိမ်းပါ၊ ကာကွယ်ပါ၊ စောင့်ရှောက်ပါ။

ဘာသာသည်

တကယ့်အရှိ တကယ်သိရမည့်သဘာဝအချက်တို့ကို သိမှီး ားရာဖြစ်ခြင်းကြောင့် ဘဏ္ဍာတိုက်ကြီး တစ်ခုပင်ဖြစ်၏။

ထိုဘာသာ၏ အတွင်း၌

အထက်တက်ရာလမ်း၊ အောက်သက်ရာလမ်းများနှင့်တကွ ိုလမ်းများသို့တက်ရာ သက်ရာတိုင်း တကယ်တွေ့သိခံစားကြရမည့် ကောင်း မကောင်း အရာဝတ္ထုများကိုလည်း တိတိပပ ပြသ ထားချေရာ ခရီးသွားမြေပုံကားချပ်ကြီး တစ်ချပ်ပင် ဖြစ်၏။ သို့ကြောင့်...

တကယ့်အရှိ တကယ်သိပိုင်ခွင့်ရ လူသားသည် အပါယ် သာကသားများကဲ့သို့ ကြုံရာနိုက်၊ ထိုက်ရာသွားနည်းမဟုတ်ဟူ၍ လမ်းစမှ လမ်းဆုံးသို့ဟူသော ခရီးပန်းတိုင်လည်း ရှိနေရမည်။ လမ်း ို လည်းကောင်း၊ လမ်းညွှန်လမ်းပြကိုလည်းကောင်း၊ မိမိသည်



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်းကောင်း၊ ယုံချက်တင်းတင်း ထားရမည်။

ထိုသို့ထားနိုင်မှ

အမျိုးကောင်းဘဝ ရောက်နေ ရနေမှသာ တတ်နိုင်ကြမည်...

အမျိုးညံ့ဘဝ ရနေသော်လည်းကောင်း၊ မျိုးညံ့သွေး အရော... ခံရလျှင်သော်လည်းကောင်း။

ချက်ပြုတ်ထားသော ယုန်သားဟင်းက မည်မျှကောင်းနေ... စားသုံးသူဘက်က ခံတွင်းပျက်နေခဲ့လျှင် ကောင်းသတ္တိလည်း မ... ကောင်းရသာလည်း မခံစားရတော့သည့်ပမာ

လမ်းပြလည်း ကောင်း၊ လမ်းကြောင်းလည်း သာနေသော်... မှလည်း သဒ္ဒါကစ၊ ဗိုလ်ငါးဝတို့ ချို့တဲ့နေက လမ်းသွားမတော... ရောက်မိရောက်ရာသာ။

[ ၁၃၆၁ ခုနှစ်၊ ပြာသိုလပြည့်၊ မောနေယျ...



# မိတ်ဖက်ကြားက ထွက်သောရန် ကြားဝင်ဖျန်ရက် ခက်ခဲမည်

လောကနိယာမ၏ ဖိုမတို့သဘာဝအကြား လင်နေမယားထား ...ားကြရာတွင် အများစုမှာ-

ယောကျ်ား၊ မိန်းမတို့ရှိ ဘာဝသတ္တိ၊ မျိုးရိုးများရှိ ဗီဇသတ္တိ၊ ...င်ကိုယ်ပါ ဉာဉ်သတ္တိတို့ အသီးသီး အစွမ်းပြနေတတ်ကြရာ

- အလိုမကျ စိတ်ကောက်ပြခြင်းဖြင့် ဆန္ဒပြသော ရန်ပွဲလည်း ...။

- အလိုမကျ ခွန်းကြီးခွန်းငယ်စကားစတို့ဖြင့် ထုတ်ဖော်ပြသော ...ပွဲလည်းရှိ၏။

- အလိုမကျ သတ်ပုတ်ကြလျက်က ဖောက်ခွဲပြသော ရန်ပွဲ ...ထိလည်း ရှိ၏။

သို့ကြောင့် ရန်တစ်လှည့် မိတ်တစ်လှည့်တို့ဖြင့်ပင် ဆက်ဆံ ...ကြရ၏။

ထိုသို့ ဆက်ဆံနေကြရာတွင် . . .

လင်မယားတို့အကြား ညီအစ်ကို မောင်နှမတို့အကြား မိဘနှင့်



www.burmeseclassic.com

www.burmeseclassic.com



သားသမီးတို့အကြား ထိုကြားသုံးကြား ဝင်ရန်ခက်ခဲသည့် ခမွတာ ရှိရာ လင်နှင့်မယား အကြားကား ဝင်ရန်ပို၍ခက်ခဲမည်။ တစ်ဦးနှင့် တစ်ဦး မေးမထူး၊ ခေါ်မပြော၊ သဘောမကျ၊ စိတ်ကောက်ဆန္ဒပြ နေသော ရန်ပွဲက ပို၍ပို၍ပင် ခက်ခဲမည်။

တစ်ဦး၏အလိုမကျသောအကွက်၊ ဘာဟူသော အချက်ဟူ၍ မသိရသောကြောင့်တည်း။

တစ်ဦး၏အတွင်းက ပြောသောစကား ဘာဟူ၍ မကြား သောကြောင့်တည်း။

[ ၁၃၆၁ ခုနှစ်၊ ပြာသိုလပြည့်၊ မောနေယျတော





# အပြောများ မောဟား ဟားနေပြီသာမှတ်

လောကီလမ်း၊ လောကုတ်လမ်း

သို့မဟုတ် ဒုစရိုက်ကင်းလမ်း၊ မကင်းလမ်းဟူ၍ သွားလမ်း နှစ်မျိုးရှိရာ လောကုတ္တရာ သမ္မာလမ်းကား သီလမပျက်စေဘဲ အဆင့် တက်ရမည် ဖြစ်ပြီး၊

လောကီမိစ္ဆာလမ်းကား သီလကိုဖျက်လျက်က အဆင့်တက် ကြရရာ···

မည်သည့်လမ်းမဆို···

- သမ္မာလမ်းတက်ကလည်း- သီလအား သီလအားချင်း ဖဝါး ချင်းဆက် မောနေပမ်းနေအောင် တက်ပြမှသာ အများမြင်သာမည်။

- မိစ္ဆာလမ်းတက်ကလည်း··· မိစ္ဆာအား မိစ္ဆာအားချင်း ဖဝါးချင်းဆက် မောပမ်းနေအောင် တက်ပြီးမှသာ အများမြင်သာမည်။

- မြင်သူများ၍ ပြောသူများနေလေသောအခါ ထိုနှစ်မျိုးစလုံး မောဟားနေကြလေပြီ။

အသိပေါ်၍ အရောများလာသောအခါတွင်ကား ခါးစပ်၊ ခါး တော် ပတ်ထားရပြီ။

[ ၁၃၆၁ ခုနှစ်၊ ပြာသိုလပြည့်နေ့၊ မောနေယျတော ]



www.burmeseclassic.com

www.burmeseclassic.com



# သေနေ့ကို မတွေးခေါ် သေခါကျ အရေးပေါ်တော့သည်

ဘဝအပေါ်

အစွဲသန်လွန်းသူမှန်သမျှ သေဖို့ထက် နေဖို့သာ အာရုံစိုက်လေ့ရှိ၏။ အဖြစ်ကိုသာ အားစိုက် အပျက်ကိုကား မေ့၍ပင်နေလေ့ရှိ

တကယ် အာရုံရေးရှု ကြိုတင်ပြုရမည့်အရာကား သေခြင်းနှင့်ခွဲခွာရခြင်းများပင်တည်း။

သို့ကြောင့်...

သင့်ကိုယ်သင် မသေမီကပင် တကယ်သေရဦးမည်ကို ကြိုတင်လည်းတွေး ကြိုတင်၍လည်း ဖြေဆေးကျွေးထားရာ၏။

ဤသို့ သေခြင်းကိုတွေး သေရေးကိုအလေးပြုထားခဲ့သော် တကယ်သေသောကာလ မသေရတော့ပြီ။

အစကတည်းက သိနေပြီးသားဖြစ်နေ၍ သေမင်းကြီးလာ လည်း မရွံ့တော့ပြီ ဖြစ်သောကြောင့်။ အရွံ့မနှောက် အကြောက် အောင်း အာရုံကောင်းယူသွားနိုင်သည့်အတွက် ဇီဝမသေသော်မှ သေနေသော အပါယ်စံဘဝမှ လွတ်နေရစ်ပြီ ဖြစ်သောကြောင့်။





တစ်ဖန် သင်နှင့်မိသားစု မခွဲရမီကပင် သေကွဲ ရှင်ကွဲ ကွဲကြရဦးမည်ကို ကြိုတင်သတိကြောင့် ကြိုတင်သိ သိနှင့်ထားရာ၏။

ဤသို့သာ ကွဲခြင်းကိုတွေး၊ ကွဲရေးကို အလေးပေးထားသော် တကယ်ခွဲခွာကြရသော ကာလ အကွဲရာ မပြတော့ပြီ။

အစကတည်းက သည်လိုကွဲမည်ကို ကြိုတင်သိနှင့်ထားပြီး ဖြစ်သောကြောင့် နှလုံးမသာယာ မဖြစ်တော့ပြီ။ စိုးရိမ်မှုပွား၊ ဗျာပါဒ အတားလည်း မပေါ်လာပြီ။ ကိုယ်သွားရမည့်ကိစ္စ စိတ်ချလက်ချ စီစဉ်နိုင်ပြီ။

ထိုသို့ မဟုတ်ပါဘဲလျက်က နေခြင်းနှင့်အဖြစ်ကြား မျှောသွားသွား၍ မေ့လိုက် လိုက်နေမိခဲ့သော် အပျက်စေ အသေကြား ရုတ်တရက် ရောက်သွားမိချေက ရုန်းရင်းဆန်ခတ် အရေးပေါ်အရာထပ်ဖြင့် မသာဓာတ် ခင်းကျင်းပြသရတော့သည်သာ။

[ ၁၃၆၁ ခုနှစ်၊ ပြာသိုလပြည့်ကျော်၊ ၃ ရက်၊ မောနေယျတော၊ ]



www.burmeseclassic.com

www.burmeseclassic.com



# သတ်မှာပါဆို ကြိုဆိုရေးတွေလား မေးနေ

သတိမပါသူ၏ အာရုံခံစားမှုသည်

မျက်မမြင် ထမင်းစားရာ မစားသင့်သည်များကို မမြင်တော့သည့်ပမာ။

အဝိဇ္ဇာ တဏှာတို့၏ လွှမ်းမိုးခြင်းကို ခံနေရတော့သဖြင့် ဘာဆိုဘာမျှ သိခွင့်မရတော့ရကား ကြိုက်မသိအစွဲပေါ် ထိုအစွဲက အပါယ်ထဲ ဆွဲခေါ်သွားပြီး အို-နာ-သေ သုံးချက်ခုတ်တို့ဖြင့် ခုတ်သတ်ပစ်ခံရမည်။

သို့ပါလျက်... သင်သည်ကား

မသိသော အကြိုက်နှင့် မသိသော အမုန်း၊ သတိဖြင့် မချေမှုန်းဘဲ ပြုံးပြုံးကြီး လက်ပိုက်ကြည့်နေသော် အချို့သတ်သမားကို ကြိုဆိုသူအဖြစ်မှန်း လက်ကမ်းပေးနေသည့်ပမာ သူ့လက်ရာဓာတ်လမ်း တစ်ခန်းပြီးတစ်ခန်းထပ် မည်သည့်ကာလမျှ ရပ်ရလိမ့်မည်မဟုတ်။

[ ၁၃၆၁ ခုနှစ်၊ ပြာသိုလပြည့်ကျော်၊ ၃ ရက်၊ မောနေယျတော၊ ]





# အမှတ်မရှိ ကိုယ့်ကိုယ်ကို အလိမ်ထိ

လူတစ်ဦး တစ်ဦး၌

အစွဲသိနှင့် အမှတ်သိဟူ၍ အသိနှစ်မျိုး ကိုယ်စီရှိ၏။ ထိုတွင် လူမျိုးသုံး၊ ဒေသသုံးများအတိုင်းသိသော အသိသည် အာရုံဘက်သို့ အလေးပေးထားခြင်း အာရုံပုံရိပ်များ၏ ပြင်ပ အပြမှုကိုသာ သညာပြုထားခြင်းများကြောင့် သူတစ်ပါးကြည့်လည်း အငြိမလွတ်။ ကိုယ့် ကိုယ်ကို ပြန်လည်ကြည့်လည်း အငြိမလွတ်။

တစ်ဖန် ထိုလူမျိုးသုံး၊ ဒေသသုံးများဖြင့် အာရုံခံစားလေတိုင်း ထိုအစွဲသိတို့အပေါ် အမှတ်ဖိလျက်က မှတ်ချက်ယူကြည့်၊ အသိဖော်ထုတ်လုပ်ပေးရာမှ အသိကား မည်သည့်ဘက်မှ အလေးမပေးတော့ခြင်း၊ သူနှင့်မိမိတို့၏ အတွင်းရှိကို ခွဲခြမ်းစိတ်ဖြာ တကဲ့အရှိ ရှာဖွေခြင်းများကြောင့် သူ့ကြည့်လည်း အငြိပြေ၊ ကိုယ့်ကြည့်လည်း အငြိပြေ သိသိနေရုံလေးသာ။

ထိုသို့ အစွဲသိနှင့် အမှတ်သိတို့ အစွမ်းပြလေ့ရှိကြရာ အစွဲသိသည် သံသရာကြောအား အစုန်သော်လည်း လိုက်ရာ၏ ဆန်သော်လည်း ဆန်နေရာ၏။



www.burmeseclassic.com

www.burmeseclassic.com



အမှတ်မဲ့နေသူအား အာရုံ၏ ညို့ဆွဲ ဆွဲငင်ခြင်းကို ခံရခြင်း၊ မိမိရှိ အစွဲသိ ဝိညာဉ်ကလည်း လိမ်၊ သညာကလည်းလှည့်၊ ဝေဒနာကလည်း ချဲ့ပြသော ဖြားယောင်းခြင်းကိုပါ ခံလိုက်ရခြင်းကြောင့် -

-သူ့အကြောင်းလည်း ကိုယ်မသိ၊ သူ့အညာထိသွားတော့၍တည်း။

- ကိုယ့်အကြောင်းလည်း ကိုယ်မသိ၊ ကိုယ်အလိမ်ပါ ထိသွားတော့၍တည်း။

-သူတစ်ပါး အလိမ်ခံနေရသည်က တစ်ရုံတစ်ခါ။

-ကိုယ့်ကိုယ်ကို အလိမ်ခံနေရသည်က မကွေမကွာ။

ထိုလူစားမျိုး လူ့ပြည်နေလည်း ဘာအကျိုးထူး ရနိုင်ပါအံ့နည်း။

[ ၁၃၆၁ ခုနှစ်၊ ပြာသိုလပြည့်ကျော်၊ ၄ ရက်၊ မောနေယျတော၊ ]





## အားလုံး

## သုံးမှလည်းကွဲ ရှန်းမှလည်း ထူးကဲမည်

လူသားတို့င်း...

အရွယ်ကိုမှီလျက်ကပင် ကိုယ်ကာယ နိုင်မာတောင့်တင်းလာသည်နှင့်အမျှ ရုပ်ဓာတ်နှင့် စိတ်ဓာတ်အင်အားသတ္တိများ လုံးခဲလျက်ရှိနေကြသည်။

ထိုလုံးစုနေသောအား မသုံးစားခဲ့လျှင် အရွယ်ဟုန် မုန်မထ၊ အရွယ်ကုန် ချွတ်ခြုံကျဖြင့်ပင် လုံးပါးပါးရမည်။

ထိုရုပ်ဓာတ်၊ စိတ်ဓာတ်အားများကို သုံးစားလိုခဲ့လျှင် ရုပ်ဓာတ်၌ ဗျတ္တိခေါ် လက်ရုံးရည်အားကို တိုးပွားစေသော ဝီရအားတစ်ခုမျှသာ လက်စွဲထား၊ စိတ်ဓာတ်၌ကား...

မှန်းခရီး ပြီးကို ပြီးစီး စေရမည်ဟူသော ယုံကြည်ချက်အား။

-ထိုယုံချက်အတိုင်း ယုံကြည်ရာ ခရီးတွင်းရဲတင်းစွာ ဝင်ဆံ့ခြင်း၊ ဝီရိယအား။

-ထိုယုံကြည်နေသောအရာပေါ်သို့ စိတ်ကို တည့်မတ်စွာထားပေးခြင်း သတိအား။



www.burmeseclassic.com

www.burmeseclassic.com



-သတိ၏ ဖိအားပေးအတိုင်း၊ ထိုစိတ်- ထိုယုံကြည်ရာ၌ တည်နေခြင်း သမာဓိအား။

- တည်သောစိတ် အသိပါ ချိတ်မိလာတော့သဖြင့် မှန်းခရီး ပြီးစီးခြင်း ပညာအား။

- အယုံနှင့်အရဲ၊ အသိနှင့်အစွဲ ထိုနှစ်တွဲကို သတိဖြင့်ပင်တွဲ သတိဖြင့်ပင် တာဝန်ခွဲဝေပေးတတ်ပါမှသာ။

ယုံသထက်ယုံ၊ ရဲသထက်ရဲ အားများမှသည် တည်သောအားက အထောက်၊ ရဲအားက ထိုးဖောက်ဝင်၊ သိသောအားက ခွဲခြမ်းပြ၊ ယုံအားက ရှင်လန်းအားရ သဘောကျ။

ထိုအားများကပါ သူ့နေရာ၊ သူ့တာအရ သူ့အစွမ်းသုံပြကြသဖြင့် မှန်းခရီး ပြီးစီးအောင်နိုင်ရာသည်။ သို့ကြောင့်...

သင်သည် အားလုံးထဲက အားလုံး မဖြစ်စေလိုလျှင် အားလုံးထဲ အားခွဲထိုး အားကွဲမျိုးဖြစ်အောင် ကြိုးစားပါလေ။

[ ၁၃၆၁ ခုနှစ်၊ ပြာသိုလပြည့်ကျော်၊ ၈ ရက်၊ မောနေယျတော ]





# အိမ်အလာများ သမီးဆုံး
# အလိမ္မာထား ခရီးသုဉ်း

-တက်ခေတ်တွင် လူသားချင်းသီလအားပြိုင်လျက် တက်ကြသည်။

-ကျခေတ်တွင်ကား လူသားချင်း ကာမအား လမ်းခင်း၍ ဆင်းနေကြသည်ဖြစ်ရာ မိုက်တွင်းနက်သူတို့ အဆင်ပြေကြပြီး၊ အလိမ္မာကြီးသူများ ခက်ခက်ခဲခဲ သွားလာနေကြရမည်။ သို့ကြောင့်...

-စာနာစိတ်ဖြင့် အရာရာ ကိုယ်ကဲ့သို့ သဘောထားကာ လိုက်လျောခြင်း၊ ရက်ရောခြင်းအားကြီးသူတို့ တစ်နေ့ထက်တစ်နေ့ ဆုတ်ယုတ်သွားတော့ကာ သူတကာတို့အောက် ပြားပြားမှောက်ပေးကြရမည်။

-ဘာမဆို ငါအလိုကျရမှ၊ ဘာပြောပြော ငါတကောကော ရမှ ဟူသော အယူသည်းသမားထုံးအတိုင်း ရိုင်းစိုင်းစွာ နေထိုင်ဆက်ဆံခြင်း၊ သူတကာ့ဥစ္စာအပါကုတ်၍ မိမိဥစ္စာ ကျစ်ကျစ်ပါ ဆုပ်ထားတတ်သူတို့သာ တစ်နေ့တစ်ခြား ဒီရေအလား ကြီးပွားတိုးတက်လာကြတော့ကာ သူတကာတို့ထိပ် ဘိသိက်ခံအဖြစ်ဖြင့် အခြေခံကြမည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ဖြစ်လာကြရသည်မှာ…

- ကိလေသာ အပုပ်မိနေကြသော ကံ စိတ်တို့၏ အလွန်ကြောင့် ဥတု အာဟာရတို့ပါ အပုပ်လွန်ကာ လူ့ခန္ဓာကိုယ်တွင်း အပုပ်သွင်းပေးထားလိုက်ခြင်း။

- တစ်ဖန် ပုပ်ပြင်းသော ဥတု အာဟာရတို့၏ အလွန်ကြောင့် ကံ စိတ်တို့လည်း မွန်လာတော့ကာ ဥတု အာဟာရခင်း အခိုးပြင်းစေခြင်းတို့အကြား လှုပ်ရှားနေကြရသော လူသားမှန်သမျှ အနုနှင့် အယုဖြင့် အားမရ၊ ကြမ်းပေးမှ ရမ်းပေးမှသာ အနေတော်ကျ ဖြစ်နေကြတော့ရာ…

- အမိုက်မှား လူကြမ်း၊ မှန်းသမျှကိုစွ ဒိဋ္ဌအောင်မြင်စေတော့သည်။

- ယဉ်ကျေးသူ လူလိမ္မာ၊ စာနာစိတ်ဖြင့်ချိန်ဆ၊ နွားပိန်မြက်မဝ ဖြစ်စေမည်။

အလိမ္မာကြီးသူတို့ ပြိုင်ပွဲမှထွက် တစ်ကိုယ်တည်း သက်သက်နေရမည့် ခေတ်တည်း။

[ ၁၃၆၁ ခုနှစ်၊ ပြာသိုလပြည့်ကျော်၊ ၈ ရက်၊ မောနေယျတော၊]





# သံပုရာတွေ့လို့ ခံတွင်းချဉ်တာ ချစ်လို့ လို့ မထင်ပါနှင့်

လူသားတို့ ရလာသောဘဝသည်

- မိမိရှိ အတိတ်ကံစိတ်တို့ကလည်း ကာမဖြင့် ချိတ်လျက် ...မှာဘက်ကူးထွက်လာကြသည်။

- မိဘနှစ်ပါးစလုံးတို့ကလည်း လက်ရှိ၏ ကံနှင့်စိတ်တို့ဖြင့် ...ာမကို ဖိတ်ခေါ်လျက်က မျက်စိမှိတ်၍ ပေါင်းပေးလိုက်ကြသည်။ ...ို့ကြောင့်…

ထိုလူသား ဘဝတွင်း ခရီးပြင်းချီတက်လေရာတွင်

- ကလေးဘဝ ကလေးဘဝအရ လမ်းတွေ့သမျှကို ကာမ...င့်သာ ငုံလင့်နေမည်။

- ကာလသားဘဝ ကာလသားဘဝအရ လမ်းတွေ့သမျှကို ...ာမဖြင့်သာ ငုံလင့်နေမည်။

- လူကြီးဘဝ လူကြီးဘဝအရ လမ်းတွေ့သမျှ ကာမဖြင့် ...ာ ငုံလင့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုင့်လင်းခြင်းမှန်သမျှ

တစ်ဖက်၏ ဝတ္ထုအာရုံတို့အပေါ် ချစ်၍ပါ ဆိုသည်ထက် မိမိရှိ ကာမသွေးနှင့် ကာမစိတ်တို့က မိမိခန္ဓာကိုယ်ကောင်ကြီးအား ထကြွ သောင်းကျန်းအမျိုးမျိုးညှင်းပမ်းနေပါသည်ကို မခံရပ်နိုင်လွန်းရာမှ ကိုယ့်ကိုယ်ကို ညှာ၊ ကိုယ့်ကိုယ်ကို သနားလွန်း၍ဆိုက ပို၍မှန်ကန်မည်။

-တစ်ဖက်သို့ ကာမဝိတက်တွေးဖြင့် အရေးဆိုခိုင်းနေခြင်း။

-တစ်ဖက်သို့ ဗျာပါဒဝိတက်တွေးဖြင့် အရေးဆိုခိုင်းနေခြင်း။

-တစ်ဖက်သို့ ဝိဟိံသဝိတက်အတွေးဖြင့် အရေးဆိုခိုင်းနေခြင်း။

ထိုမိစ္ဆာဝိတက်အားလုံးတို့သည် အတိတ်ကံစိတ်တို့က ညှို့အဖြစ်၊ စရိုက်အဖြစ် ဝါသနာအဖြစ်ဖြင့် လူသားအား လိုက်ပါ ဖျစ်ညှစ်နေကြရာ... ထိုလူသား

-သတ္တိပြည့်ရှိသော လူသားမဟုတ်က မခံနိုင်။

-အသေခံတိုက်ရဲသော ဗျတ္တိရှိလူသားမဟုတ်ကလည်း မခံနိုင်။

အရသာအားလုံးတို့တွင် သံပုရာသည် သွားကို နှိပ်စက်၍ အစွာဆုံးဖြစ်ချေရာ၊ သံပုရာတွေ့က လူသားတိုင်း ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ သွားရည်ကား ကျရစမြဲပမာ၊ ထသွေးစ ဇ,ပြနေသော လူသားမှန်သမျှလည်း အတွေးကျ ထကြွမည်သာ။

[ ၁၃၆၁ ခုနှစ်၊ ပြာသိုလပြည့်ကျော်၊ ၁၀ ရက်၊ မောနေယျထော





# ငိုကြွေးခြင်း

## အဝင်မှာကိုယ်သွင်း အထွက်ကျသူရှင်းလိမ့်မည်

လူသားတိုင်း

မိခင်ဝမ်းတွင်းမှ ကျွတ်လွတ်စတွင် ငိုကြွေးလျက်က ဘဝကို စတင်ကြရပြီး၊ သေခါနီးနီးကာလ ဇရာနှင့်ဗျာဓိတို့က မချိအောင် ဖိနှိပ်ထားကြရာ ငိုနိုင်အားမရှိ၊ ငေးငိုင်နှုံးချိ အယိုင်အရီဖြင့် သေပွဲဝင်ကြရမြဲသာ။ သို့ကြောင့် ကိုယ့်အစား ကိုယ်စား ငိုဘို့ဖြင့် လိုက်ငိုကြရသည်။

*ထိုသို့

-ထွက်စ ကိုယ်ငို၊ ကြိုဆိုသူမိဘ ပြုံးလျက်ရွှင်လျက်က ရှိချေရာ

-ပြန်ကာကျ သူတို့က ငိုကြွေး၊ ကိုယ်က အမလေးတ, မဲ့ရွှံ့လျက်က ရှိချေရာ

ကိုယ့်ဘက်က စာရင်းတွက်ချက်ကြည့်သော်-

-ပေးရန်ရှိ ငိုကြွေး၊ နောက်မှာလည်း တစ်ထုပ်တစ်ပိုး၊ ရှေ့မှာလည်း တစ်ထုပ်တစ်ပိုးဖြင့် ရှေ့မတိုးသာ နောက်မဆုတ်သာ ဖြစ်နေတော့၍တည်း။

သူတို့ဘက်ကနေ တွက်ချက်ကြည့်ချေသော်ကား...



www.burmeseclassic.com

www.burmeseclassic.com



ရရန်ရှိ ငိုကြွေး၊ ယခင်ကလည်း အကျေမပေး၊ ယခုလည်း မကျေသေး စာရင်းတေး ကြွေးကျန် ချန်ထားခဲ့ချေရာ လိုက်၍လည်း မတောင်းခံသာ၊ စိုက်၍လည်း လျှော်စရာ မရှိ။ တစ်ခွေမျိုးလုံး အပူမိနေကြတော့၍တည်း။

သို့မဟုတ်

အဝင်မှာ ပေးရန်ရှိက ငို၊ ရရန်ရှိတို့က ကြိုဆိုကြရပြီး

အထွက်မှာကား ရရန်ရှိက ငို၊ ပေးရန်ရှိက ဘာမဆို ညာမဆို သွားတော့ရာ… ကျန်ရစ်သူခမျာ ပေးစရာအခင်း ယခုချက်ချင်း ရှင်း ပေးနေကြရပြီး ရစရာအခင်း သူ့နောက်လိုက်၍ အတင်းတောင်းခွင့် မရသောကြောင့်တည်း။

-အဝင်တွင် အငိုပါ၊ အထွက် ငိုစရာ ကျန်နေခဲ့တတ်သည်။

-အဝင် အငိုမပါ၊ အထွက်လည်း အငိုဗလာဖြင့် ပြန်ခွင့်ရှိ တတ်သည်။

[ ၁၃၆၁ ခုနှစ်၊ ပြာသိုလပြည့်ကျော်၊ ၁၀ ရက်၊ မောနေယျတော ]





# မျက်ရည်ပူချေး
# အပူထန်၍ လျှံလိုက လျှံပါလေ
# ကြွေးအဖြစ်တော့ မကျန်ရစ်ပါစေနှင့်

လူသားများတွင်

-အရွယ်မရောက်သူတို့၏ ငိုချင်းကား မိမိရုပ်ခန္ဓာ အပူထိ ခံရရာမှတည်း။

-အရွယ်ရောက်တို့၏ ငိုချင်းကား ဝမ်းနည်း၊ ဝမ်းသာ စွဲလန်း ရာမှတည်း။

ထိုသို့ ငိုခြင်းကိစ္စနှစ်ဌာန ကွဲနေကြရာ…

ကလေးငိုကား မျက်ရည်စို့ရုံမျှ ဖြစ်နေ၍ မိမိ၌လည်း အစွဲ ကြီး အတေးမခံရ။ သူတစ်ပါးတို့၌လည်း အစွဲကြွေး ပေးထားခြင်း မရှိ၊ ဝကင်းရှင်းနေသောကြောင့် မီးဆောင်းသော ပေါင်းပြန်ချွေးမျိုး မဟုတ်။ ပစ္စက္ခဒုက္ခမှတစ်ပါး ယခုနောင် သံသရာနောင် အပိုကြွေး ဆောင်စရာမလို။

လူကြီးတို့၏ အငိုကား…

ရရန်ရှိ၊ မိမိလက်တွင်း အပ်နှင်းခြင်းခံရရာမှ ဝမ်းသာလွန်း ခြင်း ငိုသော အငိုသည်လည်း အရကြီးလေ အမှတ်ကြီးလေ။ တစ်ဖန် အမှတ်ကြီးလေ အစွဲအတေး အရေးထားမဲလေဖြစ်သဖြင့် အငိုနောက်မှ ကြွေးပါ ပါနေချေရကား၊ ငိုကြွေးခြင်း စကားလုံး အသုံးခံနေကြရ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖန် ရရန့်ရှိ အရာဝတ္ထု မိမိလက်တွင်းမှ လျှောဆင်းသွား တော့ခြင်း၊ အလုခံလိုက်ရခြင်းများ ခံရရာမှ ဝမ်းနည်းလွန်းလှသဖြ ငိုရသောအငို၌လည်း အနာကြီးလေ အမှတ်ကြီးလေ၊ တစ်ဖန် အမှ ကြီးလေ အခဲမကျေတေး ရေးမှတ်ထားပြီး ဖြစ်လေတို့ဖြင့် အငိုမျ ရောဖက် ကြွေးကျန်စွက်ထားရကား၊ ငိုကြွေးခြင်းစကားလုံး အသုံ နေကြရ၏။

-ဝမ်းသာ၍ ငို- ကြိုက်စွဲသို၊ ထိုသူ ကြွေးမကင်း။

-ဝမ်းနည်း၍ ငို- မုန်းကဲပို၊ ထိုသူ ကြွေးမကင်း။

မျက်ရည်သည် စိတ်နှင့်ဥတု ထိုနှစ်ခု တစ်ခုခုကြောင့် ယို ကျတတ်ရာ သင့်မျက်ရည်ကား မည်သည့်အရာကြောင့်နည်း။

-ဥတုပေး ကြွေးကင်း၊ စိတ်ကြဲတွေး ကြွေးသွင်း။

-အငိုမတတ် ကြွေးပတ်နှင့် ဓာတ်ခင်းရတတ်သည်…။

[ ၁၃၆၁ ခုနှစ်၊ ပြာသိုလပြည့်ကျော်၊ ၁၀ ရက်၊ မောနေယျတော





## အဆိုက်ပေါ် အမြိုက်ကောင်း
## အမြိုက်မဆောင်းမိကြစေနှင့်

ဆိုက် ဟူသောစကားလုံးကို

စခန်း၌လည်းကောင်း၊ ကမ်း၌လည်းကောင်း၊ မီး၌လည်း ကောင်း သုံးလေ့ရှိရာ ကုန်းခရီး၊ ရေခရီး၊ နန်းမြို့ကြီးများနှင့် တိုက် ရိုက်ဆက်ဆံနေ၏။

"ထိုအဆိုက် မည်သည့်အဆိုက်မဟူ ဆိုက်ရာနောက် အမြိုက် အရသာတို့ တောက်လျှောက်လိုက်ပါစေမှသာ ခရီးထား သွားရကျိုး နပ်တော့မည်သာ။ လိုရာစခန်း မှန်းရာဆိပ် ဘိသိက်ခံခွင့်ရ ဆိုက်ခြင်း မျိုး ဖြစ်လာသောကြောင့်…

အကယ်တိတိ

အဆိုက်၏နောက်သို့ အမြိုက်တို့ဖြင့် မထောက်ပို့နိုင်ခဲ့သော်

ထိုအဆိုက်သည် မီးရှိရာ၌ ထင်းအဆိုက်ပမာလည်း အမြိုက် ခံရရာသည်။ ထင်းရှိရာ၌ မီးအဆိုက်ပမာလည်း အမြိုက်ခံရရာသည်။

ထင်းရှိရာ မီးလာ၍ ဖြစ်စေ



www.burmeseclassic.com

www.burmeseclassic.com



မီးရှိရာ ထင်းလာမိ၍ ဖြစ်စေ

အဆိုက်ပေါ် အမြိုက်တောက်လျှောက်အဆောင်းခံလိုက်ရပါမူကား ထင်းလည်းပျောက်၊ မီးလည်း ပျောက်၊ နှစ်ဖက်စလုံး သုညအောက် ရောက်သွားကြရရှာတော့သည်။ သည်ပမာလျှင်

လူသားများတွင်လည်း ထားရာပန်းတိုင်သည် လင်နေ မယားထား ကာမပိုးမွှား အစားခံရုံမျှသာသော ကာမပိုးစာကျွေးများလောက်ကိုသာ ဆိုက်စေကြပါလျှင်

သူ့ကြောင့်ဖြစ်သောမီး၊ ကိုယ်ကြောင့်ဖြစ်သောမီး၊ မည်သည့်မီးမဟူ သူလည်းပဲ ပြောင်သည်အထိ အလောင်မရပ်၊ ကိုယ်၌လည်းပဲ ပြောင်သည်အထိ အလောင်မရပ်။ ရလာသော ဤလူ့ဘဝသုညဖြင့် အိမ်ပြန်ကြရတော့သည်သာ။

[ ၁၃၆၁ ခုနှစ်၊ ပြာသိုလပြည့်ကျော်၊ ၁၀ ရက်၊ မောနေယျတော။ ]





# ဆီလိုက် မမှန်သော စက်
# မသုံး အရှုံးထွက်သုံး လုံးလုံးပျက်

လူတို့တွင် အမျိုးအားဖြင့် အယုတ်နှင့်အမြတ်ကွဲပြားနေချေရာ မျိုးရိုးမမှန်ကန်ရာမှ ဆင်းသက်လာသော လူကပြားမျိုးမသန့်ရိုးမသန့်တော့သဖြင့် အညံ့စားစာရင်း သွင်းထားလိုက်ရပြီ။

ထိုလူအညံ့စား မျိုးယုတ်မျိုးဖျားသည် ကံသွားမမှန်သဖြင့် စိတ်ထားလည်း မမှန်ကန်တတ်ပြီ။

ထိုမမှန်သော ကံစိတ်များဖြင့်ပင် ဥတုအာဟာရတို့အကြားသွားလာနေတတ်ရာ ကံအမွေရ ဥတုအာဟာရများလည်း ကံနှင့်စိတ်သို့ အတုလိုက်နေရကား မမှန်ကန်တတ်ပြီ။

သခါ်ရလေးတန် အားလုံးမမှန်သော ထိုလူသား၏ကိုယ်၌ သွေးနှင့်လေတို့ အလိုက်မမှန်တော့ချေရာ...

ရံတစ်ခါ သွေးတိုး လေတိုးကြမ်းနေသဖြင့် စိတ်ကြမ်း ကိုယ်ကြမ်း မိုးမမြင်လေမစမ်း အကန်းလမ်းလျှောက် ဒိုးဒိုးဒေါက်ဒေါက် ထိုးဖောက်အား ပြင်းထန်နေတတ်လှသော်လည်း...



www.burmeseclassic.com

www.burmeseclassic.com



ရံတစ်ခါ သွေးမလိုက်၊ လေမလိုက် ဖြစ်နေပြန်သဖြင့် စိတ်ငိုက်၍ ကိုယ်နု၊ မိုးကိုရှု၍ လေကိုမှန်း ဟိုစမ်းစမ်း သည်စမ်းစမ်းဖြင့် ပမ်းဖျားဖျားပြီးစ လူမမာပမာ ညင်သာနေတတ်လှပြန်သေးသည်။

သို့ကြောင့် ထိုလူသားမျိုးသည် ဆီလိုက်မမှန်သော စက်အမျိုးအစားပမာ လောကီလောကုတ် မည်သည့်အလုပ်ဖြင့် ပွဲထုတ်ခံရစေ ခွေးလှေးခုန် ဖုံမထ၊ ပုံစံကျနှ သတ္တိစွမ်း မပြတတ်။

အကယ်တိတိ မည်သည့်ပွဲကိုမျှမတိုး ချောင်ထိုးထားပါမူကား လူ့ဘဝ၏ လူသက် အလကားသက်သက်ဖြင့် ပျက်ဖို့သာ ရှိချေသည်။

မသုံးလျှင် ရှုံး၊ သုံးလျှင်လည်း ဆုံးမည့် အမျိုးအစားတည်း။

[ ၁၃၆၁ ခုနှစ်၊ ပြာသိုလပြည့်ကျော်၊ ၁၁ ရက်၊ မောနေယျတော၊ ]





# အတွင်းထဲက အတိုက် အပြင်လိုက် မခိုက်မိကြစေနှင့်

လူသားဟူသော ဘဝသည်

ကောင်းမှုအထူးပြုခဲ့ဖူးရာမှ ရလာသော ဘဝအထူးပေတည်း

ထိုဘဝအထူးကို အပါယ်ပြန်တို့၏ ထုံးစံအတိုင်း တိရစ္ဆာန်ဘုံပေါင်းများစွာတို့မှ ပါလာကြသော ညဉ်ဆိုး စရိုက်ဆိုး ဝါသနာဆိုးများက အိုးပြည့်နိုက်လျှက် လိုက်လံ၍ တိုက်ခိုက်ဖျက်ဆီးပစ်နေကြရာ ဘဝကောင်းသော်မှ အကြောင်းကား မလှပတော့ပြီ။ ခွေးပါ ညည့်မလှပမာတည်း။ သို့ကြောင့်

ထိုလူသား၏ ကောင်းမှုမှရသော ကောင်းစိတ်ကလေးကို တိရစ္ဆာန်ပြန် မောဟစိတ်၊ ပြိတ္တာပြန် လောဘစိတ်နှင့် ငရဲပြန် ဒေါသစိတ်များက လိုက်လံချိတ်လျှက် နှိပ်စက်နေကြလေရာ…

မခံသာလွန်းသော ထိုစိတ်ကလေးခမျာ သူတကာတို့သို့ လိုက်လံကာ ကြိုက်သော်လိုက်၊ မကြိုက်သော် တိုက်၊ မသိသော် အမိုက်တို့ဖြင့် တိုက်ခိုက်၍ချည်းနေတော့သည်သာ။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ တိုက်ခိုက်လေတိုင်း

-အလိုတူရာ အလိုပါပြ၊ နှစ်ဖက်စလုံး တိုက်ပွဲကျကြပြီ။

-အလိုမတူရာ အလိုပါပြ၊ ကိုယ့်တစ်ဖက် သူ့လက်အပ်ရပြီ။

-အလိုမတူရာ အလိုပါမပြ၊ ကိုယ့်ဘက်ကိုယ်ကျ သူ့ဘက်သူကျ အတွင်းပုန်းဖြင့် အရှုံးပြရမည်။ မာန၊ ဒေါသတို့၏ တိုက်ကွက်တည်း။

ဆဒ္ဒန်ဆင်မင်းသည် ဒဏ်ရာကိုကြည့်၍ မိမိဗိုက်တွင်းမှာပင် ရန်သူရှိနေကြောင်း ကောင်းကောင်းကြီးမိသော အသိပညာဘုတ် ဉာဏ်အရာ ကြံကာထုတ် ခွာဖြင့်ခုတ်၍ရှာသည့်ပမာ

-မိမိစိတ်တွင်းက ဖြစ်သောရန်

-မိမိစိတ်တွင်းကိုလျှင် ဖွေလှန်ကာ ရှာဖွေတိုက်ခိုက်ပါလျှင်

ကိုယ်လည်းပဲ အောင်လံထူ တစ်ဖက်ကိုလည်း စစ်ကူပေးနိုင်တော့ပြီသာ။

[ ၁၃၆၁ ခုနှစ်၊ ပြာသိုလပြည့်ကျော်၊ ၁၁ ရက်၊ မောနေယျတော၊ ]





# မှန်သာမှန်ပစေ မထိမှာ ပူမနေလေနှင့်

မှန် ဟူသော စကားလုံး

မှန်ကန်ခြင်း ထိမှန်ခြင်းများ၌ သုံးလေ့ရှိ၏။

မည်သည့်အရာ၌ သုံးစေ

ထိုမှန်သည် အဖြောင့်ခံထားသော ဖြောင့်မှန်ခြင်းနှင့် မကင်းရကား ပစ်မှတ်အရှိ၊ မတည့်စရာလည်း မရှိ၊ မထိစရာလည်း မရှိတော့ချေပြီ။ မှန်ပြင်ထိပ် အရိပ်ဆန် မကန်စရာလည်းမရှိ၊ မပြန်စရာလည်း မရှိတော့ချေပြီ။

ရောင်ပြန်သည် အမှန်ကို ကန်ထုတ်ရာ၏ ကိရိယာတည်း။

အထိသည် ပစ်မှတ်အရှိ တည့်တည့်တိုးရာ၏ ကိရိယာတည်း။

လူတို့သည်

ကိစ္စတစ်ခုဖြေရှင်းမှု ပြုခွင့်ရလေတိုင်း ဒါအမှန်ပဲ စကားအမြဲပြောကြားလေ့ရှိကြ၏။ ထိုအမှန်သည်-

-ကန်သော အမှန်ဖြစ်ချေက သဘာဝ၏ အာနုဘော် သူ့စကားနောက်က ပေါ်လိမ့်မည်။

-ထိသောအမှန်ဖြစ်ချေက သဘာဝ၏ဒဏ် တရားသဖြင့်ခံရလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



အကယ်တိတိ ထိုမှန်ကို ကာမလောကဘက်သို့ကား မလှည့်၊ ဓမ္မလောကဘက်ကိုများ လှည့်တဲ့၍ အရှိနှင့်မရှိ၊ မှန်-မမှန် ချိန်ကြည့်ပါသော်ကား…

ရှုကွက်တည့်လေ မရှိသောအရှိ ထိထိမိမိပေါ်လေ၊ မရှိဟူသော စကားသံ အမှန်ဟူ၍ သုံးသပ်လေဖြင့် အမှန်နှင့်အထိ၊ အထိနှင့်အမှန် အပြန်အလှန် ဆက်ဆံနေသည်သာ။

တစ်ဖန်ရှုကွက်ကြည့်လေ ရှိသောအရှိ တည့်တည့်မတ်မတ်မိလေ။ ရှိဟူသော စကားသံ အမှန်ပါပဲ ဆုံးဖြတ်လေဖြင့် အမှန်နှင့်အသံ၊ အသံနှင့်အမှန် အပြန်အလှန် ဆက်ဆံနေပြီသာ။

ထိုသို့ အမှန်နှင့်အသံ အသွားအပြန် ဆက်ဆံနေသူ၌

-အမှားကိုလည်း အမှားအတိုင်း ဝန်ခံရဲခြင်းဖြင့် မှားသော အမြုပ် ကန်ထုတ်ပစ်မည်သာ။

-အမှန်ကိုလည်း အမှန်အတိုင်း ဝန်ခံရဲခြင်းဖြင့် မှန်သော အမြုပ် အံထုတ်ပစ်မည်သာ။

-ကောင်းမှားဆိုးမှားမသို၊ ခန္ဓာသည် ဘဏ္ဍာထားသိုရာ နေရာ မဟုတ်စေ။

-ကောင်းမှန်ဆိုးမှန် မသိမ်း၊ ခန္ဓာသည် ကလေးထိန်းဌာန မဟုတ်စေ။

[ ၁၃၆၁ ခုနှစ်၊ ပြာသိုလပြည့်ကျော်၊ ၁၁ ရက်၊ မောနေယျတော၊ ]

နတ်တလုစာစဉ်



# စုန်လျှင် မျော ဆန်လျှင် မော
# အကြောပြတ်မှ စင်းလုံးချော

ကိလေသာ၏ အနိပ်စက်ဒဏ်

-ငုံ့ခံ ခံလျက်က ကြောက်ပါပြီအော် တော်လိမ့်မည် မဟုတ်။ သင်သာ ငုတ်တုတ်ဖြင့် သေရမည်။

-အကယ်တိတိ မိုက်ရူးရဲဆန်ဆန် စိတ်ထန်ထန်မာန်တက် 'မိစ္ဆာ ထွက်ခဲ့' ဟောက်၊ သူကား မကြောက် သင်သာ လက်မြှောက် အရှုံးပေးရမည်။

သတ္တဝါတို့ကို တစ်ဘဝမှသေ တစ်ဖက်ခြေကူးလိုတိုင်း လောဘသည် တစ်သက်တာ သူရှာပေးထားသမျှ အာရုံစုထဲမှ တစ်ခုကို ကိုင်စွဲကာ ထိုအစွဲနှင့် လိုက်ဖက်ရာ ဘဝသစ်နှစ်သက်လက်ခံလိုသော လောဘဇော (၇) ကြိမ်၊ ရှေ့ကနေ ချပေးပြီးမှသာ ထိုတစ်ဖက်သို့ ကူးစေသည်။ သို့ကြောင့် -

-သတ္တဝါတိုင်း လောဘမွေးဖွား လောဘသားချည်းတည်း။

-ဘဝသစ်၏ သင့်မိခင်သည် အထိန်းတော်ကြီးမှုသာတည်း။

-ဘဝသစ်၏ သင့်ဖခင်သည် အဆောင်တော် စောင့်ကြီးမှုသာ တည်း။

နတ်တလုစာစဉ်

www.burmeseclassic.com

www.burmeseclassic.com



ထိုလောဘသည် သူ့ငယ်ပေါင်း အဝိဇ္ဇာနှင့်အတူ စံလျက်က သူ့သားသမီးများအပေါ် -

- အရှုယ်နှင့် လိုက်ဖက် စီမံချက်အမျိုးမျိုးတို့ဖြင့် ဆက်၍လည်း ခိုင်းစေလျက်ကသာ၊

- အမျိုးနှင့်လိုက်ဖက် စီမံချက်အမျိုးမျိုး ရေးစွက်၍လည်း ခိုင်းစေလျက်ကသာ။

- ဘဝနှင့်လိုက်ဖက် စီမံချက်အမျိုးမျိုး တွက်ချက်၍လည်း ခိုင်းစေလျက်ကသာ။

သတ္တဝါတို့က မည်မျှလုပ်ပေးစေ တော်ပါပြီ မရှိချေ။ မော၍နား စိတ်ဖြင့်ခိုင်းစားမည်။ အို၍တော် အမျှော်ဖြင့် ခိုင်းစားမည်။

- ထိုသို့သော သူ့အခိုင်း သူ့စိတ်တိုင်းကျ လိုက်လျော မျောရှုံမှုသာ ရှိချေမည်။

- ထိုသို့သော သူ့အခိုင်း ကိုယ်စိတ်တိုင်းကျ ငြင်းဆန်ချမှတ် သမ္မုဒဏ် ခံရုံသာ ရှိချေမည်။

အမြင့်မှ အနိမ့်ဆီသို့ တသွင်သွင်စီးဆင်းနေသော ရေကြောကို ဖြတ်တောက်သောအား အနံလိုက် ကူးမသွားက ဆန်လိုဆန်၊ စုန်လိုစုန် မည်သည့်ကာလမျှ ရေကား ကုန်သွားလိမ့်မည် မဟုတ်ချေ။

[ ၁၃၆၁ ခုနှစ်၊ ပြာသိုလပြည့်ကျော်၊ ၁၁ ရက်၊ မောနေယျတော၊ ]





# ဘုရားကသာ ထောက်ခံ
# လှေခွက်ချည်းကျန် အလံမလှဲ

ကိစ္စတစ်ခု၊ မပြုကျင့်မီ

မိမိပြုကျင့်ရမည့် ထိုကိစ္စသည် ဘုရားအဆုံးအမတော်နှင့် တိုက်၏၊ မကိုက်၏၊ ဦးစွာ သတိ၊ သမ္ပဇဉ် ဉာဏ်ဝင်လျက်ကချင့်တိုက်ကြည့်။ အကယ်တိတိ...

ဘုရားအလိုတော်ကျမဟုတ်ဟူ၍ မုချဧကန် ဉာဏ်၌ပေါ်လာသော် မည်မျှပင် အခွင့်အရေးရရ စိတ်မျှပင် ထွက်၍ မလွန်ကျူးသင့်။ ဘုရားအလိုတော်မကျသောကိစ္စသည် ဒိဋ္ဌ အမှားတွေ့သောကြောင့်။ အကယ်တိတိ...

မိမိပြုကျင့်တော့မည့် ထိုကိစ္စ၊ ဘုရားအလိုတော်နှင့် ဒိဋ္ဌကျတိုက်နေခဲ့သော် -

- အဟာန့်အတားတို့ ဘယ်မျှရှုပ်ထွေးနေစေ နောက်မဆုတ်လေနှင့်။

- ဖက်ပြိုင်သူတို့ ဘယ်မျှ အနိုင်ကျင့်ကျင့် စိတ်ဝယ်ထင့်မနေနှင့်။



www.burmeseclassic.com

www.burmeseclassic.com



-မကျေနပ်သူတို့ ဘယ်မျှ ပုတ်ခတ်ပုတ်ခတ် သူ့အရှစ်
အဟုတ်မှတ်မနေနှင့်။

ဘုရားရှင်သည်

-အကျိုးမဲ့ဆိုတား၍ အကျိုးရှိဆို သွားလမ်းစ မြားပြပေးထား
တော်မူခြင်း။

-ဘုန်း ကံ ဉာဏ် တန်ခိုးတို့ဖြင့် ရန်ဘက်အမျိုးမျိုးတို့အပေါ်
လွှမ်းမိုးပေးထားခြင်း၊

-မှန်ကန်နေသော သိက္ခာရှင်၏နောက် သမ္မာနတ်တို့ လိုက်
စောင့်ရှောက်နေခြင်း၊

ထိုအချက်များကြောင့်

အခက်ကြားမှပင် လိုလားရာပန်းဦး၊ ဆွတ်ခူးခွင့်ရစေသည်

သွားလမ်းပျက်သဖြင့် မဆက်နိုင်သော်မှ အခက်အလက်
ကိုကား ချိုင်ပြီးသားပင်။

သို့ကြောင့် ငါသည် ဤသို့ကြွေးကြော်၏။

-ငါ့နောက်လှည့်ကြည့် ဘုရားသာရှိပစေ၊ တစ်စိလေး
မကြောက်ဟူ၍ပင်တည်း။

-လှည့်ကြည့်၍မှ ဘုရားမတွေ့ ရောက်ရာအရပ်မှ ကျေ
မည်ဟူ၍ပင်တည်း။

[ ၁၃၆၁ ခုနှစ်၊ ပြာသိုလပြည့်ကျော်၊ ၁၂ ရက်၊ မောနေယျတော





# သဒ္ဒါထက် တစ်နံနက်ခရီး
# သဒ္ဒါမထက် တစ်ရက်မက
# တစ်သက်နှစ်သက်မျှနှင့်ပင် မပြီးစီး

ဘုရားလက်ထက်တော် ကာလတုန်းက

သာမန်လူသားများ၏ ရုပ်ခတ်ပမာဏကား (၆)တောင်ခန့်
ထွားကျိုင်းကြလေရာ...

ထိုရုပ်မှီစိတ်ဓာတ်သည် လည်းကောင်း

ထိုစိတ်ဓာတ်နှင့်အတူရှိသော ယုံကြည်ချက်၊ ရဲတင်းချက်
င်အားသတ္တိများသည်လည်းကောင်း၊ ရုပ်ခတ်ကဲ့သို့ပင် ခိုင်မာ
တောင့်တင်းလွန်းရကား...

-အချို့ဘုရားစကား ကြားရုံမျှဖြင့်ပင် လွတ်မြောက်ရေးကိစ္စ
ပြီးစီးကြရ၏။

-အချို့ တစ်နံနက်ခင်း အပြင်းအားထုတ်လျှက်က လွတ်
မြောက်ရာဘက် ခရီးသက်ကြ၏။

ငါတို့ ခေတ်မှာကား...

ရုပ်ခတ်လှီကွေး၊ စိတ်ခတ်ကလည်း မှိန်မှေးမှေးမျှရှိကြတော့



www.burmeseclassic.com

www.burmeseclassic.com



ချေရာ ၄င်းတို့မှီခိုနေကြရသော ယုံချက်ရဲချက်များကလည်း မလိုက် တစ်ချက် လိုက်တစ်ချက်မျှသာ။

သို့ကြောင့်...

ဘုရားလက်ထက်တော်ကာလရှိ ပဏ္ဍိတသာမဏေလေး... တစ်နံနက်ခင်းခရီးကို ငါတို့ကား တစ်ရက်လည်းမက တစ်သက်လည်း... မက ဘယ်ရွေ့ဘယ်မျှဟူ၍ပင် ဇယားချဖြင့်ပင် လိုက်မမီကြ... ပြီ။

- စိတ်ဓာတ်အားကြီးသည် ရုပ်ဓာတ်ကား စိတ်ဓာတ်လို... မမီသောကြောင့် ခါချဉ်ကောင်တောင်ဖြိုပြာန်ပမာ အကြံမျှသာ။

- ယုံချက်၊ ရဲချက်များလည်း ပြင်းထန်လွန်းလှသည်... ရုပ်ဓာတ်ကား ဥတု၊ အာဟာရတို့၏ အင်အားသတ္တိရှိများကို အ... မှီဝဲခွင့် မရတော့ခြင်း၊ ရသော်မှ ထားသိုစရာ ခန္ဓာအိမ်က သေး... နေခြင်းများကြောင့် ယုံရဲသလောက် ရေရှည်မထောက်ခံ နိုင်ရ... တစ္ဆေ့ခုန်ရုံမျှဖြင့် ခြေကုန်လက်ပမ်းကျသွားပြီ။

အကယ်တိတိ နှစ်ဆွေ့ သုံးဆွေ့အထိ ခုန်မိပါလျှင်ကား ပုံလူ... သားကျလျှင် ကျ၊မကျက ပဏ္ဍိတနောက်သို့ လိုက်ရဖို့ အခွင့်ရှိ... သေးသည်။

[ ၁၃၆၁ ခုနှစ်၊ တပို့တွဲလဆန်း၊ ၂ ရက်၊ မောနေယျ...





# သွားချိန်သာစေ လမ်းပြောတွေ့ရုံနှင့်ပြီး
# သွားချိန်ရွေ့က လမ်းကြောတွေ့သော်မှ မနီး

ပညာဦးစီးသော သာသနာ
ပညာသိုမှီးထားသူတို့၏အရာသာ ဖြစ်ဘိ၏။ သို့ကြောင့်
သဒ္ဓါပေါက်သော်မှ ပညာမထောက်က ခရီးမရောက်ပြီ။
ထိုပညာသည်လည်း
- ရှေးက ဖြည့်ဆည်းထားပြီး၏ မြုပ်နေသော ပညာ
- ယခုဘဝ ဖြည့်ဆည်းအား၏ အထောက်အပံ့ခံ ပညာ
ထိုသို့ နှစ်မျိုးရှိချေရာ

အတိတ်က စုမိပြီးပညာကား ယခုသဒ္ဓါဆောင်းနှင့် ပေါင်းမိ ...လေးမှုဖြင့် လိုရာလမ်းပေါက် ခရီးရောက်၏။

အကယ်တိတိ ယခုမှစုဆဲ ဆောင်းဆဲ ပညာမျိုး ဖြစ်ပါမူကား ...လ၊ သမာဓိအားများကို လက်ရုံးပမာထား၊ သဒ္ဓါဝီရိယတို့ကား ...စ်ဖက်အရာ၊ ဆန္ဒကား ဦးခေါင်းအရာဖြင့် လွှန့်လွှန့်ထိုး ကြိုးစား ...က လမ်းသိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ သူတကာပြောသော ...မ်း ထိုးဝင်သွားရုံနှင့် ခရီးရောက်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



အကယ်တိတိ

မိမိပျင်းရိနေပါသည်ကို ပါရမီလွဲချ၊ ဆုပန်ဖြင့် အချိန်ဆွဲနေ ပါမူကား မိမိဥဏ်ဖဝါးရှေ့ လမ်းကြောတွေ့နေသော်မှ တော့လွဲမှဲ တော့သည်။

ဘုရားလက်ထက်တော်ကာလတုန်းက

ဥပတိဿ၊ ကောလိတတို့သူငယ်ချင်းနှစ်ယောက်ကား သွား လိုဆန္ဒ၊ ထိပ်တက်နေရကား၊ အဿဇိ၏ လမ်းပြောစကားဖြင့်ထင် ပန်းဝင်သွားကြသည်။

ငါတို့ခေတ်မှာမူကား

လက်ထပ်လည်းသင်၊ လမ်းစဉ်လည်းချ၊ နေရာလည်းပြပြီး အကူအညီရနေကြသော်လည်း သွားချိန်ရွှေ့လိုသူ များပြားနေရကား သွားလမ်းမ ဖဝါးစပင် မတွေ့ကြရပြီ။

[ ၁၃၆၁ ခုနှစ်၊ တပို့တွဲလဆန်း၊ ၂ ရက်၊ မောနေယျတော ]





# သူ့အကြောင်း ပြောနေသမျှ ငါထဲ သူသွေး အနှောခံရဆဲမို့သာ

ဝိပဿနာရှင်တို့မည်သည်

ကိုယ့်အကြောင်း ကိုယ်သိရန် ကိုယ့်အကြောင်းကိုသာ ကိုယ် အမြဲကြည့်နေရသည်။

ကိုယ့်အပြစ်ကိုသိရန်လည်း ကိုယ့်အဖြစ်ကိုသာ အမြဲ ကြည့် နေရသည်။

ထိုသို့

ကိုယ့်အကြောင်းကိုယ်ကြည့်၍ ကိုယ့်အကြောင်းကိုသာ သိနေ တော့ပါလျှင်

တစ်ဖန် ကိုယ့်အဖြစ်ကိုကြည့်၍ ကိုယ့်အပြစ်ကိုချည်း သိနေ တော့ပါလျှင်

ထိုသူကား သူတစ်ပါးအကြောင်း ကောင်းသည်လည်းမသိ၊ ဆိုးသည်လည်းမသိတော့နိုင်ပြီဖြစ်ရာ၊ ထိုသူတစ်ပါးတို့ လုပ်ကွက် ဘာမျှ နှုတ်မြွက်စရာ မရှိတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



အကယ်တိတိ…

မိမိကိုယ်မိမိ ဝိပဿနာသမားပါဟူ၍ လူသိရှင်ကြား ဝန်ခံထားပြီးဖြစ်လျက်နှင့် သူတစ်ပါးတို့အကြောင်း သောင်ပြောင်းထွေလာ ပြောဆိုနေပါသော် ထိုသူကား ဝိပဿနာသမား မစစ်သေးပြီ။

တစ်ဖန်လည်း

ဝိပဿနာသမားသည် ပရမတ်လမ်း တန်းတန်းသွားရမြဲဖြစ်ခြင်းကြောင့် ပညတ်ထား စကားပြောနေသမျှ ထိုသူကား ဝိပဿနာသမား မစစ်သေးပြီ။

ဝိပဿနာဟူသည် အပြောမဖက်၊ သဘောသက်သက် ရှုသိနေရခြင်းတည်း။

- ဝိပဿနာဟူသည် ရှေ့နောက်မဖက်၊ ဖြစ်ခိုက်သက်သက်၌ ရှုသိနေရခြင်းတည်း။

- ဝိပဿနာဟူသည် အငှားမဖက် ကိုယ့်ဘက် ကိုယ့်မှတ်ချက်ဖြင့် ရှုသိနေရခြင်းတည်း။

[ ၁၃၆၁ ခုနှစ်၊ တပို့တွဲလဆန်း၊ ၁၀ ရက်၊ မောနေယျတော၊ ]





# ရေတ်သီးကို သေသေချာချာမှတ်၍ အစပ်ကို မိမိရရ ကပ်ဝါးပါ

အပြောနှင့်သဘောဟူ၍ လောက၌ ကျောရိုးကြီးနှစ်ခုရှိချေရာ ကျင့်နည်းလမ်းပြ ကမ္မဋ္ဌာနာစရိယတို့ကား အပြောကိုသာ တတ်နိုင်ကြ၏။ သဘောသို့ကား ကပ်၍မပြနိုင်။ အခိုက်၌ ရုတ်တရက် ပေါ်ပျောက်ခြင်း၊ မိမိအရှိ မိမိသာ သိလိုက်နိုင်ခြင်းများကြောင့် မည်သည့်ဆရာမျှ သဘောကပ်၍ ပြမဖြစ်။

ကျင့်နည်းကျနေ ကျင့်နေကြသူတို့မှာကား သဘောကိုသာ တတ်နိုင်ကြ၏။ အပြောကိုကား ဟပ်၍ မသိနိုင်၊ သဘော၌အပြောပါ မလာခြင်း ဘဝဆက်၍ အပြောဘက်၌သာ အားသန်ခဲ့ခြင်းများ ကြောင့် မည်သည့်တပည့်မျှ သဘောဓာတ်အပြောဟပ်၍ မတပ်ဖြစ်။

ထိုသို့

တစ်ဖက်၌ ပြောနိုင်သည် ပြမရ။

တစ်ဖက်၌ကား သိနိုင်သည်၊ မပြောတတ်။ ကိုယ်စီထွေး လမ်းသွားနေကြရာ-



www.burmeseclassic.com

www.burmeseclassic.com



- ဆရာကား ပတ္တမြား ရှာဖွေကောက်ခဲ့ မှာလိုက်သော်

- တပည့်ကား မိုးကုတ်ရောက် ကျောက်နီကိုသာ ကောက်ပြ ပေးရမည်။

အကယ်တိတိ… တပည့်က မိုးကုတ်မှီ၍ ကျောက်နီကောက် ပြသော်…

ဆရာကား သြော်… ငါ့တပည့် ပတ္တမြား ကောက်ပြနေပါ ကလား၊ အသိမှတ်ပြုရမည်။ ထိုသို့ မဟုတ်ကြပါဘဲ…

- တပည့်ကလည်း ဆရာ့ပါးစပ်ဖျား လမ်းစဆုံး၊ ဆရာ့စကား ကိုသာ သဘာဝတရားလုပ်၍ ကြိုးကုတ်နေမိသော် အဟုတ်ရှိ အသိ မဝင်နိုင်။

- ဆရာကလည်း တပည့်ပြောစကား မိမိတွေ့သိဖူးရာနှင့် တခြားပဲဆိုကာ ပစ်ပယ်နေပါမူကား တပည့်ခြေရာခွင် အတည့်စဉ် မပေးနိုင်။

[ ၁၃၆၁ ခုနှစ်၊ တပို့တွဲလဆန်း၊ ၁၀ ရက်၊ မောနေယျတော၊ ]





# အရောင်ထိုးလျှင် အရိပ်ကျ
# အရိပ်ပြ အကောင်ထင်ပါမှ

ဘာဝနာ၏ အလုပ်သည်

ညိုးပုပ်၍နေသော နှလုံးသွေးကို ကြည်လင်တောက်ပလာ အောင် သတိ-အသိတို့ဖြင့် ဆေးကြောပေးနေရခြင်းပင် ဖြစ်ရာ…

အစသော် မိမိစရိုက်နှင့် ကိုက်ရာ ကမ္မဋ္ဌာန်း စီးဖြန်းလျက်က

- ရာဂနှင့်တွဲနေသော စွဲစိတ်ကို အတွေး အပြေးမခံ၊ သတိ အသိတို့ ဖွဲ့ချည်သန်သန်ဖြင့် ထိန်းကျောင်းပေးနိုင်ခြင်းကြောင့် နီရဲ နေသောနှလုံးသွေး အေးသလောက်တည်၊ စိတ်ငြိမ်သလောက်လည်း ကြည်လာစေမည်။

- ဒေါသနှင့်တွဲနေသော စွဲစိတ်ကား မည်းရာမှတည် ငြိမ်သလောက် ကြည်လာခြင်း၊

- မောဟနှင့်တွဲနေသော စွဲစိတ်၌ကား မွဲရာမှတည် ငြိမ်သလောက် ကြည်လာခြင်း၊

- ဝိတက်နှင့်တွဲနေသော စွဲစိတ်၌ကား ပြစ်ချွဲရာမှတည် ငြိမ်သလောက်ကြည်လာခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



- သဒ္ဓါနှင့်တွဲနေသော စွဲစိတ်ဒွိကား ဝါရာမှတည် ငြိမ်သလောက် ကြည်လာခြင်း၊

ဤသို့လျှင် ပြုပြင်ပေးနေကြရာ မည်သည့်စရိုက်ရှင်မဆို နှလုံးသွေး အကြည်ရောင် တောက်၊ မိမိရှုမှတ်ရာ၏ သမာဓိ အရိပ်နိမိတ်လည်း မမျှော်ဘဲနှင့် ရောက်၊ မခေါ်ဘဲနှင့် ပေါက်ချလာမြဲသာ။

- စိတ်တည်ကြည်ပြီဖြစ်ကြောင်း အချက်ပြနေခြင်းတည်း။

- အစွဲကင်းလာသဖြင့် စိတ်သန့်ရှင်းလာပြီဖြစ်ကြောင်း အချက် ပြနေခြင်းတည်း။

- ကိလေသာ မသိုင်းသဖြင့် အရိုင်းမဝင်၊ ယဉ်လာပြီကို အချက်ပြနေခြင်းတည်း။

ထိုအခါ ကိုယ့်ခန္ဓာအရှိ ကိုယ့်ကိုယ်တွေ့ဖြင့် သိလိုသော ဝိပဿနာသမားဆိုပါမူ

- သမာဓိနှင့် ညီမျှရန် ဝီရိယ သန်ပေးသောအားဖြင့် လည်းကောင်း၊

- သဒ္ဓါနှင့်အကိုက် ပညာလိုက်သောအားဖြင့် လည်းကောင်း၊

- ဝီရိယပညာတို့နှင့်အလိုက် သတိစိုက်သောအားဖြင့် လည်းကောင်း၊

ဖိဖိစီးစီး သိပ်သည်းမြဲမြဲ လက္ခဏာခွင် အမြင်သန်သန်ဖြင့် ရှုနိုင်ပါမှသာ ကိုယ့်အကြောင်းကိုယ် ကောင်းကောင်းကြီး သိပိုင်နိုင်ပေလိမ့်မည်။

[ ၁၃၆၁ ခုနှစ်၊ တပို့တွဲလဆန်း၊ ၁၀ ရက်၊ မောနေယျတော၊ ]





# အတွေးကြောက် အတွေ့ကြောက်လောက် မထောက်ခံ

ကလေးတို့အရွယ် ငယ်စဉ်ကာလတုန်းက သည်ကား

- လူကြီးမိဘတို့၏ အခြောက်

အတွေးဖြင့်ငင်၍ ကြောက်လေ့ရှိသော်လည်း

အရိုးလည်းရင့် အမျိုးလည်းရင့်လာနေပြီဖြစ်သော လူလတ်လူကြီးပိုင်းများသို့ရောက်လျှင်ကား အတွေးခေါင် ယောင်၍ပင် ကြောက်တတ်ကြ။

သို့သော်…

ကြောက်စရာ အဖော့ ကိုယ်တွေ့ဖြင့်ခံလိုက်ကြရပါမူကား ဒေါသ သွေးပြေး စီးအားသန်နေပြီဖြစ်သော ထိုလူကြီးများ-

- မနိုင်လျှင် ပြားပြားမှောက် ဖိန့်ဖိန့်တုန် ကြောက်နေကြပြီး

- နိုင်လျှင်ကား တက်ခေါက်၊ ခါးထောက်၍ပင် မောက်ကြည့်ကြည့်နေကြမည်သာ။

သို့အထိ အတွေ့ကြောက် ကြောက်နေကြသော်လည်း

ထိုလူကြီးများ ဘဝနှင့်သံသရာတို့၏ ခြောက်လှန့်နေခြင်းများကို အမြဲတစေ ခံနေရသော်မှ -



www.burmeseclassic.com

www.burmeseclassic.com



-ဆရာတို့ ထောက်ကွက်ပ၍ ဆုံးမပေးကြသော်လည်း မကြောက်ချင်။

-မိမိရှေ့ သူတစ်ပါးတို့ ဒုက္ခတွေ့နေရပါသော်လည်း မကြောက်ဖြစ်။

-မိမိကိုယ်တိုင် ဆင်ခြင်ဉာဏ်စေ၍ သံဝေယူသော်လည်း မကြောက်ဖြစ်။

စင်စစ် ထိုအတွေ့ကြောက် မကြောက်ဖြစ်ခြင်းများသည်

-ခန္ဓာတွင်းပြ ဇာတိဘေး ဝိပဿနာဉာဏ်ဖြင့် မမြင်ရသေး၍တည်း။

-ခန္ဓာတွင်းပြ ဇရာဘေး ဝိပဿနာဉာဏ်ဖြင့် မမြင်ရသေး၍တည်း။

-ခန္ဓာတွင်းပြ မရဏဘေး ဝိပဿနာဉာဏ်ဖြင့် မြင်ခွင့်မရသေး၍တည်း။

ထိုသို့ကြောက် မကြောက်အရာတွင်

သူတကာခြောက်ရာ ကြောက်သောအတွေးကြောက် မိမိကိုယ်တိုင် သူတစ်ပါးတို့ ခံနေရပုံကို မြင်ရရာမှ ကြောက်သော အတွေ့ကြောက် မိမိကိုယ်တိုင် မိမိခန္ဓာတွင်းမှ ပြနေသည်ကို မြင်ရရာမှ ကြောက်သော အတွေ့ကြောက် သုံးမျိုးရှိရာ ခန္ဓာတွင်းနေ၌ ကြောက်ခြင်းသည်သာ အမြဲထောက်ခံချက်အရ အကြောက်စစ်တည်း။

[ ၁၃၆၁ ခုနှစ်၊ တပို့တွဲလဆန်း၊ ၁၁ ရက်၊ မောနေယျတော၊ ]





# သတိဝေး ကလေးဖြစ်တော့သည်

သတိသည် အသိကို ကြိုးကိုင်နေသော မိဘအရာဝင် ဖြစ်ချေရာ-

-အသိမှန်ကန်ခြင်း ချွတ်ယွင်းခြင်းနှင့်လည်း သက်ဆိုင်၏။

-ကိုယ်စိတ်တို့ကို အစိုးရခြင်း၊ မရခြင်း ကူနွေးမှုများနှင့်လည်း ဆိုင်၏။

-ကာလသုံးပါး အခြားမဲ့၊ အခြားရှိခြင်းများနှင့်လည်း ဆိုင်၏။

သည့်အတူ ရန်မောင်းခြင်း၊ ရန်ပေါင်းခြင်းများနှင့်ပါ သက်ဆိုင်နေတော့ရာ

-သတိဝေးသောသူသည်လည်းကောင်း၊

-သတိပြေးသောသူသည် လည်းကောင်း၊

ထိုသတိ၏ ဝေးသောပြေးသော အချိန်ကာလတို့နှင့် အညီအမျှ ပင်လျှင်

-ပစ္စက္ခ၌လည်း ဉာဉ်စရိုက်- ဝါသနာတို့၏ ဓမ္မတာ၊ ပါလာသမျှသော အမူအကျင့်တို့အတိုင်း လုံးတီးဗလာ ကလေးတို့ သူလာ



www.burmeseclassic.com

www.burmeseclassic.com



နည်းများပမာ ထင်ရာတွေးတော ထင်ရာပြော ကိုယ်လက်ပေါ်လော ဖြစ်တော့သည်။

-သံသရာ၌လည်း အစွဲ၏ဆွဲရာ ဝိနိပါတိက ဘေးများနှင့် တိုးမိတော့ရာ အစွဲတစ်ခုကျ တစ်ဘဝ တစ်ဘဝဖြင့် ကလေးဖြစ်ရပေဦးတော့မည်။

အကယ်တိတိ

ထိုသတိကို မိမိနှင့်အတူ လက်သုံးတော်ရွှေဓားပမာ ကျစ်ကျစ်ပါဆုပ်ကိုင်ထားနိုင်ခဲ့ပါသော်ကား

ပစ္စက္ခ၌လည်း ဉာဉ်စရိုက် ဝါသနာ မသမ်း၊ ကိုယ်ပိုင်ပညာစွမ်းများဖြင့်သာ မင်းပွဲစိုးပွဲသွား လူကြီးမင်းများပမာ အမြင်မစောင်းနှုတ်ကြောင်းလမ်းသန့် ကိုယ်အမူအရာခန့်များချည်း ဖြစ်တော့သည်။

သံသရာ၌လည်း ဉာဏ်ရိက္ခာအကူဖြင့်သာ ဘဝသစ်ကို ထူထောင်ခွင့် ရရှိချေတော့ရာ မိခင်ဝမ်း အိပ်ခန်းမရှာ ကလေးအရာလွန်မြောက် ဥပပါတ် အစွမ်းထောက်ဖြင့် ဆယ့်ခြောက်နှစ်အရွယ်ထည်ဝါပေဦးတော့မည်။

ထိုသတိမှုမက အသိကပါလိုက်၊ ရှိသမျှတိုက်ခိုက်ဖျက်သိမ်းပြီး ဖြစ်သွားပါသော်ကား ကလေးလည်းမဖြစ် လူကြီးဖြင့်လည်းမထစ်၊ ဘဝသစ်ဖြင့် ဒုက္ခသစ်မဖွင့်လှစ်တော့သောနေရာအထိပင် ပန်းဝင်ပေရော့မည်။

[ ၁၃၆၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော်၊ ၁ ရက်၊ မောနေယျတော၊ ]





# သေရတာ အကောင်းထင် အလောင်းစင်သာ အပြီးထိုးထားလိုက်ပါ

ဘာသာဟူသည်

-မိမိလက်လှမ်းမီ ယုံကြည်စရာအတွေ့မှလည်း ဖြစ်ပေါ်လာ ာတ်၏။

-မိမိလက်လှမ်းမီ ဆရာ့စကား ကြားမိရာမှလည်း ဖြစ်ပေါ် ာတတ်၏။

-ရှေးရှေးမိဘဘိုးဘွားတို့ သွေးစက်ကျရာ အလေ့ပါမှလည်း ်ပေါ်လာတတ်၏။

ထိုသို့ ဘာသာအမျိုးမျိုး တန်ခိုးအထွေထွေ ရှိနေကြရာတွင်

-အချို့ကား ယခုကောင်းလောက်မှုကိုသာ အလေးပေးကာ င့်သုံး ကြ၏။

-အချို့ကား နောင်ကောင်းမျှော်ကိုသာ အလေးပေးကာ လိုက် ကြ၏။

-အချို့ကား ဘဝလွတ်မြောက်ရာကိုသာ အလေးပေးကာ ကြိုး နေကြ၏။

ထိုအားလုံး

မျက်နှာမူရာချင်း တစ်ဦးနှင့်တစ်ဦး မတူညီကြရကား ပြ သမ်းလည်း တူညီကြတော့မည် မဟုတ်ချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



-တဦးကား အောက်ဘက်ဆင်း၊ ရင်းစားလျှော်ကြေးပေးရန် ဖြစ်ရာ

-တစ်ဦးကား အထက်ဘက်တက် ရင်းစားသို အမြတ်ကို ယူစားရန်ဖြစ်ရာ

ထိုနှစ်ဦးစလုံးတို့ကား ဖွားသေစာရင်း သန်းခေါင်ရောက်တိုင်း အသွင်းမလွတ်ကြပြီ။

လူသားတို့ ယုံကြည်ရာ ထိုထိုဘာသာဝါဒများတွင် အများ အားဖြင့် ကံယုံဝါဒ သမထမှုဖြင့် အထက်တန်းစားဘဝအမျိုးမျိုး တို့ကိုသာ အားကိုးယုံကြည်နေကြရာ

ထိုအားလုံး သေချင်သူများစာရင်း သွင်းထားပြီးပြီသာ၊ ဆော ရမှာမုန်း သိလျက်က မသေခင်စပ်ကြားဟူသော စပ်ကြားကလေးထဲ မက်နေကြရကား စပ်ကြားတွင်းဆင်း အသင်းသို့လည်း စာရင်းသွင်း ထားပြီးပြီသာ။

မကောင်းကံ တည်ဆောက်လျက်က အကောင်းမက်နေခြင်း ကြောင့်လည်းကောင်း၊

ကောင်းကံ တည်ဆောက်လျက်က အကောင်းမက်နေခြင်း ကြောင့်လည်းကောင်း၊

ထိုနှစ်ဦးစလုံး အစွဲဥပါဒါန်လေးမျိုး လက်သီးထိုးပွဲတွင်း ဆင် ကြည့်မိနေသူများဖြစ်ကြရကား မည်သည့်ကာလမျှ အသေဝင်း ကျွတ်လွတ်ခွင့် မရကြရှာပြီ။

[ ၁၃၆၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော်၊ ၇ ရက်၊ မောနေယျ

နတ်တလူစာစဉ်



# ပဒေသာပင် နေဇာပင်ထင်ပြီး နှုတ်ပစ်မနေကြနှင့်

လူ့ဘဝသည် အယုတ်အလတ်၊ အမြတ်ဘုံများနှင့်တကွ၊ ဘုံ လွတ်ရာ ဘဝအထိ၊ ရပိုင်ခွင့် ယူပိုင်ခွင့် ရှိနေ၍ ပဒေသာဘဝဆို ရမည်။

သာသနာပွင့်ရာအခါသည်လည်း လူ၊ နတ်၊ နိဗ္ဗာန် သုံးတန် သော ချမ်းသာသုခ အတုအပမရှိ ခံစားခွင့်ရှိနေ၍ ပဒေသာကာလ ပင် ဆိုရမည်။

သည်မျှလောက် ထောက်ထောက်ခံဘဝနှင့်ကာလ ရနေကြပါ လျက်နှင့် ထိုဘဝကောင်းအခါကောင်းများကို ပေါင်နှံချေးငှား တလွဲ သုံးများ လုပ်နေခဲ့ပါသော်...

နေသာရာ အညာအရပ် မြေဝယ်ကပ်ပေါက်လေ့ရှိသော နေ ဇာပင်သည် နေစားစရာအပင်အဖြစ်ဖြင့် ရာသီကုန်အပင်ပြုတ်၊ ငုတ် လျက်က ပျောက်ကွယ်သွားရပါသည်ပမာ... ကံ စျာန် ကုသိုလ်ပေး နတ်၊ ဗြဟ္မာတို့ ဘုံဝယ် ကိလေသာ စားစရာ ဘဝအဖြစ်ဖြင့်ပင် ဘဝမျိုးတုံး နတ်မျိုးဆုံး ဖြစ်ကရော့မည်။

နတ်တလူစာစဉ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖန်…

နေသာရာ အညာအရပ်၌ပင် မြေဝယ်ကပ်ပေါက်လေ့ရှိသော မြေဇာပင်သည် မြေစားစရာအပင်အဖြစ်ဖြင့် ရာသီကုန် အပင်ပြုတ်ငုတ်လျက်က ပျောက်ကွယ်သွားရပါသည်ပမာ ကံ ကုသိုလ်ပေးလူတို့ဘုံဝယ် သုဿန်နေ မြေစာအဖြစ်ဖြင့်ပင် ခန္ဓာကိုယ် မြေကျင်းအောင်း ဖြစ်ကရော့မည်။ တစ်ဖန်

သာသနာနှင့် ကြုံခွင့်ရ အခါကောင်းကြီးထဲ၌

- သူတစ်ပါး အကျင့် ပစ္စည်းထောက်ပင့်ရုံမျှဖြင့် အချိန်ကုန်နေခဲ့သော်လည်းကောင်း၊

- ကျင့်ပါသည် အမည်ခံ အာရုံမမှန် စိတ်ကလန်ကဆန်ဖြင့် အချိန်ကုန်နေခဲ့သော်လည်းကောင်း၊

ရလာသော ပဒေသာပင်ကို သပြေပင်လုပ်ကာ ဝါဆိုဝါခေါင် ရေကြီးကြီးထဲ သပြေသီးမှည့်ကောက်စား၊ ကော်သလင်း သီတင်းကျွတ် သပြေကိုင်းပင်ခုတ်ချိုး သပြေပန်းအိုးထိုးပမာ… သာသနာကွယ် ဘဝကွယ်သည်နှင့် အထုံ၊ ဝါသနာအကျိုး သူတစ်ပါးအားကိုးဖြင့်ပင် အချိန် ကုန်ရစေတော့မည်။

စင်စစ် မိမိလက်ဝယ်ရှိ ဘဝနှင့်ကာလတန်ဖိုး အကောင်းမျိုးဟူ၍ မသိလေသမျှ မျက်စိရှေ့ပဒေသာပင် ချပြလည်း ဘာကိုတ,၍ ဘာကိုရ,စေ့မည်ဟူသောစိတ်ကူး မျက်လုံးဦးသို့ မြူးဝင်လာလိမ့်မည်မဟုတ်ချေ။

[ ၁၃၆၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော်၊ ၇ ရက်၊ မောနေယျတော ]





# ဆူလို့ပူ ဉာဏ်ကူမထိန်း မီးမငြိမ်း

သတ္တဝါတစ်ဦးစီ၌ ကိုယ်နှင့်စိတ် ဘက်တွဲဖြင့် ချိတ်လျက်ရှိချေရာ

ကိလေသာစွဲ လောင်မြိုက်ခြင်းကို အခါမစွဲ စိတ်ဝယ်ခံနေရသော် ထိုစိတ်ကား ပူပြင်းခြင်းသို့ ဖြစ်စေပြီး တောင်တောင်အီအီသို့ကြံစည်စိတ်လွှင့် စိတ်မီးတောက်များ ပွင့်စေ၏။

ထိုစိတ်မီးတောက်ကိုယ်၏ ဘဝင်လေသို့ လျှောက်စွဲ စွဲဟပ်လာသော် ကိုယ်တွင်းရှိ နှလုံးသွေးများနှင့်တကွ ကိုယ်လှုပ် နှုတ်ဖွင့်စိတ်ကိုပါ တစ်ဖန် ထိုးကျင့်ခြင်းဖြင့် ပွက်ပွက်ဆူသွားတော့ချေရာ-

ထိုသူခမျာ ကျန်တစ်ဖက် အကူရှာရချေတော့သည်။

သို့မဟုတ် ထိုသူခမျာ ကျန်တစ်ဖက်အပူ ရှာရချေတော့သည်။

တစ်ဖန် ထိုသို့ စိတ်ပူသဖြင့် ကိုယ်သွေးဆူကာ နံဘေးလူပါ ကူးစက်အလောင်ခံလိုက်ရချေသော် ထိုတစ်ဖက်၌လည်း ဆူခြင်း၊ ပူခြင်းများဖြစ်လာတော့ကာ မိမိအားပြန်လည်၍ အကူရှာ၊ အပူရှာချေတော့ရာ မိမိ၌လည်း ပူရာမှဆူ၊ ဆူရာမှ ပူဖြင့်ပင် အဆူမီးကျိန်း၊ အပူမီးကျိန်း အသက်နှင့်ခန္ဓာကိုယ် မြဲနေသမျှ လည်းကောင်း၊ မွေး



www.burmeseclassic.com

www.burmeseclassic.com



နှင့်လေ မခမ်း မသေသေးသမျှလည်းကောင်း၊ ငြိမ်းပြီဟူ၍ မရှိ တတ်ပြီ။

သို့ဖြင့်ပင် သတ္တဝါတိုင်း သတ္တဝါတိုင်း မိမိသန္တာန်၌ စိတ်သို့ ကိုယ်သို့ ကပ်လောင်လောင်လျက်ရှိသော အစွဲမီးကို မိမိကိုယ်တိုင်လျှင် သတိ-အသိ-ဝီရိယတို့ဖြင့် စိတ်ကို သိမ်း၍ ကိုယ်ကို မထိန်းနိုင်ကြရကား…

- တစ်ဘဝလောင်စာကုန်၊ နောက်တစ်ဘဝလောင်စာတစ်ပုံ ထပ်ရှာပေးနေကြရသည်။

- တစ်ကမ္ဘာလောင်စာပျက် နောက်ကမ္ဘာဖြင့် လောင်စာဆက် ပေးနေကြရသည်။

မီးကား လောင်စာပုံအထောက်ကြီးက အတောက်ကြီး တောက်လောင်ပြပြီး…

လောင်စာပုံ အထောက်သေးပေကလည်း အတောက်ကလေး တောက်ပြနေမည်သာ။

- လောင်စာ အထောက်မကင်းသမျှ တောက်ခြင်းမှ ဆင်းသွား လိမ့်မည် မဟုတ်ချေ။

[ ၁၃၆၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော်၊ ၈ ရက်၊ မောနေယျတော





# နေလျက်နှင့် သေသူများ
# သေလျက်နှင့် သေသူထက် အမှုပွားစီးမည်

- သေလျက်နှင့် မသေသူကား လူ့ဘဝ၊ နတ်ဘဝ ရောက်ရ သူများတည်း။

- သေလျက်နှင့် သေသူကား သေပြီးနောက် အပါယ်ဘဝ ရောက်ရသူများတည်း။

- နေလျက်နှင့် သေသူကား အမှတ်ကင်းသဖြင့် လူစိတ်ယွင်း နေသူများပင်တည်း။

ထိုသို့ သေသူ၊ ရှင်သူ နှစ်မျိုးရှိချေရာ…

သေလျက်နှင့် ရှင်သူကား ရှာမှရှား၏။ သေခါနီး၏ ရှန်းရင်း ဆန်ခတ်တို့အကြားမှ ရံဖန်ခါမျှ လေ့ကျက်မိခြင်း၊ ပျောက်ကြား စနစ်ဖြင့် ပွားထုံမိခြင်းရှိသော ကောင်းမှု၏ ကောင်းအာရုံပေါ်လာဖို့သည် အလွန်မဖြစ်နိုင်သောကိစ္စဖြစ်သည်က တစ်ကြောင်း၊ ပေါ်လာသော် လည်း ကံ ကမ္မနိမိတ်ပြအကြောင်းခံကို ကျော်လျက်က ဂတိ နိမိတ်ပေါ်တွင် တက်လိုက်ဖို့ အာရုံမှန် မခံတတ်သည်ကတစ်ကြောင်း များကြောင့်ပင်…



www.burmeseclassic.com

www.burmeseclassic.com



-သေလျှက်က သေသူကသာ များပြား၏။

ကာမအာရုံကြော ပေါလောမျှောလိုက်နေလေ့ရှိခြင်း၊ ကာမ ဝဋ္ဋာခေါ် သားမယားများအပေါ် အစွဲနှာနေတတ်ခြင်းများကြောင့်ပင်။

နေလျှက်က သေသူကား အားလုံးလိုလိုတည်း။

စိတ်အလိုလိုက်လေ့ရှိသူသည် စိတ်လွတ်လပ်မှုကို ချုပ်ခြယ် တတ်သော သတိ၏ မှတ်ချက်ယူမှုကို လုံးဝလက်ခံလေ့မရှိ။

ကိုယ့်ကိုယ်ကို ညှာလေ့ရှိသူသည် စွဲစိတ်နှင့် မှတ်စိတ်တို့ နယ်လုနေချိန်၏ ကိုယ်ပင်ပမ်းမှုကို ဥပေက္ခာမရှုလိုရကား ထားဖြေ စွဲစိတ်မှတစ်ပါး မိမိကိုယ်တွင်း သတိကို သွင်းမထားလို။

တိရစ္ဆာန်ဘဝ၊ အဖြစ်များလာခဲ့သူလည်း မည်သည့်အာရုံ ခံစား ခံစား အမှုမဲ့အမှတ်မဲ့ မေ့မေ့ပျောက်ပျောက်ဖြင့်သာ ခံစားလိုရကား ဘာမဆို မှတ်ချက်ယူခံစားသောသတိကို လုံးဝလက်မခံ။ သို့ကြောင့် လူဆိုသော်လည်း တစ်ဘဝမျှ လာရောက်ခွင့်ရ ထိုလူသားများ သည်ကား ဧည့်သည်လိုနေ၊ ဧည့်သည်လိုစား မကောင်းမှုတို့အကြား အချိန်ရှိသမျှ သေစာရင်းသွင်းနေသူများချည်းသာ။

[ ၁၃၆၁ ခုနှစ်၊ တပေါင်းလဆန်း၊ ၇ ရက်၊ မောနေယျတော။ ]





# ရန်နှင့်မိတ်မကွဲသောစောလူး ရန်ဘက်နှင့်ပင် ပလူးမည်

သတိသည် လူသိသိရန် 'အသိ'၏ မိတ်မျိုး ဆွေစစ်တည်း။ ထိုသတိကပင် အာရုံနှင့်တွေ့မိလေတိုင်း

-ငါသူ ကောင်းဆိုး ကိလေသာအမျိုးမျိုးကိုလည်း ထိုး ချိုး ပေးခဲ့သည်။

-အေးမှု နွေးမှု မြင်သိမှုမှအစ သိသင့်သည်များကိုလည်း ခွဲခြားသိစေသည်။

- ကိုယ့်စိတ်ကိုယ်ပိုင် သူတစ်ပါးအကိုင်ခံဘဝမှလည်း လွတ် မြောက်စေခဲ့သည်။

ထိုမျှအထိ အသိ၏အပေါ် ဖော်ရွေလှပါသော်လည်း အသိ ကား ပုဂံရာဇဝင်တွင် စောလူးမင်းသည် ငရမန်ကန်းနှင့် ကျွန်စစ် သား မည်သူသည် ရန်၊ မည်သူကား မိတ် မခွဲခြားတတ်သဖြင့် ရန်သူကို မိတ်ထား၊ ကယ်တင်ရှင် မိတ်ဖက်ကိုကား ထောင်ထား ခြားနားလိုက်သည့်ပမာ...

-အစွဲသိ၏ သူခိုးသေဖော်ညှိရာသို့သာ လိုက်စား

-အမှတ်သိ (သတိ) ကိုကား အနားသို့ပင် အကပ်မခံချေ။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ဖြစ်ရခြင်းများသည်လည်း

- စိတ်သည် လာသမျှအာရုံကို မိမိတံခါးဝမှပင် လက်ခံပျော်ပါးလိုခြင်းအစား အာရုံတို့နောက်လိုက်၍ ပျော်ပါးခြင်းကို အလေ့ကျနေပြီ ဖြစ်သည်က တစ်ကြောင်း၊

- ကြိုက်၍ကောင်းနေသည်ကို တကယ့်အကောင်းထင်နေတော့သည်က တစ်ကြောင်း၊

- သတိဖြင့်ပင်း၍ အတွင်းထိ ဆင်းမကြည့်လိုသည်က တစ်ကြောင်း၊

- လတ်တလောကောင်းကိုသာ လက်ခံ၍ အရှည်ကောင်းကိုလည်း တော်လှန်၊ နောင်ခံရမည်ကိုလည်း မဝေဖန်လိုသည်က တစ်ကြောင်းများကြောင့်ပင်။ ထိုကိစ္စ…

မည်သူ့မျှ တီဘီ၊ ကင်ဆာ၊ အေအိုင်ဒီအက်စ်ရောဂါ မဖြစ်ပါလို…။ သို့တစေလည်း အပျက်ကြားမှ အကောင်းသွေးကတောင်းနေချေရာ မိမိစိတ် ရှေ့နောက်မမြင်၊ ဖြစ်မည်ကေန် မထင်လေသောအခါ လတ်တလောကောင်း သွေးတောင်းသလောက် ရှာဖွေပေးနေခြင်းက သက်သေခံနေချေပြီ။

[ ၁၃၆၁ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်၊ မောနေယျတော၊ ]





# စိတ်ချုပ်တော့ ရုပ်အနာမိ
# မိတ်လုပ်တော့လည်း တုတ်စာထိဦးမည်

မိမိစွဲလန်းနှစ်သက်နေသော အာရုံကို ခံစားခွင့်မပေးဘဲ ပေမိုတ်ချုပ်တည်း၊ စိတ်အောင့်အီးထားမိခဲ့ချေသော်…

စိတ်သည် ဘဝင်ကို လှုပ်၍လှုပ်၍ နှလုံးသွေးနှင့်တကွ တစ်ကိုယ်လုံးကိုပါ ဒုက္ခပေးနေတော့ရကား စိတ်ချုပ်လေလေ ရုပ်နာလေလေ ဖြစ်တတ်လှချေသည်။

အကယ်တိတိ ထိုသို့ မဖြစ်စေလိုသဖြင့် စိတ်အလိုလိုက်ကြိုက်ရာရာ အာရုံနောက် လိုက်ခွင့်ပေးပြန်ပါသော်ကား တဏှာဖမ်းစားခံရသော ငန်းဝင်စိတ်သည် အာရုံလှော်အဖော်ညို တော်ပြီဟူ၍မရှိတော့ခြင်း၊ မတွေ့ဘူးသေးသောအာရုံဝင်လာလျှင် အကောင်းထင်နေခြင်း၊ အတွေ့ကြမ်းဖြင့် အတန်းလိုက်ဝင်ကို အဆန်းထင်နေခြင်းများကြောင့် စိတ်မသက်သာ ရုပ်မှာပင်ပမ်း ဒုက္ခထမ်း၍ သေလမ်းတန်းဝင်နေရကား…

- သက်တမ်းမစေ့မီ သေလျှင်သေ
- မသေလျှင်လည်း ရောဂါမကင်း နေစင်းစင်း



www.burmeseclassic.com

www.burmeseclassic.com



စိတ်ချုပ်ထားခြင်း၊ လွှတ်ပေးထားခြင်း ထိုနှစ်မျိုးစလုံး အစွန်းမလွတ်သော စိတ်ထားချည်း ဖြစ်နေခြင်းကြောင့်တည်း။

ဘုရားရှင်၏ အဆုံးအမ အပြည့်အဝရရှိထားသူများကား ထို အစွန်းနှစ်ပါးသို့ စိတ်ကို နားခွင့်မပေးတော့လေဘဲ

-ကောင်းမည်ထင်သည်များကို လိုက်စားပါ။

သို့သော် အမှတ်ကင်း၍ စားကျက်တွင်း မဆင်းပါလေနှင့်။

-ဝမ်းဟာလျှင် ဝမ်းစာသွင်းပေးပါ။

သို့သော် စားကျက်တွင်းမှပင် လက်ခံဖို့ မမေ့ပါနှင့်။

ထိုစည်းကမ်းများနှင့်အတူ အချုပ်-အလွှတ်ကြားမှ ကျက်စား လျက်နေနိုင်ကြပြီ။ စိတ်နှင့် အာရုံတို့အကြား သတိကြားခံထား၍ ခံစားတတ်ခြင်းတည်း။

[ ၁၃၆၁ ခုနှစ်၊ တပေါင်းလဆန်း၊ ၈ ရက်၊ မောနေယျတော၊ ]





# လူ့ပြည်ရောက်လို့မှ လူ့တန်ဆာမဆင်ယဉ် လူ့အရာမဝင်ဖြစ်တော့သည်

-လူတို့၏ ဥစ္စာကား သူတော်ဥစ္စာ ခုနစ်ဖြာတည်း...။

-လူတို့၏ တန်ဆာကား ကံ-ဉာဏ်-ဝီရိယ တည်း...။

-လူတို့၏ ဦးဆောက်ပန်းကား သတိဝဍ္ဍပါ အသိ၊ အလိမ္မာ၊ ဉာဏ်ပညာတည်း...။

ဤသို့လျှင် လူသုံးပစ္စည်း အသီးသီးရှိချေရာ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ သတိ၊ ဟိရီ၊ ဩတ္တပ္ပတရားများ ခေါင်းပါး နေလေသူ ကံမဲ့ဉာဏ်မဲ့ လူဆင်းရဲပင်...။

အရာရာ သတိချို့ယွင်း အသိ၊ အလိမ္မာ၊ ဉာဏ်ပညာများ ကင်းရှင်းနေချေမူ

-အကျိုးမဲ့၊ အကျိုးရှိ တည့်တည့်တိုက် မသိတတ်တော့သော ကြောင့် လည်းကောင်း၊

-အပြစ်မဲ့၊ အပြစ်ရှိ ခွဲခြမ်းသိ မရှိတော့သောကြောင့် လည်း ကောင်း။



www.burmeseclassic.com

www.burmeseclassic.com



အကန်းလမ်းသွားမဟာ တွေ့သမျှအရာ တိုက်ခိုက်၍ချည်း နေတော့မည်ဖြစ်ရာ တံခွန်ကဲ့သို့ တလွင့်လွင့် တလူလူ ထိုသူမတတ်နိုင်။

ထိုသူသည်ကား…

-မသေမီကာလ ကြက်မြင် ကြက်စိတ်၊ ဝက်မြင် ဝက်စိတ်တို့ဖြင့်ချည်း ဖြစ်နေရာ လူ့အရာမဝင်လာတော့ပြီ။

-သေပြီးနောက်တွင်လည်း သေခါနီး၏ နောက်ဆုံးစိတ်ဆွဲရာနောက် ကောက်ကောက်ပါလိုက်ပါသွားရတော့မည်ဖြစ်ရာ…

-ချစ်စိတ်ဖြစ်က ပြိတ္တာ မည်သို့မျှ လူ့အရာမဝင်လာပြီ။

-မုန်းစိတ်က ငရဲ လူ့အရာမှ အလွဲကြီးလွဲပြီ။

-မသိစိတ်က တိရစ္ဆာန် လူ့အရာမှ ခဝါပြန်ရပြီ။

လူ့အဖြစ်ရောက်ပါလျက်နှင့်မှ လူ့အကျင့်လည်း မကျင့်၊ လူ့အဆင့်လည်းမမီခဲ့သော် ထိုလူသား လူ့အခွင့်အရေးများနှင့်ပါ လွဲချော်ရတော့သည်။

[ ၁၃၆၁ ခုနှစ်၊ တပေါင်းလဆန်း၊ ၈ ရက်၊ မောနေယျတော၊ ]





# ကိုယ်ကသာ လူ ခေါင်းတွင်မူ ဘယ်လုံး အပြောဘယ်လိုကြံ အလုပ်ဘယ်လိုဖန်မတုံး

လူ့မိ၊ လူ့ဖတို့က မွေးပေးထားသဖြင့် လူဆိုရသော်လည်း မျက်စိနှစ်လုံး ပွင့်ချိန်မှ မှိတ်ချိန်အတွင်း ကြိုက်စိတ် မကြိုက်စိတ်စသည် ကိလေသာဆယ်ခင်း ခေါင်းထဲသွင်းထားလေသူ မည်သို့မျှ လူ့အသိမရှိနိုင်။

တစ်ဖန် သတိမသုံး အမေ့ကြား စိတ်ကို အဆုံးထားလေသူလည်း မည်သို့မျှ လူ့အသိမရှိစေနိုင်။

တစ်ဖန်လည်း မည်သည့်အာရုံက လာတိုက်တိုက် ထိုတိုက်သမျှ အာရုံနောက်၊ အာရုံရှင်၏အမည်ကို ခြေရာကောက်၍ နောက်ယောင်ခံလိုက်နေသူလည်း မည်သို့မျှ လူ့အသိ မရှိစေနိုင်။

ထိုလူစိတ်မဲ့ လူ့အမည်ခံများသည်ကား အပြောနှင့် အလုပ်တို့၏အကြား ဆက်သွယ်ရေးအဖြစ်ထားသော စိတ်ကမှ ကိုယ်ပိုင်စိတ်မဖြစ်တော့ရာ…

-ပြောသမျှ အပြောလည်း လူ့သဘောမသက်၊ လူကြားမထွက်တော့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



-လုပ်သမျှ အလုပ်လည်း လူ့သရုပ်မပေါ် လူပုံနှင့် မလျော်တော့ပြီ။

ထိုသူ၏ လူ့တစ်သက်သည် ရာဂ ဒေါသစသော ညစ်စိတ်တို့ကသာ ခြယ်လှယ်စေခိုင်းခြင်းဖြင့် ကြိုးကိုင်ထားတော့ရာ…

ကြိုးဆွဲဆရာကိုင် မင်းသားရုပ်ကလေးသည် ရွှေပွဲလာတို့၏ ရှေ့ ကြိုးဆွဲဆရာ၏ သဘောအတိုင်း က,ပြလေ့ရှိပြီး ပွဲသိမ်း၍ တန်းချိတ်၊ ကြိုးဆွဲဆရာအိပ်သည်နှင့် အရုပ်သည် အရုပ်မျှသာဖြင့် လူ့ဘဝ ကင်းဆိတ်နေသည့်ပမာ…

-ကိလေသာဆယ်မျိုးတို့ နိုးထနေသမျှ တစ်မျိုးပြီးတစ်မျိုး ကနေရမည်သာ။

-ကိလေသာဆယ်မျိုး ဘယ်ဟာမှ မနိုး မှုန်သိုးသိုးဖြင့် အချိန်ကုန်မည်သာ။

လူ့ဟိတ်ကင်းသောလူသား သေသူနှင့်ဘာမျှ မခြားနား။

[ ၁၃၆၁ ခုနှစ်၊ တပေါင်းလဆန်း၊ ၈ ရက်၊ မောနေယျတော၊ ]





## ယာဉ်မကူ လူ့နှုန်း လမ်းရိက္ခာပင်ဆုံး

သံသရာတစ်ခွင် ခရီးပြင်းနှင့်ရာ၌ ယာဉ်သည် အရေးပါဆုံး။

-ဒါနဖြင့်သွားလိုလျှင် ရေယာဉ်ကို အသုံးပြုမှသာ။ အာသဝမှ လွှန်မြောက် လိုရာရာခရီးပေါက်နိုင်သည်။

-သီလဖြင့် သွားလိုလျှင် ရထားယာဉ်ကို အသုံးပြုသွားမှသာ။ ဒွေစရိုက် တောနက်ထဲမှ လွန်မြောက် လိုရာရာ ခရီးဆုံး ပေါက်နိုင်သည်။

-ဘာဝနာဖြင့်သွားလိုလျှင် လေယာဉ်ကိုသာ အသုံးပြုသွားမှသာ နိဝရဏတိမ်တိုက်မှ လွန်မြောက် လိုရာရာ ခရီးဆုံး ပေါက်နိုင်သည်။

ထိုယာဉ်ဝယ် ကုန်း၊ ရေ၊ လေ လိုသလို အသုံးပြုနိုင်သော ကုန်းဘေး၊ ရေဘေး၊ လေဘေးတို့ကိုလည်း ဖြတ်ကျော်သွားနိုင်သော

-ဝီရိယ- သတိ- သမာဓိဟူသော ထိုးဖောက် ကိရိယာ၊

-ဒိဋ္ဌိ-သက္ကာယ ဟူသော ပဲ့ထိန်း၊

-ဝါစာ- ကမ္မန္တ- အာဇီဝ ဟူသော ကုတ်အား၊



www.burmeseclassic.com

www.burmeseclassic.com



ထိုသုံးမျိုးတို့ အချိတ်အဆက်မိမိ သွင်းထည့်ထားခြင်းကြောင့် အတားပေါ်လျှင်ချေမှုန်း သွားသာသော် အတွင်ရှန်းဖြင့် ခရီးဆုံးအထိ ပို့ဆောင်ပေးနိုင်စွမ်းရှိ၏။ အကယ်တိတိ

မဂ္ဂင်ယာဉ် အကူမပါ ဒါန- သီလ- သမထ ဗလာသတ် သက်ဖြင့် ခရီးထွက်ခဲ့ပါမူကား ရေစီးသန် တောနက်၊ လေထန်ထန် တိမ်တိုက်ဘက် ခရီးသက်မီသည်နှင့် အဖျက်ဘေးအမျိုးမျိုးတို့၏ အထိုးဒဏ် မခံနိုင်ရကား ပြုသမျှ ကုသလ အနုသယ၏ ဝါးဖတ် အဖြစ်ဖြင့် ပျောက်ပျက်ကုန်ခန်း သွားရမြဲပင်။

လူသည်လည်း ပရိယုဋ္ဌာန်- ဝီတိက္ကမ်တို့၏ အညှင်း စင်းစင်း ကြီးခံနေရတော့ရာ ကိုယ်ပြုသောဒါနကပင် ကိုယ့်အား ဒါသအဖြစ် နေရာချထားပေးတတ်သည်။

| ၁၃၆၁၊ တပေါင်းလဆန်း၊ ၈ ရက်၊ မောနေယျတော





# သွားလျက်နှင့် မရွေ့ နေရာမှာပင် ဝေ့နေလို့

ခရီးသွားရာ၌

ဘယ်ညာဖဝါးအပြင် လှမ်းချင်သည် လှမ်းသည်ဟူသော စိတ်နှင့်ကိုယ် အတွဲမိမှသာ သွားလိုရာခရီး ပြီးစီးနိုင်၏။

ဉာဏ်လမ်းခရီးသွားကြရာ၌လည်း သတိနှင့်အသိဟူသော စရဏဝိဇ္ဇာ ဖဝါးနှစ်ဖြာအပြင် သဒ္ဓါ- ဆန္ဒ- ဝီရိယစသည် အဓိပတိ ဗိုလ် တွန်းအားများကပါ ပံ့ပိုးပေးနေမှသာ… ကျင့်သလောက် သိ၊ သိသလောက်ကျင့်တို့ဖြင့် သမထ၊ ဝိပဿနာလမ်းမှသည် နိဗ္ဗာန်နန်း သို့ တန်းမတ်စွာ ရောက်နိုင်မည်။

သို့မဟုတ်ပါဘဲ…

အကျင့်နှင့် အသိတို့ကို ဆက်သွယ်ပေး တာဝန်ယူကြရသော သဒ္ဓါ-ဆန္ဒ-ဝီရိယစသည် အဓိပတိဗိုလ်ကင်း အာရုံမှန် အကျင့်မှန် ဖျက်ယွင်းနေပါသော်ကား…



www.burmeseclassic.com

www.burmeseclassic.com



ဖဝါးနှစ်စုံ ဘယ်ညာ- ဘယ်ညာခုန်နေသူသည် နေရာမှာပင် လမ်းဆုံး ရခွင့်များဆုံးရှုံးရသည်ပမာ အပိတ်တွေ့လည်းမထွင်း၊ အရှုပ်တွေ့လည်း မရှင်း၊ အတားတွေ့လည်း မဖြိုခွင်းနိုင်တော့သည့် အပြင်-

-အပိတ်ရှေ့ ဝေ့လျက်ကပင် အချိန်ကုန်ရမည်။

-အရှုပ်ပိ ငြိလျက်ကပင် လဲကျစေနိုင်သည်။

-အတားအောက် မှောက်လျက်ကပင် အနိုင်ကျင့်ခံရတော့သည်။ မည်သည့်အလုပ်မဆို သဒ္ဓါကင်းက ဆားမပါဟင်း စားရသည့် ပမာသာ။ ဆန္ဒကင်းက ခံတွင်းပျက် လက်ဖက်ဝါးပမာသာ။ ဝီရိယ ကင်းက ထမင်းပန်းကန်ကြည့် လက်မနှိုက်မိသည့်ပမာ ဘာဆို ဘာမျှ အရာမဝင်ပြီ။

[ ၁၃၆၁ ခုနှစ်၊ တပေါင်းလဆန်း၊ ၁၁ ရက်၊ မောနေယျတော၊ ]





# ပြောင်ချောမြေ မျောမချ
# အတက်ဆို လျှောကျမည်

အစေးပါသော မြေပြင်ထက်သို့ ခရီးသက်လိုသူသည် ဖဝါး၊ ခြေ၊ မြေနှင့်မြဲစေရန် မျောတုံးများသော်လည်းကောင်း၊ ခဲ အုတ် ကျောက်ပြားများသော်လည်းကောင်း ခင်းပေးထားရသည်။

သည့်ပမာလျှင်

-ကိလေသာအတားကလည်း များပြား

-မဂ်ဖိုလ်လမ်းကလည်း မတ်စောက်

-နိဗ္ဗာန်နန်းပေါက်ကလည်း ရောက်နိုင်ခဲလှသော ဖြစ်ပျက် လမ်းပြင် သမထ- ဝိပဿနာယာဉ်တင်လျက် ခရီးထွက်လာခဲ့ကြ သူ လူအပေါင်းတို့သည်လည်း

-ဗောဓိရှင် ခုနစ်တန်တို့ဖြင့် မိမိဉာဏ်အခံမထားဘဲ သွားမြဲ သွားနေခဲ့သော်

-အတားတချို့ဝေ့ ရွေ့ခနဲ ပါသွားတော့ပြီသာ

-အပိတ်တစ်ခါနှော ဝေါခနဲ မျောသွားတော့ပြီသာ

-အရှုပ်တစ်ချက်တုပ် ငုတ်တုတ်ဖြင့် မြုပ်သွားတော့ပြီသာ။



www.burmeseclassic.com

www.burmeseclassic.com



အကယ်တိတိ…

-သတိဖြင့်ထစ်၍ ဖြစ်ပျက်ကို မြင်စေခြင်း

-ဝီရိယဖြင့် ဖြည့်၍ ပီတိကို ဝင်စေခြင်း စသည်

ဗောဇ္ဈင်အဆင့်တို့ဖြင့် ခရီးလမ်း ပွင့်စေခဲ့သော်

-အတားပေါ်… ထိုအတားသည်ပင် ကစားဖော်ဖြစ်တော့ချေရာ…

-အပိတ်မိ… ထိုအပိတ်ကပင် ပါရမီဖြည့်ပေးနေတော့ရာ…

-အရှုပ်ထွေး… ထိုအရှုပ်ကပင် လမ်းပေးနေတော့ရာ…

-မသွားချင်၍သာ မရောက်ရှိရမည်။

-တံခါးဝင် အပေါက်အထိကား ကေန်တိုးမိနေသည်သာ။

[ ၁၃၆၁ ခုနှစ်၊ တပေါင်းလဆန်း၊ ၁၁ ရက်၊ မောနေယျတော၊ ]





# လှမ်းကြည့်၍ပေးသော အဖြေ
# လှန်ကြည့်ရာမှပေးသော အဖြေလောက်
# မသေချာ

-သစ္စာသည် မှန်ကန်ခြင်း၊ တိကျခြင်းကို ဆိုချေရာ…

တိုင်းပြည်တစ်ပြည်၊ လူမျိုးတစ်မျိုးတို့ သဘောတူ အတည်ပြုလက်ခံထားသော ကာမအရာများသည်လည်း သစ္စာပင်။

-တစ်ဖန် အတွေးအခေါ် အမြော်အမြင်တို့ဖြင့် တစ်စင်ထောင်က ကျင့်ကြံနေကြသော ဝါဒအရာများသည်လည်း သစ္စာပင်။

-ထိုနှစ်မျိုးစလုံး အတွေးဖြင့်ခေါ် အမျှော်ဖြင့်မှန်း စိတ်ကူးယဉ်အိပ်မက်ခန်းများချည်း ဖြစ်ခြင်းကြောင့်လည်းကောင်း၊ အများနှင့် မတိုးကွက်ကြားမိုးဖြစ်နေခြင်းများကြောင့်လည်းကောင်း သစ္စာ မထိုက်ချေ။

အကြင်သူသည်

မိမိခန္ဓာဖြစ်စဉ်ကို အတွင်းရော အပြင်ပါ ဉာဏ်ဓားဖြင့် ခွဲခြမ်းစိပ်ဖြာကာ ပစ္စုပ္ပန်တည့်တည့်မှနေ ကာလသုံးပါး အခြားမရှိထိုင်လျက်ကကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသူ၏ အသိသည်သာ ဘုံသားမှန်သမျှ မည်သူမျှ ငြင်း၍ မရသော အကြိုက်မိလျှင် ဒုက္ခကိန်းသည်၊ အကြိုက်မမိလျှင် ဒုက္ခ ငြိမ်းသည်ဟူသော အဖြေမှန်၊ အဆုံးထိမြင်သော အသိဉာဏ်ဖြင့် ဝေဖန်ပြရာဖြစ်ခြင်းကြောင့် သစ္စာထိုက်သော ကတဉာဏ်ဆိုရသည်။

ထိုအမြင်မျိုးသည်

- ခန္ဓာ့ဖြစ်စဉ် ဖြစ်ပျက်မြင် အနိစ္စနယ်မြေတွင်း ဆင်းမိရုံမျှ ဖြင့်လည်း မရ။
- ခန္ဓာ့ဖြစ်စဉ်အပျက်ချည်းမြင် ဒုက္ခနယ်ပယ်ခွင် ဝင်မိရုံမျှဖြင့် လည်း မရ။
- ခန္ဓာ့ဖြစ်စဉ် သဘောမျှအမြင် အနတ္တနယ်ပယ်လောက် ရောက်ရုံမျှဖြင့်လည်း မရ။

စင်စစ် ထိုသုံးခုတွင်း ဖြတ်ကျော်ရင်းဖြင့် အားကိုးအရှိ အငြိ မဝင် မည်သည့်အရာကိုမျှ မခင်တော့မှရလေရာ ထိုအမြင်မှ သစ္စာ မထိုက် မည်သည့်အရာသည် သစ္စာထိုက်အံ့နည်း။

[ ၁၃၆၁ ခုနှစ်၊ တပေါင်းလဆန်း၊ ၁၂ ရက်၊ မောနေယျတော၊ ]





# ဆေးပတ်မလည်ဘဲ ပျောက်သောရောဂါ အမြစ်ပြတ်ဖို့ မသေချာ

သတ္တဝါတို့၏ သဏ္ဍာန်၌ စွဲကပ်လျက်ရှိနေသော ကိလေသာကို ပညာဖြင့် အနုသယ၊ သမာဓိဖြင့် ပရိယုဋ္ဌာန်၊ သီလဖြင့် ဝီတိက္ကမ သုံးပိုင်းပိုင်း၍ နုတ်ပယ် ပစ်ရရိုးရှိရာ တစ်ခုကောင်းဖြင့် မလုံလောက်ရာပြီ။

သမားဂုဏ်ပြတစ်ခုကောင်းဖြင့် ဝါဒတစ်ခု ထူထောင်၍ လူတို့ကို စည်းရုံးသိမ်းသွင်းနေကြသောဝါဒပြိုင်တို့တွင်

- အချို့ကား သီလမှရသော သဒ္ဓါပီတိဖြင့်သာ တင်းတိမ်နေကြ၏။
- အချို့ကား သမာဓိမှရသော ဝီရိယပီတိဖြင့်သာ တင်းတိမ်နေကြ၏။

ထိုပီတိ (ပဿဒ္ဓိ)များသည် ပညာမှရသော ဖိုလ်ပီတိကဲ့သို့ စိတ်မချရပြီ။

ချမ်းသာလမ်း အမြဲပေးစွမ်း နိုင်စွမ်းလည်းမရှိ။

ပညာမှရသော ပီတိသည်ကား…



www.burmeseclassic.com

www.burmeseclassic.com



-အနုသယ အမြစ်ကိုလည်း နှုတ်၍နှုတ်၍ထားခဲ့ပြီး ဖြစ်နေ၍ လည်းကောင်း။

-ပရိယုဋ္ဌာန် အညွန့်ကိုလည်း ချိုး၍ ချိုး၍ ညှိုးခြောက်ပြီး ဖြစ်နေ၍ လည်းကောင်း၊

-ဝီတိက္ကမ ပင်လုံးကိုလည်း ခုတ်၍ခုတ်၍ လဲစေပြီး ဖြစ်နေ၍ လည်းကောင်း၊

- အပါယ်ဘေးမှ အမြဲအေးဆေးခွင့်ကိုလည်း ပေးသည်။

- ကာမဘေးမှ အမြဲအေးဆေးခွင့်ကိုလည်း ပေးသည်။

- ဘဝဘေးမှ အမြဲအေးဆေးခွင့်ကိုလည်း ပေးသည်။

အကယ်တိတိ

မိမိကဲ့သို့ ရောဂါတူဖြစ်နေသူ ဖြစ်ဆဲရောဂါ ပျောက်လိုသူ တွေ့ပါကလည်း ကုနည်းပေး၍ အေးဆေးနိုင်သေးသည်။

စင်စစ် သိက္ခာသုံးတန် (သီလဖြင့် ဝိုင်းရံ၊ သမာဓိဖြင့် ဖမ်းချုပ် ပညာဖြင့် သုတ်သင်ခြင်းတို့) ပတ်လည်လှည့် အဆင့်ဆင့်လှည့်၍၊ အငြိကို မဖြုတ်ဘဲ အေးသောဘဝ မည်သည့်ရောဂါမျှ မကျေပနိုင်။

[ ၁၃၆၁ ခုနှစ်၊ တပေါင်းလဆန်း၊ ၁၂ ရက်၊ မောနေယျတော၊ ]





# လူဖြစ်လျှင် လူလိုနေ လူလိုသေဖို့ အရေးကြီး

ခွဲခြမ်းသိ သိစေတတ်သော ဉာဏ်သည် လူသဏ္ဍာန်မှာသာ တည်ရှိလေ ရာ၊ ထိုအသိ ထိထိမိမိ အသုံးချတတ်ဖို့လိုသည်။

-ငါးသည် မြှုးလည်း မယက်တတ်၊ မြှုးမှလည်း မထွက်တတ်။

-လူသည်ကား မြှုးလည်းယက်၊ မြှုးမှလည်း ထွက်တတ်၏။

ထိုမျှ လူနှင့်တိရစ္ဆာန် အသိဉာဏ်ချင်း ကွာခြားနေချေရာ လူသည် ကြိုက်လျှင်လိုက်၊ မကြိုက်လျှင် တိုက်၊ မသိနိုက်ဖြင့် မလုံလောက်။ သဘောကျလျှင် အကောင်း၊ သဘောမကျ အဆိုး၊ ထိုအသိမျိုးဖြင့်လည်း မလုံလောက်။

-နွားလှည်းသွားရာ ဦးစီးပါမှ အရာရောက်သည်ပမာ
ကိုယ်ခန္ဓာသွားရာ အသိပါမှသာ အရာရောက်မည်ကို ဆင်ခြင်၍၊
-ငါးထားရာအရှိ ငါးသွားရာကြည့်မှ မိသည့်ပမာ
ခန္ဓာ့အရှိ ခန္ဓာလှုပ်ရှားဆဲကြည့်မှ မိမည်ကို ဆင်ခြင်၍၊

သွားသွားစားစား၊ နားနားနေနေ ကိုယ့်ခန္ဓာတွင် ကိုယ့်စိတ် သွင်း၊ ကိုယ့်အဖြစ် ကိုယ့်သနစ် စစ်ဆေးရင်းဖြင့် သွားလာနေထိုင် တတ်ကြရာ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့သာ နေထိုင်တတ်လာသော်

မသေခင် ကံအကျိုးပေး ခံစားနေရာ၌လည်း အကောင်းအဆိုး အကြောင်းအကျိုး ခွဲခြမ်းသိ-သိ သိနေတော့ပြီး၊ အကျိုးမဲ့အပြစ်ရှိကို လက်လွှတ်၍ အကျိုးရှိ အပြစ်မဲ့ကိုချည်း ရွေးချယ်ပြုကျင့်နေရော့မည်။

သေခါကာလ၌လည်း လက်တွင်းမိ သတိ အသိများက စိတ်ကို ရှေ့ရောက် နောက်ပြန်လည်း မခံ၊ သူတကာထံ၌လည်း အလည်သွားခွင့်မပြု၊ ပစ္စုပ္ပန်တည့်တည့်ရှိ မိမိခန္ဓာ၌သာ ရှုသိခွင့်ပေးထားကြရကား တွေးမှဖြစ်သော ကိလေသာ၊ ပြေးမှလိုက်သော ကိလေသာတို့ မဝင်လာဘဲ ဖြစ်ပျက်မြင် လူစိတ်သက်သက်ဖြင့်သာ အသေဆုံး ပေရော့မည်။

-ထိုနေခြင်းသည်သာ အကြွေးကင်းသော နေနည်းတည်း။

-ထိုသေခြင်းသည်သာ ကိုယ်ပိုင်ဘဝ မဆုံးရှုံးစေသော သေနည်းတည်း။

[ ၁၃၆၁ ခုနှစ်၊ တပေါင်းလဆန်း၊ ၁၂ ရက်၊ မောနေယျတော၊ ]





# မင်းကင်းတော့ ပြည်နာ
# ဗိုလ်ကင်းတော့ တပ်ပြုတ်
# ဦးစီးကင်း နေရင်းနောက်ပြန်ဆုတ်

ကိလေသာ ရန်အတားအားလုံးကို တိုက်ခိုက်ကျော်လွှားလျက်က လွှတ်မြောက်ရာဘက် ထွက်လိုသူ၌-

-စိတ်ကို အစိုးရသောဣန္ဒြေလည်း ရှိရမည်။

-စိတ်အားပေး ဗိုလ်ငါးပါးတို့လည်း ပါရသည်။

-စိတ်ဦးစီး အဓိပတိ လေးပါးတို့လည်း လက်မလွှတ်စေရ။

ထိုအားလုံး အလုံးအရင်းဖြင့် ထိုးဖောက် ချေမှုန်းပေးမှသာ၊ ထိုစိတ် မင်းဘိသိက်ခံနိုင်မည်။

ထိုသို့ မဟုတ်ပါဘဲ...

ဣန္ဒြေကင်း ဗိုလ်ချင်းလည်း လက်တွဲမမိ အဓိပတိလည်း မပါဖြင့် ပုန်ကန်ခြားနားခြင်းအလုပ် သင်အားထုတ်မိချေသော်

-စိတ်ကို နိုင်နင်းစွာ မကိုင်တွယ်နိုင်တော့ခြင်းကြောင့်လည်းကောင်း။

-စိတ်အင်အားမပြည့် ထိုးဖောက်ခုခံအားများ မရှိတော့သောကြောင့်လည်းကောင်း၊



www.burmeseclassic.com

www.burmeseclassic.com



- စိတ်ခါတ်စစ်ဆင်ရေးနည်းဗျူဟာ မလိမ္မာတော့သောကြောင့်လည်းကောင်း။

တိုက်တိုင်းအောင် နာမည်မရ သုံ့ပန်းဖြင့် အရောကျတတ်သည်။

နိယျာနိကခေါ် အပါယ ကာမ-ဘဝနယ်မြေတို့မှ အဆင့်ဆင့် လွတ်မြောက်ခွင့်ရရန် ကြိုးစားရသော ဤကမ္မဋ္ဌာန်း အလုပ်သည်-

- မှောက်လျက် လိပ်၊ ပက်လက် အိပ်၊ အအိပ်ခိုင်းရသည်သို့ မလွယ်။

- မှောက်နေသော ကမ္ဘာ၊ ပက်လက်လှန်ရန် ခွာရသည်ထက်လည်း မက၊ အာရုံမှန်နှင့် နည်းမှန်၊ လမ်းမှန်၊ အကျင့်မှန်တို့ကို ဖော်ဆောင်ပေးတတ်သော လမ်းညွှန်း လက်စွဲများကို ကိုင်တွယ်အသုံးချမှသာ ငှက်ပျောသီးအခွံခွာစားရသည်သို့ လွယ်ကူရာသည်။ သို့မဟုတ်က သွား သလောက် ဖား၊ ထားသလောက် ပုပ်၊ တိုးသလောက် လျှောက်ဆုတ်နေတတ် လှချေသည်။

- ကမ္မဋ္ဌာန်းကြောက်-အမိပတိဦးစီးမရောက်၍တည်း။

- ကမ္မဋ္ဌာန်းရှူး-ဗိုလ်-ဣန္ဒြေ အခြေမပါ၍တည်း။

[ ၁၃၆၁ ခုနှစ်၊ တပေါင်းလဆန်း၊ ၁၂ ရက်၊ မောနေယျတော၊ ]





# ကိုယ်ကျတော့ညှာ စိတ်ကျတော့ အလိုလိုက် သခင်မင်း အလျှဉ်းမဖြစ်ထိုက်

ဘုရား၊ ပစ္စေကာ၊ မဟာသာဝကတို့သွားရာ လောကုတ္တရာလမ်းကား ယုံကြည်ရဲတင်း၊ ကိုယ်နှင့်စိတ် ခါးစာခံအဖြစ်ရင်း၍ သွားမှသာ ရောက်နိုင် ပေါက်နိုင်ခွင့်ရှိသော လမ်းတည်း။

ထိုလမ်းသို့

- ကိုယ့်ကိုယ်ကို ခင်မင်မှုအားကြီးနေသူများ မဝင်ရောက်နိုင်။

- စိတ်အလိုလိုက် အာရုံနှင့် အာရုံရှင်တို့၌ စိတ်စိုက်နေသူများလည်း မဝင်ရောက်နိုင်။

ကိလေသာစသည် အယုတ်တရားများသည်

- စိတ်ကိုသိမ်း၍ ကိုယ်၌ကိန်းနေသည်ကတစ်ကြောင်း။

- ဘဝ ဘဝါ၊ ကမ္ဘာ့ကမ္ဘာ လိုက်ပါနေသည်က တစ်ကြောင်း၊

- ကိုယ်ဖောက်ပြန်မှုကို အခွင့်ကောင်းယူ၍ စိတ်ကို အနိုင်ကျင့်နေသည်ကတစ်ကြောင်း။

ထိုအကြောင်းကြောင်းတို့ကြောင့် ထိုကိလေသာစသည့် အယုတ်တရားများကို တိုက်ထုတ်လိုလျှင် ကိုယ်နှင့်စိတ်တို့ကို အသေခံဘာသား

www.burmeseclassic.com



အရာထား၍ စွန့်လွှတ်စွန့်စား တိုက်ခိုက်ရဲမှသာ အောင်နိုင်ခွင့်ရှိပြီး ဘုရား၊ ပစ္စေက၊ မဟာသာဝကတို့သွားလမ်း ဖဝါး၊ ခြေလှမ်း ချနိုင်ခွင့် ရှိလိမ့်မည်။

ထိုသို့မဟုတ်ပါဘဲ။

ကိုယ်နှင့်စိတ်တို့ကို စားကျက်ငါးခု၏အကြား ကိလေသာတို့နှင့်လွှတ်ပေးထားကာ စိတ်သွားတိုင်း ကိုယ်ပါနေခဲ့ပါသော်ကား-

ကိလေသာ မကောင်းကြောင်းပြော၍ ကိလေသာတောင်းရာ လိုက်လျှောနေရသော သံ့ပန်းသမားဘဝမှ ဘယ်သောကာလမျှ မလွှန်မြောက်နိုင်။

ဘုရားတရားကောင်းကြောင်းပြော၍ ဘုရားဆုံးမရာ မလိုက်လျော၊ ဘုရား ကျောခိုင်းနေသော အရိုင်းဘဝမှ ဘယ်သောကာလမျှ ရှေ့မတိုး။

[ ၁၃၆၁ ခုနှစ်၊ တပေါင်းလဆန်း၊ ၁၃ ရက်၊ မောနေယျတော၊ ]





# ကာမဆိုခုံမင် ဘုံဆိုလျှင် ပိုက် ထီးဆောင်းမင်း အလျှဉ်းမဖြစ်ထိုက်

-ကာမ၏ အဆုံးပန်းတိုင်ကား - မေထုန်ခံစားခြင်းတည်း။

-ဓမ္မ၏ အဆုံးပန်းတိုင်ကား - နိဗ္ဗာန်ခံစားခြင်းတည်း။

သို့ကြောင့်

တဏှာလုံးဝကင်းမှ ရနိုင်သော နိဗ္ဗာန်နှင့် တဏှာအလုံးအရင်း တင်သွင်းမှ ရနိုင်သော မေထုန်ကား ပြဒါးတစ်လမ်း၊ သံတစ်လမ်း ဖြစ်ရာ မည်သို့မျှ ဆုံပေး၍ မရစကောင်း။

-လူတို့သည် မိမိ၊ မိမိတို့၏ ဘာသာထုံးတမ်း အလိုက်လည်းကောင်း၊

-ဆရာသမားလူကြီးသူမတို့၏ အဆုံးအမလိုက်နာသောအားဖြင့်လည်းကောင်း။

ပေးကမ်းရက်ရောခြင်း၊ ဒါနမှုကိုလည်း ပြု၏။ စောင့်စည်းခြင်းများကိုလည်း စည်းထားကာ ပြုကျင့်၏။ သို့တစေလည်း…

ထိုပြုကျင့်ချက်များသည်…

မိမိအတွက် နောင်ကောင်းစားလိုခြင်း၊ သူတစ်ပါးတို့နှင့်တွဲဖက် ကာမစားကျက်၌ အပျော်ထွက်လိုခြင်း၊ တဏှာကသာ ဦးစီး



www.burmeseclassic.com

www.burmeseclassic.com



ခနချေရာ တဏှာမုန်သောက် ကာမဘုံလောက်မျှဖြင့်သာ ခရီးဆုံးနေကြသည်။ ပေးသူကား ကာမဘုံစံ၊ အလှူခံကား ဗြဟ္မာဘုံပြန်ထက် မပိုချေ။

အစွဲကြာ အနှာဖြစ်၊ ပျောက်သော်မှ အမာရွတ်ကား ကျန်ရစ်ပမာ… တွဲရာ၊ နွဲ့ရာဝဋ္ဋအာရုံတို့၏ ဆွဲငင်အားများကို အပြတ် မရှန်းနိုင်ခြင်းကြောင့်တည်း။

ထီးဆောင်းမင်းဖြစ်လိုသူသည်

- ငါသည် ကာမပုပ်- အမှန်တကယ်ပင် စက်ဆုပ်နေပြီလော။

- ငါသည် နိဗ္ဗာန်၏ မခံစားရဘဲနှင့် ကောင်းသော အရသာ တကယ်ပင် ဆာနေပြီလော။

- ငါသည် လက်ရှိဘဝ၊ စည်းစိမ်နှင့်အသက် တကယ်ပင် ငဲ့ကွက်မှု မရှိတော့ပြီလော။

ထိုမေးခွန်းသုံးဆင့် ရှေ့စိတ်ကို နောက်စိတ်ဖြင့်မေးကြည့်သင့်၏။

အကယ်တိတိ မေးသမျှအခင်း ဖြေရှင်းပြီးပါလျှင် သင်ကား မင်းဖြစ်ဖို့ သေချာသွားပြီ။

[ ၁၃၆၁ ခုနှစ်၊ တပေါင်းလဆန်း၊ ၁၃ ရက်၊ မောနေယျတော ]





# သတိကိုသာ ပွဲထုတ် ကိုယ်ကိုယ်တိုင် မင်းသားဝင်မလုပ်နှင့်

ဝိပဿနာအလုပ်သည်

လုပ်ယူရသော အလုပ်မျိုးမဟုတ်။ ကြည့်ရှုရသော အလုပ်မျိုးမျှသာဖြစ်ရာ ငါဝင်မရှုပ်မိဖို့ အထူးအရေးကြီး၏။

ထိုကြည့်ရှုခြင်းအလုပ်သည်

စိတ်ကို တွေးခြင်း၊ ပြေးခြင်း မရှိ။ မိမိ၌ ပကတိ အထိနှင့် အသိမှ အတူရှိနေရန်လည်း တာဝန်ယူ။

စွဲစိတ်နှင့် အစွဲတွဲလျက်က စွဲစိတ်အဖြစ်ဖြင့် တစ်ဖက်အကြောင်းသာ သိတော့၍ တစ်ဖက်အကြောင်း၌သာ ငြိနေခြင်းကိုလည်း ဖျင်ပေးရန် တာဝန်ယူရရာ…

စွဲစိတ်၏တည်ရာ ထိုငါကို ပွဲထုတ်လာသော်ကား ဘဝင်လေ မငြိမ်၊ နှလုံးအိမ်လှုပ်၊ ဖြစ်ပျက်မြင်ကွင်းလည်း မြုပ်၍ သွားတတ်ပြီး နှလုံးသွေးပူဆူလာသည်နှင့် အစွဲလှန်၍ စိတ်ပျံ့ခြင်း၊ အစွဲဟန့်၍ စိတ်မသန့်ခြင်းများ ထကြွလာတတ်လှချေသည်။ ပွဲလှန့်ခြင်းတည်း။



www.burmeseclassic.com

www.burmeseclassic.com



အကယ်တိမ်ချိဖော်ဝေမှု အတွေ့အထိ၊ သတိကိုသာ အကြည့်ခိုင်းထားပါသော် သတိသည် အသိကိုလည်း ငင်၊ အငြိကိုလည်း ဖျင်၊ စိတ်ကိုလည်း သန့်စင်ပေးတတ်ရာ –

– အကောင်းတွေ့လည်း ဖြစ်ပျက်ဖော် ထိုအကောင်းကို ကျော်နိုင်သည်။

– အဆိုးတွေ့လည်း ဖြစ်ပျက်ဖော် ထိုအဆိုးကိုလည်း ကျော်သွားနိုင်သည်။

– ကြားခံတွေ့လည်း ဖြစ်ပျက်ဖော် ထိုကြားခံကိုလည်း ကျော်ထားခဲ့နိုင်သည်။

သူတစ်ပါးစိတ်ကို ချေ၍ ကိုယ့်စိတ်ဖြင့်ကိုယ် နေလိုသူတိုင်းသည်လည်းကောင်း၊

အစွဲဟူသမျှ မဝင်စေ၍ အရှိကိုအရှိအတိုင်းချည်း မြင်စေလိုသူတိုင်းသည်လည်းကောင်း၊

မဂ္ဂင်ရှန်းသတိမှတစ်ပါး အားကိုးရာမရှိချေ။

– သတိပါသောအသိ၊ မိမိ၏ ကိုယ်ပိုင်ဉစ္စာတည်း။

– သညာမှဖြစ်သောအသိ သူတစ်ပါးထံမှ ချေးငှားထားသော ဉစ္စာတည်း။

ကိုယ်ပိုင်ဘဝလုံခြုံစေလိုလျှင် ထိုသတိကို မည်သည့်အခါမှ လက်မလွှတ်ရာ။

[ ၁၃၆၁ ခုနှစ်၊ တပေါင်းလဆန်း၊ ၁၄ ရက်၊ မောနေယျတော။ ]





# အမေပျင်း မြေခင်းပျက်
# သားကမြင်းတော့ ခြေကျင်းနှစ်ဖက် စုံလုံးပုက်

– ဝိပဿနာခွင် ဉာဏ်စဉ်တက်ရာ၌

– စိတ်ချည်း ဖြောင့်စွာမသွားတတ်သေးသော ဉပစာအရာ၌ သတိသည် မိခင်ပမာ အသိကိုတွဲ၍ ရှေ့မှပင် ဆွဲခေါ်ရာ၏။

ထိုသို့ ဆွဲခေါ်ရာ၌ စေ့စပ်ခြင်း၊ ရှုးစိုက်ခြင်း အားမပါသော် ဖြစ်ပျက်လည်း မပီပြင် ဉာဏ်စဉ်လည်း မသဲကွဲ၊ မှုန်မွဲမွဲပြင့်သာ လမ်းပျောက်တတ်လှချေသည်။

စိတ်ချည်းဖြောင့်စွာ သွားနိုင်ပြီဖြစ်သော အပ္ပနာတွင်ကား သတိသည် အတွင်းနေအောင့်မေ့ခြင်းဖြင့် စောင့်ကြပ်ပေးလျက်က အသိသက်သက်ကိုချည်း ရှေ့တန်းတင်ပေးထားရာ

ထိုအသိ စိတ်ဝင်စားခြင်း၊ ဉာဏ်ပါခြင်း ကင်းမဲ့ကာ သိသိနေရုံမျှဖြင့် ကိစ္စပြီးနေချေသော် သမာဓိဉာဏ်လည်း ဆွံ့၊ အသင်ဉာဏ်လည်း အ,ဖြင့် ဆွံ့အခြင်းသို့ ဆင်းသွားပြီး အထောက်လည်းပျောက်၊ အရောက်လည်း လွဲနေရာမှာပင် ပျင်းတွဲတွဲဖြစ်နေတတ်လှချေသည်။

သတိမမှန် အခြေခံပျက်၊ အသိမမှန် အမွေခံ မသက်တည်း။



www.burmeseclassic.com

www.burmeseclassic.com



မဂ္ဂင်မှ မဂ္ဂသို့ ပြောင်းလဲရာ၌လည်းကောင်း၊ စွဲစိတ်မှပင် ကိုယ်စိတ်ပြန်လည် ဖြစ်စေရာ၌လည်းကောင်း၊ အတားကြားမှ အသွားထားသန်ရန် ကြိုးစားပေးရာ၌လည်းကောင်း ထိုသတိနှင့်ထိုအသိ အဖေးအယူမိမှ အောင်နိုင်ရာသည်။

-သတိက စေ့စပ်သည်။ အသိဝေ့ပတ်နေပြန်လျှင်လည်း မအောင့်နိုင်။

-သတိက စူးစိုက်ပေးနေသည်။ အသိက အထူးမလိုက်ပြန်လျှင်လည်း မအောင်နိုင်။

သည့်အတူ အသိက ထက်လျက် သတိမဆက်ခဲ့သော်လည်းကောင်း၊ အသိက သွက်လျက်နှင့် သတိက မထက်ခဲ့သော်လည်းကောင်း အောင်နိုင်ခွင့် မရနိုင်ချေ။

ခရီးအသွား ဖဝါးနှစ်ဖက်စလုံး အသုံးပြုရရာ တစ်ဖက်သုံးဖြင့် လမ်းဆုံးလမ်းပေါက် မည်သူသည် ရောက်နိုင်ပါအံ့နည်း။

[ ၁၃၆၁ ခုနှစ်၊ တပေါင်းလဆန်း၊ ၁၄ ရက်၊ မောနေယျတော၊ ]





# လမ်းထားလည်းရှိ လမ်းသွားရှိ ရောက်၏ ဆုံးကေန်

-လူတို့၏ ခန္ဓာဖြစ်စဉ်ကြီးသည် လမ်းထားတည်း။

-လူ့စိတ်မီ သတိ-အသိနှစ်ပါးသည်ကား လမ်းသွားတည်း။

ထိုသို့အထားလည်းရှိ၊ အသွားလည်းရှိနေစဉ်... ထိုအထားနှင့် ထိုအသွား တစ်သားတည်းကျဖို့သာ လိုသည်။

တစ်သားတည်း ကျချေသော်...

-အဆုံးဟူသော ခရီးပန်းတိုင်ကား ရပ်နေသော အသေမျိုးဖြစ်ပြီး

-သွားနေသော သတိ အသိတို့ကား ရွေ့နေသော အရှင်မျိုးဖြစ်ရာ ရောက်ရုံမျှဖြင့် မတော်ချင် ကျော်ဖို့ပင် ရှိချေသေးတော့သည်။

တစ်သားတည်း မကျချေသော်ကား ရေနှင့်လှေငြိ၊ ထိုနေရာမှာပင် ဝဲလည်လှည့်နေသည့်ပမာ

သတိ-အသိ အသွားဘက်ကသာ အားကောင်း၊ အထားဘက်မှ အကြည်ဓာတ်ခွက်များ ပျက်ယွင်းလေသူ၊ မှတ်သလောက်မသိ သိသလောက်မမိတို့ဖြင့် အချိန်ကုန်ရမည်။



www.burmeseclassic.com

www.burmeseclassic.com



အကယ်တိတိ ခန္ဓာခွင် အကြည်ခတ်တို့ကသာ ဖမ်းအား ကောင်းပြီး အသွားဘက်မှ သတိ အသိတို့က ပြတ်တောင်းပြတ်တောင်း ဖြစ်နေသူ၊ အမှတ်ရှော့ရဲ အသိမွဲနေသူဖြစ်နေပါမူ ပြသလောက် မကြည့်၊ ကြည့်သလောက် မသိတို့ဖြင့်သာ အချိန် ကုန်ရမည်။

ငါးစာမက် မျှားချက်အထိမခံလိုသော သင်သည်

- နွေ၊ မိုး၊ ဆောင်းပမာသော သုခ၊ ဒုက္ခ၊ ဥပေက္ခာ၊ ဝေဒနာတို့၏အကြား ပြုံးမဲ့ငူတူ မနေလိုပါမူ

- နေ့နှင့်ညပမာသော အကောင်းအဆိုးတို့၏အကြား ပူတစ်ချီ အေးတလှည့်တို့၏ ကစားခြင်းကို မခံလိုပါမူ

- ကြိုတ်စက်ထဲက ဝါးဖတ်ပမာသော ကာလသုံးပါးတို့၏ အကြား ဇရာမီး ဝါး မခံလိုပါမူ လမ်းထား ပီပြင်၊ လမ်းသွားလည်း အဝင်ကောင်းဆဲ အားခဲသင့်လှသည်။

[ ၁၃၆၁ ခုနှစ်၊ တပေါင်းလပြည့်နေ့၊ မောနေယျတော၊ ]





# မင်းတံဆိပ် ဘိသိက်ခံမှ ပန်ရမည်

မင်းဘိသိက်ခံလိုသူ ဘုရားသားတော်၊ သမီးတော် (သကျပုတ္တ၊ သကျဓီတာ) တိုင်းတို့သည်လည်း

ဓမ္မရာဇာ တရားမင်းအဖြစ် ဘိသိက်တော်ကို ခံယူကာ လူမင်းတကာတို့၏ ရှိသေခြင်း၊ ဦးညွှတ်ခြင်း၊ ပူဇော်ခြင်းကို ခံယူရရှိတော်မူသော ဘုရား။

နတ် နတ်တကာ၊ ဗြဟ္မာအားလုံးတို့၏ ရှိသေခြင်း၊ ဦးညွှတ်ခြင်း ပူဇော်ခြင်းကိုလည်း အထူးခံယူရရှိတော်မူသောဘုရား။

ထိုဘုရား၏ သားသမီးများဖြစ်သော်ငြားလည်း မိမိ၏ သန္တာန်ပြည်တ်၊ တည်ရှိရာ ခန္ဓာခွင်စစ်တလင်း၊ မင်းမူလျက် ရှိနေသော ဒိဋ္ဌိ- တဏှာ- မာန တို့နှင့် အပေါင်းအပါအားလုံးတို့အပေါ် ခတ်ကွင်းပြင်ခြင်း၊ စစ်ထိုးခြင်း၊ အောင်ပွဲခံခြင်း အလျဉ်းကင်းနေသမျှ ဘုရားသားရင်း (သမီးရင်း) တရားမင်း မဖြစ်နိုင်။

- အပါယဘုံ - အပါယဘဝ စေတစ်လုံးသုံး၍ လိုသလို အာဏာပြခွင့်မရသေးသောကြောင့်။

- ကာမဘုံ - ကာမဘဝ စေတစ်လုံးသုံး၍ လိုသလို အာဏာ ပြခွင့် မရသေးသောကြောင့်။



www.burmeseclassic.com

www.burmeseclassic.com



-ဗြဟ္မာ့ဘုံ - ဗြဟ္မာ့ဘဝ စေတစ်လုံးသုံး၍ လိုသလို အာဏာပြခွင့် မရသေးသောကြောင့်။

အကယ်တိတိ...

ဘုရားသား၊ ဘုရားစကား နားထောင်သောအားဖြင့် အမှားဆိုရှင်း၊ အတားဆို ကျော်နင်းလျက်က ငါမပါ သူကင်း၊ အရင်းအရင်းအတိုင်း ရှင်းရှင်းလင်းလင်းကြီး သိပိုင်ခွင့်ရှိနေရာသို့ အရောက်သွားနိုင်ပြီး အာဏာကိုရယူ၍ မိမိကိုယ်မိမိပင် သေဆိုသေ၊ ရှင်ဆိုရှင် လိုသလိုစီရင်နိုင်ခဲ့ပါမှုကား ဘားချိတ်မပြသော်မှ ဗိုလ်ရာဇာကား ရပြီးသားဖြစ်၍ နေချေပြီ။

[ ၁၃၆၁ ခုနှစ်၊ တပေါင်းလပြည့်နေ့၊ မောနေယျတော၊ ]





# အကုန်မသေသေးသမျှ အသေမကုန်ကြသေး

ဗီဇသတ္တိအစွဲရှိန် ခိုကိန်းနေသော မျိုးစေ့မှန်သမျှ မျိုးစေ့မှ အပင်၊ တစ်ဖန် အပင်မှ အသီး၊ အသီးမှ မျိုးစေ့ ပတ်လည်လှည့် စမြဲပင် ဖြစ်ရာ...

သတ္တဝါတို့တွင်လည်း-

-ငါစွဲ၊ သူစွဲ ဗီဇသတ္တိ ကိန်းခိုနေသေးသမျှ လည်းကောင်း၊

-ကောင်းစွဲ၊ဆိုးစွဲ ဗီဇသတ္တိကိန်းခိုနေသေးသမျှ လည်းကောင်း၊

-ဘဝစွဲ၊ အသိစွဲ ဗီဇသတ္တိတို့ ကိန်းခိုနေသေးသမျှ လည်းကောင်း၊

ထိုအစွဲတို့ အလှည့်ကျရာအတိုင်း ဘဝဟူသောအပင်နှင့် ထိုဘဝတွင် ပြုကျင့်စမြဲသောအပင်တို့ ဖြစ်ထွန်းနေကြပေလိမ့်ဦးတော့မည်။

တစ်ဖန် အပင်မှ ကြိုက်စွဲ၊ မကြိုက်စွဲ၊ မသိစွဲ အသီးများ သီးပွင့်စမြဲတို့လည်း ဖြစ်ထွန်းလာကြဦးမည်ဖြစ်ရာ မျိုးမတုံး သံသာဝ၊ မိုးချုန်းတိုင်းလျှင် ထ,ပေါက်ကြရပေလိမ့်ဦးတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုဘဝအပင်၊ အစွဲသီးပွင့်တို့ မပေါက်စေလို၍ သီလဖြင့် စောင့်ဖမ်းဖမ်း၊ သမာဓိဖြင့် ချုပ်ကိုင်ကိုင်၊ ပညာဖြင့် အသေခုတ် ချိုင်နေသော်မှ အကုန်မသေသေးက အသေကုန်လိမ့်ဦးမည် မဟုတ်ချေ။

ငါစွဲသတ္တိအသေသတ်နိုင်သဖြင့် အပါယ်မျိုးတုံးသွားသော်မှ ကောင်းမှုမှကဲ ကောင်းစွဲမသေသေးက လူလိုနတ်လို နေ၊ လူလို နတ်လို သေကြရဦးမည်။

ကောင်းစွဲသတ္တိ အသေသတ်နိုင်သဖြင့် ကာမမျိုး တုံးသွားသော်လည်း ဈာန်စိတ်မှကဲ၊ ဈာန်စွဲမသေသေးက ဗြဟ္မာလိုနေ၊ ဗြဟ္မာလိုပင် သေပေးကြရဦးမည်။

ငါစွဲမှီ၍ဖြစ်သော မကောင်းကံ၊ သူစွဲမှီ၍ဖြစ်သော ကောင်းကံ၊ ဈာန်စွဲမှီ၍ ဖြစ်သော ဘဝကံ၊ ထိုထိုကံတို့ကို ဉာဏ်ဓားဖြင့် ဖျင်၊ မဂ်ဓားဖြင့် အကုန်လုံး သုတ်သင်ပစ်နိုင်မှသာ သတ္တဝါတိုင်း အကုန်သေဖြင့် အသေကုန်ရာ အမတနန်း စံမြန်းခွင့် ရနိုင်ကြမည်။

[ ၁၃၆၁ ခုနှစ်၊ တပေါင်းလပြည့်နေ့၊ မောနေယျတော၊ ]





# ဥပစ္ဆေဒက နိဂုံး

သက်တမ်းမကုန်ဆုံးသေးဘဲလျက်က ကိစ္စပြီးစီးသွားလေသူကို ဥပစ္ဆေဒက ကံထိုက်၍ဟု ပြောစမှတ်ပြု၏။

ဤနှယ်လည်း သည့်အတူပင်

ဤစာအုပ်သည် ငါ၏ဘေး ငါနှင့်အတူရှိပြီး သေမှခွဲစတမ်းဟူ၍ ကတိကဝတ်ထား ရေးသားသော သက်စောင့်ပင်။ သို့မဟုတ် ငါသေမှ ငါ့ဘေးက ကောက်ယူကြရန်တည်း။

သို့တစေလည်း…

စိတ်သည်… သကြံန်ကဲ့သို့ တစ်နှစ်တစ်ကြိမ်ပြောင်း မဟုတ်၊ အခြေအနေသည်လည်း ရာသီကဲ့သို့ တစ်နှစ်သုံးမျိုးလည်း မဟုတ်။

စိတ်အလိုက် ပြောင်းသောအခြေအနေ၊ အခြေအနေလိုက်၍ ပြောင်းသောစိတ် ထိုနှစ်မျိုးတို့သည် အများနှင့်ဆက်သွယ်ရသူတိုင်း ကြုံစမြဲတည်း။ ငါသည်လည်း ကြုံတိုင်းရော၊ မုန်တိုင်းရော ရောနှော ကျခံနေရသူသာ။

သို့ကြောင့် ကလနားသတ် ကြားဖြတ် ဖြတ်လိုက်ပြီ။ စာပေစမ်း လမ်းကုန်ပြီ။ ဤစာအုပ် ငါ့နောက်သို့ သေထိလိုက်ပါခွင့် မရှိတော့ပြီတကား။

မွေ့သည် အတွေ့၊ စာပေသည် အတွေး။



www.burmeseclassic.com

www.burmeseclassic.com



ထိုနှစ်ပါး မယားနှစ်ဦး တစ်အိမ်ထဲပူးထား၍ မရသည့်အတွက်ကြောင့်တည်း။

ငါ့အသက်သည် သေဖက် တစ်ရက်ထက်တစ်ရက် နီးကပ်နေချေပြီ။

-ငါသည်အများကို ဟောပြောစည်းရုံးနိုင်၏။ ငါ့ကိုငါ စည်းရုံးမရသေး။

-ငါသည် အများကို လောကဓမ္မဖြင့်ဆုံးမနိုင်ခဲ့၏။ ငါ့ကိုငါကား ဆုံးမ မရသေး။

ထိုစည်းရုံးဆုံးမ လုံးဝမရသော ငါ့ကို သေလိုသေ၊ နေလိုနေဆို၍ သည်အတိုင်းထားခဲ့လျှင် ကလေးလို ထားသည့်နေရာ နေမည့်အစားမဟုတ်။ ကလေးလို အပြစ်ကင်းသော ကစားနည်းမျိုး ကစားလိမ့်မည် မဟုတ်။ ထိုအခါ သားသမီးမကောင်း မိဘခေါင်းခဲ၊ ငါသာလျှင် ကျွတ်ဆုနှင့် လွဲမည်။

-ငါပိုင်သော လူ့ဘဝ သည်တစ်ခဏသာ။
နောက်ခဏတွင်း သေသွားမှ ငါနှင့်လူ အတူမဟုတ်တတ်။
-ငါပိုင်သောရက် ယနေ့တစ်ရက်သာ
နက်ဖြန် ငါမဆက်။ ငါနှင့်ရက် သူ့ခရီးသူထွက် ငါ့ခရီးငါဆက်···။

[ ၁၃၆၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း၊ ၁၁ ရက်၊ ပုံတောင်ပုံညာ၊ ]
(ကြို့တင်ရေး နိဂုံး)





# နှစ်သက်သော် ထောက်ခံ
# မနှစ်သက်သော် ဖျောက်ဖျက်ရန် ကြံပါလော

ဝဒန္တိ ဟေ ယေဝစနံ၊ ဣတော စိတော ကာလံ ဒေသံ
တေသံ ဆန္ဒာ မိပ္ပါယတ္ထံ မယံ ကရောမ နုရူပံ
-တဒေတံ တုဝံ တောသေသိ
-ဋ္ဌောပေဟိ ပရတ္ထာယမ
သစေတုဝံ န တောသေသိ၊ သောဓေဟိ ပရ အဒိဋ္ဌာ တိ။

ယေ- ဝန်းကျင်လာသွား အကြင်လူသား အားလုံးတို့သည်၊ ဝစနံ- စကားတစ်ခွန်း သူ့အညွှန်းကို၊ ဣတောစိတော- ထိုထိုဤဤ၊ ကာလံဒေသံ- ခေတ်နှင့်ဒေသ ဆိုနေကျအလိုက်၊ ဝဒန္တိ- နားထောင်သူရှိ လက်ခံရှိက ပြောမိမည်ကားကေန်။

တေသံ- ထိုဤစကား တွေ့တတ်ကြားတတ်ရာများတို့၏၊ အဓိပ္ပါယတ္ထံ ဆန္ဒံ- ဖုံးကွယ်နေသော သူ့ဆိုလိုချက် မိပ္ပာယ်ဝှက်များကို၊ မယံ- အရှုးလွယ်အိပ် ပုခုံးချိတ်၍ အရိပ်များဇွာ ရိုပ့်လေ့ရှိပါသော ငါတို့သည်၊ အနုရူပံ- သင့်လျော်သလို၊ ကရောန္တိ- ပြု



www.burmeseclassic.com

www.burmeseclassic.com



စုပျိုးထောင် စာတစ်စောင်အဖြစ် ထွန်းသစ်ခဲ့ပါကုန်၏။

**ဟော**- စာပေစီးကြောင်း ကောင်းမကောင်းကို မြည်းစမ်းလို ကြောင်းရှုခံတောင်းသည့် အိုသူတော်ကောင်း အပေါင်းတို့…

**တဒေသံ**- ငါတို့ဆိုစကား ထိုထိုအရာများကို၊ **တုဝံ**- သင် စာရှုသမားသည်၊ **သစေတောသေတိ**- နှစ်သက်သည်ပဲ ဆိုပါတော့၊ **တေ တယာ**- ထိုသင်သည်၊ **ပရဏ္ဍာယစ**- နောက်နှောင်းသူတို့ အဖိုးလည်းထား အကျိုးလည်းများစေရစ်ခြင်းငှာ၊ **ဠွောပေဟိ**- မှီရာ တစ်ခု အတည်ပြုထားခဲ့ပါလေ။

**တုဝံ**- စာရှုသမား သင် အမြည်းဝါးသည်၊ **သစေနတော သေတိ**- မနှစ်ခြိုက်ဘူးဘဲ ဆိုပါတော့၊ **တေဝိတယာ**- ထိုသင်သည် လည်း၊ ပရ **အဒိဋ္ဌာယ**- နောက်နှောင်းမသွယ် မမြင်ကွယ်ရာ အဖြစ် ဖြင့် (ဝါ) နောက်နှောင်း မရောက်မီ ဤမမြင်ကွယ်ရာမှ၊ **သောခေဟိ**- တစ်လုံးမှားလျှင် တစ်လုံးဖြုတ်၊ တစ်ပုဒ်မှား တစ်ပုဒ်ထုတ် အတတ် ဖြင့် မြုပ်သတ်ပစ်ခဲ့ပါလေတော့။

**ဣတိ**- ဤတွင် ငါပြောလိုရာစကား၊ တစ်ခန်းတစ်ဇာတ် အနားသတ်တည်း။

[ ၁၃၆၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့၊ ပုံတောင်ပုံညာ၊ ]
(ကြို့တင်ရေး နိဂုံး)





## မုခသိုက် နိုက်သုံး ပျော်၍မဆုံး တပြုံးပြုံးသာ

ဋ္ဌာနေ ဋ္ဌာနေ အာကာရေဝ၊ သဘာဝေန စ ဒဿနံ
ကာလံ-ဒေသံ-ပယောဂံပိ လောက တန္တိ ကရက္ခေပံ
ဒိဿန္တစေ သုယျန္တိ ပစ္စက္ခေ တေန အမေ့ဟိ
ပရေပိ သုတ ဘာဝါယ မုတ သာတ ရမဏီယာ
သမုစ္စယံ တမေကတ္တံ မွေ့ပသံဟိ မေကာသံ

*ငါသည်

နေရာဋ္ဌာနတိုင်းက အချင်းအရာများစွာကို သဘာဝကပြသော အတိုင်းလျှင် အချိန်နေရာ လုံ့လသို့လိုက်ကာ၊ ဝန်ချီဝန်ရှန်းလျက်ရှိ သော လောကလူသားများ၏ ဖြစ်စဉ်ဖြင့် ကပ်၍ တပ်အပ်ထင်ထင် မြင်လည်းမြင်ခဲ့၊ ကြားလည်းကြားခဲ့ရပါကုန်ပြီ။

ထိုမြင်ခဲ့ရ၊ ကြားခဲ့ရသော ပစ္စက္ခတင် မျက်မြင်များကို

-စာရှုသူ သူတစ်ပါးတို့ သုတမယဉာဏ် အမြင်သန်စေရန် အလို့ငှာ လည်းကောင်း၊

-ဖတ်မိသမျှသော စာအတွေ့၌ သာယာပျော်မွေ့စိတ်ချမ်းမြေ့ စေရန်အလို့ငှာ လည်းကောင်း၊



www.burmeseclassic.com

www.burmeseclassic.com



ထိုအားလုံးကို တစ်စုတည်း တစ်ဝေးတည်း ပေါင်းရုံးကာ တရားသဘော သဘာဝအရေးအနေ့တို့ဖြင့် ငါတို့ ရေးပေးခဲ့ပြီးပြီ။

သင်တို့ဘက်ကသာ

ယောနိသော မနသိကာရ - အစွန်းအငြိကင်း၊ ပင်ကိုယ်နှလုံးသွင်းဖြင့် ရှုကြည့်အားရ လိုရာရာ အရယူကြဖို့သာ။

[ ၁၃၆၁ ခုနှစ်၊ တပေါင်းလပြည့်နေ့၊ မောနေယျတော၊ ပုံတောင်ပုံညာ၊ ]





# ၈ မိလျှင်ကား ဘယ်သောကာလမျှ ကျဉ်းချုံ့မသွား

သတ္တဝါတိုင်းတို့၏ အတွင်းစိတ်ကို သရုပ်ဖော်ပေးရာ၌ မျက်နှာသည် အပီပြင်ဆုံး··· ။

- အတွင်းစိတ် ဝမ်းသာနေလျှင် မျက်နှာသည် ရွှင်ကြည်၏။
- အတွင်းစိတ် ဝမ်းနာနေလျှင် မျက်နှာသည် ညိုမြဲ၏။
- အတွင်းစိတ် အိပ်နေတော့လျှင်ကား မျက်နှာလည်း မှုန်ဝါးနေချေပြီ။

သို့တစေလည်း မျက်နှာသည် ဆန္ဒပေး မဲလက်မှတ်မျှလောက်သာ···။

အကယ်တိတိ··· ကောင်းကင်လေစုပ်ယူ၍ ဖဝါးကပ်ဖိနပ်တို့ပမာ···။

ထိုဝမ်းသာ၊ ဝမ်းနာတို့၏နောက် စကားလမ်းဖောက် ဝင်လာပါသော်ကား···

၈,သလောက်ကား မည်သည့်ကာလမျှ လမ်းထား သွားမဆုံးတော့စေပြီ။

[ ၁၃၆၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၇) ရက်၊ ပုံတောင်ပုံညာ]



www.burmeseclassic.com